

www.burmeseclassic.com

www.burmeseclassic.com

# မောင်ဆုရှင်

ဧရာဝတီတိုင်း မြောင်းမြမြို့တွင် အဖ ဦးချစ်ဖေ၊ အမိ ဒေါ်စိန်မြင့်တို့မှ ၁၉၃၂ ခု ဇန်နဝါရီ ၁ ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်း ဦးမျိုးသန့် ဖြစ်သည်။
၁၉၆၆ ခုတွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိသည်။ ၁၉၆၁ ခုတွင် အမေရိကန်နိုင်ငံသို့ သွားရောက်၍ စာအုပ် ရေးသားခြင်း၊ ထုတ်ဝေခြင်း အတတ်များကို လေ့လာခဲ့သည်။ သတင်းစာပညာ ဒီပလိုမာဘွဲ့ကိုလည်း ရရှိခဲ့သည်။
၁၉၅၄ ခုတွင် စာပေဗိမာန်သို့ ဝင်ရောက် အမှုထမ်းသည်။ စာပြုမှသည် ညွှန်ကြားရေးမှူးအဖြစ် အငြိမ်းစားယူသည်အထိ ဖြစ်သည်။ မြန်မာနိုင်ငံ စာပေတာဝန်များဖြင့် အမေရိကန်၊ ရုရှား၊ ဂျာမနီ၊ ဟောင်ကောင်၊ ဂျပန်၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး (၁၉၈၀–၉၄) နှင့် ဥက္ကဋ္ဌ (၁၉၉၄–၉၈) အဖြစ် တာဝန်ယူခဲ့သည်။ ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးအရာရှိ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် အဖွဲ့ဝင်၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး၊ မြန်မာ့ ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ရွေးချယ်ရေး အဖွဲ့တို့တွင် တာဝန်ယူလျက် ရှိသည်။
၁၉၅၄ ခုနှစ်မှ စ၍ ဆောင်းပါး၊ ဝတ္ထုတိုနှင့် ဘာသာပြန်စာပေများ ပြုစုခဲ့သည်။ ပြုစုပြီးဖြစ်သည့် စာအုပ်ပေါင်း ၅၀ ကျော်အနက် ထင်ရှားသော စာအုပ်အချို့မှာ **တီထွင်မှုများသမိုင်း၊ ပင်လယ်ပြာနှင့် တံငါအို၊ မြတ်ဘုရား ရွှေတိဂုံ၊ နီသောလင်းယုန်၊ စိတ်နုပျို ကိုယ်ကျန်းမာ၊ မြို့ပြ ခံစားမှု စာမွန်များ၊ ၂၀ ရာစု သုတကမ္ဘာ** တို့မှာ ထင်ရှားသည်။ 'တီထွင်မှုများသမိုင်း' ဖြင့် ၁၉၆၇ ခုနှစ် အမျိုးသားစာပေဆု(သုတပဒေသာ ပထမဆု)၊ 'ပင်လယ်ပြာနှင့် တံငါအို'ဖြင့် ၁၉၆၈ ခုနှစ် အမျိုးသားစာပေဆု (ဘာသာပြန် ပထမဆု)တို့ ရရှိခဲ့သည်။
အခြား ကလောင်အမည်ခွဲများမှာ မျိုးသန့်၊ အောင်သူ တို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရာပြည့်စာအုပ် ၁၀၅

[ ကမ္ဘာ့ဂန္ထဝင်စာစဉ် ]

# ပင်လယ်ပြာ နှင့် တံငါအို

## မောင်ဆုရှင်

(မြန်မာပြန်)

## THE OLD MAN AND THE SEA

Ernest Hemingway

**ရာပြည့်စာအုပ်တိုက်**
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁(အိမ်)၊ ၂၅၂၇၉၈(ဆိုင်)

[ ၁၊ နိုဝင်ဘာ၊ ၁၉၉၉ ]

www.burmeseclassic.com

www.burmeseclassic.com

**စာမူ** ခွင့်ပြုချက်အမှတ် [၃၇၀/၉၉(၄)]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [၆၄၄/၉၉(၁၀)]

❑

**ပုံနှိပ်ခြင်း**

ပထမ အကြိမ် –(၁၉၇၄) စာပေဗိမာန်
ဒုတိယ အကြိမ် (၁၉၉၅) ယောမင်းကြီး
တတိယ အကြိမ် –(၁၉၉၉) ရာပြည့်စာအုပ်တိုက်
(၁၊ နိုဝင်ဘာ၊ ၁၉၉၉)

**အုပ်ရေ [၁၀၀၀]**

❑

**မျက်နှာဖုံးရိုက်**

ဦးမြသိန်း[၀၁၄၂၇]၊သိန်းမြင့်ဝင်း အော့ဖ်ဆက်
အမှတ် ၉၆၊ ၁၈ လမ်း၊ ရန်ကုန်မြို့။

❑

**ပုံနှိပ်သူ**

ဦးတင်မောင်ဝင်း[၀၅၉၄၆]၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်
အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**

ဦးလှကြိုင်[၀၂၃၃]၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

❑

**စာအုပ်ချုပ်**

ကိုမြင့်

❑

**မျက်နှာဖုံး ပန်းချီ**

ဇော်မောင်

❑

**တန်ဖိုး**

၁၀၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

အပိုင်း ၁။ **ဘာသာပြန်သူ၏ အမှာ** ၆

(၁) ဟဲမင်းဝေး၏ ဘဝ ၁၁

(၂) ဟဲမင်းဝေး၏ စာ ၂၀

(၃) "ပင်လယ်ပြာနှင့် တံငါအို" ၏ **နောက်ခံ** ၂၆

အပိုင်း ၂။ **ပင်လယ်ပြာနှင့် တံငါအို** ၃၁

(မြန်မာပြန်)

အပိုင်း ၃။ **နောက်ဆက်တွဲ**

(၁) ဝေါဟာရများ အဖွင့် ၁၇၁

(၂) ရည်ညွှန်းကျမ်းများ ၁၇၈

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [ ၁ ]

## ဘာသာပြန်သူ၏အမှာ

၁၉၆၁ ခုနှစ် ဇူလိုင်လအတွင်း၌ စာရေးသူသည် အမေရိကန်ပြည် နယူးယော့မြို့တွင် ရောက်ရှိနေပါသည်။ ထိုနေ့မှာအားလပ်သဖြင့် ဖတ်လက်စ ဝတ္ထုတစ်အုပ်ကို ဘေးသို့ချ၍ နေ့လယ်ပိုင်း ရုပ်မြင်သံကြား အစီအစဉ်တစ်ခုကို ဖွင့်ကြည့်နေသည်။ ပြသနေသော အစီအစဉ်ကို အာရုံဝင်စားနေစဉ်အတွင်း အထူးသတင်းတစ်ရပ် စာတန်းထိုး၍ ထွက်ပေါ်လာပါသည်။ ထိုသတင်းကား "နိုဗယ်ဆုရ စာရေးဆရာကြီး အားနက်စ်ဟဲမင်းဝေးသည် ယနေ့မနက်ပိုင်း၌ အိုက်ဒါဟိုပြည်နယ်ရှိ နေအိမ်တွင် ကွယ်လွန်သွားကြောင်း" ဟူ၍ပင် ဖြစ်ပါသည်။

စာရေးသူမှာ ရုတ်တရက် ကြားသိလိုက်ရသော သတင်းကြောင့် မှင်တက်မိနေပါသည်။ ဆိုဖာရှေ့ စားပွဲပေါ်တွင် တင်၍ထားသော ဖတ်လက်စ ဝတ္ထုမှာ ဟဲမင်းဝေး နောက်ဆုံးရေးသားခဲ့သော "ပင်လယ်ပြာနှင့် တံငါအို" ဝတ္ထု ဖြစ်နေပါသည်။ ဝတ္ထုထဲတွင် တံငါတစ်ဦး၏ အနိုင်မခံ မရှုံးမပေး ဘဝကို အားရကျေနပ်နေမိသော စာရေးသူသည် ဝတ္ထုရေး ဆရာကြီး ကွယ်လွန်ကြောင်း သတင်းကို ကြားရသောအခါ စိတ်မကောင်း ခြင်း ဖြစ်မိ ပါသည်။

ထိုနေ့ကား ဇူလိုင်လ ၂ ရက်နေ့ ဖြစ်သည်။

ညနေပိုင်း၌ ရုပ်မြင်သံကြား အစီအစဉ်များက သတင်းများ ဖတ်ကြား လွှင့်ထုတ်သောအခါ စာရေးဆရာကြီး ဟဲမင်းဝေး ကွယ်လွန်သွားရပုံ အခင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် မကွယ်လွန်မီ နေထိုင်ရေးသားခဲ့သော အကြောင်းများကို ကြားသိရပါသည်။ နောက်တစ်နေ့တွင် ထုတ်ဝေသော သတင်းစာများ၌ ထို့ထက် စုံစေ့သော သတင်းများကို ဖတ်ရလေသည်။

ဟဲမင်းဝေး ကွယ်လွန်ပြီး၍ နှစ်လမျှ ကြာသောအခါတွင် စာရေးသူသည် မြောက်အမေရိကတိုက်နှင့် တောင်အမေရိကတိုက်တို့ စပ်ကြားရှိ တိုင်းငယ်ပြည်ငယ် ကျွန်းနိုင်ငံကလေးများဆီသို့ လေ့လာရေးခရီး ထွက်ခဲ့ရပါသည်။ စိတ်အာရုံတွင် "ပင်လယ်ပြာနှင့် တံငါအို" ဝတ္ထု၏အကြောင်းမှာ အမျှင်မပြတ်နိုင်သေးဘဲ ရှိသည်။ ယင်းသို့ဖြစ်ရသည့် အကြောင်းမှာလည်း ယင်းဝတ္ထု၏ ဇာတ်အိမ်တည်ရာ မက္ကဆီကို ပင်လယ်ကွေ့ကြီးကို ကျော်ဖြတ်၍ ဝေဟင်ခရီး ထွက်လာရသောကြောင့် ဖြစ်သည်။ စပိန်ဘာသာစကား ပြောသော လူမျိုးများနှင့်လည်း တွေ့ရမည် ဖြစ်သောကြောင့်ပင်။

စာရေးသူ ရောက်ရှိသွားသော တိုင်းပြည်ကလေးတွင် "ပင်လယ်ပြာနှင့် တံငါအို" ဝတ္ထုပါ ဇာတ်ကောင်များနှင့် စရိုက်ဓလေ့ချင်း မကွဲပြားသော လူမျိုးများကို တွေ့ခဲ့ကြုံခဲ့ရပါသည်။ သမုဒ္ဒရာ ပင်လယ်တစ်ကြောတွင် တံငါအလုပ်ဖြင့် အသက်မွေးသော သူတို့၏ဘဝကို ကိုယ်တွေ့ ဖြစ်ခဲ့ပါသည်။ ပင်လယ်လေ၊ ပင်လယ်ပြာနှင့် အုန်းပင်တန်းများ စသည့် ရေမြေသဘာဝ အခင်းအကျင်းတို့ကိုလည်း မြင်ခဲ့ရသည်။ တံငါတို့ ဖမ်းမိလာသော ပင်လယ် ငါးပျံများ၊ မာလင်ငါးကြီးများနှင့်လည်း တံငါရွာတွင် ပက်ပင်းကြုံခဲ့ရသည်။ ထိုအခါ ဖတ်ဖူးသော "ပင်လယ်ပြာနှင့် တံငါအို" ဝတ္ထုသည် မျက်စိထဲတွင် ရုပ်လုံးကြွ၍ အသက်ဝင်လာပြန်ပါတော့သည်။

မြန်မာနိုင်ငံသို့ ပြန်ရောက်လျှင် ယင်းဝတ္ထုကို ဘာသာပြန်ဆိုဦးမည်ဟု အားခဲလာခဲ့မိသည်။ ဟဲမင်းဝေး၏ စာပေများအနက် လက်လှမ်းမီရာတို့ကိုလည်း အခါအခွင့်ရသလို လေ့လာဖတ်ရှုခဲ့ပါသည်။ စာရေးသူသည် မြန်မာနိုင်ငံသို့ ပြန်ရောက်ခဲ့ပြီး ၁၉၆၈ ခုနှစ်သို့ ရောက်ခါမှ ဤဝတ္ထုကို မြန်မာပြန်ဆို ပြီးစီးခဲ့သည်။ —

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘာသာပြန် ဤစာအုပ်ကို ပြန်ဆိုရေးသားပြီးစီးချိန်တွင် မြန်မာစာပေလောက၌ ဘာသာပြန်လုပ်ငန်း ဖောင်းပွနေချိန်နှင့် ရင်ဆိုင်ရပါသည်။ စာဖတ်ပရိသတ်သည် မလေးမစား၊ ကချော်ကချွတ် ရေးသား ပြန်ဆိုထားသော ဘာသာပြန်စာပေတို့ကိုသာ အများအားဖြင့် ဖတ်ရှုနေရသောကြောင့် ဘာသာပြန် စာပေလုပ်ငန်းအပေါ်တွင် အထင်မကြီးနိုင်ဘဲ ဖြစ်နေသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့အတူ ဘာသာပြန်စာပေ ထွန်းကားရေးကို အားထုတ် ဆောင်ရွက်ခဲ့ဖူးသော ပုဂ္ဂိုလ်ကြီးများ ကိုယ်တိုင်ကလည်း ဤအခြေအနေမှ တိုးတက်ရာ တိုးတက်ကြောင်း ရေးသား လှုံ့ဆော်နေရသော အချိန်ကာလနှင့်လည်း တိုက်ဆိုင်နေပါသည်။ ဤစာအုပ်ကို စာဖတ်ပရိသတ်ထံမှောက်သို့ ပို့ဆောင်ခြင်းအားဖြင့် ဘာသာပြန်စာပေလုပ်ငန်း တိုးပွားစည်ပင်ရေးတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကူညီဖြည့်တင်းပေးရာ ရောက်လိမ့်မည် ဟူသော အတွေးအသိမျိုးလည်း စာရေးသူ၌ ဖြစ်ပေါ်မိပါသည်။

ထို့ကြောင့် ဤစာအုပ်တွင် စာရေးသူ၏ စေတနာနှင့် အားထုတ်မှုကို အတတ်နိုင်ဆုံး ဖြည့်သွင်း၍ ပြုစုရေးသား ထားပါသည်။

ဘာသာပြန်ခြင်းအတတ်မှာ သူ့ပစ္စည်းကို ကိုယ့်ပစ္စည်း ပြုရသည် ဖြစ်သောကြောင့် မူရင်းစာရေးဆရာ၏ အာဘော်ကို မထိခိုက်စေဘဲ ကိုယ့်လူမျိုး၊ ကိုယ့်ပရိသတ်အတွက်လည်း အတတ်နိုင်ဆုံး နားလည်သဘောပေါက်စေရန် အားထုတ်ဖို့ အရေးကြီးသည်ဟု ထင်ပါသည်။ ဘာသာပြန်ဆိုခြင်းအတတ်၌ အမျိုးမျိုး ကွဲပြားသော လုပ်နည်းသဘောများ ရှိပြန်ရာ ဤစာအုပ်ကို တိုက်ရိုက် ပြန်ဆိုခြင်းဖြစ်အောင် အားထုတ်ထားပါသည်။

ဤစာအုပ်နှင့် စပ်လျဉ်း၍ ပြောစရာ ကျန်ပါသေးသည်။

ဘာသာပြန်ဆိုသူသည် မူရင်းစာရေးဆရာ၏ ဝတ္ထုတစ်ပုဒ်ကို ဘာသာပြန်ဆိုပြီးသည်နှင့် တာဝန်ကျေပြီဟု သာမန်အားဖြင့် ဆိုထိုက်ပါသည်။ သို့ရာတွင် ဘာသာပြန် စာပေနယ်ဝန်း ပြန့်ကျယ်စေလိုသော စေတနာ

www.burmeseclassic.com



ကို ရှေးရှု၍ မူရင်းစာရေးဆရာ၏ ဘဝ၊ စာရေးဆရာ၏ စာပေလုပ်ငန်း၊ ပြန်ဆိုထားသော ဝတ္ထု၏ နောက်ခံတို့ကို ထည့်သွင်း ဖော်ပြပေးနိုင်မည် ဆိုလျှင် အသစ်တိုးပွားလာမည့် ဘာသာပြန် စာဖတ်ပရိသတ်အား တစ်နည်းတစ်လမ်း ကျေးဇူးပြုရာ ရောက်မည်ဟု ယူဆပါသည်။ ထို့ကြောင့် အားနက်စ်ဟဲမင်းဝေး၏ ဘဝ၊ သူ၏ စာပေလုပ်ငန်းနှင့် "ပင်လယ်ပြာနှင့် တံငါအို" ဝတ္ထုဖြစ်ပေါ်ရာ နောက်ခံအကြောင်း စသည်တို့ကို အကျဉ်းရုံး၍ အပိုဒ်ကန့်လျက် နိဒါန်းဆင့်ပြီး တင်ပြပါသည်။

တစ်ဖန်တဲ့လည်း ဝတ္ထု၏ နောက်ခံဒေသသည် မြန်မာ့ရေမြေဒေသနှင့် မိုင်ပေါင်း သောင်းနှင့်ချီ၍ ကွာလှမ်းသော ဒေသဖြစ်သည်လည်း တစ်ကြောင်း၊ မြန်မာ့အတွေး၊ မြန်မာ့စရိုက်တို့နှင့်မတူ ခြားနားသော လူမျိုးနှင့် တိုင်းပြည်ဒေသမှ လူတို့အကြောင်းကို ရေးသားထားခြင်း ဖြစ်သောကြောင့် တစ်ကြောင်း ဇာတ်ကောင်နှင့် ဇာတ်လမ်းတို့ များပြားရှုပ်ထွေးခြင်း မရှိငြားလည်း ဝတ္ထုပါ အချက်အလက်၊ အမည်နာမ၊ ဝေါဟာရအချို့ကို ရှင်းလင်းဖွင့်ဆိုနိုင်သလောက် ဖွင့်ဆိုပေးရန် ဘာသာပြန်သူ၌ တာဝန်ရှိသည်ဟု သဘောပေါက်မိပါသည်။ ထို့ကြောင့် ဝေါဟာရများ အဖွင့်ကို မကျဉ်းမကျယ် ထည့်ပေးပါသည်။

ဤဝတ္ထုကို ဘာသာပြန်ဆိုရခြင်းမှာ မြန်မာစာဖတ်ပရိသတ်အား ဂန္ထဝင်မြောက် ကမ္ဘာ့စာရေးဆရာကြီးတစ်ဦးနှင့် ရင်းနှီးအောင် ဆောင်ကြဉ်းပေးသည့် သဘောလည်း ရှိပါသည်။ ဟဲမင်းဝေး၏ ထင်ရှားသော ဝတ္ထုများကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ကြဖူးသော်လည်း ဝတ္ထုကြီး လေးငါးပုဒ်ခန့်ထက် မပိုနိုင်သေးပါ။ ယခုဝတ္ထုကိုပင် မြန်မာစာရေးဆရာ နှစ်ဦး* က ဘာသာပြန်ဆိုခဲ့ဖူးပါသည်။ ယင်းပုဂ္ဂိုလ်တို့၏ လက်ရာများကိုလည်း လေးစားစွာ ဖတ်ရှုခဲ့ရပါသည်။ ဟဲမင်းဝေး၏ စာကိုဖတ်၍ သူ့အကြောင်းကို စိတ်ဝင်

---

* ၁။ မောင်ဉာဏ်ဝန်၊ "အဖွာဝါနှင့် အဘိုးအို" ။ ဗန်းမော်စာအုပ်တိုက်၊ ၁၉၅၄။
၂။ တင့်တယ်၊ "အဖွာဝါနှင့် အဘိုးအို" ။ ဗမာ့ရှေ့ဆောင်စာပေ၊ ၁၉၆၄။

www.burmeseclassic.com



စားလျက် ဆက်လက် လေ့လာလိုက်စားမည်ဆိုပါက အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း၊ မြန်မာဘာသာဖြင့် လည်းကောင်း ပုံနှိပ်ပြီးရှိသော စာအုပ် စာတမ်းများကို ရည်ညွှန်းပေးမှ ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ကိုးကား ရည်ညွှန်း ကျမ်းစာရင်းကို လက်လှမ်းမီသမျှ တင်ပြပေးထားရပါသည်။

ရုပ်ပုံများမှာ မြန်မာစာဖတ်ပရိသတ်တို့ ထင်မြင်ခံစားရလွယ်အောင် အထောက်အကူ ဖြစ်စေလိုသည့် သဘောဖြင့် ထည့်ပေးခြင်း ဖြစ်ပါသည်။

ပုံများမှာ ဗြိတိသျှ ပန်းချီဆရာနှစ်ဦး သရုပ်ဖော်ထားသော ပုံများ ဖြစ်ပြီး နှစ်ဦးစလုံး၏ လက်ရာများမှာ ဝတ္ထုဇာတ်လမ်းနှင့် အံဝင်လှသဖြင့် အသုံးပြုလိုက်ခြင်း ဖြစ်ပါသည်။

ယင်းသို့ဖြင့် ဘာသာပြန်သူတွင် မူရင်းဝတ္ထုနှင့် အခြေခံတရားကို နှစ်သက်သော သဒ္ဓါဟုန်၊ ဘာသာပြန်စာပေခေတ် အားနည်း မှေးမှိန်ဆဲ ပစ္စုပ္ပန်အခြေအနေနှင့် ထိုအခြေအနေကို အများနည်းတူ ပြုပြင်အားထုတ် ဆောင်ကြဉ်းပေးလိုသော စေတနာအဟုန်တို့ စေ့ဆော်သဖြင့် ဤစာအုပ်ကို ဘာသာပြန်ဆို ရေးသားခြင်း ပြုပါသည်။

သို့ရာတွင် စာရေးသူ၌ အားရတင်းတိမ်ခြင်း မရှိသေးပါ။ "ဘာသာ ပြန် လုပ်ငန်းဆိုသည်မှာ မှန်ဝါးသော ကြေးမုံပြင်တွင် အရိပ်ထင်စေခြင်းသာ ဖြစ်သည်" ဟူသော အဆိုပြုချက်တစ်ရပ်ကို အမှန်ယူရမည်ဆိုလျှင် ဘာသာ ပြန်သူသည် ဤဝတ္ထုကို မြန်မာပြန်ရာ၌ မှန်ဝါးသောမှန်ပြင်တွင် ဝိုးဝါးသော အရိပ်များကိုမှ ထင်စေနိုင်စွမ်းပါမည်လားဟု မဝံ့မရဲ ဖြစ်မိပါသည်။

ဘာသာပြန်သူ။

www.burmeseclassic.com

www.burmeseclassic.com

## (၁) ဟဲမင်းဝေး၏ ဘဝ (၁၈၉၉–၁၉၆၁)

သူသည် အရပ်ရှည်ရှည်၊ ကိုယ်လုံးကိုယ်ဖန် တောင့်တောင့်တင်းတင်းနှင့် ဖြစ်၏။ အသားပြည့်သော သူ့ခန္ဓာကိုယ်မှ လက်မောင်းကြွက်သားကြီးများမှာ ဝတ်ထားသော ရှပ်လက်တိုအောက်မှ တင်းဖု၍ ရုန်းထွက်နေကြသကဲ့သို့ ရှိသည်။ သူ့ရင်ဘတ်မှ အမွေးအမှင်များကို ရှပ်အင်္ကျီအကြားမှ မြင်ရတတ်သည်။ ပါးစုံနှစ်ဖက်မှာ မျက်နှာနှင့် မတန်အောင်ပင် ဘေးသို့ ကားနေသည်။ ရယ်လိုက် ပြုံးလိုက်သောအခါ ကျယ်ဝန်းပြည့်ကားသော မျက်နှာကြီးမှာ အထင်းသား ရှိလှ၏။

လူငယ်ဘဝက နှုတ်ခမ်းမွေးနှင့် ဖြစ်သော်လည်း လူကြီးပိုင်းသို့ ရောက်သောအခါ ပါးမြိုင်းမွေးဖြူဖြူများက ဖုံးအုပ်လျက်ရှိသည်။ သူ၏ ရုပ်ရည် အသွင်အပြင်နှင့် အကြည့်အရှုတို့မှာ စပိန်ပြည်တွင် လူနှင့်သတ်ပွဲပြုလုပ်သော နွားရိုင်း၏ ပုံသဏ္ဌာန်မျိုး ဖြစ်သည်။ နွားရိုင်းနှင့် လူသတ်ပွဲများကိုလည်း သူ အလွန်ကြိုက်၏။ သူ့ကိုယ်သူမူကား နွားရိုင်းထက် ဝက်ဝံနှင့် ပိုတူသည်ဟု ဆိုလေသည်။

ဤသူကား ကမ္ဘာကျော် စာရေးဆရာကြီး အားနက်စ်ဟဲမင်းဝေး ဖြစ်သည်။ ခရစ်နှစ် ၁၈၉၉ ခုနှစ်တွင် အမေရိကန်ပြည် အီလီနွိုင်ပြည်နယ် ရှီကာဂိုမြို့၏ ဆင်ခြေဖုံးအရပ်၌ ကြေးရတတ် မိဘများက မွေးဖွားခဲ့သည်။ သူ့ဖခင်သည် ဆရာဝန်တစ်ဦး ဖြစ်၏။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူသည် အမေရိကန်ပြည်တွင် လူလားမြောက်ပြီးနောက် ဥရောပတိုက်သို့ ရောက်သွားသည်။ သူနာပြု မော်တော်ယာဉ် တပ်ဖွဲ့အရာရှိ၊ သတင်းထောက်၊ စာရေးဆရာ၊ တော်လှန်ရေးတပ်သားဘဝတို့ကို ကျင်လည်ပြီးသောအခါ ပြင်သစ်ပြည် ပါရစ်မြို့၊ အမေရိကန်ပြည် နယူးယော့မြို့၊ ကျူးဘားနိုင်ငံ ဟားဗားနားမြို့၊ အီတလီပြည် ဗင်းနစ်မြို့၊ စပိန်ပြည် မဒရစ်မြို့၊ ကင်ညားပြည် နိုင်ရိုဘီမြို့တို့တွင် သူ့အမည်မှာ ဟိုးလေးတကျော် ထင်ရှားခဲ့လေသည်။ သူ့စာများမှာ တစ်ကမ္ဘာလုံးရှိ စာဖတ် ပရိသတ်အများလက်သို့ ရောက်ခဲ့ပြီး သူ ရေးသားသော ဝတ္ထု ဇာတ်လမ်းပေါင်း ၁၄ ခုတို့ကို ရုပ်ရှင်ရိုက်ကူး၍ ရုံတင်ပြသ နိုင်ခဲ့သည်။

သူသည် မြစ်ချောင်း၊ အင်းအိုင်၊ တောတောင်တို့ အကြားတွင် အမဲလိုက်ရင်း ပျော်မွေ့တတ်သကဲ့သို့ ပင်လယ်ကြောတွင် ငါးဖမ်းရင်း အချိန်ကုန်တတ်သူလည်း ဖြစ်သည်။

၁၉၃၆ ခုနှစ်က သူ့အကြောင်းကို သူ ပြန်ရေးသော 'စာတစ်ပုဒ်၌–

"သူသည် လူငယ်ကလေးဘဝကပင် ငါးဖမ်းခြင်းနှင့် အမဲပစ်ခြင်းကို အလွန်အကျူး အာရုံစိုက်ခဲ့သူ ဖြစ်သည်။ ထိုလုပ်ငန်းများ၌သာ အချိန်များစွာ မကုန်လွန်ခဲ့လျှင် သူသည် ယခုထက်ပို၍ စာများများ ရေးခဲ့မည်သာ ဖြစ်သည်။ ထိုသို့မှ မဟုတ်လျှင်လည်း သူ့ကိုယ်သူ ပစ်သတ် အဆုံးစီရင်ခဲ့မိဖွယ်ရာ ရှိသည်။"

ဟူ၍ ရေးသားထားလေသည်။

စာရေးဆရာကြီး ဟဲမင်းဝေးသည် သူ့ကိုယ်သူ နိမိတ်ဖတ်ခဲ့သလို သေနတ်လက်နက်ဖြင့် ဘဝနိဂုံးချုပ်သွားခဲ့သည်။ သို့သော် ထိုအချိန်တွင် သူ့အသက်မှာ ၆၃ နှစ် ရှိလေပြီ။ သူ့အသက် ၂၉ နှစ်အရွယ် သားနှစ်ယောက်ဖခင် ဘဝတွင် သူ့ဖခင် ဒေါက်တာ ဟဲမင်းဝေးသည် သေနတ်လက်နက်ဖြင့်ပင် မိမိကိုယ်ကို အဆုံးစီရင်ခဲ့သည်။ သားဖြစ်သူ အားနက်စ်ဟဲမင်းဝေးအား အသက် ၁၂ နှစ်အရွယ်တွင် အမဲပစ်သေနတ် ဝယ်ပေးသူမှာလည်း ဖခင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ထို့ကြောင့်ပင် သူသည် အမဲလိုက်ဝါသနာ ပါခဲ့လေသလော မသိ။ မိခင်မှာမူ သားဖြစ်သူအား ဘာသာတရားကို ကိုင်းရှိုင်းပြီး တေးဂီတ ဘက်၌သန်သော ပညာတတ်တစ်ဦးသာ ဖြစ်စေလိုခဲ့ပေသည်။ သို့သော် ဟဲမင်းဝေး၏ ဘဝမှာ မိခင်၏ဆန္ဒထက် ဖခင်၏ဆန္ဒသို့ နီးစပ်စွာ ဖြစ်ထွန်း လာခဲ့၏။

ပင်လယ်ပြင်တွင် ငါးဖမ်းရင်း နေပူစပ်ခါး သွားခဲ့သည့် အကျိုး ကြောင့် သူ့မေးဖျားတွင် အရေပြားကင်ဆာပေါက်သဖြင့် မုတ်ဆိတ်ကို ထိုအချိန်မှစ၍ မရိတ်ဘဲ ထားတော့သည်။ မုတ်ဆိတ်ဖားဖားနှင့် သူ့အား အဖေကြီး (ပါပါ) ဟူသော ဘွဲ့မည်ဖြင့် စတင် ခေါ်ဝေါ်လာကြသည်။ ထို အမည်ဖြင့် ပထမဦးဆုံး စတင်၍ ဟဲမင်းဝေးအား ခေါ်ဝေါ်သူမှာ သူနှင့် ရင်းနှီးလှသော ရုပ်ရှင်မင်းသမီးကြီး မာလင်းဒိုင်းထရစ်ချ် ဖြစ်သည်ဟု ဆိုသည်။

သူသည် ဆေးလိပ်သောက်တတ်သူ မဟုတ်ပေ။ အမဲလိုက်သော မုဆိုးကဲ့သို့ အနံ့ခံကောင်းသော သူသည် ဆေးလိပ်နံ့ကိုမူ ခံနိုင်သူ မဟုတ်ပေ။

သူသည် မနက် နေထွက်တွင် နေရောင်နှင့်အတူ အိပ်ရာမှ ထတတ် သောသူ ဖြစ်၏။ နေမြင့်အောင် အိပ်ဖို့ရာ သူ့မျက်ခွံတွေမှာ ပါးလွန်းလှသည် ဟု ဆို၏။ 'ကျုပ်ဟာ အနှစ်ငါးဆယ်လုံးလုံး နေထွက်ချိန်တွေကို မလွတ် ခဲ့ဘူး' ဟူ၍ အသက် ၅၀ အရွယ်တွင် ပြောဆိုဖူးသည်။ "နေလည်း ထွက် လာသည်" ဟူသော နာမည်ကြီး သူ့ဝတ္ထု၏အမည်မှာ ခရစ်ယာန် သမ္မာ ကျမ်းစာထဲကသာ ရသည် မဟုတ်။ သူ့ဘဝထဲမှလည်း ထုတ်ယူခြင်း ဖြစ်သည်ဟု ဆိုသင့်လေသည်။

ဟဲမင်းဝေး ဇနီးမောင်နှံတို့သည် ၁၉၅၃ ခုနှစ်နှင့် ၁၉၅၄ ခုနှစ် အတွင်း အာဖရိကတိုက်တွင် လေယာဉ်ပျက်ကျမှုနှင့် နှစ်ကြိမ်တိုင် ကြုံခဲ့ ရသည်။ ဒဏ်ရာ များပြားသော်လည်း သေလောက်ပျောက်လောက်အောင် မကြီးကျယ်ခဲ့ချေ။ ကမ္ဘာ့သတင်းစာကြီး အချို့က သူ့ကို သေပြီဟု ရေးသား ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ နာရေးသတင်းကို သတင်းစာတွင် ဖွဲ့နွဲ့ရေးသားသော လီယို နတ်လိုင်းယွန်ဆိုသူအား 'ခင်ဗျားရေးတဲ့ သတင်းအတွက် ကျေးဇူးတင်ပါတယ်။ ဒါလောက် ကောင်းကောင်းရေးသားတဲ့ သတင်းမျိုးနဲ့ ကျုပ်နဲ့ မတန်ပါဘူး။ နောက်တစ်ခါ ဒီသတင်းမျိုး ခင်ဗျားထပ်ရေးဖို့ မလိုအောင် ကျုပ်ကြိုးစားပါ့မယ်' ဟူ၍ စာဖြင့် အကြောင်းကြားခဲ့လေသည်။

ဟဲမင်းဝေးကား ဘဝစုံသူ ဖြစ်သည်။ ဖမ်းမိသော မာလင်ငါးကြီး တကားကားနှင့် လှေပေါ်တွင် အလုပ်များနေသော သူ့ဟန်ကိုလည်း မြင်နိုင်သည်။ ပစ်၍ရသော ခြင်္သေ့ကြီး၏ အနားတွင် ရပ်လျက်နေပုံကိုလည်း မြင်နိုင်သည်။ သူသည် ဆင်ပစ်သေနတ်ကြီးကိုကိုင်၍ အာဖရိကတောနက်ထဲ၌ ချုံပုတ်အကြားတွင် တာဖ်ကဲ့သို့ မဆိုးချောင်း ချောင်းနေသည်ကိုလည်း တွေ့ရမည်။ အာဖရိက တိုင်းရင်းသားများနှင့်အတူ ဆွာဟီလီဘာသာဖြင့် စုရုံးစကားပြော၍သော်လည်း နေမည်။ စစ်သတင်းထောက်အဖြစ် စပိန်ပြည် မဒရစ်မြို့၌ ရှိစဉ် သူ တည်းခိုရာ ဟိုတယ်ပေါ်သို့ ဖက်ဆစ်တပ်များက အမြောက်များဖြင့် ပစ်ခတ်နေစဉ် ပြဇာတ်တစ်ပုဒ်ကို အေးအေးလူလူ ထိုင်ရေးနေသော သူ့ဟန်ကိုလည်း မြင်နိုင်သည်။ ပြင်သစ်စစ်မျက်နှာ၌ ဂျာမန်တပ်များ ဗိုင်းဗိုင်းလည် ပစ်ခတ်နေစဉ် ကျည်ဆန်များကို ခါးတွင် ပတ်လျက် တစ်ယောက်တည်း အကာအကွယ်ယူပြီး ပြန်၍ခုခံနေသော စစ်သားကြီး ဟဲမင်းဝေး၏ ဘဝကိုလည်း မြင်နိုင်ပေသည်။

စာရေးဆရာကြီး ဟဲမင်းဝေး၏ ဘဝသည် အတိုက်အခိုက်၊ အသတ်အပုတ်၊ သက်စွန့်ဆံဖျား ကိစ္စများနှင့် အလွန်ပွန်းတီးခဲ့သည်။ သူ့ဘဝ တစ်လျှောက်လုံးတွင် သေမင်းနှင့် နင်လားငါလား ဗိုလ်လုနေခဲ့ရသည်ဟု ဆိုစရာ ဖြစ်သည်။ ထိုသို့ ဗိုလ်လုရခြင်းကိုလည်း သူသည် နှစ်သက်ဟန် ရှိခဲ့လေသည်။

၁၉၁၇ ခုနှစ်တွင် ဥရောပတိုက်၌ ပထမကမ္ဘာစစ် ဖြစ်ပွားသောအခါ စစ်ထဲသို့ ဝင်ခွင့်ရရန် လျှောက်ထားသော်လည်း မျက်လုံးမကောင်း၍ အပယ်



www.burmeseclassic.com

www.burmeseclassic.com



ခံရသဖြင့် သတင်းထောက်အဖြစ် ကင်ဆပ်စီတီမြို့တွင် စတင်၍ အလုပ်လုပ်သည်။

အမေရိကန်ပြည် ကြက်ခြေနီသူနာပြုအသင်းက သူနာပြုတပ်ဖွဲ့များကို အီတလီမြောက်ပိုင်း စစ်မျက်နှာအတွက် ခေါ်ယူရာတွင် ရွေးချယ်ခံရသည်။ ထိုစစ်မျက်နှာတွင် အမြောက်ဆန် မှန်ခဲ့သော ဟဲမင်းဝေးမှာ ဒူးတစ်ဖက်မှ ခုံညင်းတစ်လုံး ပြုတ်ထွက်ခဲ့သည်။ တစ်ကိုယ်လုံးတွင် မော်တာကျည်ဆန် အစအနပေါင်း ၃၀၀ ကျော် ဝင်နေသဖြင့် လ့ပေါင်း အတော်ကြာအောင် ဆေးကုနေခဲ့ရသည်။ ထိုစစ်ပွဲ၌ ဆက်လက်အမှုထမ်းရာ သူ့အား သူရသတ္တိအတွက် အီတလီအစိုးရနှင့် အမေရိကန်အစိုးရတို့က သူရဲကောင်းဆုတံဆိပ် ချီးမြှင့်ခြင်း ခံရလေသည်။

အားနက်စ်ဟဲမင်းဝေးသည် ၁၉၁၉ ခုနှစ်တွင် အမေရိကန်ပြည်သို့ ပြန်၍ စာရေးခြင်းဖြင့် အသက်မွေးရန် စတင်ကြိုးစားခဲ့၏။ ၁၉၂၀ ပြည့်နှစ်၌ ကနေဒါနိုင်ငံ တိုရွန်တိုမြို့ထုတ် "တိုရွန်တိုကြယ်" သတင်းစာနှင့် အဆက်အသွယ်ရ၍ သတင်းထောက်အဖြစ် အမှုထမ်းသည်။

၁၉၂၁ ခုနှစ်တွင် ဟဲမင်းဝေးသည် "ရှိကာဂိုထရီဗြွန်း"သတင်းစာတွင် ဆောင်းပါးများကို စတင်ရေးသားသည်။ ထိုနှစ်တွင် သူသည် ပထမအကြိမ် အိမ်ထောင်ပြုသည်။ လက်ထပ်ပြီးနောက် ဥရောပတိုက်သို့ သွား၏။ ဥရောပတွင် ဂရိနှင့် တူရကီတို့ ဖြစ်ပွားသော စစ်ပွဲ၌ "တိုရွန်တိုကြယ်" ၏ သတင်းထောက်အဖြစ် သတင်းယူခဲ့လေသည်။

သူသည် ပြင်သစ်ပြည် ပါရစ်မြို့တွင် ကျက်ဘားရင်း ဘရေးဆရာ အနုပညာသည်များနှင့် ပေါင်းဖက်မိသည်။ ထိုအချိန်က သူ့မိတ်ဆွေများမှာ ဂါးထရုစတိုင်းနှင့် အီဇရာပေါင်း စသူတို့ ဖြစ်သည်။ ပါရဲမြို့တွင် နေထိုင်စဉ် ကမ္ဘာစာပေများနှင့် ရင်းနှီးခဲ့သည်။ တော်စတွိုင်း၊ တာဂနက်၊ ဂိုဂိုးလ်၊ ချက်ကော့နှင့် ဒိုတိုယက်စကီး စသော ရုရှားစာရေးဆရာများ၏ ဘကိုလည်း ဖတ်ရသည်။ အားနက်စ်ဟဲမင်းဝေးသည် ဥရောပတိုက်၌ရှိစဉ် ပါရစ်မြို့

www.burmeseclassic.com



စာအုပ်တိုက်တစ်ခုမှ သူ့စာအုပ်များကို ထုတ်ဝေပေးခဲ့သည်။ ပထမဆုံး ထုတ်ဝေသော စာအုပ်မှာ ဝတ္ထုတိုသုံးပုဒ်နှင့် ကဗျာဆယ်ပုဒ်[၁] အမည်ရှိ စာအုပ်ဖြစ်၍ အုပ်ရေ ၃၀၀ သာ ရောင်းရသည်။ ထိုအချိန်မှာ ၁၉၂၃ ခုနှစ် ဖြစ်၍ နောက်တစ်နှစ်တွင် ကျွန်ုပ်တို့ခေတ်တွင်[၂] အမည်ရှိ ဒုတိယစာအုပ် ထွက်လာပြန်သည်။ သို့သော် စုစုပေါင်း အုပ်ရေ ၁၇၀ သာ ရောင်းချရသည်။

ထိုအဆင့်တွင် သူသည် စာရေးခြင်းဖြင့် ဝမ်းမကျောင်းနိုင်သေးချေ။ ဒုတိယစာအုပ် ထွက်သောနှစ်၌ ပထမဇနီးနှင့် ကွာရှင်းလိုက်သည်။

ဟဲမင်းဝေးသည် ပါရစ်မြို့ စာပေအနုပညာလောကတွင် ကျက်စားရင်း ဥရောပတစ်ခွင် လှည့်လည်ခဲ့ရာ စပိန်ပြည်မှ နွားရိုင်းနှင့် လူသတ်ပွဲများကို သွား၍ မျက်စိကျသည်။ ထိုအကြောင်းများသည် နောင်အခါ သူ ရေးသားသော ဝတ္ထုများ၏ အကြောင်းရပ်များ ဖြစ်လာ၍ သူ့အား စပိန်ပြည်နှင့် ရင်းနှီးစေရန် ဖန်တီးခဲ့လေသည်။

၁၉၂၆ ခုနှစ်၌ နေလည်း ထွက်လာသည်[၃] စာအုပ်ကို ထုတ်ဝေသော အခါ လူကြိုက်များ၍ နာမည်ရလာသည်။ ထိုနှစ်တွင် ပေါလင်းဖိုက်ဖာ အမည်ရှိ ဒုတိယဇနီးနှင့် အိမ်ထောင်ပြုလိုက်သည်။ နောက်တစ်နှစ်တွင် သူ့ဝတ္ထုတိုများကို စုပေါင်း၍ စာအုပ်ထုတ်ဝေပြန်သည်။

လက်နက်ကို ကျောခိုင်းပြီ[၄] အမည်ရှိ စာအုပ်မှာ ဒုတိယနာမည်ကြီး စာအုပ်ဖြစ်၍ ၁၉၂၉ ခုနှစ်တွင် ထုတ်ဝေသည်။ အီတလီပြည်တွင် သူနာပြု မော်တော်ယာဉ်တပ်ဖွဲ့ဗိုလ်ဘဝဖြင့် ရရှိသော အတွေ့အကြုံများကို အခြေခံ၍

---

၁။ Three Stories and Ten Poems(1923) ၂။ In Our Time(1924)

၃။ The Sun Also Rises(1926)

[ မောင်လှသွင်၊ "မေတ္တာမဏ္ဍိုင်" ။ ရွှေမ၀၊ ၁၉၅၇(?)]

၄။ A Farewell to Arms(1929)

[ ခင်ကြီးအောင်၊ "သွေးမြေကို ကျောခိုင်း၍" ။ ဂျာနယ်ကျော်မမလေး စာပေတိုက်၊ ၁၉၆၇။ (အမျိုးသားစာပေဆု၊ ဘာသာပြန် ဒုတိယဆု ရရှိသည်။)]



www.burmeseclassic.com

www.burmeseclassic.com



ရေးသားသော စစ်မက်ဆန့်ကျင်ရေး ဝတ္ထုရှည် ဖြစ်သည်။ နောက်လေးနှစ်ကြာသောအခါ ထိုဝတ္ထုကို ရုပ်ရှင်ရိုက်လေသည်။

နွားရိုင်းသတ်ပွဲများ အကြောင်းကို ဖွဲ့နွဲ့ရေးသားထားသော မွန်းလွဲပိုင်းတွင် ကြုံရသော သေခြင်းတရား[၁]အမည်ရှိ စာအုပ်မှာလည်း နာမည်ကြီးဖြစ်သည်။ စိမ်းလန်းသော အာဖရိက တောင်ကုန်းများ[၂]စာအုပ်ကို ၁၉၃၃ ခုနှစ်တွင် အာဖရိကသို့ အမဲပစ်ရန် ငါးလမျှ သွားရောက်ခဲ့ပြီးနောက် ရေးသားခြင်း ဖြစ်သည်။

၁၉၃၆ ခုနှစ်တွင် စပိန်ပြည်တွင်းစစ်ပွဲ ဖြစ်ပွားသောအခါ ဟဲမင်းဝေးသည် စစ်သတင်းထောက်လုပ်ရင်း ဖက်ဆစ်ဖရန်ကိုတပ်များကို ဆန့်ကျင်၍ ရီပတ်ဗလစ်ကန် ဂိုဏ်းသားများဘက်မှ ပါဝင်တိုက်ခိုက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး နိဒါန်းပျိုးစ ၁၉၄၀ ခုနှစ်တွင် ဘယ်သူ့အတွက် ခေါင်းလောင်းထိုးသလဲ[၃]အမည်ရှိ ဝတ္ထုကြီးကို ထုတ်ဝေသောအခါ ဟဲမင်းဝေး၏ အမည်မှာ အထူး ထင်ရှားသွားလေသည်။ ဝတ္ထု၏ နောက်ခံမှာ စပိန်ပြည်တွင်း စစ်ပွဲအကြောင်း ဖြစ်သည်။ ထိုဝတ္ထုသည် ဒုတိယကမ္ဘာစစ်အတွင်း၌ ရုပ်ရှင် ဖြစ်လာခဲ့သည်။

၁၉၄၀ ပြည့်နှစ်တွင် ဒုတိယအိမ်ထောင်ပျက်ပြီးနောက် စစ်ကာလအတွင်း အမေရိကန်ရေတပ်ထဲသို့ ဝင်ရောက် အမှုထမ်းသည်။ စစ်ကြီးပြီးဆုံးခါနီး၌ အင်္ဂလန်ပြည်နှင့် ပြင်သစ်ပြည်တို့သို့ စစ်သတင်းထောက်အဖြစ်လိုက်ပါသွားပြီး ပြင်သစ် မြေအောက်တော်လှန်ရေးတပ်များနှင့်အတူ ပါဝင်တိုက်ခိုက်သည်။ ပါရစ်မြို့သိမ်းတိုက်ပွဲ၌ သူ ပါဝင်ခဲ့သည်။

စစ်ပြီးသောအခါ တောင်အမေရိကနှင့် မြောက်အမေရိကတိုက်အကြား၊ ကာရစ်ဗီယန်ပင်လယ်တွင်းရှိ ကျူးဘားကျွန်းတွင် သွားရောက်

---

၁။ Death in the Afternoon(1932) ၂။ The Green Hills of Africa(1935)

၃။ For Whom the Bell Tolls(1940)

[ ကိုကို၊ "ခေါင်းလောင်းသံ"။ ပုဂံစာအုပ်တိုက်၊ ၁၉၆၅။]



www.burmeseclassic.com

www.burmeseclassic.com



အခြေစိုက်သည်။ စစ်အတွင်း တွေ့ကြုံရင်ဆိုင်ခဲ့ရသော စတုတ္ထဇနီး မေရီဝဲလ်ချ် နှင့် လက်ထပ်သည်။

ဟဲမင်းဝေးသည် ၁၉၄၈ ခုနှစ်မှစ၍ စာများကို ဖိ၍ရေးလေသည်။ သူ့စာများကို မဂ္ဂဇင်းကြီးများ၌ တွေ့ရသည်။ ဆောင်းပါးများ၊ အခန်းဆက် ဝတ္ထုရှည်များ ဖြစ်သည်။ မဂ္ဂဇင်းဝတ္ထုတိုများလည်း ပါသည်။ ပင်လယ်ပြာ နှင့် တံငါအို ဝတ္ထုကို ၁၉၅၂ ခုနှစ်တွင် အမေရိကန် လိုက်ဖ်ရုပ်စုံမဂ္ဂဇင်းကြီး က အခန်းဆက် စတင် ထည့်သွင်းပေးသည်။ ၁၉၅၄ ခုနှစ်တွင် ယင်း ပင်လယ်ပြာနှင့် တံငါအို ဝတ္ထုအတွက် အမေရိကန် စာပေလောကတွင် အထင်ရှားဆုံး ဖြစ်သော ပူလစ်ဇာ စာပေဆု ချီးမြှင့်ခြင်း ခံရသည်။ နောက် တစ်နှစ် (အသက် ၅၅ နှစ်) တွင် စာပေဆိုင်ရာ နိုဗယ်ဆုကြီးကို ယင်းဝတ္ထုကို အကြောင်းပြု၍ပင် ချီးမြှင့်ခံရပြန်သည်။

ဆုရသော ကမ္ဘာကျော် ဤဝတ္ထုကို ၁၉၅၈ ခုနှစ်တွင် ဟိုလီးဝုဒ်မှ ရုပ်ရှင်ရိုက်ကူးသည်။ တံငါအို ဆန်တီယာဂိုအဖြစ် ပါဝင်သရုပ်ဆောင်သူမှာ ၁၉၆၃ ခုနှစ်က ကွယ်လွန်ခဲ့သော သဘာဝမင်းသားကြီး စပင်ဆာထရေစီ ဖြစ်သည်။ ထိုရုပ်ရှင်သည် အုတ်အော်သောင်းတင်း မဖြစ်လှသော်လည်း ကမ္ဘာကျော် ဂန္ထဝင်ဝတ္ထုကြီးကို ရုပ်ရှင်အဖြစ် ကူးပြောင်းပြသပေးသည့် ရုပ်ရှင်သမားတို့အား ကျေးဇူးတင်စရာ ဖြစ်သည်။

ဟဲမင်းဝေးသည် ဘဝတစ်လျှောက်လုံး တေတေပေပေ၊ ကြမ်းကြမ်း တမ်းတမ်း နေထိုင်လာခဲ့ရာမှ ၁၉၅၉ ခုနှစ်တွင် ဇရာ၏ လက္ခဏာများနှင့် ရင်ဆိုင်ရသည်။ ထိုအချိန်တွင် သူ့အသက်မှာ ၆၀ ရှိလေပြီ။ သူ ပျော်ပိုက်စွာ နေထိုင်သော ကျူးဘားကျွန်းမှာလည်း နိုင်ငံရေး အပြောင်းအလဲ၊ အစိုးရ အပြောင်းအလဲများ ဖြစ်ပေါ်လာလေရာ၊ စာရေးဆရာကြီးသည် အမေရိကန် ပြည် အိုက်ဒါဟိုနယ်သို့ ပြန်လည်ပြောင်းရွှေ့ နေထိုင်လေသည်။

အသက် ၆၃ နှစ်အရွယ်တွင် ၁၉၆၁ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့၌ မိမိကိုယ်မိမိ အဆုံးစီရင်ပြီး ကွယ်လွန်သွားခဲ့လေသည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဟဲမင်းဝေးသည် ၁၉၅၄ ခုနှစ်တွင် သူ ရရှိခဲ့သော စာပေနိုဗယ်ဆု တံဆိပ်ကြီးကို ဆန်တီယာဂိုမြို့ရှိ ဘုရားရှိခိုးကျောင်းသို့ လှူလိုက်သည်။ 'ပစ္စည်းတစ်ခုကို လူများကို ပေးမပစ်နိုင်သေးသမျှ ကိုယ်ပိုင်တယ်လို့ စိတ်က မထင်လို့ဗျ' ဟူ၍ မေးလာသူအား ဖြေကြားခဲ့ဖူးသည်။

ဟဲမင်းဝေးသည် ပူလစ်ဇာဆုအတွက် ရရှိသောငွေကို သားကြီးဖြစ်သူ ဂျွန်ထံသို့ အားလုံးပေးပို့ခဲ့သည်။

နိုဗယ်ဆု ရရှိပြီးသော အခါ၌လည်း စာရေးခြင်းကို အချိန်မပျက် ဆက်လက်၍ မှန်မှန်ပြုလုပ်သည်။ စာရေးချိန်၌ ဧည့်သည်များကို လက်ခံ စကားပြောလေ့ မရှိပေ။

'ဆုရတယ်ဆိုတာဟာ ဘယ်လောက် တန်ဖိုးကြီးမားတဲ့ ဆုဖြစ်ဖြစ်၊ ကိုယ်က ပေါ့ပေါ့တန်တန်လုပ်ရင် ကောင်းကျိုးထက် ဆိုးကျိုးကို ပေးနိုင်တာပေါ့။ စာအုပ်ကောင်းတစ်အုပ် ရေးနေတုန်းကို ဆုကိစ္စနဲ့ အပျက်မခံနိုင်ပါဘူး' ဟူ၍ စာရေးဆရာကြီးက မိတ်ဆွေများအား ပြောခဲ့ဖူးသည်။

ယခုအခါတွင် ဟဲမင်းဝေး နေထိုင်ခဲ့သော ကျူးဘားကျွန်းရှိ ဟာဗားနားမြို့ပြင်မှ အိမ်ကို ကျူးဘားအစိုးရက ဟဲမင်းဝေးအထိမ်းအမှတ် အဖြစ် ပြတိုက်သဘောမျိုး ဖွင့်လှစ်ထား၏။ တစ်နှစ်တစ်နှစ်လျှင် လာရောက် လည်ပတ် လေ့လာကြသော ဧည့်သည် အရေအတွက်မှာ ၁၈,၀၀၀ မျှ ရှိသည် ဆို၏။ ထိုအထဲတွင် အများဆုံးမှာ ရုရှားလူမျိုးများ ဖြစ်သည်ဟု ဆိုလေသည်။ ရုရှားတို့သည် စာရေးဆရာကြီး ဟဲမင်းဝေး ရေးသားခဲ့သော ဝတ္ထုများ အားလုံးလိုလိုကိုပင် ဆိုဗီယက်ယူနီယံ၌ ဘာသာပြန်ဆို ထုတ်ဝေသဖြင့် ဖတ်ရှုလေ့လာ ထားကြသူများ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂) ဟဲမင်းဝေး၏ စာ

ဟဲမင်းဝေးဆိုလျှင် ကမ္ဘာ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အနံ၊ အလျားလိုက် စာပေလောကတွင် မသိသူ ရှားလှသည်။ အသက် ၆၀ ကျော် နေခဲ့၍ အနှစ် ၄၀ ကျော် စာရေးသက်ရှိခဲ့သော သူ့ဘဝတွင် ဝတ္ထုရှည် ခြောက် ပုဒ်၊ ဝတ္ထုတို အပုဒ် ၅၀ ကျော်၊ ပြဇာတ်တစ်ပုဒ်နှင့် ကဗျာအချို့ကို ရေးသားခဲ့ လေသည်။ သူ့လက်ရာ စာစုများတွင် ဝတ္ထုတို ရှည် အပုဒ်ပေါင်း ၁၄ ပုဒ်မှာ အထူးထင်ရှား၏။

ဟဲမင်းဝေး၏ စာများထဲမှ ဝတ္ထု ၁၄ ပုဒ်ကို ရုပ်ရှင်ရိုက်ကူးခဲ့၏။ ဘာသာအမျိုးမျိုးသို့ အုပ်ရေပေါင်း သန်းနှင့်ချီ၍ ပြန်ဆိုထုတ်ဝေခဲ့ရသည်။

အားနက်စ်ဟဲမင်းဝေးသည် ကွယ်လွန်ချိန်အထိ စာရေးခြင်း အတတ် ပညာကို မြတ်မြတ်နိုးနိုး ထိန်းသိမ်းစောင့်ရှောက်၍ ပြုစုပျိုးထောင်ခဲ့သူ ဖြစ်သည်။

ဟဲမင်းဝေး၏ စာဟန်မှာ ပြတ်၏၊ တို၏၊ ရှင်း၏၊ ထိရောက်၏။ အဖွဲ့အနွဲ့ မပါလှချေ။

ဟဲမင်းဝေးရေးသော အကြောင်းရပ်များမှာ စစ်ပွဲ၊ နွားရိုင်းသတ်ပွဲ၊ အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်း၊ သောက်စားပျော်ပါးခြင်းတို့ အကြောင်းကသာ များသည်။ ထိုအထဲတွင် သေခြင်းတရားဟူသော သဘောသည် ကြားညှပ်၍ ပါလာတတ်မြဲဖြစ်သော ကိစ္စတစ်ခု ဖြစ်သည်။

**ရာပြည့်စာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဟဲမင်းဝေး၏ စာဟန်၊ ဟဲမင်းဝေး၏ အကြောင်းရပ်တို့ကို ကြိုက်သူလည်း ဒုနှင့်ဒေး၊ မကြိုက်သူလည်း ဒုနှင့်ဒေး ရှိ၏။ သူ့စာဟန်ကို ကြိုက်သဖြင့် တမင် တုပသူလည်း ရှိသလို၊ သူ့စာဟန်ကို မနှစ်မြို့သောကြောင့် တမင် ရှောင်ရှား၍ ရေးသူလည်း ရှိသည်။ သို့သော် မငြင်းနိုင်သော အချက်တစ်ရပ်မှာ သူသည် ၂၀ ရာစုနှစ် ကမ္ဘာစာပေလောကတွင် ခေါင်းဆောင်တစ်ဦး၊ ရှေ့ဆောင်ရှေ့ရွက်တစ်ဦး နေရာကို ရယူခဲ့ခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဟဲမင်းဝေး ကွယ်လွန်ခဲ့ပြီ ဖြစ်သော်လည်း သူ့စာများမှာမူကား အမေရိကန်နိုင်ငံ နယ်နိမိတ်ကိုကျော်၍ ကမ္ဘာစာပေ ဂန္ထဝင်တွင် မညှိုးမမှိန် မတိမ်မကော ဆက်လက် ထွန်းကားနေမည်သာ ဖြစ်ပေသည်။

ဟဲမင်းဝေးသည် "တိုရွန်တိုစတား" သတင်းစာတွင် အလုပ်လုပ်လျက်ရှိစဉ် သတင်းစာအရေးအသားနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များကို လိုက်နာခဲ့ရဖူးသည်။ ထိုစည်းကမ်းများမှာ တစ်မျက်နှာမျှသာရှိ၍ အောက်ပါအချက်များ ပါဝင်သည်။

"ဝါကျတိုတို ရေးပါ။ ပထမ စာပိုဒ်များကို တိုတိုရေးပါ။ ထိရောက်သော စကားလုံးကို သုံးပါ။ အပြုကို သုံးပါ။ အပျက်ကို မသုံးပါနှင့်။ နာမဝိသေသနများ ရှောင်ပါ။ အထူးသဖြင့် လွန်ကဲသော နာမဝိသေသနများကို မသုံးပါနှင့်။ ဆီသည်မ လက်သုတ်ဖတ် (ဖန်တစ်ရာတေ) ဖြစ်၍နေသော အသုံးအနှုန်းများကို မသုံးပါနှင့်" စသည်ဖြင့် ဖြစ်သည်။

'စာရေးခြင်းအတတ်နဲ့ ပတ်သက်လို့ ကျုပ် တတ်သိလာတဲ့ စည်းကမ်းတွေထဲမှာ အဲဒါ အကောင်းဆုံးပဲ။ ဒါတွေကို ကျုပ် ဘယ်တော့မှ မမေ့ဘူး။ သာမန် အရည်အသွေးရှိတဲ့ လူတစ်ယောက်ဟာ သူပြောချင်တဲ့ အကြောင်းအရာကို မှန်မှန်ကန်ကန် ပြောပြဖို့ ဒီစည်းကမ်းနည်းလမ်း အတိုင်းသာ ပြောပြ၊ ရေးချမယ်ဆိုရင် ဘာမှ မအောင်မြင်နိုင်စရာ ရှိမယ် မဟုတ်ဘူး' ဟူ၍ ဟဲမင်းဝေးကိုယ်တိုင်က ၁၉၄၀ ပြည့်နှစ်တွင် ပြောကြားခဲ့ဖူးသည်။

စာအရေးအသားဟန်တွင် ဟဲမင်းဝေးက ဆရာတစ်ဆူ ပြုခဲ့ရသူမှာ



www.burmeseclassic.com

www.burmeseclassic.com



လီယိုနယ်ကာဟွန်မွိုက်စ်ဆိုသူ သတင်းစာဆရာတစ်ဦး ဖြစ်သည်ဆို၏။ မွိုက်စ်အား ဟဲမင်းဝေးသည် တိုရွန်တိုသတင်းစာ၌ လုပ်ကိုင်စဉ်ပင် သိကျွမ်း၍ တပည့်ခံခဲ့ရခြင်း ဖြစ်သည်။ ဟဲမင်းဝေးသည် တိုရွန်တိုစတား သတင်းစာတွင် ခုနစ်လမျှ အလုပ်လုပ်စဉ် မွိုက်စ်နှင့် ရင်းနှီးစွာ သိကျွမ်း ခင်မင်သွားခဲ့သည်။ မွိုက်စ်က ဝါရင့်သတင်းစာဆရာပီပီ သူ့အား သြဝါဒပေး၏။ 'ဇာတ်လမ်းကို တင်ပြတဲ့နေရာမှာ ဓမ္မဓိဋ္ဌာန်ကျကျ စင်စင်ကြယ်ကြယ် ရေးတဲ့နည်းဟာ အကောင်းဆုံးပဲကွ။ ဖွဲ့ကာနွဲ့ကာနဲ့ စာဖတ်သူကို လှည့်ပတ်ပြီး ရေးနေတာ အဓိပ္ပာယ်မရှိဘူး။ စိတ်ထဲ ပေါ်လာသမျှကို အစီစဉ်မဲ့ ရေးတဲ့နည်းဟာလည်း အလကားပဲ' ဟူ၍ ဟဲမင်းဝေးအား ပြောပြခဲ့ဖူးသည်။

ထိုညွှန်ကြားချက်၊ ထိုသြဝါဒတို့သည် ဟဲမင်းဝေး၏ စာဟန်တွင် သြဇာညောင်းနေသည်ဟု ဆိုရပေမည်။

ကနေဒါတွင် သတင်းစာသမားဘဝဖြင့်ရှိစဉ် ဟဲမင်းဝေးမှာ သတင်းကို မျက်မြင်ကိုယ်တွေ့ ယူရမှ ကျေနပ်သူ ဖြစ်သည်။ သူ့အား တရားရုံးနှင့် ဆေးရုံကြီးတို့တွင် တာဝန်ချထား၍ သတင်းယူခိုင်းသော်လည်း တာဝန်ကျသော နေရာတွင် မနေဘဲ သတင်းဖြစ်ပွားသည့် နေရာများကို သူနာပြုကား၊ ရဲကားများနှင့်အတူ ထိပ်ဆုံးက လိုက်ပါသွားတတ်လေ့ ရှိသည်။ သူ့သတင်းစာတိုက်က သူ့အား ဆက်သွယ်လိုသောအခါ ရုတ်တရက် ရှာမရဘဲ ရှိတတ်လေသည်။

စာရေးဆရာတစ်ဦးအဖြစ် ဟဲမင်းဝေးသည် အလွန် မှတ်သားဉာဏ်ကောင်းသူဖြစ်ကြောင်း ပရင့်စတန်တက္ကသိုလ်မှ ပါမောက္ခကာလို့စ်ဘေကာက ထုတ်ဖော်ပြောဖူး၏။ 'သူဟာ မှတ်ဉာဏ်တွင် မဟုတ်ဘူး၊ စိတ်ကူးမှာပိုလို့တောင် ကောင်းသေးတယ်။ အင်းပေါ့၊ ဒီလိုမှ မဟုတ်ရင်လည်း အခုလို စာရေးဆရာကြီးဘဝကို ဘယ်ရောက်မလဲ' ဟု ကာလို့စ်ဘေကာက မှတ်ချက်ပေးသည်။

ဝတ္ထုရေးခြင်းနှင့် စပ်လျဉ်း၍ ၁၉၅၉ ခုနှစ်တွင် အားနက်စ်ဟဲမင်းဝေး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဟိုင်က ဤသို့ ပြောဖူး၏။ 'စိတ်ကူးယဉ်ချက်ဆိုတာဟာ ကိုယ့်မှာ ရှိပြီးသား အတွေ့အကြုံကနေပြီး တီထွင်ဖန်တီးယူရတာပဲ။ ဖန်တီးယူလို့ ကောင်းကောင်း အောင်မြင်တယ်ဆိုရင် ပြန်ပြီး သတိရတဲ့ အချက်တွေထက် ကောင်းနေသေးတယ်။ ကြီးကြီးကျယ်ကျယ် လုပ်ကြံထားတဲ့ အချက်ဟာ အဖြစ်မှန်ထက် ပိုပြီး ချီးကျူးဖို့ ကောင်းတာပေါ့'

ဟဲမင်းဝေး၏ စာဟန်နှင့် စပ်လျဉ်း၍ ဗြိတိသျှစာရေးဆရာကြီး စီ၊ ပီ၊ စနိုးက 'ကမ္ဘာပေါ်မှာ ဘယ်စာရေးဆရာမှ သူ့လောက် တခြားသူတွေရဲ့ အရေးအသားကို ဩဇာလွှမ်းနိုင်တဲ့လူ မရှိဘူး' ဟူ၍ ထုတ်ဖော် ပြောခဲ့ဖူးသည်။

ဟဲမင်းဝေးကဲ့သို့ အလားတူ ကမ္ဘာ့စာပေနိုဗယ်ဆုကြီးကို ရခဲ့ဖူးသော အမေရိကန်စာရေးဆရာကြီး ဝီလျံဖော့ကနာကလည်း 'ဟဲမင်းဝေးဟာ ပျော့သေးပါဘူး။ အခုအချိန်မှာ မမွေးသေးတဲ့ လူငယ် အမျိုးသား၊ အမျိုးသမီး တွေဟာ သူတို့ခေတ်မှာ စာရေးမယ် ကြံလို့ရှိရင်တောင် ဟဲမင်းဝေး မသေ သေးဘူးလို့ ပြောကြလိမ့်မယ်' ဟု တင်စား၍ ဆိုခဲ့ဖူးသည်။

ဂျွန်အိုဟားရား အမည်ရှိ အမေရိကန် ဝတ္ထုရေးဆရာကြီးကလည်း 'သူ့လောက် စာရေးဆရာ အများအပြားပေါ်မှာ တိုက်ရိုက်ဩဇာညောင်းတဲ့ ပုဂ္ဂိုလ်မျိုးကို ရာဇဝင်မှာ ရှိမယ်လို့ ကျုပ် စဉ်းစားလို့ မရဘူး' ဟူ၍ ပြောဆို ခဲ့သည်။

ဟဲမင်းဝေး၏ စာရေးချိန်မှာ များသောအားဖြင့် နံနက်ပိုင်းဖြစ်သည်။ စာရေးရာ၌ လက်နှိပ်စက်ကိုလည်း အသုံးပြုသည်။ လက်ရေးဖြင့် ရေးသော အခါ ရင်ခေါင်းလောက်မြင့်သော စားပွဲဘေးတွင် မတ်တတ်ရပ်လျက် ခဲတံ ဖြင့် ရေးလေ့ရှိသည်။

ရေးပြီးသော စာများကို ပြင်ရန်၊ ဖတ်ရန် ရှိသောအခါ ကုလားထိုင် တွင် အေးအေးလူလူထိုင်၍ ဖတ်သည်။ ပြင်သည်။ သူသည် စာကိုစ၍ ရေးတော့မည်ဆိုလျှင် ယခင်ရက်များက ရေးခဲ့သော စာများကို အစမှပြန်၍ ဖတ်ပြီးမှ ရောက်ဆဲနေရာကို ဆက်၍ ရေးလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရေးသောစာကို ကိုယ်တိုင် လက်နှိပ်စက်ရိုက်၊ ကိုယ်တိုင်ရေးရမှ ကျေနပ်သူဖြစ်ရာ လက်ရေးတိုစာရေးကို နှုတ်က ကြောင်းပေး၍ ရေးရသောနည်းကို ဟဲမင်းဝေးသည် ဘယ်အခါမှ မသုံးခဲ့ပေ။ 'လူများကို ပြောပေးပြီး ရေးရတဲ့ အလုပ်မျိုးက ကျုပ်နဲ့ မဖြစ်ဘူး။ ဒီလိုသာ ရေးရမယ်ဆိုရင် တစ်လကို ဝတ္ထုတစ်ပုဒ်ပြီးအောင် ရေးနိုင်တာပေါ့။ ဒါပေမဲ့ သင့်အောင်တော်အောင် ကောင်းမှာ မဟုတ်ပါဘူး' ဟူ၍ သူက ပြောခဲ့သည်။

ဟဲမင်းဝေးသည် စာရေးရန်အတွက် မှတ်စုမှတ်တမ်း ရေးသားစုဆောင်းတတ်သူလည်း မဟုတ်ချေ။ 'မှတ်စုရေးထားလို့ရှိရင် မှတ်စုအရကောင်းတဲ့အခါဆိုရင်လည်း စိတ်က ကျက်စားဖို့ မလွတ်လပ်ဘူး၊ မကောင်းရင်လည်း သုံးလို့ မရတော့လို့ ပျက်သွားမှာပါပဲ' ဟု သူက ပြောသည်။

ဟဲမင်းဝေး၏ စာပေဘဝ တစ်လျှောက်လုံးတွင် အကြောင်းရပ်လေးခုကို အထူးပြု၍ စိတ်ဝင်စားခဲ့သည်ဟု ကာလို့စ်ဘေကာ ဆိုသူက ဝေဖန် ရေးသားထား၏။ ထိုအကြောင်းလေးရပ်မှာ ငါးဖမ်းခြင်း၊ အမဲပစ်ခြင်း၊ နွားရိုင်းသတ်ခြင်းနှင့် စစ်ပွဲတို့ ဖြစ်သည်။ ထို ကိစ္စလေးရပ် အကြောင်းကို ရေးသားရာ၌ လောကလုံးခြုံသော အမြင်ကို ဖော်ပြနိုင်ပြီး သတ္တိရှိခြင်း၊ ခွဲကောင်းခြင်း၊ ကျင့်ဝတ်စရိုက်များကို လေးစားခြင်း၊ ရုပ်ပိုင်းဆိုင်ရာ အားကစားလုပ်ငန်းများသဘော သက်ဝင်စေခြင်း၊ စိတ်ကို ထိန်းသိမ်းနိုင်ခြင်း ဟူသော အကြောင်းတို့ကို ထင်ရှားပေါ်လွင်အောင် ရေးသားနိုင်သည်ဟု ဆိုထားလေသည်။

ဟဲမင်းဝေး ရေးသားပြုစုခဲ့သော စာပေဝတ္ထု အစုစုတို့ကို ဖတ်ရှုလေ့လာ၍ စာရေးဆရာအပေါ်တွင် လည်းကောင်း၊ စာရေးဆရာ၏ ဘဝအမြင်နှင့် သဘောထားအပေါ်တွင် လည်းကောင်း အမျိုးမျိုး ဝေဖန်ပြောဆို ရေးသားမှုများ ရှိခဲ့လေသည်။

ဟဲမင်းဝေးသည် ဘဝကို အပျော်တမ်း ကစားခုန်စားကဲ့သို့ သဘောထားသည်ဟု အက်ဒမွန်းဝီလဆန်က တင်ပြခဲ့သည်။ ဘဝတွင် အခြားသူများ

www.burmeseclassic.com



းမဖို့ နှာကျင်ခံစားရခြင်း ဖြစ်နေသော ကိစ္စမျိုးတို့မှာ သူ့အဖို့ ပျော်ရွှင်ခံစားရခြင်းကဲ့သို့ ဖြစ်နေသည်ဟု ဆိုသည်။

အင်္ဂလန်ပြည်မှ ဝင်ဒန်လူးဝစ်နှင့် အယ်လဒပ်ဟပ်စလီကဲ့သို့ ပုဂ္ဂိုလ်များက မှုကား ဟဲမင်းဝေး၌ ပညာတတ်သဘော (ဝါ) အသိပညာရှင်သဘောကို ဆန့်ကျင်သည့် လက္ခဏာရှိသည်ဟု ဆိုကြသည်။

ဟဲမင်းဝေး၏ ရေးခဲ့သမျှ စာများကို ခြုံ၍ လေ့လာလျှင် သူ့ဝတ္ထုများ၌ ပါသော ဇာတ်ကောင်များတွင် ထင်ရှားသော ဇာတ်ကောင်တစ်ဦးဦးသည် စာရေးဆရာ၏ ဘဝအမြင်၊ ဘဝအသိ၊ ဘဝခံယူချက်ကို ဖော်ပြသော ဇာတ်ကောင်အဖြစ် ပါလေ့ရှိသည်ဟု ဖီးလစ်ယန်းဆိုသူ ပင်စီဗေးနီးယားတက္ကသိုလ် ပါမောက္ခတစ်ဦးက ဝေဖန်ရေးသားထားသည်။ ထိုဇာတ်ကောင်သည် ဝတ္ထုကိုလိုက်၍ အမည်နာမသာ ပြောင်းလဲသွားသည်။ စာရေးဆရာ၏ ဘဝအမြင်ကို အဆင့်ဆင့် ဖော်ပြပေးသော စာရေးဆရာနှင့် အနီးကပ်ဆုံး ကိုယ်ပွားတစ်ဦးသာ ဖြစ်သည်ဟု ဆိုသည်။

ယင်းဇာတ်ကောင်ကို လူတစ်ဦး၏ ဘဝအဖြစ် ဖြန့်ကြက်ကြည့်လိုက်လျှင် ပထမအဆင့်၌ ဘဝ၏ ဒဏ်ရာဒဏ်ချက်များကို ခံစားရသူ ဖြစ်သည်။ ထို့နောက် လူ့အဖွဲ့အစည်းမှ ကင်းကွာဖယ်ရှောင်၍ နေသည်။ တတိယအဆင့်၌ ဘဝတွင် မည်သို့ ကျင့်ကြံနေထိုင် နှလုံးသွင်းရမည်ကို ဖော်ပြသည်ဟု ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၃) "ပင်လယ်ပြာနှင့် တံငါအို" ၏ နောက်ခံ

ဆွိဒင် နိုဗယ်ဆုကော်မတီက ၁၉၅၃ ခုနှစ်အတွက် စာပေနိုဗယ်ဆုကို ဟဲမင်းဝေးအား ချီးမြှင့်ရန် ထည့်သွင်း စဉ်းစားခဲ့သည်။ သို့သော် ဗြိတိသျှ နန်းရင်းဝန်ဟောင်း စာရေးဆရာကြီး ဝင်စတန်ချာချီအား အသက်အရွယ် အိုမင်းခြင်းကို ထောက်ထား၍ ချီးမြှင့်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင်မှ သူ့အား ဆုချီးမြှင့်ရန် ဆုံးဖြတ်လိုက်သောအခါ ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်၌ "အားနက်စ် ဟဲမင်းဝေးသည် ပင်လယ်ပြာနှင့် တံငါအိုဝတ္ထုဖြင့် မကြာမီက သက်သေထူခဲ့သည့်အတိုင်း ခေတ်သစ်စာပေ၌ အင်အားကြီးမားသော ဟန်သစ်တစ်မျိုးကို နိုင်နင်းစွာ ထူထောင်နိုင်ခဲ့သည့်အတွက်ကြောင့်..." ဟူ၍ ရေးသားဖော်ပြထားသည်။

ဤဝတ္ထုကို ၁၉၅၂ ခုနှစ်တွင် ထုတ်ဝေခဲ့ခြင်း ဖြစ်သော်လည်း ဝတ္ထု ဇာတ်လမ်း အမြုတေ စတင်ရာ အချိန်ကား ၁၆ နှစ်ခန့် စောခဲ့သည်။

၁၉၃၆ ခုနှစ် ဧပြီလတွင် အမေရိကန်ပြည်ထုတ် အက်စ်ကွိုင်းယား မဂ္ဂဇင်းအတွက် ရေးသားပေးပို့သော "ရေပြင်ပေါ်မှာ" အမည်ရှိ ပင်တိုင် ဆောင်းပါး၌ သူသည် ကျူးဘားကျွန်းနှင့် မြောက်အမေရိကတိုက် တောင်ဘက်အစွန်း တစ်ဝိုက်၌ ငါးဖမ်းရသည်မှာ နှစ်သက်ဖွယ်၊ စိတ်ဝင်စား ဖွယ် ရှိပုံကို ရေးသားခဲ့သည်။ ထိုဒေသတွင် ကျက်စားသော မာလင်ငါးကြီး များ အကြောင်းလည်း ပါသည်။ ဆောင်းပါးတစ်နေရာတွင် ငါးဖမ်းရင်း ကြားသိခဲ့ရဖူးသော ဇာတ်လမ်းတစ်ခု အကြောင်းကို ဖော်ပြသော စာတစ်ပိုဒ် ပါဝင်လေသည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"တစ်ကြိမ်သောအခါက အဘိုးအိုတစ်ဦးသည် တံငါလှေလေး တစ်စင်းဖြင့် ပင်လယ်ထဲသို့ တစ်ကိုယ်တည်း ငါးဖမ်းထွက်ခဲ့ဖူး သည်။ မာလင်ငါးကြီးတစ်ကောင်ကို ငါးမျှားတွင် ချိတ်မိ၍ ပင်လယ် နက်ထဲသို့ ပါသွားသည်။ ထိုအချိန်မှ နှစ်ရက်ကြာပြီးနောက် အခြား တံငါတို့သည် အဘိုးအိုအား ကမ်းခြေအရှေ့ဘက် မိုင်ခြောက်ဆယ် ဆေးသောနေရာတွင် သွားတွေ့၍ ပြန်လည် ကူညီခေါ်ဆောင် လာကြ ရသည်။ သူ့ကို တွေ့သောအချိန်၌ ငါးကြီး၏ ခေါင်းပိုင်းနှင့် ရင်ပိုင်း အချို့သာ ကျန်တော့သည်။ သူသည် ငါးကြီးကို လှေနှင့်တွဲ၍ ချည် လာခြင်း ဖြစ်သည်။ ကြွင်းကျန်သော ငါးကြီး၏ အသားများမှာ ပေါင်ချိန်ရှစ်ရာ ထွက်သည်။ အဘိုးအိုကြီးသည် ငါးကြီးနှင့်အတူ တစ်နေ့နှင့်တစ်ညပြီးတော့ နောက်ထပ် တစ်နေ့နှင့်တစ်ညမျှ အတူ နေရင်း ငါးကြီးဆွဲရာသို့ ပါသွားခဲ့၏။ ငါးကြီး ပေါ်လာသောအခါ လှေနားသို့ဆွဲ၍ မှိန်းနှင့်ထိုးပြီး သတ်ခဲ့ခြင်း ဖြစ်သည်။ ငါးသေ ကောင်ကြီးကို လှေနှင့်တွဲ၍ ချည်လာသောအခါ ငမန်းများနှင့် တွေ့၍ အဘိုးအိုသည် ငမန်းများကို ရိုရာ လက်နက်ဖြင့် တစ်ကိုယ် တည်း ထိုးခုတ်၊ ရိုက်ပုတ်၍ တိုက်ခိုက်လာခဲ့သည်။ တံငါများက သူ့ကို တွေ့သောအချိန်၌ အဘိုးအိုသည် လှေပေါ်တွင် ငိုကြွေး လျက် ရှိပြီး၊ ငမန်းများမှာလည်း လှေအနီးတွင် ရစ်ဝဲလျက် တွေ့ရ သည်" ဟု ရေးသားထားသည်။

ထိုဆောင်းပါးထဲတွင် သာမန်မျှသာ တင်ပြခဲ့သော အဖြစ်အပျက် ဇာတ်လမ်းကလေးသည် စာရေးဆရာ၏ စိတ်ထဲတွင် ၁၅ နှစ်မျှ ကိန်းအောင်း နေခဲ့သည်။ ထိုအဖြစ်အပျက် ဇာတ်လမ်း၏ လျှို့ဝှက်ဆန်းကြယ်မှု သဘော ကို သဲကွဲစွာ အဖြေ ထုတ်ယူမိပြီးသည့်နောက်တွင် "ပင်လယ်ပြာနှင့် တံငါအို" ဇာတ်လမ်းသည် အသက်ဝင်လာ ခဲ့ရလေသည်။

အားနက်စ်ဟဲမင်းဝေးသည် ထိုအဖြစ်အပျက်၌ ပါဝင်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုနှင့် သဘာဝလောကကြီးတို့၏ ဆက်သွယ်ပုံသနစ်ကို မြင်ရုံသာမက မိမိကိုယ်ကိုလည်း သဘာဝတရားကြီးနှင့် ယှဉ်၍ သုံးသပ်မိခဲ့ပုံ ရလေသည်။

ထိုအချိန်၌ ထုတ်ဝေသူတစ်ဦးသည် သူရှိရာ ကျူးဘားကျွန်းသို့ ရောက်သွား၏။ ထိုသူမှာ လီလင်ဟေးဝပ်ဆိုသူ ဖြစ်သည်။ 'ဘာများ ရေးသားနေပါသလဲ' ဟု မေးသောအခါ အပိုင်းလေးပိုင်းပါသော စာအုပ်ကြီး တစ်အုပ်ကို ရေးသားနေကြောင်း၊ ပထမနှစ်ပိုင်းကို ရေးသားပြီးစီး၍ မကျေနပ် သေးသဖြင့် ပြန်ကိုင်နေကြောင်း၊ နိဂုံးပိုင်းကိုမူ ရေးသားပြီး၍ ကျေနပ် နှစ်သက်မိကြောင်း ပြောဆိုပြီး ဖတ်လိုလျှင် ဖတ်ပါဟု ဟေးဝပ်အား ထိုအပိုင်း ထုတ်ပေးသည်။ ဟေးဝပ်သည် ထိုနိဂုံးပိုင်းကို ဖတ်ပြီးသောအခါ မျက်ရည် များ တွေတွေကျလာလျက် စာရေးဆရာကြီး ရေးသမျှတွင် အကြိုက်ဆုံး ဖြစ်ကြောင်း ပြောကြားသည်။

ဟေးဝပ်က ထိုအပိုင်းကို ထုတ်ဝေဖို့ ကောင်းပြီဟု ပြောသည်။ ဟဲမင်းဝေးက တစ်ပိုင်းတစ်စမျှဖြစ်၍ ထုတ်ဝေဖို့ မသင့်ဟု ပြောသည်။ ဟေးဝပ်က လိုက်ဖ်မဂ္ဂဇင်းတွင် တစ်ကြိမ်တည်းနှင့် အပြီးထည့်ပေးရန် စီစဉ် ပါမည်ဟု ပြော၍ စာမူကို မရ အရ ယူခဲ့သည်။

လိုက်ဖ်မဂ္ဂဇင်းက တစ်ကြိမ်တည်းတွင် ဖော်ပြရန် သဘောတူလျက် စာမူခ ဒေါ်လာ ၆၅,၀၀၀ ပေး၍ ၁၉၅၂ ခုနှစ် စက်တင်ဘာလထုတ် မဂ္ဂဇင်း တွင် အပြည့်အစုံ ဖော်ပြခဲ့သည်။

ထိုဝတ္ထုအတွက် လုံးချင်းစာအုပ်နှင့် ရုပ်ရှင် ရိုက်ကူးခွင့်များကို ဆက်လက် ရောင်းချရပြန်သောကြောင့် နောက်ထပ် ငွေပေါင်း သောင်းနှင့် ချီ၍ ရခဲ့ပေသည်။

ဤဝတ္ထု ထွက်လာသောအခါ ဟဲမင်းဝေး၏ လက်ရာကို ကြိုက်သူ ရော၊ မကြိုက်သူပါ ရှိကြသည်။ တစ်ဖက်နှင့်တစ်ဖက် ဝေဖန် ငြင်းခုံကြသည်။ အချို့က အလွန့်အလွန် ကောင်းသည်ဟု ပြောသလို၊ အချို့က သုံးမရအောင် ညံ့သည်ဟု ပြောကြသည်။ အချို့က ဟဲမင်းဝေး ငယ်မူပြန်လာပြီဟု



www.burmeseclassic.com

www.burmeseclassic.com



မပြှာသည်။ အချို့က ဟဲမင်းဝေးသည် စာပေလောကတွင် ခေတ်ကုန်ပြီဟု ဆိုကြသည်။

မည်သူက မည်သို့ပင်ဆိုစေ၊ ဟဲမင်းဝေးကမူကား သူ့ဝသီအတိုင်း ပြည့်သည့် ဝေဖန်ချက်ကိုမှ အလေးမမူဘဲ ရှိချေသည်။

နောင်အခါ၌ တိုင်းမဂ္ဂဇင်းမှ သတင်းထောက်တစ်ဦးနှင့် ထိုဝတ္ထု အကြောင်း စကားစပ်မိ၍ ဆွေးနွေးသောအခါ ဟဲမင်းဝေးက ဤသို့ပြော၏။

'ကျုပ်ကတော့ (ဒီဝတ္ထုထဲမှာ) တကယ့်အဘိုးအို၊ တကယ့်လူငယ် ကလေး၊ တကယ့်ပင်လယ်နဲ့ တကယ့်ငါး၊ တကယ့်ငါးမန်းတွေဖြစ်အောင် ကြိုးစား ရေးထားတာပဲ။ တကယ်လို့ ကျုပ်ရေးပုံဟာ ပီပီပြင်ပြင် ဖြစ်တယ် ဆိုရင် အဲဒီဇာတ်ကောင်၊ အဲဒီဖြစ်ရပ်တွေဟာ အဓိပ္ပာယ်အမျိုးမျိုး ထွက်နိုင် တာပေါ့။ အခက်ခဲဆုံးကတော့ တကယ်ပီသအောင်၊ တစ်ခါတစ်ရံ အဖြစ်မှန် ထက်ပိုပြီး ပီသအောင် လုပ်နိုင်ဖို့ပါပဲ' ဟု ဆိုသည်။

ဤဝတ္ထုထဲတွင် သရုပ်သကန် တင်စား၍ ဆိုလိုရိပ် ရှိ မရှိကို မေးမြန်း သောအခါ–

'စာအုပ်ကောင်းဆိုတာမှာ သရုပ်သကန် တင်စားချက်တွေ အသေ ထားပြီး ကြိုတင်ရေးသားကြရိုး ရှိတာ မဟုတ်ပါဘူး' ဟု ဖြေခဲ့လေသည်။

ထိုစကား မှန်လှောက်ပေသည်။

ဤဝတ္ထုကို အဓိပ္ပာယ်ဖော်၍ ဖွင့်ဆိုဝေဖန်ကြရာ၌ ပင်လယ်ပြင်သည် လူ့ဘဝ၊ ငါးကြီးသည် သဘာဝ အင်အားစုကြီးတစ်ရပ်၊ အဘိုးအိုသည် မနုဿဘာဝ ဟူ၍လည်းကောင်း၊

အဘိုးအိုသည် လူသား၊ ငါးကြီးသည် လူတို့ နေ့တိုင်း လိုအင် ဆန္ဒ ရှိနေရသော ပစ္စည်းများ ဟူ၍လည်းကောင်း၊

အဘိုးအိုသည် လူ့သဘာဝ၊ ငါးကြီးသည် လူ့ဆန္ဒ၏ သရုပ်၊ ဆုံးရှုံးခြင်းသည် သေခြင်းတရားကဲ့သို့ မလွှဲမရှောင်သာသော နိယာမ သဘော၊ အဘိုးအို၏ ဖွဲ့လုံ့လသည် လူတိုင်းထားအပ်သော စိတ်ထား ဟူ၍ လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် ဇရာ၏သရုပ်၊ သူငယ်ကလေးသည် ယုဝ၏သရုပ်၊ ခြသေ့်များသည် ယုဝ၏သရုပ်၊ ငါးကြီးသည် လူ့ဆန္ဒ၏သရုပ်၊ ငါးမန်းများသည် ဘဝ အဖျက်အဆီး အဟန့်အတားများ၏သရုပ် ဟူ၍လည်းကောင်း၊

ဘဝတိုက်ပွဲ၌ နိုင်သည် ရှုံးသည် ဟူသည်မှာ ပဓာနမဟုတ်၊ အဘိုးအို ဆန်တီယာဂိုကဲ့သို့ မဆုတ်မနစ်သော လုံ့လဖြင့် တိုက်ပွဲကို ရဲရဲဝံ့ဝံ့၊ ဂုဏ်ရှိရှိဖြင့် ရင်ဆိုင် အားထုတ်ခြင်းသာ ပဓာနဖြစ်သည် ဟုလည်းကောင်း၊

တွေးကြံ၍ ဖွင့်ဆိုကြသည်။ ဤသို့ တွေးကြံတိုင်း၊ ဖွင့်ဆိုတိုင်းသည် မှန်နိုင်သည်ချည်း ဖြစ်သည်ဟု ဆိုသင့်ပါသည်။ ရသစာပေဟူသည်မှာ ဘဝ အမြင်၊ ဘဝသရုပ်တို့ကို ဖော်ထုတ်နိုင်၍ ဖတ်ရှုရသူ၏ ဓမ္မာရုံဝယ် ထင်မြင်လာသမျှ အနက်ဖော်၍ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတို့ကို ဖြစ်စေပြီး ဘဝ အမြင်၊ အသိကို ပေးစွမ်းရမည့်ပစ္စည်း မဟုတ်ပါလော။

ဤဝတ္ထုထဲတွင် ဇာတ်ကောင်ဟူ၍ အဘိုးအိုနှင့် သူငယ်ကလေးသာ ပါသော်လည်း စကားပြောများ အများအပြား ပါသည်။ ထိုစကားပြောခန်းများမှာ (မိုနိုလော့)ခေါ် တစ်ကိုယ်ချင်း ရေရွတ်မှု၊ တမ်းတမှု၊ ညည်းတွားမှု၊ ကြုံးဝါးမှုနှင့် တွေးတောမှုများကို သရုပ်ဖော်ထားခြင်း ဖြစ်လေသည်။ ယင်းတို့ကို ဖတ်ရှုရသဖြင့် လူတစ်ဦး၏ အထီးကျန်ဘဝ၊ စိတ်သွားတိုင်း ကိုယ်မပါသော ဘဝ၊ ငယ်ရွယ်နုပျိုစဉ်ကို ပြန်လည် တမ်းတတတ်သောစိတ်၊ ဇရာထောင်းသော်လည်း မာန်မလျှော့သောစိတ်၊ မိမိ၏ ကိုယ်နှုတ် အမူအရာကို ကောင်း မကောင်း၊ သင့် မသင့် ပြန်လည် ဆန်းစစ်တတ်သော သဘော၊ ရန်သူကိုပင် စာနာတတ်သော သဘော၊ ကြုံသမျှကို နှစ်သိမ့်နိုင်သော သဘော၊ အဖြစ်ကို ဦးတည်နိုင်သော သဘာဝနှင့် လေ့ခွက်ချည်းကျန်စေ အလံမလှဲစတမ်း ဟူသော သဘောတို့သည် စာဖတ်သူ၏ စိတ်၌ ပေါ်လွင် ခံစားလာရလိမ့်မည်ဟု မျှော်လင့်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း [ ၂ ]

# ပင်လယ်ပြာနှင့် တံငါအို

www.burmeseclassic.com

www.burmeseclassic.com

ၥ္သည် လှေငယ်တစ်စင်းဖြင့် ပင်လယ်ကွေ့ ရေစီးကြောင်းထဲတွင် တစ်ကိုယ်တည်း ငါးဖမ်းလေ့ရှိသော တံငါအိုတစ်ဦး ဖြစ်၏။ ရက်ပေါင်း ၈၄ ရက်မျှ ငါးဖမ်း ထွက်ခဲ့ပြီးသည့်နောက် ယခုတိုင် ငါးတစ်ကောင်မျှ မရသေးချေ။ ပထမအရက် ၄၀ တွင် သူငယ်ကလေးတစ်ယောက်သည် သူနှင့်အတူ ပင်လယ်ပြင်သို့ ပါလာလေ့ ရှိ၏။ သို့ရာတွင် ရက်ပေါင်း ၄၀ တိတိ ငါးတစ်ကောင်မျှ မရခဲ့သောအခါ တံငါအို အဘိုးကြီးသည် ကံဆိုးမိုးမှောင်ကျနေပြီဖြစ်ကြောင်း သူငယ်ကလေး၏ မိဘများက ပြောကြားလျက် သူငယ်ကလေးအား အခြားလှေတစ်စင်းနှင့် လိုက်စေလေသည်။ ယင်းလှေသစ်မှာ ပထမ တစ်ပတ်အတွင်း အတော်ဆူဖြိုးသော ငါးသုံးကောင်ကို ဖမ်းမိခဲ့သည်။ သူငယ်ကလေးကား နေ့စဉ်နေ့စဉ် လှေခွက်ချည်းဟောင်းလောင်းဖြင့် ပြန်လာ



ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသော အဘိုးအိုကို ကြည့်ရင်း စိတ်မသက်မသာ ဖြစ်မိ၏။ အဘိုးအို ပြန်လာချိန်များ၌ သူသည် ကမ်းစပ်သို့ဆင်း၍ ကြိုးခွေများ၊ သံချိတ်နှင့် ငါးထိုးမှိန်းများကို ကူ၍ သယ်ပေးလေ့ရှိ၏။ ရွက်တိုင်တွင် ပတ်ချည်ထားသော ရွက်ထည်ကို သိမ်းဆည်းပေးလေ့ရှိ၏။ အဘိုးအို၏ တံငါလှေငယ်မှ ရွက်ဖျင်မှာ ဂျုံအိတ်စများနှင့် ဖာထေးထားရသောကြောင့် ရွက်ဖွင့်လိုက်သောအခါ ထာဝရ အရှုံးပေးခြင်း၏ သရုပ်ကို ဖော်ပြနေသော အလံနှင့်ပင် တူသေးတော့သည်။

အဘိုးအိုသည် ပိန်ပါးကြုံလှီလှ၏။ လည်ပင်းတွင် အရေပြားများ တွန့်လိမ်၍ အရေးအကြောင်းများပေါ်လျက် ရှိ၏။ ပင်လယ်ထဲတွင် နေပူစပ်ခါး သွားလာခဲ့ရသောကြောင့် ပါးပြင်ပေါ်တွင် အညိုရောင် ထူပျစ်ပျစ် အရေပြားကင်ဆာကွက်များ အကွက်လိုက် ထ လျက်ရှိ၏။ ထိုအကွက်များသည် မျက်နှာအောက်ဘက်တိုင်အောင် ပျံ့နှံ့သွား၏။ သူ့လက်များမှာ ငါးအမျိုးမျိုး တို့ကို မျှားကြိုးငင်၍ ကိုင်တွယ် ဖမ်းဆီးခဲ့ရသောကြောင့် ကြမ်းထော် စုတ်ပြတ်လျက် ရှိ၏။ သို့သော် လက်တွင် ထိုဒဏ်ရာများသည် အသစ်စက်စက် မဟုတ်ချေ။ ငါးဟူ၍ မရှိသော သဲကန္တာရထဲ၌ အနှစ်နှစ်အလလက လေတိုက်စားထားသည့် သဲခုံများ အသွင်မျိုး ဖြစ်လေသည်။

အဘိုးအိုနှင့် ပတ်သက်သမျှ အကြောင်းတို့မှာ အားလုံးပင် ဟောင်းအို၍ ဇရာသဘောကို ဆောင်နေကြ၏။ တစ်ခုသာ ကျန်သည်ကား ပင်လယ်ရေပြင်ကဲ့သို့ သူ၏ ပြာလဲ့လဲ့ မျက်လုံးများပင် ဖြစ်သည်။ ထိုမျက်လုံးများသည် အနိုင်မခံ အရှုံးမပေးခြင်း၊ ရှင်လန်းတက်ကြွခြင်းတို့ကို ဖော်ပြလျက်ရှိ၏။

'ဒီမှာ အဘဆန်တီယာဂို၊ ကျွန်တော် အဘလှေနဲ့ ပြန်လိုက်နိုင်တော့မယ်။ ဟိုရက်က ပိုက်ဆံ အတော်ရလိုက်ပြီလေ' ဟု သူငယ်ကလေးသည် တံငါလှေဆိပ်မှ ကမ်းစပ်ပေါ်သို့ တက်လာရင်း အဘိုးအိုအား ပြောကြားလိုက်သည်။

www.burmeseclassic.com



အဘိုးအို ပြန်လာချိန်များ၌ သူငယ်ကလေးသည် ကြိုးခွေများ၊ သံချိတ်နှင့် ငါးထိုးမှိန်းများကို ကူ၍ သယ်ပေးလေ့ ရှိ၏။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် သူငယ်ကလေးအား တံငါလုပ်ငန်းကို သင်ကြားပေးခဲ့သူဖြစ်၍ သူငယ်ကလေးကလည်း အဘိုးအိုကို ချစ်ကြည်ကိုးစားလျက်ရှိသည်။

'ကွာ၊ မလိုက်ပါနဲ့ကွာ။ မင်းလိုက်တဲ့ လှေတွေဟာ လှေဦးစိုပါတယ်၊ သူတို့နဲ့ မခွဲပါနဲ့'ဟု အဘိုးအိုက ပြန်ပြောလိုက်သည်။

'ဒါပေမဲ့ အဘာရယ်၊ အဘာ တစ်ခါတုန်းက ၈၇ ရက်လုံးလုံး ပင်လယ်ကို ထွက်ထွက်သွားလိုက်တာ ငါးလည်း တစ်ကောင်မှ မရခဲ့ဘူး။ ရမယ့်ရတော့ အဘနဲ့ကျွန်တော် တနင်္ဂနွေ သုံးပတ်လုံးလုံး ငါးကြီးတွေ ရက်ဆက်ဖမ်းမိခဲ့တာ မှတ်မိတယ် မဟုတ်လား'

'အေးကွ၊ မှတ်မိပါတယ်'ဟု အဘိုးအိုက ပြောလိုက်၏။ 'မင်းလည်းငါ့ကို သံသယရှိလို့ စွန့်ပစ်သွားတာ မဟုတ်ဘူးဆိုတာ အဘ သိပါတယ်'

'အဖေက ကျွန်တော့်ကို လှေပြောင်း လိုက်ခိုင်းလို့ပါ။ ကျွန်တော်ကကလေးဆိုတော့ သူ့စကားကို နားထောင်ရမှာပေါ့'

'အေးလေ၊ ဟုတ်ပါတယ်။ ဒီလိုပဲ နားထောင်ရမှာပေါ့' ဟူ၍အဘိုးအိုက ပြန်ပြောလိုက်သည်။

'သူကတော့ အယုံအကြည် သိပ်မရှိဘူးဗျာ'

'အေး မယုံရင်လည်း ရှိမှာပေါ့လေ။ ဒါပေမဲ့ တို့ကတော့ ကိုယ့်ကိုယ်ကိုယ် ယုံသားပဲ မဟုတ်လားကွာ'

'ဟုတ်တာပေါ့ အဘ'ဟု သူငယ်ကလေးက ပြန်ပြောသည်။ 'ကျွန်တော့်တို့ ဘီယာဆိုင် သွားရအောင်၊ အဘကို ကျွန်တော် ဘီယာတိုက်မယ်။ ပြီးမှ ဒီပစ္စည်းတွေ အိမ်သယ်သွားကြတာပေါ့'

'ဘိုက်နိုင်ပါတယ်ကွာ၊ တို့တံငါသည် အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ပြုစုရပါတယ်'

သူတို့သည် တားရေ့စ်အမည်ရှိ ဘီယာဆိုင်တွင်သွား၍ ထိုင်ကြသည်။ တံငါသည် အများကပင် အဘိုးကြီးအား မခိုးမခန့် ပြက်ရယ်ပြုကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် အဘိုးကြီးသည် စိတ်မဆိုးပေ။ သူ့ထက် ပို၍အိုသည့် တံငါသည် အချို့ကမူကား သူ့ကို ဝမ်းနည်းစွာ စိုက်ကြည့်နေကြသည်။ သို့သော် ထိုသို့ ဖြစ်ခြင်းကို မသိသာစေဘဲ ပင်လယ်ရေစီးကြောင်းများအကြောင်း၊ ရေနက်ပိုင်းများတွင် ပိုက်တန်းချခဲ့ပုံအကြောင်း၊ ရာသီဥတု မှန်မှန်ကလေး သာယာနေပုံ စသည်တို့ကို စကားလိုးလွှဲ၍ ဖွယ်ဖွယ်ရာရာ ပြောဆိုနေကြလေသည်။ ထိုနေ့အဖို့ ငါးကောင်းကောင်းရမိသော တံငါသည်များမှာ ကမ်းသို့ ဆိုက်ကပ်ကြပြီး ဖြစ်ကြသည်။ သူတို့သည် မာလင်ငါးကြီးသားများကို ခုတ်ပိုင်း၍ ဈေးသို့ပို့ရန် ကုန်းပေါင်ပြားနှစ်ချပ်ခံပြီး သယ်ဆောင်လာကြသည်။ ကုန်း ပေါင်ပြားထိပ်မှ လူနှစ်ယောက်စီ တစ်ဖက်တစ်ချက်သယ်၍ လိုက်လာသည်။ ငါးပွဲရုံမှတစ်ဆင့် ဟာဗားနားမြို့ရှိ ဈေးသို့ ပို့ပေးရမည့် ရေခဲတင်ကားကြီးများကို အသင့်စောင့်နေကြသည်။ ငါးမန်းများကို ရလာသော တံငါတို့မှာ ထိုငါးမန်းများကို တစ်ဖက်ပင်လယ်ကွေ့ရှိ ငါးမန်းဆီချက်သော ဌာနသို့ သယ်ဆောင်သွားကြ၏။ ထိုနေရာ၌ ငါးမန်းများကို ဓောက်ထိုးဆွဲ၍ ငါးမန်းတောင်များကို ဖြတ်၍ လည်းကောင်း၊ သည်းခြေများကို ထုတ်၍ လည်းကောင်း၊ အရေခွံကို ခွာ၍ လည်းကောင်း၊ အသားများကို ဆားနယ်ရန် လည်းကောင်း ခွဲခြား၍ ယူကြသည်။

လေသည် အရှေ့ဘက်မှ တိုက်ခတ်လာသောအခါ ငါးမန်းစက်ရုံဆီမှ စူးဝါးသောအနံ့များ ပါလာတတ်သည်။ သို့သော် ယနေ့မူကား မြောက်ဘက်သို့ လေတိုက်နေသဖြင့် ထိုအနံ့မျိုး အနည်းငယ်သာ ရရှိသည်။ ဘီယာဆိုင် တစ်ဝိုက်မှာလည်း နေသာလျက် ရှိသည်။

'ဒီမှာ အဘဆန်တီယာဂို' ဟု သူငယ်ကလေးက ခေါ်လိုက်သည်။

'ဟေ ဘာလဲ' ဟု အဘိုးကြီးက ပြန်ထူးလိုက်သည်။ သူသည် ဘီယာခွက်ကို ကိုင်ရင်း ရှေးဟောင်းနှောင်းဖြစ်များကို စဉ်းစားနေခြင်း ဖြစ်သည်။

'အဘ မနက်ဖြန်ခါ ငါးဖမ်းဖို့အတွက် ဆာဒင်ငါးလေးတွေ ကျွန်တော် သွားယူလိုက်မယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'ဟော့အေး၊ မယူပါနဲ့ကွာ။ မင်း ဘောလုံးသာ သွားကစားပါ။ ငါ လှေလှော်နိုင်ပါသေးတယ်။ ရိုဂယ်လီယိုကို ကွန်ပစ်ခိုင်းမယ်'

'ကျွန်တော်လည်း လိုက်ချင်တယ် အဘရယ်၊ အဘနဲ့ အတူတူ ငါးဖမ်း မထွက်ရရင်တောင် အဘကို တစ်နည်းနည်းနဲ့တော့ လုပ်ကိုင်ပေး ချင်ပါတယ်'

'မင်း ငါ့ကို ဘီယာဝယ်တိုက်ပြီးပြီပဲကွ။ မင်းဟာ လူလားမြောက်တဲ့ လူတစ်ယောက် ဖြစ်နေပါပြီ' ဟု အဘိုးအိုက ပြောလိုက်သည်။

'ဒါနဲ့ အဘ ကျွန်တော့်ကို လှေနဲ့ ပထမဆုံး ခေါ်သွားတုန်းက ကျွန်တော့်အသက် ဘယ်လောက်ရှိပြီလဲ ဟင်'

'ငါးနှစ် ရှိပြီကွ။ ငါ ဖမ်းလို့ရတဲ့ ငါးကြီးတွေကို လတ်လတ် ဆတ်ဆတ် လှေပေါ် ဆွဲတင်လိုက်တော့ ငါးကြီး အမြီးခတ်လိုက်တာ မင်းတောင် ကံကောင်းလို့ မသေတယ်၊ လှေဝမ်းလည်း ကံကောင်းလို့ မကွဲ တယ်။ အဲဒါကို မင်း မှတ်မိသေးလား'

'အင်း… ကျွန်တော် မှတ်မိတာကတော့ ငါးကြီး ငါးဖယ်လူး လူးပြီး လှေထဲမှာ ဝရုန်းသုန်းကား ဖြစ်နေတာရယ်၊ ငါးကြီးကို အဘက ထုရိုက်နေတဲ့ အသံရယ်ပဲ။ အဘက ကျွန်တော့်ကို လှေဦးက ကြိုးပုံဘက်ကို ပစ်တင်ပေး လိုက်တာ မှတ်မိသေးတယ်။ အဲဒီအချိန်မှာ အဘဟာ သစ်ပင်ကြီးကို ခုတ်လှဲ ပြီး အပိုင်းပိုင်း ဖြတ်နေသလို ငါးကြီးကို လုပ်နေတာများ ငါးစိမ်းငါးစို့နံ့တွေ ခုထက်ထိ ကျွန်တော် ရနေသေးတယ်။ သွေးတွေလည်း ကိုယ်မှာ ပေလို့ဗျာ'

'အဲဒါတွေကို မင်း တကယ် မှတ်မိတာလား၊ ဒါမှမဟုတ် ငါ မင်းကို ပြန်ပြောပြထားတာတွေ များလားကွာ'

'ကျွန်တော်တို့ ပထမဆုံး အတူတူ ငါးဖမ်းထွက်တဲ့ နေ့ကစပြီး ဖြစ်ပျက်ခဲ့ဖူးတာတွေကို အကုန် မှတ်မိပါတယ် အဘရ'

အဘိုးကြီးက သူငယ်ကလေးအား နေလောင်ထားသော မျက်လုံးဖြင့် ချစ်ခင်တွယ်တာစွာ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းသာ ငါ့သား ဖြစ်ရင်ကွာ၊ ငါ ပင်လယ်ထဲကို နေ့တိုင်း ခေါ်သွားမယ်။ မင်းကံနဲ့ငါ့ကံ ဖြစ်လိုရာဖြစ်ဆိုပြီး လွှဲထားချင်ပါတယ်။ မင်းက မင်းအဖေ၊ မင်းအမေတို့ရဲ့ သားကိုး။ ပြီးတော့ မင်းက လှေဦးစီးတဲ့လှေနဲ့ လိုက်နေရတာပဲကွာ'

• 'ဒါနဲ့ ကျွန်တော် ဆာဒင်းငါးလေးတွေ သွားယူလိုက်ရမလား အဘ။ ငါးမျှား လေးချိတ်စာလောက် ဘယ်မှာရမယ်ဆိုတာလည်း ကျွန်တော် သိပါတယ်'

'ငါ့မှာလည်း ဒီနေ့ကျန်တာတွေ ရှိပါသေးတယ်ကွာ။ ငါ့ငါးကလေးတွေကို ဆားသိပ်ထားခဲ့ပါတယ်'

'နောက်ထပ် လေးခုစာတော့ ကျွန်တော် ရှာပေးပါရစေဗျာ'

'တစ်ခုစာဆို တော်ပါပြီကွာ' ဟု အဘိုးအိုက ပြောလိုက်၏။ အဘိုးအိုတွင် ယုံကြည်ချက်၊ မျှော်လင့်ချက်တို့သည် ဘယ်အခါမှ ကုန်ခန်းသည် မရှိပေ။ ပင်လယ်လေညင်းများ ထန်လာသောအခါ၌ ထိုမျှော်လင့်ချက်တို့သည် လန်းဆန်း သစ်လွင်၍ပင် လာရသည်။

'နှစ်ခုစာဆိုရင်ကောဗျာ' သူငယ်ကလေးက ပြောသည်။

'အေးလေ၊ နှစ်ခုစာဆိုလည်း ယူခဲ့ပေါ့' ဟု အဘိုးကြီးက သဘောတူလိုက်သည်။ 'ဒါပေမဲ့ မင်း ခိုးဝှက်တော့ လာမှာ မဟုတ်ပါဘူးနော်'

'အဲဒီလို လုပ်ရင်လည်း ရပါတယ်။ ဒါပေမဲ့ ကျွန်တော် ဝယ်လာမှာပါ အဘရဲ့'

'ကျေးဇူးပါပဲကွာ' ဟု အဘိုးအိုက ပြောလိုက်သည်။ သူသည် စိတ်ငယ်စရာ ကြုံသောအခါ၌လည်း မည်သို့မျှ လှုပ်ရှားခြင်း မဖြစ်တတ်အောင် ကျင့်သားရခဲ့ပြီး ဖြစ်သည်။ စိတ်ငယ်စရာ၊ နှိမ့်ချစရာ ကြုံရရုံဖြင့် ဂုဏ်ယေယ်နိုင်၊ တကယ့်ဂုဏ်သိက္ခာကို မဆုံးရှုံးနိုင်ဟု သူ သဘောပိုက်ထားသည်။

'ဒီရေအတိုင်းသာ ဆိုရင်တော့ မနက်ဖြန်ခါ နေ့ကောင်းတစ်နေ့ ဖြစ်မှာပဲကွ' ဟု သူက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'မနက်ဖြန် ဘယ်သွားမှာလဲ' ဟု သူငယ်ကလေးက ပြောသည်။

'ခပ်ဝေးဝေး သွားချင်တယ်ကွာ၊ လေကြောင်း အပြောင်းအလဲ ရှိတဲ့အခါ ရှိသလိုပေါ့။ အရဏ်မကျင်းခင် ပင်လယ်ကို ထွက်ချင်တယ်'

'ကျွန်တော်တို့ လှေကိုလည်း ဝေးဝေးထွက်ဖို့ ကြိုးစားကြည့်မယ် အဘ' ဟု သူငယ်က ပြောသည်။ 'ဒါမှ အဘ ငါးကြီးကြီးနဲ့ ချိတ်မိရင် ကျွန်တော်တို့လည်း ဝင်ကူနိုင်တာပေါ့'

'မင်းလူက ငါ့လောက်ဝေးဝေး မထွက်ချင်ပါဘူးကွာ'

'ဟုတ်တယ်အဘ၊ ဒါပေမဲ့ ကျွန်တော် မြင်သလို ငှက်တွေ ပျံနေတာကို သူက မမြင်ပါဘူး။ ဒီတော့ လင်းပိုင်တွေ နောက်ကို လိုက်ဖို့ သူ့ကို ပြောမယ်' ဟု သူငယ်က ပြောသည်။

'သူ့မျက်လုံးတွေ ဒါလောက်ပဲ မွဲမလားကွာ'

'သူဟာ မွဲဆို အကန်းနီးနီးပါပဲ အဘရ'

'အင်း... ဒါတော့ အဆန်းသားဟေ့၊ သူလည်း ဘယ်တော့မှ လိပ်ဖမ်း မထွက်ဘဲနဲ့။ လိပ်ဖမ်းမှ မျက်စိမွဲတတ်တာကွယ့်'

'အဘကတော့ မော့စကွိတိုကမ်းခြေမှာ နှစ်နဲ့ချီပြီး လိပ်ဖမ်းထွက်ခဲ့သေးတာတောင် မျက်လုံးတွေ အကောင်းသားပါပဲလား'

'အဘက ခပ်ဆန်းဆန်း အဘိုးကြီးကိုကွ'

'ဒါဖြင့် အဘရယ်၊ အခုနေ ရောမ ငါးကြီးမျိုးတစ်ကောင်လောက်များ တွေ့ရင် အဘ နိုင်ပါဦးမလား'

'နိုင်ဦးမယ် ထင်တာပဲကွာ။ ပြီးတော့ ငါးဖမ်းတဲ့ ပရိယာယ်ဆိုတာကလည်း အများသားကွ'

'ကဲ၊ ပစ္စည်းတွေယူပြီး ကျွန်တော်တို့ သွားကြစို့လား အဘ။ ဒါမှ ကျွန်တော်လည်း ပိုက်ကွန်ယူပြီး ဆာဒင်းငါးတွေ ထွက်ဖမ်းနိုင်မှာ'

သူတို့သည် လှေပေါ်မှ ပစ္စည်းများကို ကောက်ကိုင်လိုက်ကြသည်။ အဘိုးအိုက ရွက်တိုင်ကို ထမ်းယူပြီး၊ လူငယ်ကလေးက သစ်သားပုံးကလေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် လွှန်းတင်၍ မာအောင်ကျစ်ထားသော ကြိုးခွေများ၊ သံချိတ်နှင့် မှိန်းတံတို့ကို သယ်ယူသည်။ ငါးမျှားချိတ်ပါသော သေတ္တာကလေးကို လှေ၏ပဲ့ပိုင်းချောင်တွင် လက်ရိုက်တင်းပုတ်နှင့်အတူ ထားခဲ့သည်။ တင်းပုတ်မှာ မိလာသော ငါးကြီးများကို လှေဝမ်းအနီးသို့ဆွဲ၍ ရောက်လာသောအခါတွင် ထုနှက်ရန် ဖြစ်သည်။ အဘိုးအို၏ ပစ္စည်းကို မည်သူမျှ ခိုးယူလိမ့်မည် မဟုတ်သော်လည်း လှေရွက်နှင့် ငါးမျှားကြိုးခွေများမှာ နှင်းခါးရိုက်လျှင် ဆွေးနိုင်သဖြင့် သိမ်းယူလာခြင်းက ပို၍ကောင်းသည်။ အရပ်ထဲရှိ လူများမှာ သူ့ပစ္စည်းကို ယူမည့်သူများ မဟုတ်ကြောင်း အတပ်သိသည်။ သို့သော်လည်း မှိန်းနှင့်မှိန်းတံများကို ထားခဲ့ပါက လက်ဆော့ချင်အောင် လုပ်ရာကျမည် ဖြစ်သဖြင့် လှေထဲ၌ မထားခဲ့ပေ။

နှစ်ဦးသား အဘိုးအို၏ တဲကုပ်ကလေးဆီသို့ လမ်းအတိုင်း ထွက်လာခဲ့ပြီး ဟင်းလင်းဖွင့်ထားသော တဲပေါက်ဝမှ အတွင်းသို့ ဝင်ခဲ့သည်။ အဘိုးအိုသည် ရွက်လိပ်ထားသော ရွက်တိုင်ကို အခန်းထောင့်တွင်မှီ၍ ချလိုက်သည်။ သူငယ်က သေတ္တာပုံးကလေးနှင့် အခြားပစ္စည်းများကို ရွက်တိုင်ဘေးတွင် ချသည်။ ရွက်တိုင်လိပ်သည် တဲ ခန်းဖွင့်တစ်ခုစာနီးပါး ရှည်၏။ တဲကလေးကို ဂွအာနိုပာ့ခေါ်သော အုန်းပင်စည်များဖြင့် ဆောက်ထားသည်။ တဲထဲတွင် ခုတင်တစ်လုံး၊ စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးနှင့် မြေသားကြမ်းပေါ်တွင် ပြုလုပ်ထားသော မီးသွေးမီးဖိုတစ်လုံး ရှိသည်။ အမျှင်ထူသော အုန်းလက်များယှက်၍ ကာရံထားသည့် တဲနံရံတွင် ဆေးရောင်စုံခြယ်ထားသော ယေရှုခရစ်၏ ပုံတော်တစ်ပုံနှင့် မယ်တော်ကိုဗာ၏ ပုံတစ်ပုံကို ချိတ်ထားသည်။ ဤပစ္စည်းများသည် သွားလေသူ ဇနီးသည်၏ ပစ္စည်းများ ဖြစ်၏။ တစ်ကြိမ်သောအခါက တဲနံရံတွင် ဆေးရောင်သွင်းထားသော ဇနီးသည်၏ ဓာတ်ပုံကို ချိတ်ထားခဲ့သော်လည်း ထိုပုံကို ကြည့်ရသည်မှာ စိတ်ထဲတွင် အထီးကျန်နိုင်လှသဖြင့် ဖြုတ်ချလိုက်ပြီး အခန်းထောင့် စင်ပေါ်မှ တစ်ခုတည်းသော ရှပ်အင်္ကျီလတ်လတ်ကလေး၏ အောက်တွင် ထိုးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အဘမှာ ဘာစားစရာရှိလဲ' ဟု သူငယ်က မေးသည်။

'ဆန်ဝါထမင်းနဲ့ ငါးဟင်းပဲ ရှိတယ်။ မင်း နည်းနည်းစားပါလားကွ'

'ဟင့်အင်း အဘ၊ ကျွန်တော် အိမ်ကျမှ စားတော့မယ်။ ကျွန်တော် မီးမွှေးပေးခဲ့ရမလား'

'မမွှေးပါနဲ့တော့ကွယ်၊ ပြီးမှ အဘ မွှေးပါ့မယ်။ ဒါမှ မဟုတ်လည်း ထမင်းကြမ်းအေးအေးပဲ စားတော့မယ်'

'ကျွန်တော် ပိုက်ကွန်ယူလိုက်ရမလား'

'အေးပေါ့ ...'

ပိုက်ကွန်ဟူ၍ မရှိပေ။ ကွန်ကို သူတို့ရောင်းပစ်လိုက်သည်ကို သူငယ်လေးက ကောင်းစွာ မှတ်မိသည်။ သို့သော် ဤရသေ့စိတ်ဖြေစကားကို သူတို့ နေ့စဉ် ပြောလေ့ရှိသည်။ ဆန်ဝါထမင်းနှင့် ငါးဟင်း ဆိုသည်မှာလည်း တကယ်မရှိကြောင်း သူငယ်ကလေးက သိပြီးသား ဖြစ်သည်။

'ရှစ်ဆယ့်ငါးဆိုတာ လာဘ်ကောင်းတဲ့ ဂဏန်းပဲကွ' ဟု အဘိုးအိုက ပြောသည်။ 'ငါများ ပိဿာရာကျော်စီးတဲ့ ငါးကြီးတစ်ကောင်ကို အမြှင့်သား ဖမ်းမိလာရင် မင်း ဘယ့်နှယ်နေပါ့မလဲ'

'ကျွန်တော် ကွန်ယူပြီး ဆာဒင်းငါးတွေ ဖမ်းချင်တယ်။ တံခါးပေါက်မှာ အဘက နေပူစာလှုံရစ်ပါလားဗျာ'

'အေးကွယ့်၊ ငါ့မှာ မနေ့က သတင်းစာရှိတယ်။ ဘောပွဲသတင်းကို ဖတ်လိုက်ဦးမယ်'

မနေ့က သတင်းစာဆိုသည်မှာလည်း စိတ်ကူးနှင့် ပြောသည်လား၊ တကယ်ရှိသည်လားဟု သူငယ် မသိချေ။ သို့သော် အဘိုးအိုသည် သတင်းစာကို အိပ်ရာအောက်မှ ဆွဲထုတ်လိုက်သည်။

'ဘိုဒီဂါးမှာ ပယ်ရီကိုက ငါ့ကို ပေးလိုက်တာပေါ့' ဟု သူက ရှင်းပြသည်။

'ဆာဒင်းငါးတွေရရင် ကျွန်တော် ပြန်လာမယ်။ အဘ အဖို့ရော၊

www.burmeseclassic.com



ကျွန်တော့်အဖို့ရော ပေါင်းပြီး ရေခဲထဲမှာ ထားခဲ့မယ်။ မနက်ကျတော့ ဝေပြီး ယူကြတာပေါ့။ ကျွန်တော် ပြန်လာရင်တော့ ဘော့စ်ဘောရိုက်ပွဲအကြောင်း ပြောပြနော်'

'ယန်းကီးအသင်းက မရှုံးနိုင်ပါဘူးကွာ'

'ဒါပေမဲ့ ကလီဗီလင်အသင်းကိုလည်း စိတ်မချရဘူး အဘရဲ့'

'ယန်းကီးအသင်းကို စိတ်ချစမ်းပါကွာ။ ဒီမက်ဂီယိုက သိပ်ပြီး အရိုက်ကောင်းတာကိုလည်း ထည့်တွက်ဦးနော်'

'ကျွန်တော်တော့ ဒက်ထရွိုက် ကျားအသင်းနဲ့ ကလီဗီလင်က အင်ဒီးယန်းအသင်းတွေကို ကြောက်တယ်ဗျာ'

'ဒါလောက်လည်း မကြောက်ပါနဲ့ကွာ၊ ဒီလိုတမ်းဆိုရင် ဆင်ဆင့်နာတီ ခြေအိတ်နီနဲ့ ရှီကာဂိုက ခြေအိတ်ဖြူကိုပါ မင်း ကြောက်ရမလို ဖြစ်နေပြီ'

'ကဲ ...အဘ ဖတ်ကြည့်ထားပြီး ကျွန်တော် ပြန်လာတော့မှ ပြောပြပါဦးလေ'

'ရှစ်ဆယ့်ငါးဂဏန်းအဆုံးပါတဲ့ ထီတစ်စောင်လောက်များ ဆုတ်ရင် ကောင်းမလားကွ။ မနက်ဖြန်ဆိုရင် ရှစ်ဆယ့်ငါးရက်မြောက်နေ့ပဲ'

'ဆုတ်ချင်လည်း ဆုတ်ပေါ့ အဘရဲ့'ဟု သူငယ်က ပြောသည်။ 'ဒါပေမဲ့ ရှစ်ဆယ့်ခုနစ်ရက်မြောက်တော့မှ အဘ ငါးကြီးကြီး ရလာဖူးတယ် မဟုတ်လား'

'ဒါမျိုးဟာ တစ်ကျော့ မပြန်တတ်ပါဘူးကွာ။ ရှစ်ဆယ့်ငါးဂဏန်းနဲ့ ထီတစ်စောင်ပဲ မင်း ရအောင် ရှာနိုင်ပါ့မလား'

'ကျွန်တော် မေးဝယ်ရင် ရမှာပေါ့ အဘရဲ့'

'တစ်စောင်ပေါ့ကွာ၊ နှစ်ဒေါ်လာခွဲတော့ ပေးရမယ်။ ဒီလောက်ငွေကို တို့များ ဘယ်သူ့ဆီက ခဏလှည့်နိုင်မလဲ'

'ဒါက လွယ်ပါတယ် အဘရယ်။ နှစ်ဒေါ်လာခွဲလောက်တော့ ကျွန်တော် အချိန်မရွေး ဆွဲလို့ ရပါတယ်'

www.burmeseclassic.com



'အေး… ငါလည်း ဆွဲရင်တော့ ရနိုင်ကောင်းပါရဲ့ကွာ။ ဒါပေမဲ့ မချေးမိအောင် နေရတယ်။ လက်ဦးတော့ ချေးရုံပဲ၊ နောက်တော့ တောင်းရတဲ့ ဘဝ ရောက်ရော'

'နွေးအောင် နေစမ်းပါ အဘအိုရယ်။ စက်တင်ဘာလ ရောက်ပြီ ဆိုတာလည်း သတိထားဦးဗျ' ဟု သူငယ်က ပြောသည်။ 'ဒီလမျိုးမှာ ငါးကြီး တွေ ရတတ်တာပေါ့' ဟု အဘိုးအိုက ပြောသည်။ 'မေလဆိုရင်တော့ ဘယ်သူ ထွက်ဖမ်းဖမ်း ရပါတယ်ကွာ'

'ကဲ ဆာဒင်းကလေးတွေ ကျွန်တော် သွားဖမ်းချည်ဦးမယ်' ဟု သူငယ်က ပြောသည်။

သူငယ်ကလေး ပြန်ရောက်လာသောအခါ အဘိုးအိုသည် ကုလားထိုင်ပေါ်တွင် အိပ်ပျော်လျက် ရှိသည်။ နေစုံးစုံး ဝင်သွားလေပြီ။ သူငယ်သည် အိပ်ရာပေါ်မှ စစ်သုံးစောင်ကြီးကိုယူ၍ ကုလားထိုင်နောက်မှီကို ပတ်လွှားပြီး အဘိုးအို၏ ပခုံးပေါ်သို့ လွှမ်းခြုံပေးလိုက်သည်။ အဘိုးအိုသည် အိုမင်းလှပြီ ဖြစ်သော်လည်း ပခုံးကြီးများမှာ အံ့သြဖွယ်ကောင်းလောက်အောင် သန်မာလျက် ရှိသေး၏။ လည်တိုင်မှာ ကြံ့ခိုင်လျက် ရှိသေးပြီး အိပ်နေစဉ် ဇက်စင်းကျနေသောကြောင့် တွန့်နေသော အရေများကို သိပ်မမြင်ရဘဲ ရှိသည်။ သူ၏ ရှပ်အင်္ကျီမှာ အဖာတစ်ရာ ထေးထားသောကြောင့် အဖာရာကိုလိုက်၍ အမွဲ ရောင်စုံပေါ်လျက် နေ၏။ အဘိုးအို၏ ဦးခေါင်းမှာမူကား ဇရာရုပ်သွင် ပေါ်နေပြီး မျက်စိများ မှိတ်ထားသဖြင့် မျက်နှာပေါ်တွင် အသက်မရှိသလို ဖြစ်နေပုံ ရသည်။ ဒူးပေါ်တွင် ဖြန့်ထားသော သတင်းစာမှာ လက်မောင်းများနှင့် ဖိထားသောကြောင့် ညနေလေညင်းတွင် လွင့်မပါဘဲ ရှိ၏။ အဘိုးအို တွင် ဖိနပ် မပါပေ။

သူငယ်ကလေးသည် သူ့ကိုထား၍ ထွက်သွားပြီး ပြန်ရောက်လာ သောအခါ အဘိုးအိုသည် အိပ်ပျော်နေဆဲ ဖြစ်သည်။

'ထ တော့လေ အဘ…' သူငယ်သည် ပြောပြောဆိုဆိုနှင့် အဘိုးအို ၏ ဒူးတစ်ဖက်ကို လှုပ်၍နှိုး၏။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် မျက်လုံးများကို ဖွင့်ကြည့်လိုက်၏။ အခိုက်အတန့်အားဖြင့် ဝေးလံသော ခရီးရှည်တစ်ခုမှ ပြန်ရောက်လာသကဲ့သို့ ရှိသည်။

ထို့နောက် သူသည် ပြုံးလိုက်၏။

'မင်း ဘာရခဲ့တုံးကွ' ဟု သူက မေးသည်။

'ညစာလေ' ဟု သူငယ်က ပြောသည်။ 'ကျွန်တော်တို့ ညစာစားကြရအောင်'

'အဘတော့ သိပ်မဆာသေးပါဘူးကွယ်'

'အို... လာပါ၊ စားလိုက်ပါ အဘရဲ့။ အစားမစားဘဲနဲ့ ဘယ်မှာ ငါးဖမ်းနိုင်မှာတုံး'

အဘိုးအိုသည် သတင်းစာကို ခေါက်ရင်း ထ လျက် 'ငါ့အဖို့တော့ ဖမ်းနိုင်ပါတယ်ကွယ်' ဟု ပြောလိုက်၏။ ပြီးလျှင် စောင်ကို တစ်လဲခေါက်နေသည်။

'စောင်ကို အဘကိုယ်မှာ ပတ်ထားစမ်းပါ' ဟု သူငယ်က ပြောသည်။ 'ကျွန်တော် ရှိနေသမျှတော့ အဘဟာ အစာမစားဘဲ ငါးဖမ်း မထွက်စေရပါဘူး'

'ဒါဖြင့် ငါ့မြေးကြီး အသက်ရာကျော်နေပြီး ကြီးပွားချမ်းသာပါစေကွယ်။ ဒါနဲ့ တို့ ဘာနဲ့ စားကြမှာလဲ' ဟု အဘိုးအိုက မေးသည်။

'ပဲနဲ့ ထမင်းရယ်၊ ငှက်ပျောကြော်ရယ်။ ပြီးတော့ အသားဟင်း နည်းနည်း ရယ်ပေါ့...'

သူသည် စားစရာများကို နှစ်ဆင့်ချိုင့်ဖြင့်ထည့်၍ ထမင်းဆိုင်မှ ယူလာခဲ့သည်။ သူ့အိတ်ထဲတွင် ဇွန်းခက်ရင်းနှစ်စုံ၊ ဓားနှစ်စုံကို စက္ကူလက်သုတ်ပဝါနှင့် တစ်စုံစီပတ်၍ ယူလာခဲ့သည်။

'ဒါတွေ မင်းကို ဘယ်သူ ပေးလိုက်လဲကွ'

'ဆိုင်ရှင် မာတင်ပေါ့'

'သူ့ကို ကျေးဇူးတင်ကြောင်း ပြောရဦးမယ်ကွ'

www.burmeseclassic.com



'ကျွန်တော် ပြောခဲ့ပါပြီ အဘရဲ့၊ အဘက ထပ်ကျေးဇူးတင်နေဖို့ မလိုတော့ပါဘူး'

'ငါ သူ့ကို ဝမ်းပျဉ်းသားဆူဆူ ပေးရဦးမယ်ကွာ။ သူ့ကျေးဇူးဟာ တို့အပေါ်မှာ တစ်ခါမကတော့ဘူးနော်'

'ကျွန်တော်လည်း ထင်တာပဲ အဘ'

'ဒါဖြင့် ဝမ်းပျဉ်းသားထက် ကောင်းတာတောင် ပေးဖို့သင့်နေတာ ပေါ့ကွာ။ သူ တို့ကို အတော်ဂရုစိုက်တာကွ'

'သူက ဘီယာနှစ်လုံး ပေးလိုက်သေးတယ်'

'ငါတော့ ဘီယာကို သံဘူးနဲ့ အကြိုက်ဆုံးပဲ'

'ဟုတ်တာပေါ့၊ ဒါပေမဲ့ ခုဘီယာကတော့ ပုလင်းနဲ့ပဲ။ "ဟက်တွေ" ဘီယာလေ။ ပြီးမှ ကျွန်တော် ပုလင်း ပြန်ပို့ရမယ်'

'အေး၊ မောင်မင်းကြီးသား ကျေးဇူးပါပဲကွာ' ဟု အဘိုးအိုက ပြောသည်။ 'ဒါဖြင့် တို့များ စားကြတော့မလားဟေ့'

'အဘကို စားဖို့ပြောနေတာပဲ ကြာလှပြီ' ဟု သူငယ်က အေးအေး သက်သာ ပြောသည်။ 'အဘ အဆင်သင့် မဖြစ်သေးလို့ ကျွန်တော်လည်း ချိုင့်မဖွင့်သေးတာ'

'အခုပဲ စားပါတော့မယ်ကွာ။ လက်ကလေး ဘာလေး ဆေးဖို့ရှိတော့ တယ်'

"အဘ ဘယ်မှာ ရေသုံးပါလိမ့်"ဟု သူငယ်က တွေးကြည့်နေမိသည်။ ရွာထဲက ရေဘုံဘိုင်မှာ အောက်ဘက် နှစ်လမ်းကျော် ဝေးသည်။ "သူ့အတွက် ရေခပ်ပြီး ဒီမှာထားပေးဦးမှပဲ။ ဆပ်ပြာနဲ့ မျက်နှာသုတ်ပဝါ ကောင်းကောင်း တစ်ထည်လည်း လိုလိမ့်မယ်။ ငါ့နှယ် မစဉ်းစားမိလိုက်တာ။ ဆောင်းတွင်းမှာ အဘဝတ်ဖို့ ရှပ်အင်္ကျီတစ်ထည်နဲ့ အပေါ်ကုတ်အင်္ကျီလည်း ဝယ်ပေးဦးမှပဲ။ ဖိနပ်တစ်မျိုးမျိုးလည်း ဝယ်ရမယ်။ နောက်ထပ် စောင် တစ်ထည်လည်း ရှာပေးဦးမှ" ဟု စဉ်တိုက် တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'အသားဟင်းကတော့ ပထမတန်းပဲဟေ့' ဟု အဘိုးအိုက ပြောသည်။

'အမျိုးသား ဘောလုံးပြိုင်ပွဲမှာတော့ ငါပြောသလို ယန်းကီးတွေပဲ နိုင်မှာပါကွာ' ဟု အဘိုးအိုက ဝမ်းသာအားရ ပြောသည်။

'ကနေ့ သူတို့ ရှုံးတယ်လေ အဘ'

'ဒါလောက်နဲ့ မမှုလောက်ပါဘူးကွာ။ ဒီမက်ဂိယိုကြီးက အရင် ခြေအတိုင်း ပြန်မှန်လာတယ်နော'

'သူတို့ ထည့်ကစားဖို့ အရန်လူတွေလည်း ရှိသေးတယ် အဘရဲ့'

'ဒါတော့ လုပ်ရိုးလုပ်စဉ်ကိုးကွ၊ ဒါပေမဲ့ သူက အခရာပဲ။ ဘရွတ် ကလင်းနဲ့ ဖီလာဒဲလဖီးယားအသင်း ကစားရင် အဘကတော့ ဘရွတ် ကလင်း ဘက်ကနေ လောင်းမယ်။ ဒါပေမဲ့ ပွဲဟောင်းတွေမှာ အများကြီးသွက် ခဲ့တဲ့ ဒစ်ဆစ်စလာကြီးကို မြင်ယောင်မိသေးတော့တယ်ကွာ'

'ဒီခြေမျိုးတွေ ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ဘူး အဘရဲ့။ ကျွန်တော် တွေ့သမျှတော့ သူ ဘောလုံးရိုက်တာ အပြေးဆုံးပဲ'

'တို့ဆီက ဘီယာဆိုင်မှာ သူလာပြီး သောက်နေတုန်းက မင်းမှတ်မိ သေးလားဟေ့။ ငါတို့နဲ့အတူ ငါးမျှားခေါ်ချင်လိုက်တာ။ ခေါ်ဖို့ မရဲတာနဲ့ ပင်းကို ခေါ်ပါလို့ပြောတော့ မင်းကလည်း မရဲပြန်ဘူးမို့လား'

'ဟုတ်တယ် အဘရေ၊ အဲဒါ ရောမ အမှားကြီးပဲ။ ကျွန်တော်တို့ ခေါ်မိရင် သူ လိုက်ချင်လိုက်လာမှာ။ သူနဲ့သာ သွားခဲ့ဖူးရင် ကျွန်တော်တို့ တစ်သက်လုံး ပြောစမှတ် ကျန်ရစ်မှာပဲ'

'အဘတော့ ဒီမက်ဂိယိုကြီးကိုတော့ ခေါ်ချင်မိသေးတယ်။ သူ့အဖေ လည်း တံငါတစ်ယောက်ပဲလို့ ပြောကြတယ်ကွ။ တို့လောက် ဆင်းရဲချင် လည်း ဆင်းရဲနေမှာပါ။ ဒီတော့ ကိုယ်ချင်းစာနာတတ်မှာပေါ့'

'ဆစ်စလာရဲ့ အဖေကတော့ ဘယ်တုန်းကမှ မဆင်းရဲခဲ့ဘူးတဲ့။ အဲဒီလူကြီးကလည်း ကျွန်တော့်အရွယ်လောက်ကတည်းက ပွဲကြီးပွဲကောင်း တွေမှာ ဝင်ကစားနေခဲ့တာတဲ့'

www.burmeseclassic.com



'မင်းတို့အရွယ်လောက်တုန်းကတော့ကွာ၊ ငါဖြင့် အာဖရိကတိုက်ကို သွားတဲ့ ရွက်သင်္ဘောနဲ့ လိုက်နေရပြီ။ ညနေစောင်းမှာ ခြင်္သေ့တွေ ကမ်းခြေ ထွက်ကြတာကို မြင်ခဲ့ရဖူးတယ်'

'သိတာပေါ့၊ အဘက ကျွန်တော့်ကို ပြောဖူးလို့'

'ဒါဖြင့် ငါတို့ အာဖရိကအကြောင်း ပြောမလား၊ ဘေ့စ်ဘော ကစားပွဲအကြောင်း ပြောကြမလား'

'ဘေ့စ်ဘောအကြောင်းပဲ ဆက်ရင် ကောင်းမယ်ထင်တယ်ဗျာ' ဟု သူငယ်က ပြောသည်။ 'ပြီးတော့ ဂျွန်၊ ဂျေ၊ မက်ဂရောရဲ့ အကြောင်းကိုလည်း ပြောပြပါဦး'

'သူလည်းပဲ ဟိုတုန်းကတော့ တစ်ခါတစ်ရံ လာတတ်တယ်။ ဒါပေမဲ့ သူက အပြောကြမ်း၊ အနေကြမ်းကြီးပဲ။ ပြီးတော့ မူးနေတဲ့အခါဆိုရင် ဆက်ဆံရ ခက်တယ်။ ဘောလုံးရော၊ မြင်းပွဲရော ဝါသနာပါတယ်။ သူ့အိတ်ထဲမှာ မြင်းတစ် စာရင်းစာအုပ်တွေ အမြဲတမ်းပါတယ်။ တယ်လီဖုန်းနဲ့ လှမ်းလှမ်းပြီး မြင်းလောင်းတာလည်း မကြာခဏပဲ'

'သူက ဘောလုံးသင်း ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်တယ်။ အဖေကတော့ သူ့ကို အတော်ဆုံး ဘောသင်းခေါင်းဆောင်လို့ ထင်နေတယ် အဘရဲ့'

'ဒါတော့ သူက တို့ဘက်ကို လာနေကျမို့ပါကွယ်' ဟု အဘိုးအိုက ပြောသည်။ 'တကယ်လို့ ဒူရိုချာဆိုတဲ့ လူလည်း တို့ဆီကို ခဏခဏလာရင် သူ့ကို အတော်ဆုံးခေါင်းဆောင်ဆိုပြီး မင်းအဖေက အထင်ကြီးဦးမှာပါကွာ'

'တကယ့် အတော်ဆုံးခေါင်းဆောင်က ဘယ်သူတုံး အဘရဲ့။ လူကယ်လား၊ မိုက်ဂွန်ဇေလေလား'

'သူတို့နှစ်ယောက်စလုံး တန်းတူပဲလို့ ငါ ထင်တယ်'

'ပြီးတော့ တံငါတွေထဲမှာ ဆိုရင်ဖြင့် ကျုပ်တို့ အဘဟာ အတော်ဆုံးပဲဗျ'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူးကွာ၊ ငါ့ထက် တော်တာတွေ တစ်ပုံကြီးပါ'

'ကြံကြံစည်စည် အဘရယ်၊ တံငါကောင်းတွေလည်း ရှိကြသပေါ့။ ပြီးတော့ တကယ့်ထူးချွန်တဲ့ တံငါတွေလည်း ရှိပါရဲ့။ ဒါပေမဲ့ အဘလို လူကတော့ အဘတစ်ယောက်ပါပဲ'

'ကျေးဇူးတင်တယ်ဟေ့၊ မင်းပြောလိုက်တာနဲ့ အဘ စိတ်ချမ်းသာသွားပြီ။ တော်တော်ကြာမှ မှန်းချက်နဲ့ နှမ်းထွက်လွဲအောင်လုပ်မယ့် ငါးကြီး တစ်ကောင်တစ်မြီး ပေါ်မလာပါစေနဲ့လို့ အောက်မေ့ရတာပဲ'

'အဘ ပြောသလောက်သာ သန်မာသေးရင်၊ အဲဒီလို ငါးမျိုးဆိုတာ ရှိတော့မှာ မဟုတ်ပါဘူး'

'ငါ့ကိုယ်ငါ ထင်သလောက်တော့ အားရှိချင်မှ ရှိဦးမှာကိုးကွယ့်' ဟု အဘိုးအိုက ပြောသည်။ 'ဒါပေမဲ့ ငါးဖမ်းတဲ့ ပရိယာယ်တွေတော့ အဘ အများကြီး သိတယ်။ အဘမှာ ဇွဲလည်း ရှိတယ်'

'ကိုင်း... ဒါဖြင့် အဘ အိပ်တော့၊ ဒါမှ မနက်ကျရင် လန်းဆန်းနေမှာ။ ကျွန်တော်လည်း ပစ္စည်းတွေ ဆိုင်ပြန်ပို့လိုက်ဦးမယ်'

'ဒါဖြင့် အိပ်တော့မယ်ကွယ်။ မနက်ကျရင် မင်းကို ငါ လာနှိုးမယ် ဟေ့'

'အဘက ကျွန်တော့်ရဲ့ နှိုးစက်ကြီး ဖြစ်နေပြီ' ဟု သူငယ်က ပြောသည်။

'အသက်ကြီးလာတော့ နှိုးစက်လို အချိန်မှန်တော့တာပေါ့ကွယ်' ဟု အဘိုးအိုက ပြောသည်။ 'အသက်ကြီးတဲ့လူတွေ ဘာကြောင့် စောစော နိုးကြသလဲ သိလား။ တစ်ရက်တစ်ရက်ကို အချိန်ပိုပြီး နေရအောင်လို့များ လား ကွနော်'

'ကျွန်တော်တော့ ဒါကို မသိဘူး' ဟု သူငယ်က ပြောသည်။ 'ကျွန်တော် သိသလောက်တော့ လူငယ်တွေဟာ နေမြင့်အောင် အိပ်တဲ့ပြင် အအိပ်လည်း ကြီးကြတယ်'

www.burmeseclassic.com



'အင်း… တို့လည်း ငယ်ငယ်က ဒီအတိုင်းပဲဆိုတာ မှတ်မိပါတယ်ကွယ်။ မင်းကို ငါ အချိန်မိ လာနှိုးမယ်ကွာ ဟုတ်လား'

'ကျွန်တော့်ကို သူတို့ လာမနှိုးစေချင်ဘူး။ သူတို့ နှိုးမှ ထရတယ်ဆိုတော့ စိတ်ထဲမှာ အောက်ကျနောက်ကျ နိုင်သလိုပဲ'

'အေးပါကွာ၊ သိပါတယ်'

'ပျော်အောင်သာ အိပ်တော့ အဘရေ.'

သူငယ် ထွက်သွားလေ၏။ သူတို့ စားသောက်နေစဉ်က စားပွဲ၌ မီးမထွန်းခဲ့ချေ။ အဘိုးအိုသည် မှောင်ထဲတွင် ဘောင်းဘီကို ချွတ်လိုက်ပြီးနောက် အိပ်ရာသို့ ဝင်သည်။ အဘိုးအိုသည် သတင်းစာကို ဘောင်းဘီနှင့် ရော၍ လိပ်လိုက်ပြီး ခေါင်းအုံးအဖြစ် အုံးသည်။ သူသည် သံခုတင်ပေါ်တွင် အခြား သတင်းစာဟောင်းများ ဖြန့်ခင်းလျက် ကိုယ်ကို စောင်ပတ်၍ အိပ်လိုက်သည်။

မကြာမီပင် အဘိုးအို အိပ်ပျော်သွားသည်။ ထို့နောက် သူငယ်ဘဝဖြင့် ရောက်ခဲ့ဖူးသော အာဖရိကတိုက်အကြောင်းကို အိပ်မက်မက်လေသည်။ ရွှေရောင်၊ ငွေရောင် ထနေသည့် ရှည်လျားသော ကမ်းခြေတန်းများကို တွေ့ရသည်။ ဖြူလွသော သဲသောင်များမှာ မျက်စိကျိန်းစရာ ဖြစ်၏။ မြင့်မောက်သော ကမ်းပါး အငူစွန်းများနှင့် ညီမျှိုင်းသော တောင်ကြီးများလည်း ပါသည်။ သူသည် ညစဉ် အိပ်မက်ထဲ၌ ထိုကမ်းခြေတစ်လျှောက်ကို ရောက်သွားပြီး ဒီလှိုင်းလုံးများ ရိုက်ပုတ်သံကို ကြားရသည်။ လှိုင်းလုံးများအကြားမှ တိုင်းရင်းသားတို့၏ လှေငယ်များ လှော်လာပုံကိုလည်း မြင်မက်ရသည်။ အိပ်ရင်းနှင့် သင်္ဘောဝမ်းခေါင်းမှ ကတ္တရာနံ့၊ ပွဲ့လျက်နံ့တို့ကို ရှူရှိုက်ရပြီး နံနက်ခင်း လေညင်းနှင့်အတူ ပါလာတတ်သော အာဖရိက တောနံ့တောင်နံ့တို့ကို ရရှိမြဲ ဖြစ်သည်။

ကုန်းမြင့်နံ့သင်းသင်းက နှာဝသို့ တိုးလာသည့်အချိန် ရောက်တိုင်း လိုလိုပင် သူသည် အိပ်ရာမှ နိုးလာတတ်ပြီး အဝတ်အစားဝတ်ကာ သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို သွား၍ နှိုးလေ့ရှိသည်။ ယနေ့ညအဖို့မူ အိပ်မက်ထဲ၌ ကုန်းမြေနံ့ ဖောစောစီးစီး သင်းလာသည်။ အချိန်မတော်သေးကြောင်း သိရပြီး အိပ်နေ လိုက်ရာ ပင်လယ်ထဲမှ ထိုးထောင်၍ ထွက်နေသော ကျွန်းများ၏ ကုန်းထိပ် ပြူများကို ဆက်ပြီး အိပ်မက်နေသည်။ ထို့နောက် ကနေရီကျွန်းများပေါ်မှ ဖရိုးလမ်းကြောင်းများနှင့် ပင်လယ်ဆိပ်ကမ်း အမျိုးမျိုးတို့ကို အိပ်မက် ပက်နေပြန်သည်။

အဘိုးအိုသည် အိပ်မက်ထဲ၌ မုန်တိုင်းများအကြောင်းကို လည်း ကောင်း၊ မိန်းမများအကြောင်းကို လည်းကောင်း၊ အထင်ကရ အဖြစ်အပျက် များ အကြောင်းကို လည်းကောင်း၊ ငါးကြီးများအကြောင်းကို လည်းကောင်း၊ ငါးကြီးများနှင့် အကြိတ်အနယ် အလုအယက် အားပြိုင်ရပုံတို့ကို လည်း ကောင်း၊ သူ့ဇနီး၏ အကြောင်းကို လည်းကောင်း မက်လေ့မက်ထ မရှိတော့ ပြီ။ ယခုအခါ၌ သူသည် ရောက်ခဲ့ဖူးသော ဒေသများနှင့် ကမ်းခြေပေါ်မှ ခြင်္သေ့များ အကြောင်းကိုသာ အိပ်မက်လေ့ရှိ၏။ ခြင်္သေ့များသည် ကြောင် ကလေးများ တစ်ကောင်နှင့်တစ်ကောင် သတ်ပုတ်နေသည့်နှယ် နေဝင် ဆည်းဆာအချိန်တွင် ကစားမြူးထူးလေ့ ရှိကြသည်။ ထိုခြင်္သေ့များအား သူငယ်ကလေးကို ချစ်သလောက်ပင် ချစ်လေသည်။ သူသည် သူငယ်ကလေး အကြောင်းကို ဘယ်တော့မှ အိပ်မမက်ပေ။

သူသည် ပုံမှန်အတိုင်း နိုးလာပြီး တံခါးပေါက် ဟင်းလင်းမှနေ၍ လကို မော်ကြည့်လိုက်သည်။ ထို့နောက် ခေါင်းအုံးလုပ်၍ အိပ်သော ဘောင်းဘီကို ဖြန့်၍ ဝတ်သည်။ တဲအပြင်သို့ထွက်၍ အပေါ့သွားပြီးနောက် တောင်ကုန်းလမ်းကလေးအတိုင်း တက်၍ သူငယ်ကလေးအား နှိုးရန် လာခဲ့ သည်။ နံနက်ခင်း အအေးဒဏ်ကြောင့် သူ့မှာ ချမ်းတုန်၍ နေ၏။ ဤသို့ ချမ်းတုန်ရင်းကပင် နွေးလာလျက် မကြာခင် လှေကိုလှော်ခတ်၍ ထွက်ရ ချေဦးမည်။

သူငယ်ကလေး နေထိုင်ရာအိမ်မှ တံခါးပေါက်မှာ သော့ခတ်မထား



www.burmeseclassic.com

www.burmeseclassic.com



ချေ။ အဘိုးအိုသည် တံခါးကို ဆွဲဖွင့်၍ ဖိနပ်မပါသော ခြေထောက်ဖြင့် ဖြည်းညင်းစွာ ဝင်သွားလေသည်။ သူငယ်သည် အိမ်ရှေ့ခန်းတွင် ခုတင်ကလေး တစ်လုံးပေါ်၌ အိပ်ပျော်လျက်ရှိ၏။ အလင်းရောင်ဆုတ်ဆဲ လရောင်အောက်တွင် သူငယ်ကလေး အိပ်ပျော်နေသည်ကို အဘိုးအိုသည် ကောင်းစွာမြင်ရ၏။ သူငယ်ကလေး၏ ခြေတစ်ဖက်ကို ညင်သာစွာဆွဲလျက် သူငယ်ကလေး နိုးလာသည်အထိ ကိုင်ထားလိုက်သည်။ နိုးလာသော သူငယ်ကလေးသည် သူ့ကို လှမ်းကြည့်လိုက်သည်။ အဘိုးအိုက ခေါင်းညိတ်၍ ပြလိုက်သောအခါ သူငယ်ကလေးသည် ခုတင်ဘေးရှိ ကုလားထိုင်ပေါ်မှ ဘောင်းဘီကို ဆွဲယူသည်။ ခုတင်ပေါ်တွင် ဘေးစောင်းထိုင်ရင်း ဘောင်းဘီ ဝတ်ပြီးသားဖြစ်သွားလေသည်။

အဘိုးအိုသည် တံခါးပေါက်မှ ပြန်ထွက်လာခဲ့စဉ် သူငယ်ကလေးလည်း နောက်က ပါလာခဲ့၏။ သူငယ်ကလေးမှာ အိပ်ချင်မူးတူး ဖြစ်၍နေသောကြောင့် အဘိုးအိုက သူ့ပခုံးကို သိုင်းဖက်ပြီး 'မင်း လာနိုးရတာအားနာတယ်ကွာ' ဟု ပြောလေသည်။

'ကြုံကြိုးစည်ရာဗျာ။ အဘကလည်း လုပ်စရာရှိတဲ့ အလုပ်ကို လုပ်ရမှာပေါ့ဗျ' ဟု သူငယ်ကလေးက ပြန်ပြောသည်။

နှစ်ယောက်သားသည် အဘိုးအို၏ တဲစုတ်ရှိရာသို့ နိမ့်လျှောလမ်းကလေးအတိုင်း ဆင်းလျှောက်လာကြ၏။ လမ်းတစ်လျှောက်လုံး မှောင်နင့်မည်းမည်း ဖြစ်သည်။ ဖိနပ်မပါသော သူများသည် လှေရွက်တိုင်များကို ထမ်းလျက် သူတို့ကဲ့သို့ပင် လျှောက်သွားနေကြသည်။

အဘိုးအို၏ တဲစုတ်သို့ ရောက်ကြသောအခါ သူငယ်ကလေးသည် ငါးမျှားကြိုးခွေများ ထည့်ထားသော ခြင်းတောင်းကိုယူ၍ မှိန်းနှင့်သံချိတ်ကို တစ်ဖက်က ဆွဲသည်။ အဘိုးအိုသည် ရွက်လိပ်၍ ပတ်ထားသော ရွက်တိုင်ကြီးကို ယူကာ ထမ်းလိုက်သည်။

'ကော်ဖီ သောက်တော့မလား အဘ' ဟု သူငယ်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါတွေကို လှေထဲမှာ သွားထားဦးမယ်လေ။ ပြီးတော့ သောက်ကြတာပေါ့'

သူတို့သည် တံငါသည်များအတွက် နံနက်စောစော ဖွင့်လှစ်ပေးထားသော ကော်ဖီဆိုင်တွင် နို့ဆီဘူးခွံ အလွတ်များဖြင့် ကော်ဖီဝယ်၍ သောက်ကြလေသည်။

'ညက အဘ အိပ်လို့ပျော်ရဲ့လား' ဟု သူငယ်က မေး၏။ အဘိုးအိုသည် အိပ်မငိုက်တော့သော်လည်း အိပ်ချင်သလိုလို ရှိနေဆဲပင် ဖြစ်သည်။

'အိပ်လို့ ကောင်းပါတယ် မာနိုလင်ရယ်' ဟု အဘိုးအိုက ပြောသည်။ 'ငါ ဒီနေ့တော့ ကျိန်းသေပေါက် တွက်နေမိတယ်ဟေ့'



နှစ်ယောက်သားသည် အဘိုးအို၏ တဲစုတ်မှ ကမ်းစပ်သို့ ဆင်းလာကြသည်။ အခြားတံငါများလည်း ရွက်များကို ထမ်းလျက် ဆင်းကြ၏။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်လည်း ဒီအတိုင်း တွက်တာပါပဲ အဘရယ်' ဟု သူငယ်က ပြောသည်။ 'အခု ကျွန်တော် အဘဖို့ရော၊ ကျွန်တော့်ဖို့ရော ဆာဒင်းငါးတွေနဲ့ ငါးစာ လတ်လတ်ဆတ်ဆတ်တွေ သွားယူလိုက်ဦးမယ်။ ကျွန်တော့်ဆရာကတော့ သူ့ပစ္စည်းတွေ သူဘာသာသူ သယ်တယ်။ တခြားလူ သယ်ပေးတာကို ဘယ်တော့မှ မကြိုက်ဘူး'

'တို့ကတော့ ဒီလို မဟုတ်ပါဘူးကွ၊ ငါဆိုရင် မင်းအသက် ငါးနှစ်လောက်ကတည်းက သယ်ခွင့်ပေးခဲ့တာပဲ' ဟု အဘိုးအိုက ပြောသည်။

'ကျွန်တော် သိပါတယ် အဘရဲ့' ဟု သူက ပြောသည်။ 'ကျွန်တော် အခုချက်ချင်း ပြန်လာခဲ့မယ်နော်၊ အဘ နောက်ထပ် ကော်ဖီမှာသောက်ဦး။ ဒီဆိုင်မှာ ကျွန်တော်တို့ အကြွေးရသားပဲ'

သူငယ်ကလေးသည် ဖိနပ်မပါသော ခြေထောက်ဖြင့် သန္တာကျောက်တုံးများပေါ်တွင် နင်းလျှောက်၍ ငါးစာများထားရာ ရေခဲတိုက်သို့ ထွက်သွားလေသည်။

အဘိုးအိုသည် ကော်ဖီကို ခပ်ဖြည်းဖြည်းနှင့် တစ်ကျိုက်ချင်း သောက်နေလေသည်။ သူ့အတွက် တစ်နေ့လုံး သောက်ရမည့် ကော်ဖီသည် ဤတစ်ကြိမ်သာ ဖြစ်သဖြင့် ကုန်အောင်ဖိ၍ အဝသောက်မှ ဖြစ်မည်ကို နားလည်၏။ သူ့၌ စားချင်သောက်ချင်စိတ် မရှိသည်မှာ ကြာခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် ငါးဖမ်းထွက်ရာ၌ နေ့လယ်စာထမင်းကို ဘယ်တော့မှ ယူမသွားချေ။ ရေပုလင်းကိုသာ လှေဦးချောင်ထဲတွင် ထည့်၍ယူသွားသည်။ တစ်နေ့စာအတွက် ရေတစ်ပုလင်းနှင့်ပင် ဖူလုံလေသည်။

သူငယ်သည် ဆာဒင်းငါးများနှင့် သတင်းစာစက္ကူဖြင့် ထုပ်ထားသော ငါးစာထုပ် နှစ်ထုပ်ကိုယူလျက် ပြန်၍ ရောက်လာ၏။ ထို့နောက် သူတို့နှစ်ဦးသား တံငါလှေကလေးရှိရာ ကမ်းစပ်သို့ လမ်းကလေးအတိုင်း ဆင်းကြသည်။ ဆင်းသွားရင်းဖြင့် သဲပြင်နှင့် ကျောက်စရစ်ကလေးများပေါ်သို့ သူတို့ ခြေချမိကြသည်။ ထို့နောက် လှေကလေးကို နှစ်ယောက်သား မ၍ ရေထဲသို့ တွန်းချကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကံစွပ်ပါစေ အဘရေ'

'အေးကွာ၊ မင်းလည်း ကံစွပ်ပါစေ' ဟု အဘိုးအိုက ပြောသည်။

အဘိုးအိုသည် လှေတွင် ခတ်ကွင်းများကိုဆင်ရင်း လှော်တက်များကို တပ်လိုက်လေသည်။ ထို့နောက် လှော်တက်များကို ရှေ့သို့ငိုက်၍ ဖိကာ လှော်ရင်း အမှောင်ထဲတွင် ဆိပ်ကမ်းမှ ထွက်ခွာလေသည်။ အခြားလှေများ သည် တခြားဆိပ်ကမ်းမှ ထွက်ခွာသွားလျက် ရှိကြ၏။ လသည် တောင်ကွယ် သွားပြီဖြစ်၍ အဘိုးအိုသည် ထိုလှေများကို မမြင်ရသော်လည်း လှော်တက် ခတ်သံတို့ကိုမူကား ကြားနေရလေသည်။

ရံဖန်ရံခါ၌ လှေထဲမှ စကားပြောသံတချို့ကို ကြားရသည်။ သို့သော် များသောအားဖြင့် လှေများမှာ လှော်တက်ခတ်သံမှတစ်ပါး အသံဗလံ မကြား ရတတ်ဘဲ တိတ်ဆိတ်နေလေသည်။ ပင်လယ်ကွေ့မှ အထွက်ဝကို လွန်ခဲ့ သော အခါတွင် လှေများသည် မိမိတို့ ငါးရမည်ထင်သော နေရာများသို့ ဦးတည်လျက် ပင်လယ်ပြင်ကျယ်ကို ဖြန့်၍ ထွက်သွားကြသည်။ အဘိုးအို မှာမူကား ပင်လယ်ပြင်ကျယ် ခပ်ဝေးဝေးသို့ သွားမည်ဟု ဆုံးဖြတ်ထားသူ ဖြစ်သဖြင့် ကုန်းနံ့မြေနံ့တို့ဖြင့် ဝေးနိုင်သမျှဝေးအောင် ခွာခဲ့လျက် နံနက်ခင်း ပင်လယ်လေပြင်ရနံ့ကို ရှူရှိုက်ရင်း တဖြည်းဖြည်း လှော်ထွက်ခဲ့လေသည်။ ပင်လယ်ရေညှိမှော်များမှ မီးစုန်းကျောက်ရောင်များကို လှော်ခတ်သွားရင်း တွေ့နေရသည်။ သူ ယခု ရောက်ရှိလာသော နေရာမှာ ရေတွင်းကြီးဟု တံငါသည်များက ခေါ်ကြသောနေရာ ဖြစ်သည်။ ဤနေရာ ပင်လယ်အောက် ၌ အလံ ၇၀၀ မျှနက်သော ချိုင့်ဝှမ်းကြီးဖြစ်လျက်ရှိပြီး ဝဲထိုးနေသောကြောင့် ထိုနေရာသို့ ငါးအမျိုးမျိုးတို့ ရောက်ရှိစုဝေး နေတတ်ကြသည်။ ဤနေရာတွင် ပုစွန်ဆိတ်များ၊ ငါးမျှားစာလုပ်သော ငါးများ၊ ရေသတ္တဝါအုပ်များ ကျက်စား လေ့ ရှိကြသည်။ ညအခါ၌ ထိုချိုင့်ဝှမ်း ရေတွင်းကြီးမှနေ၍ ပုစွန်၊ ငါးမျိုးစုံ တို့သည် ရေပြင်သို့တက်ပြီး ကျက်စားကြရာ ရေသတ္တဝါကြီးများက ယင်း တို့ကို အစာအဖြစ် စားသောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် အမှောင်ထဲ၌ အရှဏ်ကျင်းလာတော့မည်ကို သိနေရလေသည်။ လှေကို လှော်ရင်းခတ်ရင်းဖြင့် ငါးပျံများ ရေပေါ်တွင် ထ ၍ ပျံကြသည့် အသံကိုလည်း ကြားရသည်။ ကြားရသောအသံမှာ ငါးပျံ ဆူးတောင်များကို လေနှင့်ရိုက်ခတ်၍ ထွက်သွားသော အသံဖြစ်လေသည်။ သူသည် ငါးပျံများကို အလွန်ခင်တွယ်မိသည်။ အဘယ့်ကြောင့်ဆိုသော် ပင်လယ်ထဲမှ သူတို့သာလျှင် သူ၏ ပဓာနအဖော်များ ဖြစ်ကြပေသည်။

သူသည် ငှက်များအတွက်လည်း စိတ်မကောင်း ဖြစ်နေမိသည်။ အထူးသဖြင့် သေးကွေး နုနယ်သော မြစ်တွေးငှက်ကလေးများမှာ အစဉ်သဖြင့် လှူးလာပျံသန်းရင်း အစာရှာဖွေနေကြရာ ထိုအစာကို တွေ့မှ တွေ့ပါမည်လားဟု ထင်စရာရှိသည်။ ထို့ကြောင့် ငှက်ကလေးများနှင့် ပတ်သက်၍ ဤသို့ တွေးမိသည်။ “ဒီငှက်ကလေးတွေဟာ တို့များထက်တောင် ပင်ပန်းဆင်းရဲကြပါသေးလား။ ငှက်ရဲကြီးတွေနဲ့ ကိုယ်လုံးကြီးမား တောင့်တင်းတဲ့ငှက်တွေလောက်သာ အစာဝကြတယ်။ ငှက်ကလေးတွေကျတော့ သေးကွေး နုနယ်နေပြီး ပင်လယ်ပြင်ကတော့ ကြမ်းတမ်းပါဘိသနဲ့။ ဘာပြုလို့များ ဒီလောက်နုနယ်တဲ့ ငှက်ကလေးတွေနဲ့ ဒါလောက်ကြမ်းတမ်းတဲ့ ပင်လယ်ပြင်ကို တွဲဖက် ဖန်ဆင်းပေးထားပါလိမ့်မလဲ။ ပင်လယ်ပြင်ဟာ သိမ်မွေ့ပြီး အင်မတန် လှပပါတယ်။ ဒါပေမဲ့ ကြမ်းချင်တဲ့အခါ ကြမ်းလိုက်ရမ်းလိုက်ပုံများကဖြင့် ဆိုင်းမဆင့် ဗုံမဆင့်ပါပဲ။ နှုတ်သီးကလေးတွေ ရေမှာရှုပ်ပြီး အစာရှာနေတဲ့ ငှက်ကလေးတွေဟာ မရွှင်ပျတဲ့ အသံနဲ့ ဝဲပျံနေကြတယ်။ သူတို့ဟာ နုနယ်လွန်းလို့ ပင်လယ်နဲ့ မတော်ပါဘူး”ဟု တွေးနေမိသည်။

စပိန်လူမျိုးတို့၏ ဘာသာဖြင့် ပင်လယ်ကို “အမိပင်လယ်”ဟု ခေါ်သကဲ့သို့ အဘိုးအိုသည် အစဉ်သဖြင့် အားထားချစ်ခင်မိသည်။ ပင်လယ်ကို ချစ်သောသူတို့သည် တစ်ခါတစ်ရံတွင် ပင်လယ်ကို မိန်းမသားသဖွယ်သဘောထား၍ ပြောဆိုကြသည်။ အချို့သော နောက်ပေါက် တံငါသည်လူငယ်များကား ငါးမန်းဆီများ ဈေးကောင်း၍ ငွေရှင်စဉ်၌ ဖော့ကြီးများကို




www.burmeseclassic.com

www.burmeseclassic.com



သုံး၍ မော်တော်ဖြင့် ပိုက်တန်းချသည်။ သူတို့သည် ပင်လယ်ပြင်ကို ယှဉ်ပြိုင်ဘက်၊ အားပြိုင်ဘက် ယောကျ်ားသနှာသဖွယ် ပြောဆိုကြကာ ငြိုးသူရန်ဘက်သဖွယ်လည်း သဘောထားကြသည်။ သို့သော် အဘိုးအိုကမူ ပင်လယ်ပြင်သည် ပေးချင်လျှင် ရက်ရက်ရောရောရှိလှပြီး မပေးချင်လျှင် အလျှင်းဆိုသော မိန်းမသားနှင့်မခြား သဘောထားလေ့ရှိသည်။ တစ်ခါတစ်ရံ ပင်လယ်ပြင်သည် ကောက်ကျစ်သည်၊ ရိုင်းပျသည်ကို တွေ့ရပါက သူ့ဘာဝ ပေကိုးဟု မှတ်ရသည်။ လရောင်သည် မိန်းမတို့စိတ်ကို လှုပ်ရှားစေသကဲ့သို့ ပင်လယ်ကိုလည်း အပြောင်းအလဲ ဖန်တီးတတ်ပေသည်ဟု အဘိုးအိုက စဉ်းစားမိသည်။



လေ့လော့်ရင်းနှင့် ငါးပျံများ ရေပေါ်တွင် ထ ပျံကြသည့် အသံကိုလည်း ကြားရသည်။ သူသည် တံငါတို့၏ အဖော်ဖြစ်သော ငါးပျံများကို ခင်တွယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် လှေကို မှန်မှန် ခတ်လာခဲ့သည်။ အရှိန်ကလေးနှင့် မှန်မှန်ခတ်လာသောကြောင့် မပင်မပန်း ရှိသည်။ ပင်လယ်ရေ မျက်နှာပြင်သည် တစ်ခါတစ်ရံ ရေဆိုင်ဝဲများနှင့် တွေ့ရသည်မှလွဲ၍ ငြိမ်သက်လျက်ရှိသည်။ သူ အားစိုက်ရမည့် အင်အား၏ သုံးချိုး တစ်ချိုးလောက်ကို ရေစီးကြောင်း၏ ရေစီးဟုန်မှ ရစေပြီး အလိုက်သင့် မျောပါရင်း ခရီးတွင်စေသည်။ နေရောင် ပို၍ လင်းကျင်းလာသော အခါ၌ ဤအချိန်တွင် သူ ရည်မှန်းထားသည်ထက် ပို၍ ခရီးပေါက်နေကြောင်း တွေ့ရလေသည်။

"ငါဟာ တစ်ပတ်လုံးလုံး ဒီရေနက်ချိုင့်ကြီးမှာ ရှာခဲ့တာ ဘာမှ မရဘူး။ ဒီနေ့တော့ ဗိုနီတာနဲ့ အယ်လဗားကိုး ငါးအုပ်တွေရှိတဲ့ နေရာမှာ စောင့်ပြီး ကြည့်မယ်။ သူတို့အထဲမှာ ငါးကြီးကြီး တစ်ကောင်တလေတော့ ပါချင်ပါမှာ" ဟူ၍ သူ့ဘာသာသူ တွက်နေသည်။

အလင်းရောင် လင်းလင်းကျင်းကျင်း မရှိမီပင် သူသည် ငါးစာများကို ချပြီး၍ ရေစီးနှင့်အတူ အလိုက်သင့် မျော၍နေလေပြီ။ ငါးမျှားချိတ်တစ်ခုကို အလံလေးဆယ် အနက်တွင် ချလိုက်သည်။ ဒုတိယတစ်ချိတ်ကို ခုနစ်ဆယ့်ငါးလံ အနက်တွင် ချလိုက်သည်။ တတိယနှင့် စတုတ္ထ ငါးမျှားချိတ်များကို အပြာရောင်ထွက်နေသည့် ရေနက်ထဲတွင် ပေတစ်ရာနှင့် တစ်ရာ့နှစ်ဆယ်တို့၌ ချလိုက်သည်။ ငါးစာပြုလုပ်မည့် ငါး၏ကိုယ်ထဲ၌ ငါးမျှားချိတ်တစ်ခုစီကို အသေအချာမြှုပ်၍ သီလျက်ထားသည်။ ထို့ကြောင့် ငါးမျှားချိတ်အကွေးနှင့် ထိပ်ချွန်မှာ အပြင်မှ မမြင်ရဘဲ ဆာဒင်းငါးများဖြင့်သာ ဖုံးလျက်ရှိသည်။ ဆာဒင်းကလေးများကို ငါးမျှားချိတ်တွင် မျက်လုံးနှစ်ဖက်မှ ဖောက်၍ သီထားပုံမှာ ပန်းကုံးဘီးကုပ် သီထားသကဲ့သို့ ဖြစ်သည်။ ထို့ကြောင့် ငါးမျှားချိတ်ကို လာဟပ်မိသော ငါးကြီးတစ်ကောင်သည် ဘယ်နေရာကိုပင် ဟပ်မိဟပ်မိ၊ သံချိတ်ကို သံချိတ်မှန်းမသိဘဲ မက်မောဖွယ် ဖြစ်စေသည်။

သူငယ်ကလေးက သူ့အား ကျူးနားခေါ် အယ်လဗားကိုး ငါး



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် လှေနံဘေး တစ်ဖက်တစ်ချက်စီတွင် ချထားသော
ငါးမျှားကိုင်းများနှင့် ကြိုးများ အကျ ညီ မညီကို ကြည့်ရင်း
လှေကို ဖြည်းညင်းစွာ လှော်ခတ်လာခဲ့သည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကလေး နှစ်ကောင် ပေးခဲ့သည်။ ထိုငါးနှစ်ကောင်ကို အနက်ဆုံး ချထားသော ငါးမျှားချိတ်များတွင် ရေနက်စမ်းခဲထုပ်များသဖွယ် တည့်တည့်ကြီး ချထားသည်။ အခြား ငါးမျှားချိတ်များတွင် ငါးစာအဖြစ် သုံးပြီးသားဖြစ်သော ငါးအပြာမျိုး တစ်ကောင်နှင့် အဝါမျိုးတစ်ကောင်ကို ပြန်၍သုံးလိုက်သည်။ သို့သော် ထိုငါးစာများသည် အနံ့မပျက် လတ်ဆတ်နေသေးလျက် ဟပ်ချင်စရာ ကောင်းသော အခြေတွင် ရှိသေးသည်။ ငါးမျှားကြိုးတစ်ချောင်းစီမှာ လက်သန်းလုံးလောက်တုတ်ပြီး သစ်ကိုင်းစိမ်းကလေးများကို ကိုင်းထောက်၍ ကိုင်းထိပ်တွင် ကြိုးကို ကွင်းလျှောချည်၍ ထားသည်။ ကိုင်းထိပ်တွင် ငါးမျှားကြိုး ရစ်ပတ်ထားသောကြောင့် ငါးစာကို ငါး လာ၍ဆွဲလျှင် ဖြစ်စေ၊ ထိလျှင် ဖြစ်စေ ကိုင်းကလေးသည် သုတ်တံကဲ့သို့ နိမ့်ချည်မြင့်ချည် ဖြစ်လာလိမ့်မည်။ ငါးမျှားကြိုးတန်း တစ်ခုတွင် အလံလေးဆယ်စီရှိသော ကြိုးခွေပါသည်။ အခြားငါးမျှားကြိုးခွေများနှင့်လည်း တွဲဆက်ပေးနိုင်သေးရာ ငါးမျှားချိတ်ကို လာ၍ချိတ်သော ငါးအား အလံ ၃၀၀ ကျော်အထိ ကြိုးလျှော့ပေးနိုင်သည်။

အဘိုးအိုသည် လှေနံတစ်ဖက်တွင် ချထားသော ငါးမျှားတံကိုင်းကလေး သုံးကိုင်း လှေနံဘေးတွင် အငိုက် ညိ မညိကို ကြည့်ရင်း ငါးစာချထားသည့် ရေနက်တွင် ကြိုးများ တန်းတန်းမတ်မတ် နေရာမှန်အောင် ရှိနေဖို့ လှေကို ဖြည်းညင်းစွာ လှော်သွားသည်။ အလင်းရောင် အတော်များလာပြီ ဖြစ်၍ နေလုံးကြီးသည် အချိန်မရွေး ပြူထွက်လာပေတော့မည်။

နေသည် ပင်လယ်ပြင်တွင် အစွန်းထွက်၍ လာသည်။ ထိုအခါ အဘိုးအိုသည် အခြားလှေများကို မြင်နိုင်လေသည်။ ထိုလှေများသည် ပင်လယ်ကွေ့ထဲတွင် ကမ်းနှင့် မဝေးလွန်းလှပဲရှိပြီး ရေပြင်ပေါ်တွင် ပြားပြားဝပ်နေကြသကဲ့သို့ ရှိသည်။ ရေစီးကြောင်းထဲတွင်ဖြန့်၍ ငါးမျှားတန်း ချနေကြခြင်း ဖြစ်သည်။ ထို့နောက် နေသည် ထွန်းလင်း၍လာကာ ရေပြင်ကို ရောင်ပြန်ဟပ်သောကြောင့် သူ့မျက်စိများကို ကျိန်းစေသည်။ ထို့ကြောင့် အဘိုးအိုသည် နေရောင်ကျရာ ရေပြင်ကို မကြည့်ဘဲ ဆက်၍ လှော်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ရေနက်ထဲသို့ ငုံ့၍ ငါးမျှားတံများ ဖြောင့်ဖြောင့်တန်းတန်း ရှိ မရှိကို ကြည့်နေရသည်။ ငါးမျှားတံများကို ဘယ်သူနှင့်မှ မတူအောင် ဖြောင့်တန်း တည့်မတ်စွာ ချထား၍၊ ငါးမျှားချိတ်ကို သူလိုရာအနက်တွင် အသင့် ရှိနေစေလျက်၊ ထိုနေရာသို့ ကူးခတ်လာသော ငါးအတွက် အစာတွတ်ရန်၊ အရန်သင့် ဖြစ်စေလေသည်။ အချို့ တံငါများမှာမူကား ငါးမျှားကြိုးချိတ်ကို ရေစီးနှင့် အပါခံထားသောကြောင့် အလံတစ်ရာအနက်သို့ ချထားလိုက်သည်ဟု စိတ်ကထင်သော်လည်း တကယ်အားဖြင့် အလံ ၆၀ သို့သာ ရောက်နေတတ်သည်။

"ငါကတော့ ငါးမျှားချိတ်တွေကို တိတိကျကျ နေရာမှန် ထားတာပဲ။ ငါ့မှာ ကံပဲ မရှိလို့လား။ ဒါပေမဲ့ ဘယ်သူ ပြောနိုင်ဦးမှာလဲ။ ဒီနေ့ ရချင် ရနေမှာ။ တစ်နေ့ကုန်ရင် တစ်နေ့ဆန်းတာပဲ။ ကံကူရင်တော့ ကောင်းတာပဲ။ ဒါပေမဲ့ ငါးမျှားချိတ်တွေကို နေရာမှန် ချထားရမယ်။ ဒါမှ ကံကလည်းပင့်၊ ဝီရိယကလည်း အဆင်သင့်နေမှာ"

နေသည် နှစ်နာရီကြာမျှ ကောင်းကင်တွင် မြင့်တက်ခဲ့ပြီ။ သို့ဖြစ်၍ ရှေ့ကိုကြည့်လျှင် မျက်စိမကျိန်းလှတော့ချေ။ ယခုတစ်ခါ လှေသုံးစင်းကို သာ မြင်ရတော့သည်။ ထိုလှေများမှာလည်း ကမ်းနှင့် များစွာ မကွာလှဘဲ ရေတိမ်ပိုင်းတွင် ရှိနေကြသည်။

"နေထွက်တစ်ပြိုုဟာ ငါ့မျက်စိကို တစ်သက်လုံး ဒုက္ခပေးခဲ့တာပဲ။ ဒါပေမဲ့ ငါ့မျက်လုံးတွေ ကောင်းပါသေးတယ်။ ညနေပိုင်းဆိုရင်တော့ ဝင်မယ့် နေကြီးကို မျက်စိပြာမသွားဘဲ ကြည့်နိုင်ပါသေးရဲ့။ နေဟာ ညနေစောင်းမှ ပိုပြီး အားကြီးတယ်လို့ ထင်တယ်။ ဒါပေမဲ့ မနက်ပိုင်းနေကတော့ အခံရ ဆိုးတယ်" ဟု အဘိုးအိုသည် စိတ်က တွေးနေမိသည်။

ထိုအချိန်၌ပင် စစ်သဘောင်္ဂက် ခေါ် ငှက်စွန်တစ်ကောင်သည် သူ့အရှေ့ မလှမ်းမကမ်းရှိ ကောင်းကင်ထက်တွင် တောင်ပံမည်းများကို ဖြန့်ကာ ပတ်၍ဝဲနေသည်ကို တွေ့လိုက်ရသည်။ ထိုငှက်သည် အတောင်ပံကို နောက်သို့ရုန်း၍ စိုက်ထိုးဆင်းလာ၏။ ထိုနောက် ပျံတက်ပြီး ဝဲနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီငှက်တော့ အစာတွေ့နေပြီထင်တယ်။ ခုမှ အစာရှာနေတာတော့ ဟုတ်ဟန် မတူဘူး' ဟု အဘိုးအိုက ကျယ်လောင်စွာ ပြောလိုက်သည်။

အဘိုးအိုသည် ငှက်စွန် ဝဲနေသောနေရာသို့ ခပ်ဖြည်းဖြည်းမှန်မှန် လှော်ခတ်သွား၏။ သူသည် ရေးကြီးသုတ်ပျာ လှော်ခတ်ခြင်းမပြုဘဲ ငါးမျှားကြိုးများ အထက်အောက် တည့်တည့်တန်းလျက်ရှိအောင် ထားသည်။ သို့သော် အဘိုးအိုမှာ ရေစီးကြောင်းအရှိန်နှင့် အတန်ငယ် ရောပါလျက်ရှိသော ကြောင့် လုပ်နည်းလုပ်ပုံ မှန်ကန်သော်လည်း ငှက်ကိုသာ စိတ်မစောရလျှင် ထိုမျှ ကသုတ်ကရက်ဖြစ်စရာ အကြောင်းမရှိပေ။

ငှက်သည် လေထဲသို့မြင့်အောင် ပျံတက်သွားပြီးနောက် တောင်ပံများကို ဖြန့်လျက် ငြိမ်သက်စွာ ပျံဝဲလျက် နေပြန်သည်။ ထိုပြီးနောက်တွင်



ဒီငှက်တော့ အစာတွေ့နေပြီ ထင်တယ်။
ခုမှ အစာရှာနေတာတော့ ဟုတ်ဟန် မတူဘူး။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ငှက်စွန်ရဲသည် ရုတ်တရက် ထိုးစိုက်ဆင်းလိုက်သည်။ ထိုခဏ၌ ငါးပျံများ ရေပေါ်သို့ တက်လာကြကာ ရေမျက်နှာပြင်ပေါ်တွင် သူ့ထက်ငါ တိုးဖေ့ ပျံနေကြသည်ကို အဘိုးအို တွေ့လိုက်ရသည်။

'ဟာ လင်းပိုင်ကြီးဟေ့၊ အတော်ကြီးတဲ့ လင်းပိုင်ကြီးပဲ' ဟု အဘိုးအို က ကျယ်လောင်စွာ ပြောလိုက်သည်။

အဘိုးအိုသည် ခတ်တက်များကို ဘေးသို့ ချလိုက်ပြီး လှေဦးထဲမှ ငါးမျှားကြိုးခွေ အသေးစားတစ်ခုကို ယူလိုက်သည်။ ကြိုးခွေ၏ထိပ်၌ နန်းကြိုးတစ်စ ပါရှိပြီး အလတ်စား ငါးမျှားချိတ်တစ်ချောင်း ရှိသည်။ သူသည် ဆာဒင်းငါးကလေးတစ်ကောင်နှင့် အစာတပ်လိုက်သည်။ ထို့နောက် ငါးမျှားချိတ်ကို လှေနံတစ်ဖက်မှကျော်လျက် ပစ်ချလိုက်ပြီးသော် ပဲ့ပိုင်းရှိ သံကွင်းတစ်ကွင်းတွင် ခိုင်အောင် ချည်ထားလိုက်သည်။ အခြား ကြိုးတစ်စ တွင် ငါးစာတပ်ပြီးနောက် လှေဦးပိုင်းတွင် ချထားလိုက်သည်။ သူသည် လှေကို ပြန်လှော်ပြီးသော် ယခုအခါ ရေနားကပ်၍ ပျံနေသည့် တောင်ပံရှည် ငှက်စွန်မည်းကို ပြန်၍ အကဲခတ်လျက် ရှိသည်။

သူ ကြည့်နေဆဲ ခဏတွင် ငှက်စွန်သည် တောင်ပံများကိုစု၍ ထိုး ဆင်းလိုက်ပြီးနောက် တောင်ပံဟုန်ကို အရမ်းခတ်ရင်း ငါးပျံများနောက်သို့ လိုက်သည်။ သို့သော် မမိချေ။ ငါးပျံ လွတ်သွားရာသို့ လိုက်လာသော လင်းပိုင်ကြောင့် ရေပြင် အတန်ငယ် မို့မောက်လာသည်ကို အဘိုးအို မြင်နေ ရ၏။ လင်းပိုင်များသည် ငါးပျံများ ကျမည့်နေရာသို့ အမီရောက်ရန် ရေကို ခွဲလျက် သဲသဲမဲမဲ လိုက်လာကြသည်။ "တော်တော်များတဲ့ လင်းပိုင်အုပ်ပဲ" ဟု အဘိုးအိုက တွေးမိသည်။ လင်းပိုင်များ နေရာဖြန့်၍ လိုက်လာသဖြင့် ငါးပျံများမှာ လွတ်လမ်းမရှိသလောက် ဖြစ်သည်။ ငှက်စွန်ရဲအဖို့မှာ မိရန် လမ်း မရှိပေ။ ငါးပျံများသည် ငှက်စွန်ထက် ကြီးမားပြီး လျင်မြန်စွာလည်း သွားလျက်ရှိသည်။

အဘိုးအိုသည် ငါးပျံများ ရေထဲမှ တစ်ကြိမ်ပြီးတစ်ကြိမ် ထ ၍



www.burmeseclassic.com

www.burmeseclassic.com



ပျံကြသည်ကို တွေ့နေရင်းက ငှက်စွန်ရဲ၏ အချည်းနှီး ထိုးဆင်းပုံကိုလည်း တွေ့နေရသည်။ "ဒီငါးအုပ်တော့ ငါနဲ့ ဝေးသွားပြီ" ဟု အဘိုးအိုက တွေးနေမိသည်။ "ငါးတွေဟာ မြန်လည်းမြန်၊ ဝေးလည်းဝေးအောင် သွားနေကြတယ်။ ဖော်ကွဲကျန်ရစ်တဲ့ ငါးတစ်ကောင်တလေကိုတော့ ငါ ရကောင်းပါရဲ့။ ပြီးတော့ ငါ့အတွက် ငါးကြီးဟာ ဒီအနီးအနားမှာ ရှိချင်ရှိနေမှာ။ ငါ့အတွက် ငါးကြီးဟာ တစ်နေရာရာမှာ ရှိကို ရှိရမယ်"

ကုန်းမြေအထက်ဆီတွင်ရှိသော တိမ်တိုက်များသည် တောင်ကြီးများကဲ့သို့ မြင့်တက်လာကြပြီး ပြာညို့ညို့တောင်နောက်ခံတွင် ကမ်းရိုးတန်းကို ရှည်လျားသော အစိမ်းတန်းကလေးတမျှသာ မြင်ရတော့သည်။ ဤနေရာတွင် ရေမှာ အပြာရင့်ရောင် ဖြစ်နေပြီး ပြာလွန်းသောကြောင့် ခရမ်းသွေး ပေါက်လျက် ရှိ၏။ ရေထဲသို့ သူ ငုံ့ကြည့်လိုက်သောအခါ၌ ရေပြာထဲ၌ နေရောင်ကြောင့် အသွင်ထူးခြားနေသည့် အလင်းရောင်တွင် အနီရောင် ပလင်ကတန် သက်ရှိမှော်များကို မြင်ရသည်။

သူသည် ငါးမျှားတံများ ရေထဲသို့ မျက်စိတဆုံး စိုက်မတ်စွာ ဆင်းသွားသည်ကို ကြည့်ရင်း ပလင်ကတန်များကို မြင်ရသည့်အတွက် ဝမ်းသာနေသည်။ အကြောင်းမှာ ပလင်ကတန်ရေမှော်များရှိလျှင် ငါးများ ရှိမည့် လက္ခဏာဖြစ်သည်။ ရေထဲတွင် နေရောင်ကြောင့် အလင်းရောင် ထူးခြားနေပြီး နေမှာလည်း ယခု အတော်မြင့်လာပြီ ဖြစ်သောကြောင့် ရာသီဥတု ကောင်းမည့်လက္ခဏာ ဖြစ်သည်။ ကုန်းတန်းအထက်ဆီမှ တိမ်သားများ ဖွဲ့နေပုံကလည်း ဤသဘော နိမိတ်အတိုင်း ဆောင်လျက်ရှိသည်။ ငှက်စွန်ရဲမှာမူကား ယခုအခါ မမြင်ရသလောက် ရှိပေပြီ။ ရေမျက်နှာပြင်ပေါ်တွင် ဘာမျှ မမြင်ရဘဲ အဝါပြောက်ထ၍ နေရောင်သင့်ထားသော ဆာဂတ်ဆို ရေညှိပင်များကို တွေ့ရ၏။ ထို့ပြင် ခရမ်းရောင်သွေးရှိပြီး အရောင် ပြောင်လက်လျက် ရှိသော ပေါ်တူဂီစစ်သင်္ဘောဟု ခေါ်သော ငါးစည်ဖောင်းတစ်ခုသည် လှေဘေးနားတွင် မျော၍လာ၏။ စည်ဖောင်းသည် တစောင်း



www.burmeseclassic.com

www.burmeseclassic.com



မျောရာမှ သူ့အလိုလိုပြန်၍ တည့်လိုက်သည်။ ထိုငါးသည် ဘောလုံးကဲ့သို့ တလှုပ်လှုပ် မျောလာရင်းက တစ်ကိုက်မျှရှည်သည့် မြီးဖွားကဲ့သို့ အဆိပ်ပန်းပါသော အမြီးများကို ရေထဲ၌ တွဲလွဲဆွဲ၍ လာလေသည်။

• 'ဟာ… ဒီအလကား၊ မိန်းမထိန်းကောင်' ဟု သူက ရေရွတ်လိုက်သည်။

အဘိုးအိုသည် လှော်တက်များကို ခပ်ဖော့ဖော့ တစ်ချက် ဆွဲခတ်လိုက်၍ ရေအောက်သို့ ငုံ့ကြည့်လိုက်သောအခါ မြီးဖွားများနှင့် အရောင်ချင်းတူသော ငါးသေးကလေးများသည် စည်ဖောင်း၏ အဆိပ်မြီးဖွားများ အကြားတွင်လည်းကောင်း၊ စည်ဖောင်း၏ အရိပ်ကို ခိုလျက်လည်းကောင်း ကူးခတ်ပါလာကြသည်ကို တွေ့ရ၏။ ငါးသေးကလေးများသည် အမြီးဖွားမှ ထွက်



ပေါ်တူဂီ စစ်သင်္ဘောဟုခေါ်သော ငါးစည်ဖောင်း တစ်ခုသည် လှေဘေးနားတွင် မျော၍လာ၏။ အဆိပ်ပါသည့် ပန်းပွားကဲ့သို့ အမြီးများကို ရေထဲတွင် တွဲလွဲဆွဲ၍ လာသည်။


ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သော အဆိပ်ကို ခံနိုင်ရည် ရှိလေသည်။ လူများမှာမူကား ထိုသို့ မပြီးကြပေ။ အချို့သော ပေါ်တူဂီစစ်သင်္ဘောငါးမှ ခရမ်းရောင် အဆိပ်မြီးဖွားများသည် ငါးမျှားကြိုးတန်းတွင် လာ၍ ကျိုချွဲချွဲ ငြိသည့်အခါ ငါးဖမ်းနေသော အဘိုးအို ၏ လက်မောင်း၊ လက်ဖျံများနှင့် ထိပါက အဖုအပိမ့်များ ထွက်တတ်လေသည်။ အဆိပ်ရှိသော တိုက်ကပ်ပန်းများ၊ သစ်ပင်များနှင့် ထိမိပါက ဖြစ်လာတတ်သကဲ့သို့ပင်။ သို့ရာတွင် စည်ဖောင်းမြီးဖွားမှရသော အဆိပ်တို့သည်ကား ကြာပွတ်နှင့် ရိုက်ခံရသည့်အလား အရှိုးကြီးများ ချက်ချင်း ထ လာတတ်သည်။



ပင်လယ်လိပ်ကြီးများက စည်ဖောင်းများကို ရေ့က ဆီး၍ မျက်စိမှိတ်လျက် ပါးစပ်ဟ၍ ဝါးစားပစ်ကြသည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



စည်ဖောင်းများ၏ ရွှန်းလက်သော အရောင်သည် ကြည့်၍ ကောင်းပါ၏။ သို့သော် ပင်လယ်ထဲတွင် ဤသတ္တဝါများမှာ အလှည့်ဖျားတတ်ဆုံးသော အရာများဖြစ်သဖြင့် ယင်းတို့ကို ပင်လယ်လိပ်ကြီးများက စားပစ်ကြသည်ကို အဘိုးအိုသည် ကြည့်ကောင်းကောင်းနှင့် ကြည့်နေတတ်သည်။ လိပ်များက ထိုသတ္တဝါများကို မြင်လိုက်လျှင် ရှေ့ကဆီး၍ မျက်စိကို မှိတ်လျက်၊ ပါးစပ်ကို ဟလျက်က ဖမ်းယူဝါးစားလိုက်ကြသည်။ လိပ်၏ ပါးစပ်ထဲသို့ မြီးဖွားများပါ တစ်ကောင်လုံး ဝင်သွားလေတော့သည်။ အဘိုးအိုသည် ဤအကောင်များကို လိပ်များက စားသည်ကို မြင်ရသောအခါ ကျေနပ်မိသည်။ မုန်တိုင်း တစ်ခါကျပြီးနောက် အမြီးဖွားကောင်များ သဲသောင်ပေါ်တွင် လာ၍တင်သောအခါ သူသည် အသားမာလိုက်နေသော သူ့ခြေဖဝါးကြမ်းကြီးများဖြင့် တက်၍ နင်းလိုက်တိုင်း တဖောင်ဖောင် အသံမြည်သည်ကို နှစ်ခြိုက်၏။

သူသည် အစိမ်းရောင်ရှိသော လိပ်များကို လှသောကြောင့် နှစ်သက်သည်။ နှုတ်သီးချွန်ငါးများကို လျင်မြန်စွာ သွားတတ်သောကြောင့် နှစ်သက်သည်။ ယင်းတို့မှာ တန်ဖိုးလည်း ရှိသည်။ ကြီးမား၍ ထုံပေပေရှိသော ခေါင်းတိုလိပ်များကိုမူကား ရွံလည်းရွံ၊ ခင်လည်းခင်သည်။ ထိုခေါင်းတိုလိပ်များမှာ အဝါရောင်ကျောကုန်းရှိ၍ မိတ်လိုက်ပုံ ဆန်းပြားသည်။ သူတို့သည် ပေါ်တူဂီစစ်သင်္ဘောခေါ် သတ္တဝါများကို မျက်စိစုံမှိတ်၍ ဟက်ဟက်ပက်ပက် စားတတ်ကြသည်။

အဘိုးအိုသည် လိပ်ဖမ်းလှေများနှင့် နှစ်ပေါင်းများစွာ လိုက်ပါခဲ့ဖူးသော်လည်း လိပ်များနှင့် ပတ်သက်၍ အထွေအထူး စိတ်ကူးမိခြင်း မရှိ။ လိပ်မျိုးအားလုံးကို သူ သနားသည်။ တံငါလှေလောက် ရှည်လျား၍ တစ်တန်ခန့် လေးသော ကမ္ဘာလိပ်ကြီးများကိုပင်လည်း သူ သနားမိသည်။ လူများသည် များသောအားဖြင့် လိပ်များကို ကြင်နာခြင်း မရှိကြပေ။ လိပ်တစ်ကောင်လုံးကို ခုတ်စင်း၍ အပိုင်းပိုင်းဖြတ်ပြီးသည့်နောက်တွင် လိပ်၏

www.burmeseclassic.com



နှလုံးသည် နာရီပေါင်းများစွာ ကြာအောင် ခုန်နေတတ်သေးသည်။ "ငါ့မှာလည်း သူတို့ နှလုံးသားမျိုး ရှိပြီးတော့ ငါ့ခြေလက်တွေဟာ သူတို့နဲ့ ဆင်တူနေတာပါပဲလား" ဟု သူက တွေးမိသည်။ သူသည် သူ့ကိုယ်သူ အားရှိအောင် လိပ်ဥများကို စားရသည်။ မေလမှစ၍ လိပ်ဥများကို တစ်လျှောက်လုံး စားခဲ့ရာ စက်တင်ဘာနှင့် အောက်တိုဘာလများတွင် ငါးကြီးကြီးဖမ်းဖို့ အားရှိစေရန် ဖြစ်သည်။

သူသည် ငါးမန်းအသည်းဆီကိုလည်း တံငါတို့၏ ပစ္စည်းတန်ဆာပလာထားသော တဲရှိ သံစည်ထဲမှ နေ့စဉ် တစ်ခွက် တစ်ခွက် သောက်လေ့ရှိသည်။ ထိုငါးမန်းဆီမှာ တံငါတိုင်း သောက်ဖို့ထားခြင်း ဖြစ်သည်။ များသောအားဖြင့် ထိုအဆီကို တံငါများ ခံတွင်းမတွေ့ကြ။ သို့သော် ငါးမန်းဆီ သောက်ရသည်မှာ အိပ်ရာမှ မထချင်သောအချိန်တွင် ထ ရသော အလုပ်ထက် ပိုမဆိုးပေ။ ထို့ပြင် အအေးမိ၍ဖြစ်သော ရင်အောင့်ရင်နာ ရောဂါမှန်သမျှ အတွက် အလွန်ကောင်းသည်။ မျက်စိအတွက်လည်း ကောင်းသည်။

အဘိုးအိုသည် ခေါင်းထောင် ကြည့်လိုက်သောအခါ ဇွန်ရဲသည် ရစ်ဝဲနေသည်ကို တွေ့ရပြန်သည်။

'ဟော၊ ဒီကောင် ငါးတွေ့ပြန်ပြီ' ဟု အသံထွက်အောင် ပြောလိုက်သည်။ ရေပြင်ပေါ်တွင် ဤအကြိမ်၌ ငါးပျံများ ထွက်မလာချေ။ ငါးစာဖြစ်သော ငါးမျိုးတို့လည်း အနှံ့ပြားစီး မရှိ။ သို့သော် အဘိုးအို ကြည့်နေစဉ်မှာပင် ကျူးနား ငါးကလေးတစ်ကောင်သည် လေထဲသို့ ခုန်တက်လာ၍ ရေထဲသို့ ဦးစိုက် ပြန်ကျသွားသည်။ ပျံတက်လာသော ကျူးနား ငါးကလေးများသည် နေရောင်တွင် ငွေရောင်ပြေးလျက်ရှိပြီး တစ်ကောင်ကျသွားလျှင် နောက်ထပ် တစ်ကောင်ပြီးတစ်ကောင် ဟိုနေရာ သည်နေရာ၌ ခုန်ပျံတက်ကြသည်။ ရေဝဲများ ထ လာ၍ ငါးစာငါးရှိရာသို့ လှမ်းခုန်၍ လိုက်ကြသည်။ သူတို့သည် ငါးစာငါးကို ပတ်ချာလှည့်၍ လိုက်လာကြသည်။

"ဒီကောင်တွေသာ မြန်မြန်ကူးမသွားရင် သူတို့ ကြားထဲကို ငါ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားမှာပဲ” ဟု အဘိုးအိုက တွေးမိသည်။ သူသည် ရေဖွေးဖွေး ထအောင် လှုပ်ရှားနေသော ငါးအုပ်ကို ကြည့်နေပြီး ငှက်စွန်ရဲသည် ငါးများကို ထိုး၍ဆင်းပြီး သုတ်သောကြောင့် ကြောက်လန့်တကြားနှင့် ရေပေါ်သို့ ခုန်ထွက်လာကြရခြင်း ဖြစ်သည်။

‘ဒီငှက်ဟာ အများကြီး အကူရတာပဲ’ ဟု အဘိုးအိုက မြည်တမ်းလိုက်သည်။ ထိုအခိုက်တွင် လှေပဲ့ပိုင်းမှ မျှားကြိုးသည် တင်းခနဲဖြစ်၍ သွားသည်ကို သူ့ခြေထောက်မှ သိလိုက်ရသည်။ သူသည် ငါးမျှားကြိုးစကို ခြေဖြင့် နင်းထားသောကြောင့် ဖြစ်သည်။ ထို့နောက် လှော်တက်များကို ချလိုက်ပြီးသော် မျှားကြိုးကို ကောက်၍ ငင်သည်တွင် ကျူးနားငါးကလေး တစ်ကောင် ဆန့်ငင်ဆန့်ငင် ရုန်းနေသည့် အလေးချိန်ကို လက်က စမ်းမိသည်။ ကြိုးကို ငင်၍ယူလေလေ ငါးကလေး ပိုရုန်းလေလေဖြစ်ပြီး၊ ငါး၏ ကျောကုန်းပြာပြာကို ရေထဲ၌ မြင်လာရပြီး လှေဘေးသို့ အရောက်တွင် လှေပေါ်သို့ မတင်လိုက်မီ ကိုယ်လုံးမှ ရွှေရောင်ကို မြင်ရလေသည်။ ငါးသည် လှေပဲ့ပိုင်း နေပူထဲတွင် ကျလာ၏။ ကျည်ဆန်ကဲ့သို့ ကျစ်လျစ်ရှည်မျော သော ကိုယ်လုံးရှိပြီး မျက်လုံးအပြူးသားနှင့် ငါးကလေးသည် အမြီးကို လှေဝမ်းနှင့် တဖျပ်ဖျပ်ခတ်ရင်း နောက်ဆုံး အသက်ထွက်ရန် ကြိုးစားနေ၏။ အဘိုးအိုသည် ငါးကလေးကို သနားသဖြင့် မြန်မြန်ဒုက္ခငြိမ်းစေရန် ခေါင်းကို ထုလိုက်ပြီး အရိပ်ကျရာ လှေပဲ့ပိုင်းသို့ ကန်ကျောက်ပစ်လိုက်၏။ ငါးကလေးမှာ တဆတ်ဆတ် လူးနေဆဲ ဖြစ်သည်။

‘အင်း...အယ်လဗားကိုး ငါးမျိုးပေပဲ။ ငါးစာလုပ်ဖို့တော့ တယ်ကောင်းပဲ။ ဆယ်ပေါင်လောက်တော့ စီးလိမ့်မယ်’ ဟု အဘိုးအိုက ကျယ်လောင်စွာ ပြောလိုက်သည်။

တစ်ယောက်ထီးတည်း ရှိသောအခါတွင် မိမိဘာသာ အသံထွက်အောင် စကားပြောတတ်သော အလေ့ကို ဘယ်တုန်းက စပြီးရခဲ့သည် ဟု သူ မမှတ်မိတော့ပေ။ ရှေးတုန်းကဆိုလျှင် သူတစ်ယောက်တည်း ရှိသော



www.burmeseclassic.com

www.burmeseclassic.com



အခါ သီချင်းဟစ်၍ ဆိုခဲ့ဖူးသည်။ လိပ်ဖမ်းလှေ၊ ငါးဖမ်းလှေတို့နှင့် လိုက်ခဲ့ရစဉ်က ညဥ့်အခါများ၌ ပဲ့ကိုင်ရင်း တစ်ယောက်တည်း သီချင်းညည်းနေတတ်ခဲ့သည်။ သူငယ်လေး သူ့ထံမှ ခွဲထွက်သွားစဉ် တစ်ကိုယ်တည်း လုပ်ကိုင်လာရသော အချိန်မှစ၍ သူ့တစ်ကိုယ်တည်း စကားကျယ်ကျယ် ပြောခြင်း အလေ့ကို ရလာခဲ့ပုံ ရသည်။ သို့သော် အသေအချာ မမှတ်မိတော့ချေ။ သူနှင့် သူငယ်ကလေးတို့ နှစ်ဦးသား ငါးရှာကြစဉ်၌ စကားကို လိုအပ်မှ ပြောလေ့ ရှိသည်။ သူတို့သည် ညအခါတွင် လည်းကောင်း၊ မုန်တိုင်းမိနေစဉ်တွင် လည်းကောင်း စကားပြောတတ်ကြသည်။ ပင်လယ်ထဲသို့ ထွက်နေစဉ် စကားကို မလိုအပ်လျှင် မပြောဘဲနေခြင်းသည် တံငါတို့ ထုံးစံဓလေ့ဖြစ်သည်။ အဘိုးအိုသည် ထိုထုံးစံဓလေ့ကို ယုံကြည်၍ လေးစားလိုက်နာသည်။ ယခုမူ ဘေးတွင် စကားပြောသော်လည်း အနှောင့်အယှက်ဖြစ်စရာ တစ်ယောက်မှ မရှိတော့သဖြင့် သူ့စိတ်ထဲ ရှိသမျှကို ကျယ်ကျယ်လောင်လောင်ပင် ပြောကျင့် ဖြစ်လာတော့သည်။

'ငါ အခုလို တစ်ယောက်တည်း ကျယ်ကျယ်ပြောနေတာကိုများ တခြားလူတွေကြားရင် ငါ့ကို ရူးနေတယ်လို့ ဆိုကြမှာပဲ။ ဒါပေမဲ့ ငါ ရူးနေတာမှ မဟုတ်ဘဲ၊ ငါ ဂရုမစိုက်ပါဘူး။ ကြွယ်ဝတဲ့ လူတွေကတော့ သူတို့ကို စကားပြောပေးမယ့် ရေဒီယိုက ဘောလုံးပွဲသတင်းကို သူတို့ကြားရတာပေါ့' ဟု အသံကျယ်ကျယ်နှင့် ညည်းတွားနေပြန်သည်။

"အခုအချိန်ဟာ ဘောလုံးပွဲအကြောင်းကို စဉ်းစားရမယ့်အချိန် မဟုတ်ပါလား" ဟု သူ တွေးမိသည်။ "အခုနေမှာ ငါ စဉ်းစားရမယ့် ကိစ္စဟာ တစ်ခုပဲ ရှိတယ်။ ဒါဟာ ငါ မွေးလာခဲ့ရတဲ့ တံငါအလုပ်အတွက်ပဲ"၊ "ဟောဒီ ငါးအုပ်နားမှာ ငါးကြီးကြီးတစ်ကောင်တော့ ရှိချင်ရှိနေမှာ" ဟုလည်း တွေးမိပြန်သည်။ "ငါ မိတဲ့အကောင်ဟာ အစာရှာနေတဲ့ အယ်လဗားကိုး ငါးအုပ်ထဲက ကွဲထွက်လာတဲ့ဟာပဲ။ ငါးအုပ်ကတော့ အဝေးကြီးကို မြန်မြန် ပြေးကုန်ကြပြီ။ ကနေ့ တွေ့ရတဲ့ ငါးတွေမှန်သမျှ မြန်လိုက်တဲ့ ဖြစ်ခြင်း၊ ပြီးတော့

www.burmeseclassic.com



အရှေ့မြောက်ဆီကိုချည်း သွားကြတယ်။ ငါးကြီးကြီးရဖို့ဟာ ဒီအချိန်ပဲ ထင်ရဲ့။ ဒါမှမဟုတ် ငါ မသိတဲ့ ရာသီဥတုက တစ်မျိုးတစ်ဖုံ ပြောင်းနေတဲ့ လက္ခဏာပေလား"

သူသည် ကမ်းရိုးစိမ်းစိမ်းကို မမြင်ရတော့ပေ။ တောင်တန်းပြာကြီးများ၏ ထိပ်တွင် နှင်းခမောက်ဆောင်းထားသကဲ့သို့ ဖြူဆွတ်ဆွတ် အရာများကိုသာ မြင်ရတော့၏။ ထိုအပေါ်က စီးနေသော တိမ်များမှာ ဆီးနှင်းတောင်များကဲ့သို့ ထင်မြင်ရသည်။ ပင်လယ်ပြင်သည် ပြာနှမ်းနေပြီး အလင်းရောင်သည် ရေထဲ၌ ရောင်စဉ် ခွဲပေးထားသကဲ့သို့ ဖြစ်သည်။ ပလင်ကတန် ရေမှော်ပင်များမှထွက်သော ရောင်ပြေးများသည် နေမြင့်လာပြီဖြစ်သဖြင့် ပျောက်ကွယ်သွား၏။ ပင်လယ်ပြာအောက်သို့ လင်းလင်းချင်း ကြည့်မြင်နိုင်လောက်အောင် ကြည်လင်လျက် ရှိသည်။ အဘိုးအိုသည် ရေအောက် တစ်မိုင်မျှအထိ ဖြောင့်ဖြောင့်မတ်မတ် ဆင်း၍သွားသော ငါးမျှားကြိုးတန်းများကို ယခု မြင်နေရလေသည်။

တံငါသည်တို့က ကျူးနားငါးမျိုးဟု သိမ်းကျုံးခေါ်ဝေါ်ကြသော ငါးများမှာ ဈေးသို့ ရောက်သောအခါ၌ လည်းကောင်း၊ ငါးစာပြုလုပ်ရန် အခြားသော ငါးများနှင့် လဲလှယ်သောအခါ၌ လည်းကောင်း အမျိုးအမည် သီးခြားတွင်ကြသည်။ ယခု ထိုငါးများမှာ ရေအောက်နက်ရာသို့ ဆင်းသွားကြလေပြီ။ နေသည် ယခုအခါ ပူပြင်းလာပြီဖြစ်၍ အဘိုးအို၏ လည်ကုပ်ပေါ်တွင် စပ်ဖျဉ်းဖျဉ်းဒဏ်ကို ခံစားရလျက် ရှိသည်။ ကျောပြင်မှ ယိုစီးသော ချွေးပေါက်တို့ တလိမ့်လိမ့် ကျဆင်းလာသည်ကို လှေလှော်ရင်းက သိနေရသည်။

"ငါ ဒီအတိုင်း မျှောလိုက်သွားပြီး အိပ်နေရင်တောင်မှ ငါ့ခြေမမှာ ငါးမျှားကြိုးနဲ့ ပတ်ထားလိုက်ရင် ငါးတွတ်တဲ့အခါ နိုးမှာပေါ့။ ဒါပေမဲ့ ဒီနေ့ဟာ ရှစ်ဆယ့်ငါးရက်မြောက်တဲ့နေ့ မဟုတ်လား။ ဒီနေ့တော့ အထူး ဂိရိယစိုက်မှ..." ဟု သူ စဉ်းစားနေမိသည်။

www.burmeseclassic.com



ထိုသို့ စဉ်းစားရင်း ငါးမျှားကြိုးများကို စောင့်ကြည့်နေစဉ် လှေနံမှ ငါးမျှားကိုင်းကလေးတစ်ခုသည် ဦးစိုက်၍ ညွတ်သွားသည်ကို တွေ့လိုက်ရသည်။

'အင်း… ဟုတ်ပြီ၊ ဟုတ်ပြီ…'

လှေကို မလှုပ်အောင် လှော်တက်များကို ခပ်ဖြည်းဖြည်း ချထားလိုက်၏။ သူသည် ငါးမျှားကြိုးကို ညာလက်ဖြင့် လှမ်းဆွဲ၍ လက်မနှင့် လက်ညှိုး အကြားတွင် ဖွဖွကလေး ကိုင်ထားလိုက်သည်။ ကြိုး၌ တင်းနေသည့် လေးပင်သည့် အတွေ့ကို မခံစားရ။ ထို့နောက် ငါးသည် ဆွဲလိုက်ပြန်သည်။ ဤအကြိမ်တွင် လေးလေးပင်ပင် တင်းတင်းရင်းရင်း မဟုတ်သော်လည်း သိမ့်ခနဲ ဆွဲလိုက်ခြင်းဖြစ်သဖြင့် ဘာကောင်ဖြစ်သည်ကို သူ အတပ်သိလေသည်။ ရေအောက် အလံတစ်ရာအနက်တွင် မာလင်ငါးတစ်ကောင်သည် ဆာဒင်းငါးများကို သီထားပြီး လက်ဖြစ် ငါးချိတ်အဖျားတွင် ခေါင်းအထိငုံ၍ စွပ်ထားသည့် အစာကို စားနေပြီဖြစ်ကြောင်း သိရသည်။

အဘိုးအိုသည် ငါးမျှားကြိုးကို ရွရွကလေးကိုင်၍ ဘယ်လက်ဖြင့် ငါးမျှားတံကိုင်းမှ ကြိုးစကို ဖြုတ်လိုက်သည်။ အကယ်၍ ငါးက ဆွဲမည်ဆိုလျှင် ကြိုးကို လက်ချောင်းများကြားမှ လျှော့၍ ပေးနိုင်လေပြီ။

ဤမျှ ပင်လယ်ကမ်းနှင့်ဝေးသော နေရာတွင် ဤလ ဤရာသီမျိုး၌ တွေ့သောငါးသည် အတော်ပင် ကြီးရမည်ဟု သူ အတပ်တွေးလိုက်၏။

"စားလေ ငါးရဲ့၊ စားလိုက်ပါကွယ်။ မင်းတို့ ပေခြောက်ရာ အနက်စောက်စောက် ရေအေးထဲမှာဆိုရင် စားဖို့ ဘယ်လောက် လတ်ဆတ်လိုက်သလဲကွယ်။ ရေနက်မှောင်မှောင်ထဲက တစ်ပတ်ပြန်လှည့်ပြီး စားပါဦး၊ တွတ်ပါဦး ငါးကြီးရယ်…"

ငါးသည် ညင်ညင်သာသာဆွဲ၍ တွတ်နေပြီးနောက် ခပ်တင်းတင်းကလေး ဆွဲလိုက်သည်။ အကြောင်းမှာ ငါးမျှားချိတ်တွင် သီ၍ထားသော ဆာဒင်းငါးခေါင်းမှာ ကိုက်ဖဲ့ရန် ခက်ခဲသောကြောင့် ဖြစ်ပေမည်။ ထို့နောက် တွတ်ခြင်း၊ ဆွဲခြင်း မရှိတော့ဘဲ ငြိမ်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'လာစမ်းပါဦးကွာ' ဟု အဘိုးအိုက အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။ 'နောက်တစ်ချီ လှည့်ခဲ့စမ်းပါဦး၊ အနံ့ခံ ကြည့်ပါဦး။ စားချင်စရာ မကောင်းဘူးလားဟင်၊ ကောင်းကောင်းကြီး စားလိုက်စမ်းပါကွာ။ ပြီးတော့ ကျူးနားငါးလည်း ရှိသေးတယ်။ မာမာတောင့်တောင့်ကလေးလေ... ရှံ့မနေပါနဲ့ ငါးရယ်၊ စားသာ စားလိုက်စမ်းပါ...'

သူသည် ငါးမျှားကြိုးကို လက်မနှင့် လက်ညှိုးကြားတွင် ညှပ်လျက်ကိုင်ရင်း စောင့်ကြည့်နေသည်။ တစ်ချိန်တည်းမှာပင် အခြားမျှားကြိုးများကိုလည်း ငါးက အပေါ်တက် အောက်ဆင်း၍ တွတ်လိုတွတ်ငြား စောင့်ကြည့်နေသည်။ ထိုအချိန်တွင် နောက်တစ်ချီ ခပ်ဖွဖွကလေး ငါးစာကို ဆွဲလာပြန်သည်။

'ဒီကောင် တွတ်မှာပဲ၊ ဘုရားသိကြားမလို့ တွတ်လိုက်စမ်းပါစေကွာ' ဟု အဘိုးအိုက ခပ်ကျယ်ကျယ် ပြောနေသည်။

သို့သော် ငါးသည် ထပ်၍ မတွတ် မဆွဲချေ။ ငါး ထွက်သွားပြီ ထင်၏။ အဘိုးအိုသည် ကြိုးတွင် ဘာမျှ ထူးခြားစွာ မသိရတော့ချေ။

'ဒီကောင် တခြားမသွားနိုင်ပါဘူး၊ တစ်ပတ် ပြန်လှည့်နေတာပါ။ ဒီကောင်ဟာ အရင်တုန်းက ထိဖူးပြီ မှတ်တယ်။ ဒါ့ကြောင့် ငါးမျှားချိတ်ကို သိနေပုံ ရတယ်'

ထို့နောက် မျှားကြိုးကို ညင်ညင်သာသာလာ၍ တွတ်ပြန်သဖြင့် အဘိုးအိုမှာ ဝမ်းသာသွားမိပြန်၏။

'ဒီကောင် လှည့်လာတာ အမှန်ပဲ။ သူ တွတ်တော့မှာပါ' ဟု အဘိုးအိုက ပြောနေ၏။

သူသည် ငါး တငြိမ့်ငြိမ့် ဆွဲနေသည်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်နေစဉ် ခပ်တင်းတင်း ဆွဲလိုက်သည်ကို သိရပြီး၊ အံ့သြလောက်အောင် လေးလံလာသည်ကို သိလိုက်ရသည်။ ငါး၏ ကိုယ်အလေးချိန်ဖြင့် ဖိ၍ဆွဲကြောင်း သိသောအခါ မျှားကြိုးများကို တစ်ရစ်ပြီးတစ်ရစ် လျှော့၍ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျှားကြိုးနှစ်ခွေအနက် ပထမအခွေသည် ကုန်၍ ကုန်၍ သွားလေသည်။ မျှားကြိုးသည် အဘိုးအို၏ လက်မနှင့် လက်ညှိုးအကြား၌ မသိသာအောင် ခပ်ဖော့ဖော့ ကိုင်ထားသည့်ကြားမှ လျှောထွက်သွားရင်းကပင် အချိန်စီးသော ငါးကြီးဖြစ်ကြောင်းကို သိနေရ၏။

'တကယ့်ငါးပါပဲကွာ၊ အာခံတွင်းမှာ နေရာကျယ်တယ်နဲ့ တူတယ်။ ငါးမျှားချိတ်ကို ပါးစပ်ထဲထည့်ပြီး ဆွဲပြေးနေလိုက်တာ'

ထို့နောက် ငါးသည် တစ်ပတ်ကျော့လျက် ငါးစာဖြင့်ဖုံးထားသော ငါးမျှားချိတ်ကို မျိုချလိုက်လိမ့်မည်ဟု သူ တွေးမိသည်။ သို့သော် ထိုအကြောင်းကို နှုတ်ကထုတ်၍ မရွတ်မိပေ။ ဤသို့ စကားဦးသန်းလိုက်ပါက ဖြစ်စေချင်သလို ဖြစ်မလာဘဲ လာဘ်တိတ်တတ်သည်။ ငါးကြီး ဘယ်လောက် ကြီးသည်ကို သူ သိထားသည်။ ထိုငါးကြီးသည် ကျူးနားငါးကလေးကို ပါးဆောင်တွင် ကန့်လန့်ခဲလျက် ရေနက်ထဲတွင် ကူးထွက်သွားနေပုံကို သူ့စိတ်ထဲတွင် ထင်မြင်မိသည်။ ထိုခဏ၌ ငါးသည် မကူးခပ်ဘဲ နေသည်ကို သိလိုက်သည်။ သို့သော် ကြိုးတွင် အလေးချိန်မှာ စီးမြဲစီးနေသည်။ ထို့နောက် ပို၍ လေးလံလာသဖြင့် မျှားကြိုးများကို ပို၍ လျှော့ပေးလိုက်သည်။ သူသည် လက်မနှင့် လက်ညှိုးကို ကြိုးပေါ်တွင် ခပ်ဖိဖိ လုပ်ကြည့်လိုက်ရာ အဆွဲပို၍လာပြီး ရေနက်သို့သာ စိုက်ဆင်းနေ၏။

'ဒီကောင်တော့ ငါးစာကို မျိုနေပြီ။ ကောင်းကောင်းမျိုနိုင်အောင် လုပ်ပေးမှပဲ'

သူသည် ကြိုးများကို လျှော့ပေးရင်းက ဘယ်လက်ဖြင့် ကြိုးစထိပ်ဖျားများကို အခြားကြိုးခွေ အပိုနှစ်ခွေ၏ အစများတွင် ဆက်၍ ပေးလိုက်သည်။ သူ့တွင် အသင့်ဖြစ်နေပြီ။ ယခုသုံးနေသော ကြိုးခွေအပြင် အလံလေးဆယ်ရှိသော ကြိုးခွေသုံးခွေ ရှိသေးသည်။

'နည်းနည်း ထပ်စားလိုက်ပါဦးကွ၊ ထပ်ပြီး စားစမ်းပါဦး'

"ငါးမျှားချိတ်ကြီး မင့်ဗိုက်ထဲဝင်သွားပြီး အသက်ထွက်သွားအောင်



www.burmeseclassic.com

www.burmeseclassic.com



စားပေးလိုက်ပါဦးကွ။ ပြီးတော့မှ ရေပေါ်ကို ဖြည်းဖြည်းတက်ခဲ့။ ငါ့မှိန်းနဲ့ အထိုးခံရအောင်" ဟု စိတ်က အတွေးဖြင့် ပြောနေမိသည်။ 'အဲ...ဟုတ်ပြီ၊ မင်း အဆင်သင့် ဖြစ်ပြီလားဟေ့။ ရိက္ခာယူနေတာ ကြာပါပေါ့လား'

'ကိုင်းဟေ့' ဟု ပြောပြောဆိုဆို အော်လျက် ငါးမျှားကြိုးကို စုံဆွဲပြီး ကိုယ်နှင့်ကျားကန်၍ တစ်လံပြီးတစ်လံ လက်တစ်ဖက်ချင်း ပြောင်း၍ အားကုန်ဖော်တင်သည်။

သို့သော် ဘာမျှ ဖြစ်မလာချေ။ ငါးသည် ဆွဲ၍ သွားမြဲသွားလျက်ရှိပြီး အဘိုးအိုသည် ငါးကို တစ်လက်မမျှ ရေပေါ်သို့ ဆွဲ၍ မတင်နိုင်ပေ။ သူ၏ ငါးမျှားကြိုးမှာ ငါးကြီးများကို ဖမ်းနိုင်အောင် ခိုင်ခံ့စွာ ကျစ်ထားခြင်း ဖြစ်သည်။ ထိုကြိုးကို ကျောတွင် ရစ်သိုင်း၍ တင်းနေအောင် ဆွဲလားသော အခါ ကြိုးတန်းမှ ရေစက်ကလေးများပင် တဖြောက်ဖြောက် စဉ်၍ ထွက်လာသည်။ ကြိုးသည် ရေထဲတွင် တဖျစ်ဖျစ် မြည်နေသည့်တိုင်အောင် သူသည် ကြိုးကို တောင့်ထားမြဲထား၍ လှေနံကို ခြေကန်ပေးလျက် ကိုယ်ကို နောက်လှန်ပြီး တင်းခံထား၏။ လှေသည် ထိုအခါ အနောက်မြောက်ဘက်သို့ တရွေ့ရွေ့ပါစ ပြုလေသည်။

ငါးသည် မှန်မှန်ကြီး ဆွဲသွားသဖြင့် လှေသည်လည်း ငြိမ်သက်သော ရေပြင်ပေါ်တွင် တဖြည်းဖြည်း ပါ၍သွား၏။ အခြား ငါးမျှားကြိုးများမှာ ရေထဲတွင် တန်းလန်းပင် ပါ၍ လာသော်လည်း ၎င်းတို့ကို ဘာမျှ မလုပ်နိုင်တော့ချေ။

'ကောင်လေး ပါလာစေချင်တယ်ကွာ' ဟု အဘိုးအိုက အသံထွက်၍ ညည်းလိုက်သည်။ "ငါ့ကို ငါးက ဆွဲသွားနေပြီ၊ ငါက အဆွဲခံ ဖြစ်နေပါပေါ့လား။ ကြိုးကို ချည်ထားလိုက်ရင် ဖြစ်ပါရဲ့။ ဒီလိုဆိုရင် သူက ကြိုးပြတ်အောင် လုပ်လိုက်မှာ။ ဒီတော့ ငါ နိုင်သလောက် သူ့ကို ကိုင်ထားမှ ဖြစ်မယ်။ လျှော့တန်ရင် လျှော့ပေးရမယ်။ ဒီငါးက အောက်ကို စိုက်ဆင်းမသွားဘဲ ရှေ့ကိုချည်း သွားနေသေးတာဟာပဲ ငါ့ကို ဘုရားသိကြား မ တာ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



'တကယ်လို့များ သူက စိုက်ဆင်းသွားရင် ငါ ဘာလုပ်ရပါ့၊ ငါ လည်း မသိဘူး။ တကယ်လို့ မြေကြီးထိ ငုပ်ဆင်းသွားပြီး သေနေရင်ကော ငါ ဘာလုပ်ရမလဲ၊ မကြံတတ်ဘူး။ ဒါပေမဲ့ ဖြစ်တဲ့နည်းနဲ့တော့ လုပ်ရမှာပဲ လေ။ လုပ်နိုင်တဲ့နည်းတွေ တစ်ပုံကြီး ရှိပါတယ်'

သူသည် ငါးမိနေသောကြိုးကို ကျောသိုင်း၍ တင်းခံထားရင်း ရေထဲသို့ ခပ်စွေစွေ ဆင်းသွားသော ကြိုးစကို စိုက်ကြည့်နေမိသည်။ တံငါ လှေကလေးမှာလည်း အရှေ့မြောက်ဆီသို့ မှန်မှန် ရွေ့ရှားလျက်ရှိသည်။

"ဒီလိုသာ ဆွဲပြေးနေရင် ဒီကောင် ဒါနဲ့ သေမှာပဲ။ အမြဲတမ်း ဒီလို ချည်း ဆွဲသွားနေနိုင်မှာ မဟုတ်ပါဘူး" ဟု အဘိုးအို တွေးမိသည်။ သို့သော် လေးနာရီမျှ ကြာသွားသော်လည်း ငါးမှာ အဆွဲမပျက်သေး။ ပင်လယ်ပြင် ဆီသို့ လှေကလေးကို မှန်မှန်ဆွဲလျက်ရှိပြီး အဘိုးအိုမှာလည်း ငါးမျှားကြိုးစ ကို တောင့်တင်းစွာ လက်ကတော့ ရစ်သိုင်းရင်း ကျောကန်၍ လိုက်နေရဆဲ ဖြစ်သည်။

'ငါ ဒီငါး ချိတ်မိတုန်းက မွန်းတည့်ချိန်လောက်ကပဲ။ ခုထက်ထိ သူ့ကို ငါ မမြင်ရသေးဘူး'

သူသည် ငါး မမိခင်ကပင် မြက်ဦးထုပ်ကို ခပ်တင်းတင်းဆွဲချ၍ ဆောင်းထားခဲ့ရာ ယခုအခါ နဖူးတွင် ဦးထုပ်မှာ တင်းကျပ်လျက် နာလာ သည်။ သူသည် ရေဆာလျက် ရှိသည်။ ငါးမျှားကြိုးကို တုံ့မဆွဲမိအောင် ဟူ၍ သူသည် အသာအယာ ဒူးထောက်ချလိုက်ပြီးလျှင် လှေဦးသို့သွား၍ လက်တစ်ဖက်ဖြင့် ရေဘူးကို လှမ်းဆွဲလိုက်သည်။ ဘူးကို ဖွင့်ပြီးနောက် ရေတစ်ငုံ သောက်လိုက်၏။ ထိုနောက် လှေဦးတွင် မှေး၍ထိုင်လိုက်သည်။ သူသည် မထူရသေးသော ရွက်တိုင်ထိပ်ပေါ်တွင် မှေး၍ထိုင်လိုက်သည်။ သူသည် ရွက်တိုင်ထိပ်ပေါ်တွင် ထိုင်ချရင်း အခြား ဘာကိုမျှ မစဉ်းစားဘဲ ယခုကဲ့သို့ ကြာကြာနေသွားနိုင်အောင်သာ အာရုံစူးစိုက်လျက် ရှိသည်။

ထို့နောက် သူ၏နောက်ဘက်သို့ လှည့်လိုက်သောအခါ ကမ်းခြေကို



www.burmeseclassic.com

www.burmeseclassic.com



ပမြင်ရတော့ပေ။ ကမ်းသို့ မြင်ရသည်ဖြစ်စေ၊ မမြင်ရသည်ဖြစ်စေ အရေးမကြီးဟု သူ တွေးလိုက်သည်။ "ဟာဗားနားမြို့က အလင်းရောင်တွေကို အားပြုပြီး အချိန်မရွေး ငါ ပြန်နိုင်တာပဲ။ နေဝင်ဖို့ နှစ်နာရီတောင် လိုသေးတာ၊ ဒီအချိန် အတောအတွင်း ဒီငါးဟာ ရေပေါ်ကို ရောက်လာမှာပဲ။ အဲဒီအချိန်မှ တက်မလာသေးရင်လည်း လ ထွက်ချိန်မှ တက်လာမှာပေါ့။ တကယ်လို့ အဲဒီအထိမှ တက်မလာသေးရင် နေထွက်တစ်ပြုမှာ တက်လာကောင်း လာလိမ့်မယ်။ ငါ့မှာ ကြွက်လည်း မတက်သေးဘူး၊ အားလည်း ရှိနေသေးတယ်။ သူ့မှာသာ ပါးစပ်ထဲမှာ ငါးမျှားချိတ်ကြီး တန်းလန်းနဲ့။ ဒါပေမဲ့ ခုလောက် သူ ပြေးနေနိုင်တာ အာဂငါးပေပဲ။ ဒီကောင် ပါးစပ်ဖေ့ပြီး ငါးမျှားကြိုးကို ဖိကိုက်ထားတယ်နဲ့ တူရဲ့။ ငါ ကြည့်လိုက်ချင်ပါဘိတော့။ ငါ့ကို အန်တုနေတဲ့ သတ္တဝါကို တစ်ချက်လောက် မြင်များ မြင်လိုက်ချင်စမ်းပါဘိတယ်"

အဘိုးအိုသည် ကြယ်အနေအထားကို ကြည့်၍ မှန်းဆမိသမျှဆိုလျှင် ငါးသည် ထိုတစ်ညလုံး လမ်းကြောင်းလည်းမပြောင်း၊ ကွေ့ကောက်၍လည်း မသွားခဲ့ပေ။ နေဝင်သွားသည့် အချိန်မှစ၍ အအေးဓာတ် ဝင်လာခဲ့ရာ အဘိုးအို၏ ကျောပြင်နှင့် အိုမင်းသော ခြေများ၊ လက်များပေါ်တွင် ချွေးစေးများ ခြောက်လျက် အေးစက်သွားတော့သည်။ သူသည် ငါးစာဘူး ဖုံးထားသော ဂုန်အိတ်ကို နေ့ခင်းတုန်းက ခြောက်သွေ့အောင် နေတွင်ဖြန့်၍ လှန်းထားခဲ့သည်။ နေဝင်သွားသောအခါ သူသည် ဂုန်အိတ်ကို ဖြန့်ခြုံ၍ လည်ပင်းတွင် စည်းထားလိုက်သည်။ အထူးသဖြင့် ငါးမျှားကြိုးကို လက်ကတော့ ထိုး၍ သိုင်းထားသော ကျောပြင်ပေါ်သို့ အောက်ကခံလျက် အသားကျဖြစ်အောင် ပြုပြင်ယူလိုက်သည်။ ဂုန်အိတ်က ကြိုးအောက်မှ ခံပေးထားပြီး လှေဦးကိုလည်း ငိုက်မှီ၍ ထိုင်နိုင်သဖြင့် သူ့မှာ အတော်ပင် နေသာထိုင်သာ ရှိသည်ဟု ဆိုရမည်။ တကယ့်တကယ်မှာမူ သူ့အနေအထားမှာ သက်သာလှသည် မဟုတ်သော်လည်း သက်သောင့်သက်သာ ရှိသည်ဟု သူ့စိတ်က ထင်ထားလိုက်သည်။

www.burmeseclassic.com



"ဒီကောင် ဒီလိုသာ ဆွဲပြေးနေသမျှတော့ ငါကလည်း သူ့ကို ဘာမှ မလုပ်နိုင်ဘူး၊ သူကလည်း ငါ့ကို ဘာမှ မလုပ်နိုင်ဘူးပေါ့" ဟု သူက တွေးနေမိသည်။

သူသည် တစ်ကြိမ်တွင် ထ၍ လှေနံဘောင်မှရပ်လျက် အပေါ့သွားပြီး၊ ကြယ်များကိုကြည့်ရင်း သူ့ခရီးစဉ်ကို မှန်းဆတွက်ချက်နေမိသည်။ သူ၏ ပခုံးထက်မှ ရေထဲသို့ တန်းဆင်းသွားသော ငါးမျှားကြိုးသည် ပင်ကိုရောင် ပြောင်း တောက်နေသော အလင်းတန်းတစ်ခုသဖွယ် ဖြစ်နေသည်။ ငါးနှင့် လှေတို့သည် ရှေ့ကလောက် သွက်လက်စွာ မသွားတော့ပေ။ ဟာဗားနားမြို့မှ အလင်းရောင်များမှာလည်း အတန်ငယ် မှိန်၍လာသဖြင့် လှေသည် ရေစီးကြောင်းကြောင့် အရှေ့ယွန်းယွန်းသို့ ပါလျက်ရှိသည်ဟု သူ သိလေသည်။

"တကယ်လို့ ဟာဗားနားက အလင်းရောင် ပျောက်သွားတယ်ဆိုရင် ငါတို့ အရှေ့ဘက်ကို ပိုပြီး ရောက်သွားလို့ပဲ။ ငါးက ဒီအတိုင်း လမ်းမပြောင်းဘဲ ဆက်သွားနေဦးမယ် ဆိုရင်တော့ ဒီအလင်းရောင်တွေကို နာရီအတော်များများ ငါ ဆက်ပြီး မြင်နေရဦးမှာပဲ" ဟု သူ တွေးမိသည်။ "အင်း ဒီနေ့တော့ မြို့က ဘောလုံးပွဲမှာ ဘယ်သူတွေနိုင်မလဲ မသိဘူး" ဟုလည်း ဆက်၍ တွေးမိသည်။ "ရေဒီယိုတစ်လုံးလောက်သာရှိရင် ဘယ်လောက် ကောင်းလိုက်မလဲ။ အို...ဒါတွေကို ငါ မစဉ်းစားပါဘူး။ ငါ အခု ဘာလုပ်နေလဲ ဆိုတဲ့ ကိစ္စကို စဉ်းစားရမယ်၊ တခြား ဘာမှ ချော်မတွေးရဘူး"

ထို့နောက် အသံထွက်၍ ပြောမိပြန်သည်။

'ကောင်လေးသာ ငါနဲ့ ပါလာစေချင်စမ်းတယ်ကွာ။ ငါ့ကိုလည်း အကူညီရအောင်၊ ဒီလို မိနေတာလည်း တွေ့ရအောင်'

'ဘယ်သူဖြစ်ဖြစ် အသက်ကြီးလာရင် တစ်ယောက်တည်းနေဖို့ မကောင်းတော့ဘူး။ ဒါပေမဲ့ ခုကိစ္စမျိုးဟာ လွှဲရှောင်လို့ရတာမှ မဟုတ်ဘဲလေ။ ကျူးနားငါးကလေး ပုပ်မသွားခင် အားရှိအောင် ငါ စားလိုက်ဦးမှ။ အင်း...ငါ သတိထားရဦးမယ်၊ မနက်ကျရင်တော့ ဆာဆာ မဆာဆာ

www.burmeseclassic.com



စားလိုက်မှ ဖြစ်မယ်။ အဲဒါကို မေ့လို မဖြစ်ဘူး’ ဟု သူ့ကိုယ်သူ ပြော နေသည်။

ညဘက်တွင် လင်းပိုင်နှစ်ကောင် လှေနားသို့ ရောက်လာပြီး လှည့် ပတ်၍ ကပြောင်းကပြန်ကူးရင်း ရေမှုတ်ထုတ်နေကြသည်။ သူသည် လင်းပိုင်အထီး၏ နှာမှုတ်ပုံနှင့် လင်းပိုင်အမ၏ သက်ပြင်းချသံသဖွယ် နှာမှုတ်ပုံကို ခွဲခြား၍သိသူ ဖြစ်သည်။

“လင်းပိုင်တွေဟာ တယ်ကောင်းကြတယ်။ ပျော်ကြပါးကြ၊ မိတ် လိုက်ကြနဲ့။ ငါးပျံတွေလိုပဲ၊ တို့တံငါတွေအတွက် မိတ်ကောင်းတွေပဲ”

ထိုကဲ့သို့ တွေးမိပြီးနောက် သူ မိထားသော ငါးကြီးကို သနား သယောင် ဖြစ်လာပြန်သည်။ ငါးကြီးသည် ထူးခြား၍ အံ့သြဖို့ကောင်းသည်။ အသက် ဘယ်မျှကြီးသော အကောင်ကြီးဖြစ်သည်ကို ဘယ်သူ ပြောနိုင် ပါမည်နည်း။

“ဒီလို အားကြီးတဲ့ ငါးမျိုးကို ငါ တစ်ခါမှ မမိဖူးသေးဘူး။ ဒီလို ဆန်းပြားတဲ့ ငါးမျိုးနဲ့လည်း ငါ မကြုံဖူးသေးဘူး။ ဒီငါးဟာ ဉာဏ်ရှိလို့ ထ မခုန်တာပဲ။ ခုန်လိုက် ပွက်လိုက်ရရင် ငါ့မှာ ဒုက္ခရောက်ရချည်သေးရဲ့။ ဒါပေမဲ့ သူလည်း ငါးမျှားချိတ်နဲ့ အကြိမ်ကြိမ် တိုးဖူးနေတော့ အခုနည်းနဲ့ ပြန်ခုခံရမယ်လို့သိပြီး လုပ်နေတာ ဖြစ်နိုင်တယ်။ သူ့ကို ရန်မူနေတာဟာ လူတစ်ယောက်တည်းက ဆိုတာရယ်၊ ဒီလူဟာ အဘိုးအိုကြီး တစ်ယောက် လည်းဖြစ်တယ် ဆိုတာရယ်ကို သူ မသိရှာဘူး။ ဒါပေမဲ့ ဒီကောင်ဟာ ယောကျ်ားရင့်မကြီးတစ်ယောက်လိုပဲ အစာကို ဟပ်တယ်။ ယောကျ်ားကြီး တစ်ယောက်လိုပဲ လှေကို ဆွဲသွားတယ်။ ကယောင်ချောက်ချား မဖြစ်ဘဲ လည်း နေတယ်။ သူ့မှာ စီစဉ်တကျ ရှိချင်ရှိနေမှာ။ ဒါမှ မဟုတ် ငါ့လိုပဲ ကြံမိကြံရာ အပူတပြင်း ဖြစ်နေတာမျိုးလား”

အဘိုးအိုသည် တစ်ကြိမ်က မာလင်ငါးမျိုး အဖိုအမ နှစ်ကောင် အနက် တစ်ကောင်ကို ငါးမျှားဖြင့် ချိတ်ပုံကို ပြန်၍ သတိရမိသည်။ ငါးထီး



www.burmeseclassic.com

www.burmeseclassic.com



သည် ငါးမကို အစာဟပ်ရန် အစဉ် ဦးစားပေးလေ့ရှိသဖြင့် ငါးမကို အရင် ချိတ်မိလေ့ ရှိသည်။ ငါးမသည် ငါးမျှားချိတ်နှင့် ငြိသောအခါ ကြောက်အား လန့်အားဖြင့် အတင်းရုန်းကန် ခုခံရင်း မကြာမီ အားကုန်ရတော့သည်။ ငါးထီးသည် ထိုအချိန်တွင် ငါးမအနီးမှ စွန့်ခွာမသွားဘဲ ပတ်ချာလည် လှည့်ရင်း ငါးမျှားကြိုးအနားတွင် လူးလာခေါက်ပြန် ကူးခပ်ကာ ရေပေါ်တွင် နေလေ့ရှိ၏။ အဘိုးအိုသည် ငါးထီး၏အမြီးနှင့် ခတ်မိ၍ မျှားကြိုး ပြတ် သွားမည်ကို စိုးရိမ်မိသည်။ ငါးထီး၏အမြီးမှာ တံစဉ်ကဲ့သို့ ချွန်မြလျက်ရှိပြီး တံစဉ်ကွေး အရွယ်အစားလောက်ပင် ရှိသည်။ အဘိုးအိုသည် ငါးမကို ဆွဲယူပြီး မိန်းနှင့် ထိုး၊ တင်းပုတ်နှင့် ခေါင်းကို ထုသောအခါ ဟင်္သပဒါးရောင် သွေးနီများ ငါး၏ ဦးခေါင်းတွင် ရဲလာသည်။ ထို့နောက် သူငယ်လေး၏ အကူအညီဖြင့် လှေပေါ်သို့ ဆွဲတင်သည်။ ငါးထီးမှာ လှေဘေးနားတွင် ရစ်သီတုန်း ဖြစ်သည်။ အဘိုးအိုသည် ငါးမျှားကြိုးများကိုရှင်းပြီး မိန်းကို ချွတ်နေခိုက် ငါးထီးသည် ငါးမကို မြင်လိုမြင်ငြား ရေပေါ်သို့ အတော်မြောက် အောင် ခုန်တက်၍ ကြည့်ပြီး ရေနက်ထဲသို့ ငုပ်ဆင်းသွားသည်။ ငါးထီးသည် ဆူးတောင်များကို ဖြန့်ထုတ်လျက် ဝမ်းဗိုက်သား အစင်းအစင်းများ ပေါ် သွားလေသည်။ ငါးကြီးသည် လှပနေ၏။ သစ္စာမြဲမြဲလေစွဟု အဘိုးအို အမှတ်ရလျက် ရှိသည်။

"ငါ တွေ့ဖူးသမျှထဲမှာ ဒီအဖြစ်အပျက်ဟာ စိတ်မကောင်းစရာ အဖြစ်ဆုံးပဲ" ဟု အဘိုးအိုက တွေးမိသည်။ သူငယ်ကလေးကလည်း စိတ် မကောင်းရှာပေ။ သူတို့သည် စိတ်မကောင်းကြောင်း နှုတ်က တဖွဖွ ပြောရင်း နှင့်ပင် ငါးကြီးကို ဖျက်ခဲ့ကြလေသည်။

'သူငယ်ကလေးသာ ငါနဲ့ ရှိနေရင် ဘယ်လောက်ကောင်းမလဲ' ဟု နှုတ်က ကျယ်လောင်စွာရွတ်ရင်း သူသည် လှေဦးတုံးသစ်သားကိုမှီ၍ နေရာ ပြောင်းလိုက်သည်။ တစ်ချိန်တည်းမှာပင် သူ့ကျောကိုသိုင်း၍ ပိုးထားသော ငါးမျှားကြိုးကို ဆွဲထားသည့် ငါးကြီးက တစ်နေရာရာသို့ မှန်မှန်ကြီး ကူးခပ် လျက်ရှိသည့် အဖြစ်ကို သတိပြုလျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါးကြီးတော့ ပရိယာယ်ညွတ်ကွင်းတွင် ဝင်မိ၍ တစ်ခုခုကို လုပ်ရ ချေပြီ" ဟု အဘိုးအိုက တွေးမိ၏။ ငါးကြီး လုပ်ရမည့်အလုပ်မှာ ပရိယာယ် ညွတ်ကွင်းထောင်ချောက် အမျိုးမျိုးတို့မှ ကင်းဝေးရာ ရေနက်ထဲသို့ သွားရန် ဖြစ်သည်။ သူ့အဖို့ကား ရေနက်ထဲမှ ငါးကြီးကို မရ အရ ဖမ်းယူရန်သာ ဖြစ်သည်။ လူသူလေးပါး ဟူသမျှကို ဂရုစိုက်မနေနိုင်ပေ။ နှစ်ဦးစလုံး ကံတူ အကျိုးပေးဖြစ်လျက် မွန်းတည့်အချိန်က စတင်၍ ကံဆုံမိကြသည်။ သူတို့ နှစ်ဦးသားတွင် ဘယ်သူ့ဘက်ကမှ ပါဝင်ကူညီသူ မရှိချေ။

'ငါဟာလည်း တံငါဖြစ်ဖို့ထိုက်တဲ့လူ မဟုတ်ပါဘူး။ ဒါပေမဲ့ ဘဝ ကံကိုက ဒီလိုဖြစ်ဖို့ မွေးလာခဲ့တာကိုး။ ပြီးတော့ နေရောင်ကလေး လင်းလာ ပြီးရင် ကျူးနားငါးတွေကို စားဖို့လည်း မမေ့မနေဦးမှ...'

မိုးသောက် အရုဏ်မကျင်းမီ တစ်ချိန်တွင် အဘိုးအို၏နောက်မှ ငါးမျှားတန်းတစ်ခုကို ငါးတစ်ကောင်ကောင်က လာ၍ တွတ်လေသည်။ ငါးမျှားကြိုးတပ်ထားသော သစ်ကိုင်းလေး ချွတ်ခနဲ ကျိုးသွားသည်ကို ကြားလိုက်ရပြီးလျှင် ငါးမျှားကြိုးနှင့် ဆက်ထားသော ကြိုးခွေသည် လှေနံကို ကျော်၍ လျှောပါသွားသည်ကို တွေ့လိုက်ရသည်။ သူသည် မှောင်ထဲတွင် ဓားအိတ်ထဲမှ ဓားကို ချွတ်လိုက်သည်။ ဘယ်ပခုံးတွင် သိုင်း၍ထားသော ငါးကြီး၏ကြိုးကို ရုန်းလျက် လှေနံပေါ်မှကျော်ပြီး ဒလကြမ်းပါသွားသော ငါးမျှားကြိုးတန်းကို နောက်သို့ လှမ်း၍ ခုတ်ဖြတ်လိုက်သည်။ ထိုနောက် သူနှင့်အနီးဆုံး အခြား ငါးမျှားကြိုးတစ်စကိုလည်း ဖြတ်လိုက်ပြီး မှောင်ထဲ ၌ပင် ကြိုးခွေချင်းဆက်၍ ပေးလိုက်သည်။ သူသည် လက်တစ်ဖက်တည်းဖြင့် ကြိုးစကိုကိုင်၍ ခြေတစ်ဖက်ဖြင့် ကြိုးခွေကိုနင်းပြီး ကြိုးစချင်း ဆက်မိအောင် ကျွမ်းကျင်စွာ ထုံးလိုက်လေသည်။ ယခုအခါ သူ့တွင် ကြိုးခွေခြောက်ခွေ ဆက်မိလျက်သား အရန်သင့် ရှိသွားပြီ။ ဖြတ်လိုက်သော ကြိုးစမှ အခွေနှစ်ခွေ စီနှင့် ငါးကြီး ဆွဲ၍သွားသော ကြိုးတန်း၌ မူလကရှိသော အခွေနှစ်ခွေတို့ အားလုံး ပူးဆက်မိထားပြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း… အလင်းရောင် ပေါ်လာရင်တော့ အလဲလေးဆယ်မှာ ချထားတဲ့ ငါးမျှားကို ကြည့်ပြီး တခြားကြိုးခွေတွေနဲ့ ဖြတ်ဆက်ထားလိုက်မယ်။ ဖြတ်လိုက်ရင်တော့ ငါ့မှာ အကောင်းစား ကာလတန်ကြိုး အလံနှစ်ရာလောက်နဲ့ ငါးမျှားချိတ်တွေ၊ မျှားဦးကြိုးတွေ ဆုံးတော့မှာပဲ။ ဒါတွေကတော့ အစားထည့်လို့ ရပါတယ်လေ။ ဒါပေမဲ့ ချိတ်မိနေတဲ့ငါး ရှိနေရင်တော့ အစားထိုးလို့ရမှာ မဟုတ်တော့ဘူး။ အခု ဟပ်နေတဲ့ငါးဟာ ဘာငါးလဲလို့ ငါ မသိရသေးဘူး။ မာလင်လည်း ဖြစ်နိုင်တယ်။ ငါးမန်းပဲလား၊ နှတ်သီးပြား ငါးမျိုးပဲလား၊ သိကို မသိရသေးဘူး။ သူနဲ့ ငါ မြန်မြန် စာရင်းရှင်းမှ…"

'သူငယ်လေး ငါနဲ့ ပါလာစေချင် စမ်းတော့တယ်' ဟု သူသည် ရုတ်တရက် ကျယ်လောင်စွာ ပြောလိုက်ပြန်၏။

"ဒါပေမဲ့ ကောင်လေးက ပါလာတာမှ မဟုတ်ဘဲ" ဟုလည်း တွေးမိပြန်သည်။ "ငါ လုပ်စရာရှိတာကို ငါ့ကိုယ်ငါပဲ အားကိုးပြီး လုပ်ရမယ်။ နောက်က ငါးမျှားတန်းကို ပြန်ကြည့်ဖို့ လိုနေပြီ။ မှောင်သည်ဖြစ်စေ၊ မမှောင်သည်ဖြစ်စေ အဲဒီကြိုးကို ဖြတ်ပြီး အခွေနှစ်ခု ဆက်လိုက်ရမယ်။ ဒါပဲ" ဟု ဆက်၍ တွေးမိသည်။

စိတ်ကူးသည့်အတိုင်း သူ လုပ်လိုက်၏။ မှောင်ထဲတွင် လုပ်နေရသည်မှာ ခက်ခဲလှသည်။ ထိုစဉ်၌ ငါးသည် တုံ့၍ဆွဲလိုက်သဖြင့် သူ့မှာ ရုတ်တရက် မှောက်ထိုးလဲကျသွားပြီး မျက်ခမ်းအောက်နားဆီတွင် တစ်ချက် ကွဲသွားလေသည်။ သွေးများသည် ပါးပြင်ပေါ်သို့ အနည်းငယ် စီးကျလာသည်။ သို့သော် မေးစေ့သို့ မရောက်မီ သွေးခဲ၍ ခြောက်သွားသည်။ သူသည်လည်း လှေဦးမှ သစ်သားတန်းကို မှီပြီး ပြန်၍ထိုင်လေသည်။ သူသည် ကျောတွင် ပတ်ထားသော ဂုန်အိတ်ကို ပြင်ရင်း၊ သိုင်းထားသော ငါးမျှားကြိုးကို ပခုံးပေါ်၌ နေရာချင်းမထပ်အောင် ဂရုတစိုက်ပြင်၍ သိုင်းထားလိုက်သည်။ ပခုံးတွင် ကျောက်ဆူးစိုက်သကဲ့သို့ အကျအနသိုင်း၍ ချိတ်ထားပြီး ငါးကြီး ဆွဲနေသောအားကို သတိပြုလိုက်သည်။ ထိုနောက် လက်ကို



www.burmeseclassic.com

www.burmeseclassic.com



ရေထဲနှစ်ပြီး လှေကလေး ဘယ်မျှ ရွေ့သွားနေသည်ကို သေချာစွာ အကဲခတ်ကြည့်သည်။

"ဒီကောင် ဘာကြောင့် တုံ့ဆွဲလိုက်ပါလိမ့်" ဟု သူ တွေးနေသည်။ "ရေစွန့် သူ့ကျောကုန်းကို ငါးမျှားကြိုးထိပ်က သံကြိုးနဲ့ ပွတ်မိလို့နဲ့ တူတယ်။ သူ့ကျောကုန်းဟာ ငါ့ကျောကုန်းလောက် နာကျင်နေမှာ မဟုတ်ဘူး။ ဒါပေမဲ့ သူဟာ ဘယ်လောက်ပဲ အကောင်ကြီးကြီး၊ ဒီလှေကိုတော့ အမြဲတမ်း ဆွဲသွားနိုင်မှာ မဟုတ်ပါဘူး။ ဒီအခြေအနေမှာ ကသိကအောက် ဖြစ်စရာတွေ ရှင်းထားလိုက်ပြီ။ ငါ့မှာ ကြိုးခွေတွေလည်း အများကြီး ရှိနေသေးတယ်။ ဒါဆိုရင် လူတစ်ယောက်အတွက် လိုသမျှ ကုန်သလောက်ပဲ"

'ငါးရေ. . .' ဟု သူက တိုးတိုးလေးပြောလိုက်ပြီး ကျယ်လောင်စွာဖြင့် 'ငါကတော့ သေချင်သေ ကြေချင်ကြေ၊ မင်း ဆွဲသွားသမျှ လိုက်နေမှာပဲကွ' ဟု ထပ်ပြောလိုက်သည်။

"သူလည်း ငါ့လိုပဲ ရှိနေမှာပေါ့" ဟု သူ စဉ်းစားလိုက်သည်။

အဘိုးအိုသည် အလင်းရောင်လာမည်ကို စောင့်လျက် ရှိသည်။ နေ့အရုဏ်မကျင်းမီ ချမ်းအေးလျက်ရှိချိန် ဖြစ်သည်။ သူသည် နွေးစေရန် လှေ၏ သစ်သားစပ်ဘောင်သို့ တိုးဝှေ့၍ ကပ်ပေးရသည်။ "သူ ဆွဲပြေးနေသမျှတော့ ငါလည်း လိုက်ပြီးနေနိုင်မှာပဲ" ဟု သူ တွေးလျက်ရှိသည်။ လင်းအရုဏ်ကို ပထမဆုံး ရသည်နှင့် ရေထဲသို့ နက်ရှိုင်းစွာ ဆင်းသွားသော ငါးမျှားကြိုးကန်းကို မြင်ရသည်။ လှေသည် မှန်မှန်ရွေ့လျားလျက် ရှိ၏။ နေလုံးကြီးသည် အဘိုးအို၏ ညာဘက်ဆီတွင် ပင်လယ်ပြင်ကို မေးတင်၍ ထွက်လာ၏။

'ဒီငါး မြောက်ဘက်ကို သွားနေပါလား ဟေ. . .' ဟု အဘိုးအိုက ရေရွတ်မိသည်။ 'ရေစီးကြောင်းကြောင့် အရှေ့ဘက်လှမ်းလှမ်းကို ပါသွားနိုင်တာပဲ။ ဒီကောင် ရေစီးကြောင်းအတိုင်း လိုက်သွားနေရင် ကောင်းမှာ။ ဒါဆိုရင် သူ မောလာပြီဆိုတာ သိရမှာပဲ'

နေလုံးကြွကြွထွက်၍ မြင့်တက်လာသည့် အချိန်တွင် ငါးကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



ခြေကုန်လက်ပန်း မကျသေးကြောင်း အဘိုးအို ရိပ်မိလေသည်။ မျှော်လင့်ချက် ကောင်းသော အချက်တစ်ချက်ကိုသာ တွေ့ရ၏။ ငါးမျှားကြိုးသည် ခပ်စောင်းစောင်း ဆင်းသွားသဖြင့် ငါးသည် သိပ်မနက်သော နေရာတွင် ကူးသွားလျက် ရှိကြောင်းကို သိနိုင်၏။ ထိုသို့ ကူးနေခြင်းကြောင့် ငါးကြီး ရေပေါ်သို့ ခုန်တက်လာမည်ဟု ကံသေကံမ မပြောနိုင်ချေ။ သို့သော်လည်း သူ ခုန်ချင် ခုန်တက်လာပေမည်။

'ဘုရားသိကြား မလို့ ခုန်တက်လာစမ်းပါစေဟာ။ သူ့ကိုထိန်းဖို့ ကြိုးတွေ ငါ့မှာ အလုံအလောက် ရှိပြီးသားပဲ' ဟု အဘိုးအိုက ပြောသည်။

"တကယ်လို့ ငါသာ ကြိုးကို ခုထက် နည်းနည်းပိုတင်းလိုက်နိုင်ရင် သူ့ပါးဟက် နာသွားပြီး ရေပေါ် တက်ချင် တက်လာမှာပဲ" ဟု သူ စဉ်းစားမိသည်။ "အခု နေ့ဘက်လည်း ရောက်လာပြီ။ သူ ခုန်လိုက်စမ်းပါစေ၊ ဒါမှ သူ့ကျောရိုးတစ်လျှောက်က အိတ်ကလေးတွေထဲ လေဝင်သွားပြီး ရေနက်ထဲကို ဆင်းသေနိုင်တော့မှာ မဟုတ်ဘူး"

အဘိုးအိုသည် ငါးမျှားကြိုးကို ပို၍တင်းအောင် ဆွဲကြည့်သည်။ သို့သော် ကြိုးမှာ ငါးနှင့် ချိတ်မိကတည်းက တောင့်တင်းအောင် ဆွဲထားသဖြင့် ထို့ထက် တင်းလွန်းလျှင် ပြတ်တော့မည့်ကဲ့သို့ ရှိသည်။ သူသည် နောက်ကို မှီအားပြု၍ ဆွဲမည်ပြုလိုက်စဉ် ကြိုးမှာ ဖွာကြမ်းနေသည်ကို စမ်းမိသဖြင့် ထို့ထက်ပို၍ အားစိုက်ရန် မသင့်တော့ကြောင်း သိသွား၏။ "ငါးမျှားကြိုးကို ငါ ဆောင့်ဆွဲလို့ မဖြစ်တော့ဘူး" ဟု သူ့ဘာသာ တွေးမိသည်။ တစ်ချက်ဆောင့်လျှင် ငါးမျှားချိတ် စူးဝင်နေသော အသားတွင် တစ်ခါကျယ်လာမည် ဖြစ်ရာ ငါးကြီး ရေပြင်သို့ ခုန်လာလျှင် ငါးမျှားချိတ် ကျွတ်ထွက်သွားနိုင်သည်။ နေသည် အတော် မြင့်တက်လာပြီဖြစ်ရာ အဘိုးအို၏ မျက်နှာသို့ နေရောင် တိုက်ရိုက်ထိုးခြင်း မရှိသဖြင့် နေသာထိုင်သာ ရှိလာ၏။

ငါးမျှားကြိုးတန်းပေါ်တွင် အဝါရောင် ရေမှော် ဒိုက်သရေများ



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ ...မင်း ဘယ်အရွယ် ရှိပြီလဲကွ။ ဒီတစ်ချို မင်းဘာသာမင်း ခရီး စထွက်ခဲ့တာလားကွယ့်'

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ငြိတင်နေ၏။ ယင်းဒိုက်သရောများကြောင့် ငါးကြီး ပို၍ အားစိုက်ပြီး ဆွဲရမည် ဖြစ်သည့်အတွက် အဘိုးအို ဝမ်းမြောက်နေသည်။ ထိုရေမှော်များသည် ညအခါ၌ မီးစုန်းရောင်တောက်သော အဝါရောင် ပင်လယ်ကွေ့ရေမှော်များ ဖြစ်သည်။

'ငါးကြီးရေ… မင့်ကို ငါ အလွန်ချစ်ပါတယ်၊ လေးစားပါတယ်။ ဒါပေမဲ့ ဒီတစ်နေ့မဝင်ခင်မှာတော့ မင်းကို ငါ အသေသတ်ရလိမ့်မကွယ့်'

"အင်း… ဒီအတိုင်း မျှော်လင့်ထားရမှာပဲလေ" ဟု သူ့ဘာသာသူ တွေးလိုက်သည်။ ငှက်ငယ်တစ်ကောင်သည် မြောက်အရပ်မှ လှေဆီသို့ ပျံ၍လာသည်။ ထိုငှက်သည် တေးသံကျူးတတ်သော အသံစာစာ ငှက် တစ်မျိုး ဖြစ်ပြီး ရေပြင်နားကပ်၍ နိမ့်နိမ့်ကလေး ပျံလာသည်။ ငှက်ကလေး မောပန်းလျက် လာကြောင်းကို အဘိုးအို မြင်နေရသည်။

ငှက်ကလေးသည် လှေပဲ့ပိုင်းတွင် ဝင်၍နားသည်။ ထိုနောက် အဘိုးအို၏ ဦးခေါင်းပေါ်တွင် လှည့်ပတ် ပျံသန်း၍ သက်သာသာသာ နေနိုင်မည့် ငါးမျှားကြိုးတန်းပေါ်တွင် ဝင်နားလိုက်သည်။

'ဟော့… မင်း ဘယ်အရွယ်ရှိပြီလဲကွ' ဟု အဘိုးအိုက မေးလိုက်သည်။ 'ဒီတစ်ချီဟာ မင်းဘာသာမင်း ခရီး စ ထွက်ခဲ့တာလားကွယ့်'

သူ စကားပြောသောအခါ ငှက်ကလေးက သူ့ကို ကြည့်နေလေသည်။ ငှက်ကလေးသည် နားလိုက်မိသော နေရာကိုပင် ဂရုမပြုနိုင်ဘဲ သေးသွယ်သော ခြေထောက်ကလေးများဖြင့် မြဲအောင်ကုပ်ရင်း ကြိုးတန်းပေါ်တွင် ယိမ်းထိုးနေလေသည်။

'ကြိုးက ငြိမ်ပါတယ်ကွ။ ငြိမ်လွန်းအားကြီးတောင် နေပါသေးတယ်။ ညက လေမကျဘဲနဲ့ မင်းက ဒါလောက် မောနေရသလားကွာ။ မင်းတို့ ငှက်တွေလည်း ဘယ်လိုများ ဖြစ်နေကြပါလိမ့်' ဟု အဘိုးအိုသည် ငှက်ကလေးကို စကားဆိုနေသည်။ .

"သိမ်းငှက်တွေကြောင့် နေမှာပဲ။ သူတို့ကို ပင်လယ်ထဲထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီးဖို့ လိုက်ရှာနေကြတာ ဖြစ်မယ်” ဟု သူက တွေးလိုက်သည်။ သို့သော် ထိုစကားကို ငှက်ကလေးအား မပြောပေ။ ပြောလျှင်လည်း ငှက်ကလေးက မည်သို့မျှ နားလည်နိုင်မည် မဟုတ်ပေ။ သိမ်းငှက်များအကြောင်းကို အချိန်တန်တော့ သူတို့ အလိုလို နားလည်လာလိမ့်မည်။

‘ခဏတစ်ဖြုတ် နားလိုက်စမ်းပါဦး ငှက်ကလေးရယ်။ ပြီးတော့မှ မင်းဘဝ ရပ်တည်ရေးအတွက် လူဖြစ်ဖြစ်၊ ငှက်ဖြစ်ဖြစ်၊ ငါးဖြစ်ဖြစ် ကြိုးစားရသလို တစ်နည်းတစ်လမ်းထွက်ပြီး ကြိုးစားဦးပေါ့’

စကား ပြောရသည်မှာ သူ့အဖို့ သက်သာရာ ရသည်။ အကြောင်းမှာ ညက တစ်ညလုံး ခါးတောင့်နေခဲ့ပြီး ယခုမူ တကယ် နာကျင်လာသော ကြောင့် ဖြစ်သည်။

‘မင်း သဘောကျ ငါ့ဆီမှာ နေချင်နေဦးလေ။ အခု ထလာတဲ့ လေကလေးနဲ့ ရွက်ဖွင့်ပြီး မင်းကို ပြန်ခေါ်မသွားနိုင်သေးတာတော့ စိတ်မကောင်းဘူးကွာ။ ဒါပေမဲ့ ငါ့မှာလည်း ငါ့မိတ်ဆွေနဲ့ နပန်းလုံးရတုန်း’

ထိုသို့ ပြောနေစဉ်မှာပင် ငါးသည် ရုတ်တရက်ရုန်း၍ ဆွဲလိုက်ရာ အဘိုးအိုသည် လှေဦးသို့ စိုက်ကျသွား၏။ လှေနံကို ကန်မထားဘဲ၊ ကြိုးကိုလည်း အလိုက်သင့် လျှော့မပေးဘဲ နေမည်ဆိုလျှင် သူသည် ရေထဲသို့ ဖောက်ထိုးကျသွားလိမ့်မည် ဖြစ်သည်။

ငှက်ကလေးသည် ကြိုးတုံ့လိုက်သည့် ခဏ၌ ထ၍ ပျံသွားခဲ့သည်။ အဘိုးအိုသည် ငှက်ပျံသွားသည်ကိုပင် မတွေ့လိုက်ချေ။ သူသည် မျှားကြိုးကို ညာလက်ဖြင့် ဆ၍ကြည့်လိုက်၏။ ဤတွင်မှ သူ့လက်တွင် သွေးများ ထွက်နေသည်ကို သတိထားမိသည်။

‘ဒီငါးတော့ တစ်ခုခုကြောင့် အတော်နာသွားတယ် ထင်တယ်’ ဟု အသံထွက်အောင်ပြောရင်း အဘိုးအိုသည် မျှားကြိုးကိုဖိ၍ ဆွဲတင်ကြည့်၏။ သို့သော် ကြိုးမှာ ပြတ်လုနီးပါး တင်း၍လာသောကြောင့် ဆက်၍မဆွဲဘဲ နဂိုအတိုင်း ကိုယ်ကို နောက်သို့မှေး၍ ခပ်တင်းတင်း ကိုင်ထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါးကြီးရေ... မင်းလည်း ငါးများဒဏ်ကို ကောင်းကောင်းကြီး ခံနေရပြီ။ ငါ့မှာလည်း မသက်သာဘူးဆိုတာ ဘုရား သိပါတယ်ကွာ'

သူသည် ယခုမှ ငှက်ကလေးကို လှည့်ပတ်ရှာဖွေ ကြည့်မိသည်။ အဖော်လိုချင်သောကြောင့် ဖြစ်၏။ ငှက်ကလေးကား မရှိတော့ပြီ။

"မင်းက ကြာကြာမနေဘဲကိုးကွယ့်။ ဒါပေမဲ့ မင်း ရှေ့ဆက်ရမယ့် ခရီးဟာ ကမ်းကို မရောက်မချင်း အေးမှာ မဟုတ်ဘူး။ ခုထက် ပိုကြမ်းလိမ့်မယ်။ အင်း ငါ့ကိုက သတိလစ်သွားပါတယ်။ ငါးက တစ်ချက် ဆောင့်ဆွဲလိုက်တာနဲ့ လက်တွေ စုတ်ပြတ်သွားပြီ။ ငါလည်း မေ့တတ်လျော့တတ်လာပြီထင်ရဲ့။ ဒါမှမဟုတ် ငှက်ကလေးကို ငါ ကြည့်ပြီး စိတ်ဝင်စားနေတာနဲ့ သတိလစ်သွားတာဖြစ်မယ်။ မဖြစ်ဘူး၊ ငါ့အလုပ်ကို ငါ အာရုံစိုက်မှ ဖြစ်မယ်။ ပြီးတော့ ကျူးနားငါးကိုလည်း ငါ စားမှ အားမယုတ်ဘဲ ရှိမှာ" ဟု သူ့ဘာသာသူ တွေးတောနေသည်။

'ကောင်လေး ပါလာရင် ကောင်းမှာပဲကွာ။ ပြီးတော့ ဆားယူလာခဲ့မိရင်လည်း အကောင်းသား' ဟု နှုတ်က ရေရွတ်နေသည်။

ငါးဆွဲထားသဖြင့် တင်းနေသောကြိုးကို ဘယ်ဘက်ပခုံးသို့ပြောင်း၍ တစ်လဲ သိုင်းပတ်ထားလိုက်ပြီးနောက် အဘိုးအိုသည် ဒူးကို ခပ်ဖြည်းဖြည်း ထောက်ချပြီး သူ့လက်ကို ပင်လယ်ရေတွင် စိမ်ထားလိုက်သည်။ လှေ ရွေ့လျားနေသောကြောင့် လက်ကို ရေတိုးနေ၏။ သူ့လက်မှ ထွက်သော သွေးများသည် ရေထဲတွင် ခြင်းခြင်းနီ၍ ကျန်ရစ်သည်။

'ဒီကောင် တော်တော်တော့ နှေးသွားပေါ့'

အဘိုးအိုသည် သူ့လက်ကို ဆားငန်ရည်ထဲတွင် ကြာရှည်စိမ်ထားချင်သော်လည်း ငါးကြီး နောက်တစ်ကြိမ် ဆောင့်၍ရုန်းလိုက်လျှင် ခက်မည်စိုးသောကြောင့် ဒူးထောက်ရာမှ ထ လိုက်၏။ ငါးများကြိုးနှင့် သူ့ကိုယ်ကို စလွယ်သိုင်းလိုက်ပြီး လက်ကို နေရောင်တွင် ထောင်ထားလိုက်သည်။ လက်မှာ ကြိုးပွတ်ဆွဲလိုက်သောကြောင့် ပွန်းပြတ်သွားသည့် ဒဏ်ရာမျှသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သို့သော် ကိုင်ရတွယ်ရသော နေရာကောင်းတွင် ထိခြင်းဖြစ်သည်။ ဤလွန်ပွဲ မပြီးမီ သူ့လက်များကို အသုံးချရဦးမည်ဖြစ်ကြောင်း သူ သိသည်။ အားမပြိုင်ရမီ ဤလက်ကို အနာတရ မဖြစ်စေလိုသေးပေ။

လက်ကို နေပြ၍ သွေ့သွားသောအခါတွင် 'ကိုင်း… ကျူးနားငါးကို စားလိုက်ဦးမှ။ ငါးကို မှိန်းနဲ့လှမ်းဆွဲပြီး အေးအေးသက်သာ စားလိုက်ဦးမယ်' ဟု ပြောသည်။

သူသည် ဒူးထောက်လိုက်ပြီး လှေပဲ့ချောင်ကွင်ထားသော ငါးကောင်ကို ကြိုးခွေများနှင့် လွတ်ကင်းရာ သူ့အနီးသို့ ဆွဲယူသည်။ ငါးမျှားကြိုးကို ဘယ်ဘက်ပခုံးသို့ ပြောင်း၍ တစ်ဖန် လက်ကတော့ သိုင်းလိုက်ပြီး ဘယ်ဘက် တံတောင်ကိုကွေး၍ လက်မောင်းနှင့် လက်ဖျံကို ချိတ်၍ကိုင်သည်။ ငါးကို မှိန်းမှချွတ်၍ မှိန်းကို နေရာတွင် ပြန်ထားသည်။ ဒူးတစ်ဖက်က ငါးကိုဖိ၍ ငါးခေါင်းမှ အမြီးဖျားအထိ နီမြန်းသော ကျောသားအမြှောင်းများကို လှီးယူသည်။ ငါးမြှောင်းများသည် သပ်ပုံသုံးထောင့်ဖြစ်ပြီး ကျောရိုးမှတစ်ဆင့် ဝမ်းဗိုက်ဘက်သို့ရောက်အောင် အမြှောင်းလိုက် လှီးယူလေသည်။ ခြောက်မြှောင်းမျှ လှီးယူပြီးသောအခါ၌ လှေဦးတွင် ဖြန့်ထားလိုက်၏။ ဓားကို ဘောင်းဘီနှင့်သုတ်၍ အရိုးသာ ကျန်တော့သော ငါး၏ကိုယ်ကြွင်းကို ရေထဲသို့ ပစ်ချလိုက်သည်။

'ငါလည်း တစ်ကောင်လုံးကို ကုန်အောင် စားနိုင်မယ် မထင်ပါဘူး လေ' ဟု ပြောပြောဆိုဆိုနှင့် ငါးအသားမြှောင်းတစ်ခုကို ဓားဖြင့် ပိုင်းယူသည်။ အမြဲ မှန်မှန်တင်းနေသော ငါးမျှားကြိုးကို သူ့ဘယ်လက်ကဆွဲ၍ ထိန်းထား ရသဖြင့် ကြွက်တက်လာတော့သည်။ တုပ်ရစ်ထားသော ငါးမျှားကြိုးများ အကြားတွင် ကုပ်ကွေးနေသော သူ့လက်ကိုကြည့်၍ စိတ်ပျက်ရသည်။

'ဘယ်လိုလက်မျိုးလဲ မသိပါဘူး။ ဒီလောက် ကြွက်တက်ချင်လှတာ တက်ဟာ၊ တက်လို့မက ကုပ်ကွေးချင် ကွေးသွားဦးကွာ။ ဘာမှလည်း အသုံးကျမှာ မဟုတ်ပါဘူး' ဟု ရေရွတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဖွေဆင်းသော ငါးမျှားကြိုးသွားရာ ရေနက်ထဲသို့ ငုံ့ကြည့်ရင်း "ထပ်ပြီး စားလိုက်ဦးမှ၊ ဒါမှ ငါ့လက် သန်ပြီးလာမှာ။ ကြွက်တက်တာလည်း လက်ရဲ့အပြစ် မဟုတ်ဘူး။ ငါးကို နာရီပေါင်းများစွာ ဆွဲထားရတော့ တက်ရောပေါ့။ ဒါပေမဲ့ ငါးနဲ့တော့ သူသေကိုယ်သေ နွဲ့ရမှာပဲ။ ဗိုနီတာငါးကို အခု ထပ်စားပေးမှ" ဟု စဉ်းစားနေမိသည်။

သူသည် ငါးတစ် တစ်တစ်ကို ပါးစပ်ထဲသို့ ထည့်ပြီး အမြဲ့မြဲ့ ဝါးလိုက်သည်။ အရသာမှာ မဆိုးလှချေ။

"ဝါးပေး၊ ဝါးပေး။ ရသမျှအရည်ကို ညှစ်စုပ်ပြီး ယူလိုက်စမ်း။ သံပရာရည်၊ ရှောက်ရည်ကလေး ဆမ်းပြီး ဆားနဲ့သာ စားလိုက်ရရင် ဆိုးမှာ မဟုတ်ဘူး" ဟုလည်း တွေးတောမိသည်။

'ကိုင်း ဘယ့်နှယ့်နေသေးလဲ ကိုရွှေလက်ရဲ့' ဟု ကြွက်တက်နေသဖြင့် လူသေကောင်လက်ကဲ့သို့ မာတောင့် ကုပ်ကွေး၍နေသော လက်ကို ကြည့်ရင်း ပြောလိုက်သည်။ 'နှင် ကောင်းသွားအောင် ငါ ထပ်စားလိုက်မယ်ဟာ...'

နှစ်ပိုင်း ပိုင်းထားသော ငါးသားတစ်မြှောင်းမှ ကျန်တစ်ပိုင်းကို ယူစားလိုက်၏။ သူသည် ငါးကို သေသေချာချာ ဝါးပြီးနောက် အရေခွံကို ထွေးထုတ်ပစ်လိုက်သည်။

'ဘယ့်နှယ့် ရှိသွားသတုံး လက်ကြီးရေ့၊ စောများ စောနေသေးလို့ မထူးခြားဘူး ထင်ပါ့'

ထိုနောက် ငါးတစ်မြှောင်းလုံးယူပြီး ဝါးနေပြန်သည်။

"ဒီငါးဟာ တကယ်သန်တဲ့ အသားကောင်းမျိုးပဲ။ လင်းပိုင်ကို မရဘဲ သူ့ကိုရခဲ့တာ ငါ့အဖို့ အရတော်တာပေါ့။ လင်းပိုင်ကတော့ ချိုလွန်းတယ်။ ဒီငါးကတော့ မချိုသလောက်ဘဲ။ အသားထဲမှာ အားတော့ အပြည့်ရှိတုန်းပဲ"

"တခြား ဘာကို လုပ်တာ မလုပ်တာ အပထား။ လက်ငင်းလုပ်ဖို့ သင့်တာကို လုပ်လိုက်ရတာ အံအကိုက်ဆုံးပဲ" ဟု သူ တွေးနေ၏။ "ဆားများ ပါခဲ့ရင် သိပ်ကောင်းမှာပဲ။ ကျန်တဲ့ ငါးသားကို နေထိလို့ ပုပ်သွားမလား၊



www.burmeseclassic.com

www.burmeseclassic.com



ခြောက်သွားမလား မသိဘူး။ ဒီတော့ မဆာပေမယ့် အကုန်လုံး စားပစ်မှ။ ချိတ်မိထားတဲ့ ငါးကြီးလည်း ဏ္ဍဖြေ့ရနေတာပဲ။ ငါးသားကို အကုန် စားလိုက်မယ်၊ ဒါမှ ငါ အသင့်ဖြစ်နေမှာ…" ဟု တွက်လိုက်သည်။

'နေလိုက်ဦး လက်ရေ့၊ မင်းအတွက် ငါးများများ စားပေးနေတာဟ' ဟု ပြောလိုက်သည်။

"ဒီငါးကြီး ငါ အစာကျွေးချင်ပါဘိတော့တယ်။ သူဟာ ငါနဲ့ ညီရင်းအစ်ကိုတမျှပဲ။ ဒါပေမဲ့ သူ့ကို ငါ သတ်ရတော့မှာပဲလေ။ သတ်နိုင်အောင်လည်း အားမွေးထားရမယ်" ဟု တစိုက်စိုက်တွေးရင်း အဘိုးအိုသည် မြှောင်းပြီးသား ငါးများအားလုံးကို ဖြည်းဖြည်းနှင့် ညက်အောင် ဝါးနေလေသည်။

သူသည် မတ်တတ်ရပ်လိုက်ပြီး လက်ကို ဘောင်းဘီနှင့် သုတ်လိုက်သည်။

'ကဲ… ကြိုးကို မင်း လွှတ်လိုက်ပေတော့ လက်ရေ့။ မင်း ကြွက်တက်မပြေသေးသမျှတော့ ညာလက်နဲ့ပဲ ငါ ကိုင်သွားတော့မယ်'

အဘိုးအိုသည် ဘယ်ဘက်လက်က ကိုင်ထားသော ကြိုးစကို ဘယ်ခြေထောက်ဖြင့် ဖိနင်း၍၊ ငါးဆွဲနေသော အားကို ကျောဖြင့်မှီ၍ ကျားကန်ထားလိုက်သည်။

'ဘုရားသိကြား မ လို့ ကြွက်တက်ပြေသွားပါစေဗျာ။ ငါးကြီးကလည်း ဘယ်လိုများ ဖောက်လာဦးမယ် မသိနိုင်သေးဘူး' ဟု ရေရွတ်လိုက်သည်။

"ဒါပေမဲ့ ငါးကြီးဟာ သူ့အကြံနဲ့သူ ငြိမ်နေသလိုပဲ။ သူ့အကြံက ဘယ်လိုများပါလိမ့်၊ ငါကကော ဘယ်လိုကြံမလဲ" ဟု တွေးနေမိသည်။ "ငါ့အဖို့တော့ ငါးကြီးက ကြံတော့ မိးစင်ကြည့်က သွားရမှာပဲ။ ရေပေါ် ခုန်တက်လာရင် သူ့ကို ငါ အသေသတ်နိုင်တယ်။ တကယ်လို့ ရေအောက်မှာ သူနေရင်တော့ ငါလည်း ဆက်ပြီး ခုလို နေသွားရတော့မှာပဲ…"

သူသည် ကြွက်တက်နေသော လက်ကို ဘောင်းဘီနှင့်ပွတ်၍



www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းများကို သွေးပူပြီး ပျော့ပျောင်းလာအောင် လုပ်ပေးသည်။ သို့သော် ကုပ်ကွေးနေသော လက်များသည် ပြန့်မလာပေ။ "နေပူရင်တော့ သွေးပူပြီး ပြန့်သွားမှာပဲလေ"ဟု သူ တွေးမိသည်။ "ဒါမှမဟုတ်လည်း စားထားတဲ့ငါးက အစာကြေသွားရင် အားရှိပြီး ပြန့်လာမှာပဲ။ တကယ်လို့ လက်ကိုဖြန့်မှ ဖြစ်မယ်ဆိုတဲ့ အရေးအကြောင်း ပေါ်လာရင်တော့ ဘာကြီးပဲ ဖြစ်နေနေ၊ ဒီလက်ကို မရ ရအောင် ဖြန့်ထုတ်ပစ်ရမယ်။ အခုတော့ နေပါစေဦးလေ။ အကြမ်းပတမ်း မလုပ်ချင်သေးပါဘူး။ သူ့အလိုလို ပြန်ကောင်းလာပါစေဦး။ ငါကလည်း တစ်ညလုံး သူ့ကိုပဲ အလုပ်များများ ပေးထားခဲ့တာကိုး။ ကြိုးတွေကိုဖြတ်ပြီး ချည်ရသေးတယ် မဟုတ်လား"

အဘိုးအိုသည် ပင်လယ်ပြင်ကို လှမ်းမျှော် ကြည့်လိုက်ရာ သူ တစ်ယောက်တည်း အထီးကျန်နိုင်လှသည်ကို သဘောပေါက်မိ၏။ ရေနက်ထဲတွင် အလင်းရောင်စဉ်ကွက်များကို တွေ့နိုင်ပြီး ကြိုးတန်းဆင်း သွားသည်ကို တွေ့ရ၏။ ငြိမ်သက်သော ပင်လယ်တွင် ထူးဆန်းသော လှိုင်းအိကလေးများ ထ နေကြသည်။ လေပြန်လှောက်သဖြင့် တိမ်တိုက်များ ဖြစ်ထွန်းစပြုနေသည်။ ရှေ့ဆီတစ်ခိုသို့ ကြည့်လိုက်သောအခါ ရေဘဲများသည် မိုးကောင်းကင်ကို နောက်ခံထားကာ ရေပြင်ထက်၌ ပျံသန်းနေကြသည်။ တစ်ခါတစ်ရံ အကောင်အထည် မပီ၊ ဝါးသွားသည့်အခါ သွား၍ ရုပ်လုံးပြတ်သားသည့်အခါ ပြတ်သားသည်။ ထိုအခြင်းအရာကို မြင်သောအခါ ပင်လယ်၌ပင်ဖြစ်စေ၊ လူသတ္တဝါမှာ သူတစ်ဦးတည်းသာ မဟုတ်ပါတကားဟု တွေးမိပြန်သည်။

အချို့သူတို့မှာ လှေငယ်ကလေးဖြင့် ကမ်းခြေပျောက်သော အရပ်အထိ ငါးဖမ်းထွက်ရန် ကြောက်ရွံ့ကြသည်။ လေမုန်တိုင်းထန်၍ ရုတ်တရက် အစိုးမရသော ရာသီများ၌ သူတို့ ထင်မြင်ပုံ မှန်သော်လည်း ယခုလို မုန်တိုင်းရာသီ၌ မုန်တိုင်းကင်းသော အချိန်ကာလပိုင်းမှာ အကောင်းဆုံးအခါ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ပြင်သို့ ရောက်ရှိနေသောအခါ လေမုန်တိုင်းကျတော့မည် ဆိုလျှင် မုန်တိုင်း၏ အရိပ်လက္ခဏာများကို ရက်ပေါင်းအတော်ကြာက ကြို၍ မြင်နေရလေ့ ရှိသည်။ ကမ်းခြေတွင် ရောက်ရှိနေပါမူကား ဘာကို အကဲခတ်ရမှန်း မသိသဖြင့် မုန်တိုင်းကို ကြိုပြီး မသိနိုင်ကြပေ။ ကုန်းပေါ်တွင် နေရသော သူတို့တွင် တိမ်၏ လက္ခဏာများသည် တစ်မျိုးတစ်ဘာသာ ဖြစ်နေပေလိမ့်မည်။ ယခု လောလောဆယ်မှာကား မုန်တိုင်းလာမည့် အကြောင်း မရှိပေ။

အဘိုးအိုသည် ကောင်းကင်သို့ မော်ကြည့်လျက် တိမ်တောင်များ ဖြူဖြူဖွေးဖွေး အလိပ်လိုက်ကို နှစ်သက်စဖွယ် မြင်နေရသည်။ ထို့ထက် မြင့်သော ကောင်းကင်ယံတွင် တိမ်မျှင်များသည် စက်တင်ဘာလ ကောင်းကင်တွင် တဖွေးဖွေး ထပ်လျက်ရှိ၏။

'လေကလေးတော့ ဖြူးလာပြီ။ ရာသီဥတုကတော့ ငါ့ဘက်က ပါနေပြီ ငါးကြီးရေ့.'

သူ၏ ဘယ်ဘက်လက်မှာ ကြွက်တက်ဆဲ ဖြစ်သည်။ သို့သော် တဖြည်းဖြည်းနှင့် ပြေ၍ လာနေသည်။

"ကြွက်တက်တာများ တယ်မုန်းဖို့ကောင်းတယ်။ ကိုယ့်ကိုယ်ကာယက ကိုယ့်ကိုပြန်ပြီး သစ္စာဖောက်တာမျိုးပဲ။ အစာဆိပ်သင့်လို့ ဝမ်းဖောရင်ပဲ ဖြစ်ဖြစ်၊ အော့ရ အန်ရတာပဲ ဖြစ်ဖြစ် တခြားလူတွေမြင်ရင် တယ်ရှက်ဖို့ကောင်းတာ။ ဒါပေမဲ့ ကြွက်တက်တာကတော့ ကိုယ့်တစ်ယောက်တည်း ရှိတုန်းဆိုရင် ပိုပြီး ဆိုးတာပေါ့။


"တကယ်လို့ သူငယ်ကလေးသာ ပါခဲ့ရင် ငါ့လက်ကို တံတောင်ဆစ်က ဖြိုပြီး နှိပ်ပေးမှာ၊ ဆုပ်နယ်ပေးမှာပဲ။ အင်း... ခုတော့ သူ့ဘာသာသူ သက်သာ သွားမှာပေါ့လေ"

ထို့နောက် အဘိုးအိုသည် ငါးမျှားကြိုး အလျှော့အတင်းကို ညာလက်ဖြင့် စမ်းသပ်ကြည့်လိုက်သည်။ ကြိုးသည် ရေထဲသို့ စိုက်မနေတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ငါးကြီး ဘွားခနဲ ပေါ်လာ၏။ ရေပေါ်သို့ လျှားခနဲ ထိုးတက်လာပုံမှာ အတော် ကြာ၏။ ငါးကြီးကိုယ်ဘေးမှ ရေများ တဖွားဖွား စီးကျနေသည်။ ငါးကြီးသည် နေရောင်တွင် ပြောင်လက်နေ၏။ ဦးခေါင်းနှင့် ကျောပိုင်းတို့မှာ ခရမ်းရင့်ရောင် ရှိပြီး ကိုယ်ဘေးမှ ထင်းနေသော အစင်းကြီးများမှာ ပြာလဲ့ရောင် ထ နေ၏။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အနေ တစ်မျိုး ပြောင်းလာသည်။ ကြိုးကို မွေးထားပြီး ဘယ်လက်ကို ပေါင်နှင့် ခပ်ပြင်းပြင်း ပုတ်ပေးနေစဉ်၌ ကြိုးသည် ရေပေါ်သို့ ခပ်တန်းတန်း ပေါ်တက်လာသည်ကို တွေ့ရ၏။

'ဟော... ငါးကြီး တက်လာပြီ။ ကောင်းလိုက်စမ်းပါ လက်ရယ်၊ ကောင်းလိုက်စမ်းဟာ'

ငါးမျှားကြိုးတန်းသည် တဖြည်းဖြည်း မြင့်တက်လာသည်။ ထို့နောက် လှေရှေ့ဘက်ရှိ ရေပြင်သည် ခုံးမို့၍လာပြီး ငါးကြီး ဘွားခနဲ ပေါ်လာ၏။ ရေပေါ်သို့ လျှားခနဲ ထိုးတက်လာနေပုံမှာ အတော်ကြာ၏။ ငါးကြီးကိုယ်ဘေးမှ ရေများ တဖွားဖွား စီးကျနေသည်။ နေရောင်တွင် ငါးကြီးသည် ပြောင်လက်၍ နေ၏။ ခေါင်းပိုင်းနှင့် ကျောပိုင်းတို့မှာ ခရမ်းရင့်ရောင်ရှိပြီး ကိုယ်ဘေးမှ ထင်းနေသော အစင်းကြီးများမှာ ပြာလဲ့ရောင် ထ နေသည်။ ငါးနှုတ်သီးကြီးမှာ ဘေ့စ်ဘောရိုက်တံမျှ ရှည်လျားပြီး ဓားလွယ်ကဲ့သို့ အဖျားရှူးသော ပုံသဏ္ဌာန်ရှိ၏။ ငါးကြီးသည် ရေထဲမှ တစ်ကိုယ်လုံး ကျွတ်ကျွတ်လွတ်လွတ် ထိုးတက်လာပြီး ရေထဲသို့ လျှောခနဲ ပြန်၍ စိုက်ဆင်းသွားသည်မှာ ကျွမ်းထိုးဆင်းလိုက်သည်နှင့်ပင် တူသေးတော့သည်။ အဘိုးအိုသည် ရေထဲသို့ ပြန်ကျသွားသော တံစဉ်ကောက်ကြီးနှင့်တူသော ငါးမြီးပိုင်းကြီးကိုလည်း မြင်လိုက်ရ၏။ ထိုခဏတွင် ငါးမျှားကြိုးများသည် ငါးနောက်သို့ တန်းခနဲ ပါထွက်သွားနေကြသည်။

'ငါးဟာ ငါ့လှေထက်တောင် နှစ်ပေပိုရှည်သေးတယ်' ဟု အဘိုးအို၏ နှုတ်က ရွတ်လိုက်၏။ ငါးမျှားကြိုးတန်းသည် ငါးနောက်သို့ ပြေ၍ ပြေ၍ လိုက်သွားသည် မှန်သော်လည်း ငါးကြီး အလန့်တကြား ဖြစ်နေပုံ မရချေ။ အဘိုးအိုသည် ငါးမျှားကြိုးပြတ်၍ မသွားအောင် လက်နှစ်ဖက်ဖြင့် ယုံး၍ ကိုင်ပေးနေရ၏။ ဤသို့မှ ဖိ၍ဖေး၍ အရှိန်သတ်မပေးလျှင် ငါးသည် ကြိုးဆုံးအောင် ဆွဲပြေးပြီးနောက် ကြိုးပြတ်ထွက်အောင် လုပ်ပေလိမ့်မည်။

"တော်တော်ကြီးတဲ့ ငါးပေပဲ။ ငါ သူ့ကို ချော့ပေးရမယ်။ သူသာ

www.burmeseclassic.com



ကြိုးဆုံးအောင် ဆွဲပြီးသွားရင် သူ့အားကြီးနဲ့ ကြိုးပြတ်သွားနိုင်တယ်။ ဒီအထိ ငါ ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ဘူး။ ငါသာ သူ့နေရာမှာ ဆိုရင်တော့လား၊ ကြိုးပြတ်တဲ့အထိ အားကုန် ရုန်းသွားမှာပဲ။ ဒါပေမဲ့ ငါးဟာ သူတို့ကို ဖမ်းနေတဲ့ လူတွေလောက် အသိဉာဏ်မရှိတာ ဘုရားသိကြား မ တယ်လို့ ထင်ရသေးတယ်။ သူတို့ဟာ တို့ထက်တော့ အပြစ်လည်းကင်း၊ ခွန်အား လည်း ကြီးကြပေတယ်" ဟု သူ တွေးနေသည်။

အဘိုးအိုသည် ကြီးမားသော ငါးကြီးများကို တွေ့ခဲ့ဖူးလှပြီ။ တစ်ကောင်လျှင် ပေါင်ချိန်တစ်ထောင်ကျော်စီးသော ငါးကြီးများကို တွေ့ခဲ့ ရဖူးပြီး၊ ထိုငါးမျိုးနှစ်ကောင်ကိုလည်း သူ့တစ်သက်တာတွင် ဖမ်းမိခဲ့ဖူးသည်။ သို့သော် သူတစ်ဦးတည်း ဖမ်းယူသည် မဟုတ်ချေ။ ယခုသော် ကမ်းမမြင် လမ်းမမြင် ပင်လယ်ထဲ၌ သူ မြင်ဖူးသမျှ၊ ကြားဖူးသမျှ ငါးထဲ၌ အကြီးဆုံး ဖြစ်သော ငါးကြီးတစ်ကောင်နှင့် တစ်ဦးချင်း ရင်ဆိုင်နေရချေပြီ။ သူ၏ ဘယ်လက်မှာလည်း သိမ်းငှက်ခြေထောက်ကဲ့သို့ ကုပ်ကျစ်ကောက်ကွေး လျက် နေဆဲပင် ဖြစ်လေသည်။

"ဒီလက်ဟာ ပျောက်သွားမှာပါ၊ ညာလက်ကို ကူပြီးလုပ်ပေးဖို့ သေချာပေါက်ကို ပျောက်သွားရမယ်။ ဒီလက်နှစ်ဖက်ရယ်၊ ဒီငါးကြီးရယ်ဟာ သုံးဦးသော အဆွေအမျိုးတွေပဲ။ ဒါကြောင့် ကြွက်တက်တာဟာ ပြေကို ပြေရမယ်။ ကြွက်တက်နေရင် ဘာအသုံးကျတော့မှာလဲ" ဟု တွေးတော နေသည်။

ငါးသည် တစ်ဖန် နှေးကွေးသွားလေသည်။ သူ့နှုန်းအတိုင်းပင် ပုံမှန် ပြန်၍ ကူးခပ်လျက် ရှိ၏။

"ဒီကောင်ကြီးဟာ ဘာ့ကြောင့်များ ခုန်တက်ပြီး ပြလိုက်ပါလိမ့်။ သူ့ကိုယ်သူ ဘယ်လောက်ကြီးတယ်ဆိုတာ ငါ့ကို ပြချင်တဲ့ သဘောပဲ ပဲလား။ အင်း... ငါ သိပြီ၊ ငါကလည်း ဘယ်လိုလူစားဆိုတာ ပြလိုက်စမ်းချင် ပါဘိတယ်။ ဒီလိုပြလိုက်ရင် ကြွက်တက်နေတဲ့လက်ကို သူ သိသွားဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ငါ့မှာ တကယ်အားရှိတာထက် ပိုတယ်လို့ သူ ထင်နေပေစေ။ ပိုအောင်လည်း ငါ လုပ်ရမယ်။ ငါသာ ငါးဖြစ်လိုက်ချင်တယ်။ ငါ့ဉာဏ် ငါ့စိတ်အားမျိုးက လွဲရင် သူ့မှာ အကုန်ရှိတာပဲ"

သူသည် လှေဦးတုံးကို သက်သက်သာသာမှီကာ ပင်ပန်းကြီးစွာဖြင့် နေသားတကျရှိအောင် ပြင်ထိုင်လျက် ဖြည်းဖြည်းမှန်မှန် ဆွဲ၍သွားနေသော ငါးကြီး၏နောက်သို့ ရေပြာထက်တွင် လှေနှင့်အတူ ပါနေရပြန်သည်။ အရှေ့လေ တိုက်လာသောကြောင့် ပင်လယ်တွင် လှိုင်းအနည်းငယ် ထကြွစ ပြု၏။ မွန်းတည့်ချိန် ရောက်သောအခါ သူ၏ ဘယ်လက်သည် ကြွက်တက်ပြေ၍ သွားလေသည်။

'မင်းအတွက်တော့ မကောင်းသတင်းပဲ ငါးကြီးရေ...' ဟု သူက ပြောရင်းဖြင့် ပခုံးပေါ်တွင် သိုင်းထားသော ငါးမျှားကြိုးတန်းကို ဂုန်နီအိတ်ပေါ်တွင် နေရာတစ်လဲ ရွှေ့ပေးလိုက်သည်။

သူသည် နေသားတကျရှိသော်လည်း ဝေဒနာကိုကား ခံစားနေရလေသည်။ ထိုသို့ ခံစားနေရခြင်းကို စိတ်က မသိကျိုးကျွန် ပြုထားသည်။

'ကျုပ်ဟာ ဘုရားနဲ့ တရားနဲ့ နီးစပ်တဲ့လူတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီငါးကြီးကိုသာ မိမယ်ဆိုရင် ဘုရားကိုယ်တော်မြတ်နဲ့ မယ်တော်မာရီကို ဆယ်ခါလောက် ရှိခိုးမယ်။ ငါးကိုသာ ဖမ်းမိမယ်ဆိုရင် မယ်တော်ကိုဗာဆီကို ဘုရားဖူးတစ်ခေါက်လောက် သွားမယ်လို့ အာမဘာန္တေ ခံပါတယ် အရှင်'

အဘိုးအိုသည် ဘုရားရှိခိုးများကို ကြက်တူရွေးရွတ်သကဲ့သို့ ရွတ်နေသည်။ သူ့မှာ ပင်ပန်းလွန်းသောကြောင့် ဘုရားရှိခိုးများကို တစ်ချက်တစ်ချက်တွင် မှန်အောင် မရွတ်နိုင်တော့ပေ။ ထို့ကြောင့် အဆက်အစပ် မှန်စေရန် ခပ်သွက်သွက်ဖြင့် ရွတ်လေသည်။ သူ့စိတ်ထဲတွင် မယ်တော်မာရီ ဘုရားရှိခိုးက ပို၍ ရွတ်ဆိုရ လွယ်သည်ဟု ထင်မိသည်။

'ထာဝရဘုရားနှင့်အတူ ရှိတော်မူသော ကျေးဇူးရှင် မယ်တော်မာရီ၊



www.burmeseclassic.com

www.burmeseclassic.com



စောင်မတော်မူပါ။ ထူးမြတ်သော အရှင်မ၏ ဝမ်းကြာတိုက်မှ ယေရှုခရစ်တော် ပေါ်ထွန်းရသဖြင့် အမျိုးသမီးများတွင် အထွတ်အမြတ် ဖြစ်ပါပေ၏။ အို ...ဘုရားသခင်၏ မယ်တော်ဖြစ်သော ကျေးဇူးရှင် မာရီ၊ ဒုစရိုက်သားဖြစ်သော ကျွန်တော်မျိုးတို့အတွက် လက်ငင်းအားဖြင့် လည်းကောင်း၊ ကွယ်လွန်သောအခါ၌ လည်းကောင်း ဆုမွန်ကောင်းများ ပေးတော်မူပါ။ အာမင်'

ဤသို့ ရွတ်ဆိုလိုက်ပြီးနောက် 'စင်ကြယ်သော ကျေးဇူးရှင် မယ်တော်မာရီ၊ ထူးဆန်းသော ဤငါးကြီးကို အသေသတ်နိုင်အောင် ဆုတောင်းပေးပါတော့' ဟု အဆစ်ထည့်၍ ဆုတောင်းလိုက်သည်။

ဘုရားရှိခိုးပြီးနောက် အဘိုးအိုသည် အတော် စိတ်ချမ်းသာသွား၏။ နာကျင်ခံစားနေရခြင်းကား လျော့ပါးသည် မရှိပေ။ ပို၍ပင် ဆိုးလာသည် ထင်၏။ သူသည် လှေဦးတုံးကိုမှီ၍ သူ၏ ဘယ်ဘက်လက်ချောင်းကလေးများကို စက်ရုပ်ကဲ့သို့ ကွေးချည်၊ ဆန့်ချည် ပြုလုပ်ပေးလျက် ရှိသည်။

နေမှာ အတော်ပြင်းလာပြီး လေသည် တဖြည်းဖြည်း ပို၍ ထလာ၏။

"လှေပဲ့က ငါးမျှားကြိုးကို ငါးစာ ထပ်ထည့်ဦးမှပဲ။ ရေအောက်က ငါးကြီးဟာ နောက်တစ်ညထပ်ပြီး နေဦးမယ်ဆိုရင် ငါ့မှာ စားဖို့လိုလိမ့်ဦးမယ်။ ပုလင်းထဲက ရေလည်း ဖင်ကပ်ဖြစ်နေပြီ။ ဒီတစ်ဝိုက်မှာတော့ လင်းပိုင်ကိုပဲ ငါ ဖမ်းလို့ ရစရာရှိတယ်။ လတ်လတ်ဆတ်ဆတ် စားရမယ်ဆိုရင်တော့ ဒီငါးလည်း မဆိုးပါဘူး။ ဒီည ငါးပျံတစ်ကောင်လောက် လှေပေါ်ကျလာရင်လည်း အကောင်းသား။ ဒါပေမဲ့ ငါးပျံတွေလာအောင် မီးရောင်ပြပေးဖို့ ငါ့မှာလည်း မပါဘူး။ ငါးပျံဆိုရင် အစိမ်းစားလို့လည်း ကောင်းတယ်၊ ခုတ်ထစ်နေစရာလည်း မလိုတော့ဘူး။ ငါ့မှာ ရှိသမျှ အားတွေ စုထားမှ၊ ငါးကြီးကလည်း ကြီးပါဘိသနဲ့" ဟု တွေးနေမိသည်။

'ဒီငါးကြီး ဘယ်လောက် ကြီးနိုင်မလဲကွာ။ ငါကတော့ သင်းကို သတ်ကို သတ်ရတော့မှာပဲ' ဟု သူ့နှုတ်က ရွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုလို လုပ်ရမှာ တရားတော့ မတရားဘူး။ ဒါပေမဲ့ လူတစ်ယောက်ဟာ ဘယ်လောက် အစွမ်းရှိပြီး ဘယ်လောက် ဇွဲနပဲကြီးတယ်ဆိုတာ ဒီငါး သိအောင် ပြရမယ်"ဟု စဉ်းစားမိပြန်သည်။ "ငါဟာ လူဆန်းကြီးပဲလို့ သူငယ်လေးကို ပြောဖူးတယ်။ အခုအချိန်ဟာ ဒီစကားကို သက်သေထူရမယ့် အချိန်ပဲ"

သူသည် ဤကဲ့သို့ သက်သေထူမည်ဟု ကြုံးဝါးခဲ့ပေါင်း များပြီ ဖြစ်သော်လည်း အရာမထင်ခဲ့ချေ။ ယခုလည်း ကြုံးဝါးရပြန်လေပြီ။ တစ်ကြိမ် ရောက်လျှင် တစ်ခါ အသစ်ဖြစ်သည့်အတွက် ဟိုတုန်းက ဘာပဲ ပြောခဲ့ဖူး သည် ဖြစ်စေ၊ သူ မစဉ်းစားပေ။ လက်ငင်းကိစ္စသာ သူ့အတွက် အရေးကြီး သည်။

"ဒီငါးကြီး အိပ်ပျော်သွားရင် ကောင်းမယ်။ ဒါမှ ငါလည်း အိပ်ရပြီး ခြင်္သေ့တွေအကြောင်းကို အိပ်မက် မက်နိုင်မှာ။ ငါလည်း တစ်ဆိတ်ရှိရင် ခြင်္သေ့တွေအကြောင်းကိုပဲ စိတ်ရောက်ပြီးနေရတာ ဘာကြောင့်ပါလိမ့်။ ကဲပါလေ၊ ဒါတွေ တွေးမနေပါနဲ့။ လှေနံကိုမှီပြီး နားလိုက်ဦး၊ ငါးကြီးက လှုပ်ရှားနေတာနော။ ငါက တတ်နိုင်သလောက် မလှုပ်ရှားဘဲ အားမွေးပြီး နေရမှာ" ဟု သူ့ကိုယ်သူ ပြောနေ၏။

ဤသို့ တွေးတောလိုက်၊ မြည်တမ်းလိုက် လုပ်နေစဉ်မှာပင် မွန်းလွဲ ပိုင်းသို့ ချဉ်းခဲ့ပြီ။ လှေကလေးသည် တရွေ့ရွေ့ မှန်မှန်ပါလျက် ရှိ၏။ အရှေ့ဘက်မှ လေပြည်တိုက်ခတ်လာသောကြောင့် လှေကလေးမှာ ငါးဆွဲ သလောက် ခရီးမပေါက်ဘဲ လေဆန်တွင် ခပ်နှေးနှေးသာ ပါလျက်ရှိ၏။ လှိုင်းအိမျှားကို ကျော်ဖြတ်ရင်း သက်သက်သာသာ ရှိခိုက်ဖြစ်ရာ အဘိုးအို၏ ကျောတွင် သိုင်းထားရသော ကြိုး၏ဒဏ်မှာ နေသာထိုင်သာ ရှိလေသည်။

ညနေပိုင်းသို့ ရောက်သောအခါ ရေထဲမှ ငါးမျှားကြိုးသည် ခပ်တန်း တန်း ဖြစ်လာပြန်သည်။ သို့သော် ငါးသည် ရေပေါ်တက်လာခြင်း မဟုတ်ဘဲ ယခင်ထက် အနည်းငယ်တိမ်သော ရေလွှာသို့တက်၍ ကူးခပ်နေခြင်းမျှသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နေသည် အဘိုးအို၏ ကျောဘက်နှင့်၊ လက်ဝဲဘက်လက်မောင်းနှင့် ပခုံးတို့အပေါ်သို့ ကျရောက်နေ၏။ ဤသည်ကို ထောက်၍ ငါးသည် အရှေ့မြောက်ဆီသို့ ဆွဲသွားနေကြောင်း သူ သိရသည်။

သူသည် ငါးကြီးကို တစ်ကြိမ်မြင်ဖူးပြီဖြစ်ရာ ဝမ်းဗိုက်အောက်မှ ဆူးတောင်ကြီးများကိုဖြန့်၍ အမြီးကော့ကြီးကိုထောင်ကာ ရေထဲတွင် ကူးခပ်သွားနေသည်ကို စိတ်ဖြင့် မှန်းကြည့်၍ ရလေသည်။ ထိုမျှနက်သော ရေထဲတွင် ငါးကြီးသည် ဘယ်မျှဝေးဝေး မြင်နိုင်လိမ့်မည်ကို အဘိုးအို သိချင်နေမိသည်။ ငါးကြီး မျက်လုံးမှာ ကြီးလှသည်။ သူ့ထက် မျက်လုံးသေးသော မြင်းသတ္တဝါမှာ မှောင်ထဲ၌ မြင်နိုင်စွမ်းရှိ၏။ မိမိကိုယ်တိုင်လည်း တစ်ကြိမ်သောအခါက မှောင်ထဲတွင် မြင်နိုင်စွမ်း ရှိခဲ့ဖူး၏။ ပိတ်ပိတ်ပိန်းမှောင်သော အမှောင်ထဲတွင်ကား မဟုတ်ပေ။ သို့သော် ကြောင်တစ်ကောင်လောက် နီးပါး အမြင်သန်ခဲ့လေသည်။

အဘိုးအို၏ ဘယ်လက်မှာ နေရောင်ကြောင့် လည်းကောင်း၊ လက်ချောင်းများကို လှုပ်ရှားပေးနေသဖြင့် လည်းကောင်း ကြွက်တက်ခြင်း လုံးဝ ပျောက်သွားပြီ ဖြစ်၏။ ထို့ကြောင့် ဘယ်လက်ကို ပို၍ အားပြုလာနိုင်၏။ ပခုံးကို တစ်ချက်တစ်ချက်တွန့်လျက် သိုင်းထားသော ကြိုး၏ဒဏ်ကို အတန်ငယ် ပြေရာပြေကြောင်း ရှာရလေသည်။

'ငါးကြီးရယ် အခုထိတောင် မင်း မမောသေးဘူးဆိုရင် မင်းဟာ တော်တော်အံ့သြဖို့ကောင်းတဲ့ အကောင်ကြီးပါလားကွာ' ဟု ရေရွတ်လိုက်သည်။

အဘိုးအိုသည် အတော်ပင်ပန်းလျက် ရှိပြီ။ မိုးလည်း မကြာမီ ချုပ်ပေတော့မည်။ ထို့ကြောင့် တောင်မြောက်လေးပါး စိတ်ဝင်စားမိအောင် ကြိုးစား၍ အကြောင်းရှာရ၏။ သူသည် ဘေ့စ်ဘောရိုက်ပွဲအကြောင်းကို တွေး၏။ နယူးယော့မှ ယန်းကီးအသင်းနှင့် ဒက်ထရွိုက်မှ ကျားအသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်းကိုလည်း သူ သိထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ဆိုရင် ဘောပွဲသတင်းကို ငါ မကြားရတာ ဒုတိယမြောက်နေ့ပဲ။ ဒါပေမဲ့ ဒီမက်ဂီယိုကြီးတို့ နိုင်မယ်ဆိုတာ ငါ ကျိန်းသေတွက်နိုင်ပါတယ်။ ခြေဖနောင့်မှာ ကြက်ဆူးရိုးတက်နေတာတောင်မှ ဒီကောင်ကြီး အမှားအယွင်း မရှိ၊ ကောင်းကောင်း ကစားသွားနိုင်သေးတာ။ ဖနောင့်မှာ ကြက်ဆူးရိုးတက်နေတယ်ဆိုတာ ဘယ်လိုပါလိမ့်။ ဖနောင့်ကို ကြက်ခွပ်ခံရသလိုပဲ နာကျင်နေမလား။ ငါသာဆိုရင် ဒါမျိုးကို မဆိုထားနဲ့၊ တိုက်ကြက်တွေလို မျက်လုံး တစ်ဖက်၊ ဒါမှမဟုတ် နှစ်ဖက်စလုံး ကန်းနေတာတောင်မှ ဆက်ပြီးခွပ်ကြသလို ခံနိုင်ရည်ရှိမယ် မထင်ပါဘူး။ ဪ... လူဆိုတာဟာ ကြက်ငှက်ကြီးတွေ၊ တိရစ္ဆာန်ကြီးတွေနဲ့ စာလိုက်ရင်တော့လည်း ဘာမျှ ပိုမစွမ်းပါကလားနော်။ ဒါပေမဲ့ ငါကတော့ အခု ရေနက်ထဲမှာရှိတဲ့ ငါးသတ္တဝါကြီးပဲ ဖြစ်လိုက်ချင်သေးတယ်" ဟု အစဉ်တစိုက် တွေးနေမိသည်။

'ငါးမန်းကြီးတွေ မလာပါစေနဲ့ဗျာ၊ ငါးမန်းတွေသာ ရောက်လာရင်တော့ ငါးကြီးရော၊ ငါရော ဘုရားတရတော့မှာပဲ' ဟု ရေရွတ်လိုက်သည်။

"ငါတို့ အထင်ကြီးတဲ့ ဒီမက်ဂီယိုဆိုရင် အခုလို ငါးကြီးတစ်ကောင်နဲ့ သူနိုင်ကိုယ်နိုင် အပြိုင်ဆွဲပြီး ငါ့လို နေနိုင်ပါ့မလား မသိဘူး။ သူကတော့ အသက်လည်းငယ်၊ အားခွန်ဗလလည်း ကောင်းတုန်းဆိုတော့ ငါ့ထက်တောင် ပိုချင်ပိုမှာပဲလေ။ သူ့အဖေလည်း တံငါတစ်ယောက်ပဲလို့ ဆိုတာပဲ"

ဤသို့ တွေးတောရင်း နေဝင်သွားလေသည်။ ထိုအချိန်တွင် သူ့ကိုယ်သူ အားတက်စရာ အဖြစ်အပျက်တစ်ခုကို ပြန်၍ သတိရမိသည်။ ကာဆာဗလန်ကာဆိပ်ကမ်းမြို့ ထမင်းဆိုင်တစ်ခုတွင် ရောက်ခဲ့စဉ်က စီယင်ဖွယ်ဂိုမြို့မှ နီဂရိုးကြီးတစ်ယောက်နှင့် လက်လှဲပြိုင်ခဲ့ဖူးသည်။ နီဂရိုးကြီးသည် ထိုဆိပ်ကမ်း၌ အသန်ဆုံးသူ ဖြစ်သည်။ သူတို့နှစ်ဦးသားသည် စားပွဲပေါ်တွင် မြေဖြူခြင့် စည်းသား၍ စည်းပေါ်တွင် တံတောင်များထောက်ပြီး လက်မောင်းနှစ်ဖက်ကိုထောင်၍ ပူးယှက်လျက် လက်သီးချင်း ဆုပ်ညှစ်ကာ လက်လှဲပြိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြရာ တစ်နေ့နှင့် တစ်ညတိတိ ကြာခဲ့သည်။ တစ်ယောက်က တစ်ယောက်၏ လက်ကို စားပွဲပေါ်သို့ လန်ကျသွားအောင် အားကုန်ဖိချသည်။ ထိုပွဲတွင် လောင်းကြေးထပ်ကြသူ အတော်များ၏။ လူများသည် ရေနံဆီမီးရောင်အောက်တွင် အခန်းထဲသို့ ဝင်ချည်ထွက်ချည် ပြုနေကြသည်။ သူသည် နီဂရိုးကြီး၏ လက်သီးနှင့် မျက်နှာတို့ကို စေ့စေ့ကြည့်ပြီး ဖွဲ့ခတ်နေခဲ့သည်။ ပထမ ရှစ်နာရီမျှ အကြိတ်အနယ် ဖြစ်နေပြီး နောက်ကျန်နာရီပိုင်းများတွင် ဒိုင်လူကြီးများ အိပ်ချိန်ရစေရန် တစ်ဦးလျှင် လေးနာရီကျဖြင့် အလှည့်ပေးရသည်။ သူတို့သည် တစ်ဦးကိုတစ်ဦး မျက်နှာကို တွေတွေ ကြိတ်၍ကြည့်ရင်း အားပြိုင်နေကြရာ သူ၏လက်သည်းများနှင့် နီဂရိုးကြီး၏ လက်သည်းများကြားမှ သွေးများ ယိုစီးထွက်လာကြသည်။ လောင်းကြေးထပ်ထားသူများမှာ အခန်းတွင်းသို့ ဝင်လိုက်၊ အပြင်ထွက်လိုက် ရှိကြဆဲဖြစ်ပြီး အခန်းဘေးတွင် ချထားသော ကုလားထိုင်မြင့်ကြီးများပေါ်၌ ထိုင်သူက ထိုင်နေကြသည်။ အခန်းနံရံများမှာ အပြာရောင်လွင်လွင် သုတ်ထားပြီး ရေနံဆီမီးရောင်ကြောင့် ထွက်သော အရိပ်များသည် နံရံပေါ်တွင် လှုပ်ရှားလျက်နေသည်။ နီဂရိုး၏ အရိပ်ကြီးမှာ မီးအိမ်ကို လေတိုက်တိုင်း နံရံပေါ်တွင် ယိမ်းထိုး၍နေသည်။ တစ်ညလုံး သူ သာမည်၊ ကိုယ် သာမည် တကဲကဲ ဖြစ်နေခဲ့ကြသည်။ နီဂရိုးကြီးအား ရမ်အရက် တိုက်သူကတိုက်၍ စီးကရက် မီးညှိပေးသူက ပေးကြသည်။ ရမ်အရက် တစ်ခွက်သောက်ပြီးတိုင်း နီဂရိုးကြီးသည် တိုး၍ အားသွန်လျက် ဖိလှဲတတ်၏။ တစ်ကြိမ်တွင် အဘိုးအိုအား သုံးလက်မမျှ လက်မောင်းလန်သွားအောင် လုပ်နိုင်ခဲ့သည်။ သူသည် ထိုအခါကမူကား အဘိုးအို မဟုတ်သေး။ "ချန်ပီယံ ဆန်တီယာဂို" ဖြစ်လေသည်။ သူသည် သုံးလက်မမျှ လန်သွားသည်ကို အလယ်ဗဟိုသို့ရောက်အောင် ပြန်ပြီး မတ်တင်နိုင်ခဲ့၏။ ထိုအချိန်၌ပင်လျှင် သူသည် အားကစားသမားလည်း ဖြစ်၊ အားအင်ဗလလည်း ကောင်းလှသော နီဂရိုးကြီးအား နိုင်ချေရှိပြီဟု သေချာပေါက် တွက်လိုက်၏။ နံနက်မိုးသောက်သောအခါ လောင်းကြေးတင်ထား

www.burmeseclassic.com



သူများက သရေပွဲအဖြစ် သိမ်းပါတော့ဟု ပြောလာကြ၏။ ဒိုင်လူကြီးများက ခေါင်းခါနေ၏။ ထိုအချိန်တွင် နီဂရိုး၏ လက်မောင်းကို အားသွန်ညှစ်၍ ဖိလိုက်ရာ စားပွဲပေါ်သို့ ဒုတ်ဒုတ်ထိ ကျလေ၏။

လက်လှဲပွဲသည် တနင်္ဂနွေနေ့ မနက်က စခဲ့သည်မှာ တနင်္လာနေ့ မနက်ကျမှ အပြီးသတ်လေသည်။ လောင်းကြေးထပ်သူများက သရေပွဲအဖြစ် သိမ်းပေးခိုင်းခြင်းမှာ ဟာဗားနား ကျောက်မီးသွေးကုမ္ပဏီတွင် အလုပ်ဆင်းရန်နှင့် သကြားအိတ်များကို သင်္ဘောပေါ်သို့တင်ရန် ရှိနေသောကြောင့် ဖြစ်သည်။ သူတို့သာ အလုပ်ဆင်းစရာ မရှိလျှင် ပွဲပြီးအောင် စိမ်ပြေနပြေ ကြည့်လိုကြမည် ဖြစ်သည်။ သို့သော်လည်း အလုပ်ဆင်းချိန် မတိုင်မီပင် သူက ပွဲပြီးအောင် အနိုင်နှင့် လက်လှဲပေးနိုင်ခဲ့၏။

ထိုအချိန်မှစ၍ လူများက သူ့ကို ချန်ပီယံဘွဲ့တပ်၍ ခေါ်ကြသည်။ နွေဦးပေါက်၌ စိတ်မကျေပွဲ တစ်ချီလုပ်ပြန်ရာ အလောင်းအစားမှာ ယခင်ကလောက် မများတော့ပေ။ သူကလည်း ပထမပွဲတုန်းက ယယ်နိုင်ဖြစ်နေသော နီဂရိုးကြီးအား လွယ်လွယ်ပင် အနိုင်ယူခဲ့လေသည်။ ထို့နောက်တွင် အဘိုးအိုသည် တစ်ပွဲ၊ နှစ်ပွဲ နွှဲလိုက်ပြီး နောက်ထပ် လက်မလှဲတော့ချေ။ သူ စိတ်က ထက်သန်လျှင် ဘယ်သူ့ကိုပင် ဖြစ်စေ၊ အနိုင်လှဲပြီးသား ဖြစ်လိမ့်မည်ဟု တွက်လိုက်၏။ ငါးဖမ်း၍ အသက်မွေးရသော သူ့အဖို့ လက်လှဲခြင်းသည် ညာလက်ကို ဒုက္ခပေးနိုင်ကြောင်းသိ၍ ဖြတ်ခဲ့ခြင်းလည်း ဖြစ်သည်။ သူသည် ပွဲငယ်ကလေးများကို ဘယ်လက်ဖြင့်ကျင့်၍ တိုးခဲ့သေးသည်။ သို့သော် သူ့ဘယ်လက်မှာ ဘယ်အခါမှ အားမကိုးရချေ။ သူ ခိုင်းစေသမျှ ကလန်ကဆန် ဖြစ်သည်သာ များသောကြောင့် စိတ်မချတော့ပေ။

နေလုံးကြီး သိသိသာသာ ညိုးသွားလေပြီဟု တွေးလိုက်၏။ ညဦး နက်၍ အအေးမပိုသေးသမျှ သူ့လက်မှာ ကြွက်တက်စရာ မရှိပေ။ ဒီည ဘာဖြစ်ဦးမည်နည်းဟု သူ စိတ်စောနေမိသည်။

ထိုအချိန်၌ မိုင်ယာမီကမ်းခြေသို့သွားသော လေယာဉ်ပျံတစ်စင်း



www.burmeseclassic.com

www.burmeseclassic.com



သည် သူ့ခေါင်းပေါ်မှ ပျံသွားသည်။ လေယာဉ်အရိပ်ကျရာ နေရာများ၌ ငါးပျံအုပ်များ လန့်၍ ထ ပျံကြသည်ကို သူ တွေ့ရ၏။

'ငါးပျံတွေ ဒါလောက်များနေရင် လင်းပိုင်တော့ ရှိရမှာပဲ' ဟု နှုတ်က ရေရွတ်မိသည်။ ထို့နောက် ငါးကြီးကို ငင်လို့ ရလိုရငြား ငါးမျှားကြိုးကို အားကန်လျက် စမ်းကြည့်သည်။ သို့သော် ကြိုးမှာ အတင်းဆုံး ဖြစ်နေပြီး ပြတ်တော့မည့် ကြိုးကဲ့သို့ ရေမြှောကလေးများ စဉ်၍ ထွက်လာသဖြင့် လက်လျှော့လိုက်ရသည်။ လှေကလေးသည် ရှေ့သို့ တဖြည်းဖြည်းပါလျက် ရှိနေစဉ် သူသည် လေယာဉ်ပျံကို မျက်စိတစ်ဆုံး လိုက်၍ ကြည့်နေမိသည်။

"လေယာဉ်ပျံထဲကနေ ကြည့်ရင် အတော်ဆန်းမှာပဲ။ ပင်လယ်ကို အမြင့်ကနေပြီး မြင်ရတာ ဘယ်လိုနေမှာပါလိမ့်။ ကောင်းကင်မြင့်မြင့်က မပျံရင်တော့ ငါးတွေကို ကောင်းကောင်းမြင်နိုင်မှာပေါ့။ ငါသာဆိုရင် အလံနှစ်ရာလောက် အမြင့်ကနေပြီး လေယာဉ်ပျံနဲ့ ဖြည်းဖြည်းပျံရင်း ငါးတွေကို ကြည့်ချင်တယ်။ လိပ်ဖမ်းတဲ့ လှေတွေနဲ့ လိုက်တုန်းက ရွက်တိုင်ထိပ်နားက နေပြီး ကြည့်တာတောင် ငါးတွေ အတော်များများ မြင်ရတာပဲ။ အဲဒီနေရာက ကြည့်ရင် လင်းပိုင်တွေဟာ ပိုပြီး အစိမ်းရောင်ရှိတယ်။ ပြီးတော့ ငါးတစ်အုပ်လုံးကို မြင်ရတဲ့အပြင် တစ်ကောင်စီရဲ့ ဘေးသားက အစင်းတွေနဲ့ ခရမ်းရောင် အစက်တွေကိုတောင် မြင်ရပါရဲ့။ ဘာဖြစ်လို့ ရေနက်စီးကြောင်းထဲမှာ ရှိတဲ့ ငါးတွေဟာ ခရမ်းရောင် အစက်အပြောက်တွေ ရှိကြပါလိမ့်။ လင်းပိုင်တွေဟာ အစိမ်းရောင်ပေါက်မှာပေါ့။ သူတို့ကိုယ်က ရွှေရောင်ပြေးနေတာကိုး။ ဒါပေမဲ့ ဒီကောင်တွေ တကယ်ဆာလာလို့ အစာကို ဟပ်တဲ့အခါကျရင် မာလင်ငါးတွေမှာလိုပဲ ကိုယ်လုံးဘေးဘက်မှာ မရမ်းစေ့ရောင် အစင်းတွေကို တွေ့ရတယ်။ ဒါဟာ ဘာကြောင့်ဖြစ်ပါလိမ့်။ ဒေါသတကြီး ဖြစ်နေလို့ပဲလား။ မြန်မြန် ကူးခပ်သွားနေလို့ပဲလား" ဟု အဘိုးအိုသည် အစဉ်တစိုက် တွေးတောကြည့်နေသည်။

မှောင်ရိပ်မဖုံးမီမှာပင် အဘိုးအို၏ လှေကလေးသည် ဆာဂတ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ဒိုက်ပုံကြီးတစ်ခု၏ ဘေးသို့ ဖြတ်သန်း၍ လာခဲ့ရသည်။ ဒိုက်ပုံကြီးသည် လှိုင်းကလေးအကြွတွင် အဝါရောင်ထလျက် တလှုပ်လှုပ် တအိအိ မျောပါလျက် ရှိသည်။ ထိုအချိန်၌ ငါးမျှားကြိုး အသေးစားတစ်ခုတွင် လင်းပိုင်တစ်ကောင်လာ၍ ဟပ်လေသည်။ ထိုလင်းပိုင်သည် လေထဲသို့ လူးလွန့်ခါ၍ ထ ခုန်လိုက်ကတည်းက ဝင်လုဆဲနေရောင်တွင် ရွှေရောင်လက်သွားသည်ကို သူ မြင်လိုက်ရပြီး ဖြစ်၏။ လင်းပိုင်သည် ငါးမျှားချိတ်တန်းလန်းဖြင့် ရေပေါ်သို့ ကြောက်အားလန့်အား ထ၍ထ၍ ခုန်နေသည်။ အဘိုးအိုသည် ငါးကြီးဟပ်ထားသော ငါးမျှားကြိုးကို ညာပခုံးတွင်ချိတ်၍ ညာလက်ဖြင့် ဆုပ်ထားပြီးသော် လှေပဲ့ပိုင်းသို့ ကုန်း၍သွား၏။ ထို့နောက် မိနေသော လင်းပိုင်ကို ဘယ်လက်ဖြင့် ဆွဲတင်သည်။ တက်လာသမျှ ကြိုးစများကို ဘယ်ခြေဖြင့် လှမ်း၍ နင်းပေးထားသည်။ လင်းပိုင်သည် လှေပဲ့နားသို့ ရောက်လာပြီး ကယောင်ကတမ်း လူးပျံ့ရိုက်ခတ်နေစဉ်၌ သူက လှေပေါ်သို့ ဆွဲတင်လိုက်သည်။ လင်းပိုင်သည် ငါးမျှားချိတ်မိနေသော ပါးစပ်ကို ဟချည်၊ စေ့ချည် ပြုလုပ်လျက် ရှည်လျားသော ကိုယ်ကလည်း တွန့်ကာလိမ်ကာဖြင့် လှေဝမ်းကို တဖျပ်ဖျပ် ရိုက်ခတ်လျက် ရှိသည်။ အဘိုးအိုက လက်ရိုက်တင်းပုတ်ဖြင့် ထုလိုက်သော အခါတွင်မှ တွန့်ခနဲလူးကာ ငြိမ်ကျသွားလေ၏။

အဘိုးအိုသည် လင်းပိုင်၏ပါးစပ်မှ ငါးမျှားချိတ်ကို ဖြုတ်လိုက်ပြီးနောက် ဆာဒင်းငါးဖြင့် အစာအသစ်တပ်၍ ငါးမျှားကြိုးကို ရေထဲသို့ ပြန်ချလိုက်သည်။ ထို့နောက် လှေဦးဆီသို့ တရွေ့ရွေ့ ပြန်လာခဲ့သည်။ သူ၏ ဘယ်လက်ကို ဆေးလိုက်ပြီးနောက် ဘောင်းဘီနှင့် သုတ်လိုက်၏။ ထို့နောက် ပခုံးနှင့်ထမ်း၍ ဆွဲထားသော ငါးကြီး၏ကြိုးကို ညာပခုံးမှ ဘယ်ပခုံးသို့ ပြောင်းလျက် ညာလက်ကို ရေတွင်နှစ်၍ ဆေးပြန်သည်။ လက်ကို ရေဆေးရင်းက ပင်လယ်ထဲသို့ နေလုံးကြီး ဝင်သွားသည်ကို လည်းကောင်း၊ ငါးမျှားကြိုးကြီး ရေထဲသို့ တန်းဆင်းနေပုံကို လည်းကောင်း ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ဒီကောင်ကြီး ဘာမှ မထူးခြားသေးဘူး' ဟု နူတ်က ရေရွတ်လိုက်သည်။ သို့သော် လက်ကို ရေထဲနှစ်၍ စမ်းသပ်ကြည့်ရာတွင် လှေ၏အရှိန်မှာ သိသိသာသာ နှေးသွားပြီကို သတိပြုမိသည်။

'ခတ်တက်နှစ်ချောင်းကိုယူက်ပြီး လှေပဲ့မှာ ကန့်လန့်ချိတ်ထားမယ်။ဒါမှ ညကျရင် ငါးကြီးဆွဲတဲ့အခါ ပိုပြီး လေးသွားအောင်။ သူလည်း ညပိုင်းကို ကောင်းကောင်းနွှဲနိုင်တာပဲ၊ ငါကလည်း နွှဲရဦးမှာပေါ့' ဟု နူတ်က ပြောနေသည်။

"လင်းပိုင်ကိုတော့ ခဏလေးကြာမှ ဖျက်ရင် သွေးအထွက်နည်းလိမ့်မယ်။ ခတ်တက်တွေလည်း ပဲ့မှာယှက်ပြီး ချိတ်ထားဖို့ကို ပြီးမှ လုပ်တော့မယ်။ ခုနေတော့ နေဝင်ဖျိုးဖျမှာ ငါးကြီး အေးအေးဆေးဆေး နေပါစေလေ။ နေဝင်ချိန်ဆိုတာ ငါးတွေ အနေရခက်တဲ့ အချိန်မျိုးပဲ" ဟု သူ တွေးလိုက်သည်။



သူ့ကိုယ်သူ သက်သာနိုင်သမျှ သက်သာအောင် လှေဦးသို့ တိုးမှီလျက် ငါးကြီးဆွဲသော ဒဏ်အားကို လှူထက် လှေက ပိုပြီး ခံရစေရန် နေရာပြင်လိုက်သည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် သူ့လက်ကို လေထဲတွင်မြှောက်၍ အခြောက်ခံထားလိုက်သည်။ သူ့ကိုယ်ကို သက်သာနိုင်သမျှ သက်သာအောင် လှေဦးသို့ တိုးမှီလျက် ငါးမျှားကြိုး ဆွဲထားသောဒဏ်ကို လူထက် လှေက ပိုပြီး ခံရအောင် နေရာပြင်ပြီး နေလိုက်သည်။

"ငါဟာ ခုမှ ပညာယူနေရသလို ရှိတုန်းပါပဲလား။ ဒီအဖြစ်မျိုးကို ခုမှ ကြုံဖူးတယ်။ ဒီကောင်ကြီးဟာ ငါးမျှားချိတ်ကို ဟပ်မိကတည်းက ဘာမှ မစားရသေးဘူး။ အကောင်ကြီးသလောက် အစာလည်း များများ စားချင်နေမှာပဲ။ ငါကတော့ ဗိုနီတာငါးတစ်ကောင်လုံးကို စားပြီးပြီ။ မနက်ဖြန် ဆိုရင် လင်းပိုင်ကို စားရဦးမယ်။ ငါးဖျက်ရင်းနဲ့ နည်းနည်းပါးပါး မြည်းစမ်းချင် စမ်းဦးမယ်လေ။ ဗိုနီတာငါးထက်တော့ အသားမာလိမ့်မယ်။ ဒီလိုပဲပေါ့၊ ဘယ်ကိစ္စမဆို ကိုယ့်အကြိုက်ချည်းပဲတော့ ဘယ်မှာ လွယ်လွယ် ဖြစ်ပါ့မလဲ" ဟု အဘိုးအိုသည် တွေးလျက်ရှိသည်။

'မောင်မင်းကြီးသား၊ ဘယ့်နှယ့်နေသေးလဲကွ။ ငါကတော့ ဘယ်လက်ကလည်း ကောင်းလာပြီ။ နေသာထိုင်သာလည်း ရှိတယ်။ တစ်နေ့နဲ့ တစ်ညအဖို့ ငါ့မှာ စားစရာလည်း ဖူလုံနေပြီ။ ကဲ... လှေကို ဆွဲမှာသာ ဆက်ဆွဲစမ်းကွာ' ဟု နှုတ်က ပြောသည်။

အမှန်စင်စစ် သူ့မှာလည်း နေသာထိုင်သာ ရှိလှသည် မဟုတ်ပေ။ ကျောပိုး၍ သိုင်းထားရသော ကျောပြင်မှာ နာရုံမက ထုံ၍ပင် နေလေသည်။ ထုံခြင်းသည် ကောင်းလှသည် မဟုတ်ကြောင်း သူ သိ၏။

"ဒါပေမဲ့ ဒါ့ထက်ဆိုးတာတွေကို ငါ ကြုံဖူးပြီပဲ။ ညာလက်က နည်းနည်းပွန်းသွားတာနဲ့ ဘယ်လက်ကလည်း ကြွက်တက်တောင် ပြေသွားမင့်ဟာ။ ငါ့ခြေထောက်တွေ ဘာမှ မဖြစ်ဘူး။ စားဖို့ ရိက္ခာဆိုရင်လည်း ငါက သူ့ထက် အသာရနေပြီ" ဟု တွေးမိ၏။

စက်တင်ဘာလရာသီမှာ နေ့တာတိုသည်ဖြစ်ရာ နေလုံးပျောက်သည်နှင့် အမှောင်ထုက ရုတ်ခြည်းဝင်လာရတော့သည်။ သူသည် ပွတ်တိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



များ၍ ချောနေသော လေ့ဦးတုံးကို ကျောမှီရင်း တတ်နိုင်သမျှ သက်သာအောင် ကြံဖန်နေလေသည်။ ကြယ်များ လက်လာနေပြီ။ နက္ခတ်တာရာများ၏ အမည်နာမကို သူ မသိ။ သို့သော် ပထမဆုံးထွက်သော ကြယ်ကို သူမြင်ရသည်။ မကြာခင် ကြယ်စုံတော့မည်။ မိုးကောင်းကင်မြင့်မှ သူ့အဖော်များ ထွက်လာတော့မည်ကို တွေးမိသည်။

"ငါးကြီးဟာလည်း ကြယ်တွေလိုပဲ ငါ့မိတ်ဆွေပါပဲ။ ဒီငါးကြီးမျိုးတော့ ကြားလည်း မကြားဖူးဘူး၊ မြင်လည်း မမြင်ဖူးဘူး။ ဒါပေမဲ့ သူ့ကို ငါ သတ်ရတော့မှာပဲ။ လူတွေဟာ ကြယ်တွေကို ဖမ်းဖို့သတ်ဖို့ အကြောင်းမရှိတာ တော်သေးတာပေါ့။ လကိုလည်း သတ်ဖို့ လူတွေက ကြိုးစားကြရမယ် ဆိုရင် လကြီးဟာ ထွက်ပြေးနေရတော့မှာပဲ။ ပြီးတော့ နေကိုလည်း ရအောင် ဖမ်းမှဖြစ်ရမယ့် ဘဝမျိုးဆိုရင် လူတွေမှာ ကိုယ်ကျိုးနည်းရချည်ရဲ့။ ခုတော့ ငါတို့ ကံကောင်းတာပေါ့" ဟု ကြံဖန်တွေးနေသည်။

ထို့နောက်တစ်ဖန် သူသည် ဘာမှ မစားရသေးသော ငါးကြီးအတွက် စိတ်မကောင်းဖြစ်မိပြန်သည်။ စိတ်မကောင်းဖြစ်သော်လည်း ငါးကြီးကို အသေသတ်မည်ဟု ပိုင်းဖြတ်ထားသည့်စိတ်မှာ လျော့၍ မသွားချေ။ "ငါးကြီးအသားကို ဖျက်ပြီးစားရရင် လူဘယ်နှစ်ယောက်စာ ဝ မလဲ။ ပြီးတော့ ဒီငါးကြီးကို လူတွေ စားထိုက်ပါ့မလားဆိုတာ စဉ်းစားဖို့ ရှိတယ်။ ဟင့်အင်း၊ လူတွေက ဘယ်စားထိုက်မလဲ။ သူ့စရိုက်နဲ့ သူ့သတ္တိကိုက စားဖို့ မထိုက်ပါဘူး" ဟု တွေးမိပြန်သေးသည်။

"ဒီအကြောင်းတွေကို စဉ်းစားဖို့ ငါ့အတွက် ဉာဏ်မမီပါဘူးလေ။ ဒါပေမဲ့ လူတွေဟာ မိုးပေါ်က နေ လတွေ၊ ကြယ်တွေကို ဖမ်းဆီးသတ်ဖြတ်စရာ မလိုဘူးဆိုတဲ့ အဖြစ်ကပဲ တော်လှပြီ။ ပင်လယ်ထဲမှာ ထွက်ပြီးတော့ ဘဝတူတွေကို ဖမ်းဆီးသတ်ဖြတ် စားနေရတဲ့ အလုပ်နဲ့ပဲ လုံလောက်ပါပြီ"

"အင်း... အခု ဇယ်ကို အဆွဲလေးအောင် လှော်တက်ချထားရမယ့်ကိစ္စကို စဉ်းစားရဦးမယ်။ ဒီလိုလုပ်တဲ့အတွက် ကောင်းတာလည်း ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆိုးတာလည်း ရှိတယ်။ လှေဟာ ပိုလေးသွားတဲ့အတွက် ငါးကြီးက အားရှိသလောက် ဆောင့်ဆွဲရင် ကြိုးပြတ်မယ်။ ငါးမျှားကြိုးတွေ ဆုံးမယ့်အပြင် ငါးကြီးကိုလည်း ငါ လက်လွှတ်လိုက်ရလိမ့်မယ်။ လှေက အခုလို ပေါ့နေတော့လည်း တို့နှစ်ဦးစလုံး ကြာရှည် ဒုက္ခခံနေရတာပဲ။ ငါးကြီးက အားရှိသလောက် ရုန်းအောင် လုပ်မပေးဘဲ ထားတာကပဲ ငါ့အဖို့လည်း ဘေးရန်ကင်းတာပေါ့။ ဘာပဲဖြစ်ဖြစ်လေ၊ လင်းပိုင်ကို အူအသည်းနုတ်ပြီး မပုပ်ခင်၊ မနာခင် အားရှိအောင် နည်းနည်းစားထားရမယ်"

"ငါ အခု တစ်နာရီလောက် နားလိုက်ဦးမယ်လေ။ ငါးကြီးကို မလှုပ်မယှက် ငြိမ်ငြိမ်သက်သက်နေတယ်လို့ သဘောကျပြီး နားမှ။ ပြီးတော့မှ လှေပဲ့ကိုသွားပြီး ငါးကိုကိုင်ရင်း၊ လှော်တက်လည်းချရင်း လုပ်စရာရှိတာကို ချင့်ချိန်ပြီး လုပ်ရမယ်။ ဒီကြားထဲမှာတော့ ဒီကောင်ကြီး ဘာများထလုပ်မလဲ၊ ဘယ်လိုနေမလဲဆိုတာ အကဲခတ်နိုင်တာပေါ့။ လှော်တက်ကို ချထားဖို့ ကိစ္စဟာ ဉာဏ်ကူတဲ့ ကောင်းကွက်တစ်ခုပဲ။ ဒါပေမဲ့ အခုအချိန်ဟာ ကိုယ့်ဘေးကိုလည်း ကြည့်ဖို့လိုတယ်။ သူဟာ အင်အားလျော့သေးတာ မဟုတ်ဘူး။ ငါးမျှားချိတ်ကို ခဲပြီး ပါးစောင်ကို မြဲမြဲစေ့ထားတာလည်း ငါ တွေ့လိုက်သားပဲ။ ငါးမျှားချိတ်ဒဏ်ကတော့ သူ့အတွက် မှုလောက်မှာ မပေါက်ဘူး။ သူ့ဗိုက်ထဲက ဆာနေတာရယ်၊ သူ့ကို ဘယ်သူက ဘာလုပ်ထားမှန်း မသိတာရယ်တွေကပဲ လုံလောက်နေပါပြီ။ ကိုင်း... နားသာ နားလိုက်ပါ အဘိုးအိုရယ်။ နောက်ထပ် မင်း ဘာမျှ လုပ်စရာ မလိုခင် သူ့ဘာသာသူ အလုပ်ရှုပ်နေပစေတော့" ဟု သူ့ကိုယ်သူ စိတ်ထဲက ပြောနေသည်။

သူ့အထင်အားဖြင့် နှစ်နာရီမျှ ကြာသွားအောင် အနားယူလိုက်ရသည်။ အချိန်အတော်ဖင့်လာပြီ ဖြစ်သော်လည်း လ မထွက်သေးသဖြင့် အချိန်ကို မှန်းဆရန် ခက်နေ၏။ အနားယူလိုက်ရသည် ဆိုသော်လည်း ဟုတ်တိပတ်တိ အနားနေနိုင်သည် မဟုတ်ချေ။ သူ့ပခုံးပေါ်တွင် ထမ်းထားသော ကြိုးက ငါးကြီးဆွဲထားသဖြင့် တင်း၍နေသည်။ သို့သော် သူ၏



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လက်က လှေနံကို ဆွဲ၍ထားသဖြင့် ကြိုးဒဏ်အားကို လူထက် လှေက ပို၍ ထမ်းထားရသလို ပြုလုပ်၍ ထားနိုင်သည်။

"ငါဟာ ငါးမျှားကြိုးကို လှေနဲ့ အသေချည်ထားလိုက်ရင် အရှင်းကလေးပဲ။ ဒါပေမဲ့ ငါးက တစ်ချက်ဆောင့်ရုန်းလိုက်ရင် ကြိုးပြတ်သွားလိမ့်မယ်။ ဒါကြောင့် ကြိုးတင်းနေတဲ့ ဒဏ်ကို ကိုယ်နဲ့ ကြားခံထားပြီးတော့ နေမယ်။ ပြီးတော့ လက်နှစ်ဖက်စလုံးကလည်း ကြိုးကို လျှော့ချိန်တန်ရင် လျှော့ပေးဖို့ အဆင်သင့် ကိုင်ထားရမယ်" ဟု စဉ်းစားမိသည်။

'အဘိုးကြီးနော်၊ မင်း အိပ်ရသေးတာ မဟုတ်သေးဘူး။ တစ်ရက်နဲ့ တစ်ည ရှိသွားပြီ။ နောက်တစ်ရက်ဆက်ဖို့လည်း ရှိသေးတယ်။ ဒါကြောင့် ဒီကောင်ကြီး ငြိမ်ငြိမ်သက်သက်ကလေး ရှိနေတဲ့အခိုက် နည်းနည်းချင်း အိပ်လို့၊ မှေးလို့ရအောင် နည်းလမ်းရှာမှ ဖြစ်မယ်။ လုံးလုံး မအိပ်ရရင်တော့ မင်း ဦးခေါင်းလည်း ရှင်းမှာ မဟုတ်ဘူး' ဟု နှုတ်က ပြောသည်။

"ငါ့ခေါင်းထဲက ရှင်းပါတယ်လေ၊ အင်မတန် ရှင်းပါတယ်။ ကောင်းကင်က ကြယ်တွေလိုပဲ ကြည်ကြည်လင်လင်ပါပဲ။ ဒါပေမဲ့ ငါ အိပ်ဖို့ လိုသေးတာတော့ အမှန်ပဲ ။ နေတွေ၊ လတွေတောင်မှ အိပ်စက်ကြရတဲ့ အခါ ရှိတာပဲ။ သမုဒ္ဒရာကြီးတောင် သင်ဖြူးလို ညီနေတဲ့ အချို့နေ့တွေမှာ အိပ်မောကျနေသလိုပဲ မဟုတ်လား" ဟု တွေးမိသည်။

သူသည် အိပ်ဖြစ်အောင် အိပ်နိုင်ဖို့ သတိထားနေရသည်။ အိပ်လည်း အိပ်ရအောင်၊ ငါးမျှားကြိုးကိုလည်း စိတ်ချရအောင် တစ်နည်းနည်း ကြံရမည်ဟု သဘောပေါက်နေသည်။ လင်းပိုင်ငါးကိုလည်း ကိုင်ရဦးမည့်ကိစ္စက ရှိသည်။ လှော်တက်များကို ကန့်လန့်ချိတ်ပြီး အိပ်ပျော်နေလျှင် ပိုဆိုးနိုင်သည်ကိုလည်း တွေးနေမိသည်။

'ငါ မအိပ်ဘဲ နေသွားနိုင်ပါတယ်။ ဒါပေမဲ့ မအိပ်ဘဲ နေတာလည်း မကောင်းဘူး' ဟု နှုတ်က ပြောမိသည်။

သူသည် လှေပဲ့ပိုင်းသို့ လာခဲ့၏။ ငါးကြီး တုံ့သွားမည် စိုးသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒူးထောက်လျက် လေးဘက်တွားပြီး လာရသည်။ ငါးကြီးသည် ဤအချိန်တွင် ငိုက်မေ့နေလျှင် နေလိမ့်မည်။ သို့သော် သူ့စိတ်ထဲ၌ ငါးကြီးအား အနားပေးလိုစိတ် မရှိပေ။ ဤသို့သာ လှေကို သေသည်အထိ ဆက်ပြီး ဆွဲပြေးပေရော့ဟု အောက်မေ့ထားလိုက်သည်။

လှေပဲ့သို့ ရောက်သောအခါ သူသည် လှေဦးဘက်သို့ မျက်နှာမူပြီး ပခုံးနှင့်လက်မောင်းတွင် ရစ်သိုင်းထားသောကြိုးကို ညာဘက်မှ ဘယ်ဘက်သို့ ပြောင်းလိုက်သည်။ ဓားအိမ်ထဲမှ ဓားကို ညာဘက်လက်ဖြင့် ဆွဲချွတ်ယူသည်။ ကြယ်ရောင်များ လင်းနေသဖြင့် လှေထဲမှ လင်းပိုင်ကို သဲကွဲစွာ မြင်ရသည်။ သူသည် လင်းပိုင်ငါးခေါင်းကို ဓားဖြင့် စိုက်လိုက်ပြီးနောက် ပဲ့ချောင်ထဲမှ အပြင်သို့ ဆွဲထုတ်သည်။ ခြေတစ်ဖက်က ငါးကိုနင်းပြီး ဓားကိုင်ထားသောလက်က ငါး၏အမြီးရင်းမှ မေးဖျားအထိဆွဲ၍ ခွဲချလိုက်သည်။ ထို့နောက် ညာလက်ဖြင့် အူအသည်းထုတ်၍ ပါးဟက်များကို ဘေးသို့ ဆွဲဖြဲလိုက်သည်။ လင်းပိုင်၏ အစာအိမ်မှာ တင်းပြီး လုံးချောနေသဖြင့် ခွဲကြည့်လိုက်ရာ အထဲတွင် ငါးပျံနှစ်ကောင်ကို တွေ့ရသည်။ ငါးပျံများမှာ လတ်ဆတ်လျက် တောင့်တောင့်တင်းတင်း ရှိသေးသဖြင့် ဘေးသို့ ဖယ်ထားလိုက်ပြီး လင်းပိုင်ဝမ်းမှ အူအသည်းများကို လှေပဲ့စွန်းမှနေ၍ ရေထဲသို့ ချလိုက်သည်။ ရေထဲတွင် အဆီများဝေ၍ သွားလေသည်။ ကြယ်ရောင်အောက်တွင် လင်းပိုင်မှာ အသားဖွေးဖွေးနှင့် ရှိချေပြီ။ သူသည် ညာခြေထောက်ဖြင့် ငါးခေါင်းကို နင်း၍ အရေတစ်ခြမ်း ခွာပစ်လိုက်ပြီး ငါးခေါင်းမှ အမြီးဖျားအထိ အသားများကို လှီးယူသည်။ ထို့နောက် ကျန်အရေတစ်ခြမ်းကို ခွာလိုက်သည်။

အဘိုးအိုသည် လင်းပိုင်၏ ကျန်အရိုးစုကို လှေပေါ်မှ တွန်းချလိုက်ပြီး ငါးများ အစာလာ၍ ဟပ်မည်လားဟု ကြည့်၏။ သို့သော် မည်သည့်ငါးမှ မလာဘဲ ငါးရိုးသာလျှင် ရေအောက်သို့ တဖြည်းဖြည်း ကျသွားသည်ကို တွေ့ရ၏။ သူသည် နောက်သို့ပြန်လှည့်ပြီး စောစောက ထုတ်ယူထားသော

www.burmeseclassic.com



ငါးပျံအသေနှစ်ကောင်ကို လင်းပိုင်သားများကြားတွင် ညှပ်ထည့်လိုက်၏။ စားကို အိတ်ထဲသို့ ပြန်ထည့်ပြီးနောက် အဘိုးအိုသည် လှေဦးသို့ ပြန်ရွေ့လာ၏။ သူ့လက်ထဲတွင် ငါးအသားတုံးကို ကိုင်လျက် ငါးမျှားကြိုးကိုလည်း ပိုးထားရသောကြောင့် ကုန်းကွကွ ဖြစ်နေသည်။

လှေဦးသို့ရောက်သော် လက်ထဲက ငါးတစ်နှင့် ငါးပျံအသေကို ချထားလိုက်၏။ ထို့နောက် ကျောပိုး၍သိုင်းထားသော ငါးကြီး၏ကြိုးကို နေရာပြင်ယူပြီး ဘယ်လက်ဖြင့် လှေနံကိုထောက်လျက် သက်သာအောင် အားပြုနေလေသည်။ ထိုအနေအထား၌ ငါးပျံကို ရေထဲသို့ ချဆေးရင်း လက်ကို ရေမည်မျှ တိုးသည်ကို စမ်းကြည့်မိ၏။ ငါးဖျက်ခဲ့သော သူ့လက်များမှာ ရေနှင့်ထိသောအခါ အဆီများ ပြောင်ပြောင်ဝင်းဝင်းဝေ့၍ ထွက်လာသည်။ ရေထဲသို့ လှေတိုးသွားနေသော အရှိန်မှာ ယခင်ကထက် နည်းပါးသည်။ သူသည် လက်ဆေးရင်းနှင့် လှေစပ်ကို လက်ဝါးနှင့် ရိုက်သည့်အခါတိုင်း မီးစုန်းရောင် ပြောင်လက်လက်များ ရေပေါ်သို့ကျ၍ နောက်ဘက် လှေပဲ့ဆီသို့ မျောပါသွားကြလေသည်။

"ငါးကြီးတော့ ဟိုက်သွားတာလား၊ တမင် နားနေတာလား မသိဘူး။ ငါကတော့ လင်းပိုင်သားကို စားပြီးတော့ နည်းနည်းပါးပါးလောက် နားလိုက်၊ မှိန်းလိုက်ဦးမှ..." ဟု သူ့ကိုယ်သူ ပြောသည်။

ညကြယ်ရောင်အောက်၌ တစ်ချိန်ထက်တစ်ချိန် ပို၍အေးလာသည့်အခါတွင် အဘိုးအိုသည် လင်းပိုင်သားတစ်ဖဲ့၊ ငါးပျံသားတစ်ဖဲ့ကို တစ်လှည့်စီ စား၍ နေသည်။

'လင်းပိုင်သားဟာ ချက်စားရင် အတော်ကောင်းတာပဲ။ အစိမ်းစားရတာတော့ စိတ်ပျက်ဖို့ ကောင်းတယ်။ နောက်တစ်ခါ လှေနဲ့ထွက်မယ်ဆိုရင် သံပရာရည်ကလေး၊ ဆားကလေး မပါလို့ကို မဖြစ်ဘူး' ဟု နှုတ်က ပြောနေ၏။

သူသည် ဉာဏ်ရှိလျှင် နေ့လယ် နေပူစဉ်အခါက ပင်လယ်ရေများကို

www.burmeseclassic.com



လှေဦးပေါ်တွင် ပက်တင်ထားလိုက်ပါက ခြောက်သွေ့သွားသောအခါ ဆားပွင့်များ ရနိုင်မည်ကို ယခုမှ စဉ်းစားမိသည်။ သို့သော်လည်း သူသည် လင်းပိုင်ကို နေအေးမှ ဖမ်းမိသဖြင့် ထိုအကြံကို မသုံးခဲ့ခြင်း ဖြစ်သည်။ ကြိုကြိုတင်တင် ပြုလုပ်သင့်ပါလျက် မလုပ်ခဲ့ခြင်းမှာ သူ့အပြစ် ဖြစ်၏။ ယခုသော် ငါးစိမ်းကို အော့ချင်အန်ချင် မဖြစ်ဘဲ စားနေနိုင်ခြင်းကပင်လျှင် ဟန်လှလေပြီ။

အရှေ့ဘက် ကောင်းကင်တစ်ခိုတွင် တိမ်တွေ တက်လာ၏။ ကြယ်များ တစ်လုံးပြီးတစ်လုံး ပျောက်သွားကြသည်။ လေသည် ငြိမ်သက်သွား၏။ လှေကလေးသည် တိမ်များသာ အပြည့်ရှိသော ကမ်းပါးစောက်ကြီးထဲသို့ ဆင်းသွားရသည်ကဲ့သို့ ထင်မြင်ရလေသည်။

"နောက်သုံးလေးရက်မှာ ရာသီဥတု ဆိုးလာတော့မှာပဲ။ ခုညနဲ့ မနက်ဖြန်ခါတော့ ဘာမှဖြစ်ဦးမှာ မဟုတ်ဘူး။ ငါးကြီးငြိမ်နေတုန်း နည်းနည်းပါးပါးကလေး မှေးနိုင် မှိန်းနိုင်အောင် ပြင်ပေဦးတော့ အဘိုးအိုရေ..." ဟု သူ့ကိုယ်သူ လောဆော်နေရသည်။

သူ၏ ညာဘက်လက်က ငါးမျှားကြိုးကို မြဲမြဲဆုပ်ထားပြီးနောက် လှေဦးကိုမှီရင်း ညာဘက်ပေါင်က ညာဘက်လက်ကိုကူ၍ ညှပ်ပေးထားလိုက်သည်။ ညာဘက်ပခုံးပေါ်တွင် ရစ်သိုင်းထားသော ကြိုးလုံးကို အောက်သို့ အတန်ငယ် နှိမ့်ချလိုက်ပြီး ဘယ်လက်တွင် ရစ်ထားလိုက်သည်။ အကယ်၍ ညာဘက်လက်ကို ဖိပြီး အိပ်ပျော်သွားလျှင် ငါးထပ်၍ဆွဲပါက ကြိုးလွတ်မသွားနိုင်ဘဲ ဘယ်လက်က ချက်ချင်းသိမည် ဖြစ်၏။ သူ၏ ညာလက်သည် ညောင်းညာလွန်းပြီ ဖြစ်သော်လည်း ညာလက်ဆိုသည်မှာ ကျင့်သားရပြီး ဖြစ်သည်။ သူသည် မိနစ်နှစ်ဆယ် ဖြစ်စေ၊ နာရီဝက်ခန့် ဖြစ်စေ မှိန်းလိုက်ရလျှင် အားပြည့်သွားမည်ဟု ထင်သည်။ ထို့ကြောင့် လှေဦးသို့တိုး၍ ကြိုးကိုင်ထားသော ညာလက်ကို ကိုယ်လုံးဖြင့်ဖိပြီး ကွေးကွေးလေး လဲလျောင်းနေရင်းက အိပ်ပျော်သွားလေသည်။

www.burmeseclassic.com



အဘိုးအိုသည် ဤတစ်ကြိမ်တွင် ခြသေ့်များကို အိပ်မက်မမက်ဘဲ လင်းပိုင်ခေါင်းတိုအုပ်ကြီး တစ်အုပ်အကြောင်းကို မြင်မက်သည်။ လင်းပိုင်အုပ်ကြီးသည် ရှစ်မိုင်မှ ဆယ်မိုင်ခန့် ရှည်လျားလျက် မိတ်လိုက်နေကြသည်။ သူတို့သည် ရေထဲမှ ခုန်ထွက်လာကြပြီး ခုန်ထွက်ရာ အပေါက်တိုင်း ရေထဲသို့ ပြန်ကျသွားနေကြသည်ကို တွေ့ရ၏။

ထို့နောက်တစ်ဖန် သူတို့ရွာကလေးမှ သူ့အိမ်တွင် ခုတင်ပေါ်၌ သူ ပြန်ရောက်နေသည်ဟု အိပ်မက်ပြန်သည်။ မြောက်လေထန်နေသဖြင့် အလွန်ချမ်းအေးနေပြီး ခေါင်းအုံးပေါ်တွင် မဟုတ်ဘဲ၊ ညာလက်ကို ခေါင်းအုံးထားရသဖြင့် ထိုလက်မှာ ထိ၍ပင် ထိမှန်းမသိတော့ဟု အိပ်မက်နေ၏။

ထို့နောက်တွင်ကား ရှည်လျားသော အဝါရောင်ကမ်းသောင်စပ်များ အိပ်မက်ထဲ၌ ပေါ်လာပြီး နေဝင်ဖျိုးဖျတွင် ပထမဆုံး ခြသေ့်တစ်ကောင် ထွက်လာသည်ကို တွေ့ရ၏။ အခြားခြသေ့်များလည်း တစ်ကောင်ပြီး တစ်ကောင် ထွက်၍လာကြသည်။ သူသည် ကမ်းနှင့် မနီးမဝေးတွင် ကျောက်ချထားသော သင်္ဘောပေါ်မှနေ၍ သင်္ဘောဦးကို မေးတင်လျက် ကြည့်နေသည်။ သူ့စိတ်ထဲမှာ ပျော်နေ၏။ နောက်ထပ် ခြသေ့်များ ဆင်းလာဦးမည်လားဟု စောင့်ကြည့်နေခြင်း ဖြစ်သည်။ ထိုအချိန်တွင် ညနေခင်း လေညင်းသည် တိုက်ခတ်လျက် ရှိပေသည်။

လထွက်နေသည်မှာ အတော်ပင် ကြာခဲ့လေပြီ။ သို့သော် အဘိုးအိုသည် အိပ်ပျော်မြဲ ပျော်လျက် ရှိသည်။ ငါးကြီးက မှန်မှန်ဆွဲလျက် ရှိပြီး လှေကလေးသည် တိမ်ဥမင်ရိပ်ဆီသို့ ဦးတည်ကာ တရွေ့ရွေ့သွားလျက် ရှိနေပေသည်။

အဘိုးအိုသည် အိပ်ပျော်နေရာမှ သူ ဖိ၍အိပ်ထားသော ညာလက်သီးက သူ့မျက်နှာကိုပင့်၍ ထိုးလိုက်သကဲ့သို့ ခံစားရပြီး လန့်နိုးလာရသည်။ ညာလက်ထဲတွင် ဆုပ်ထားသောကြိုးမှာ တရကြမ်း လျှောပါလျက် ရှိ၏။ ဘယ်လက်မှာ ဘာမျှ ဆုပ်ကိုင်မိမထားချေ။ ပွတ်ထွက်နေသောကြိုးကို

www.burmeseclassic.com



သူ၏ ညာလက်ဖြင့် ဖမ်းဆုပ်ထားရန် ကြိုးစားသော်လည်း ကြိုးမှာ ပါမြဲ ပါထွက်လျက်သာ ရှိသည်။ ဤတွင်မှ ကြိုးစကို ဘယ်လက်က ဆွဲမိ၍ တင်းခံပေးထားသည်။ သူ့ကျောနှင့် ပခုံးတို့မှာ ကြိုးပွန်းနေလေပြီ။ ဘယ်လက်မှာ အားကုန် ထိန်းဆွဲထားရသဖြင့် ဒဏ်အပိဆုံးဖြစ်ရာ စုတ်ပြတ်ကုန်၏။ ကြိုးခွေများဘက်သို့ လှည့်ကြည့်လိုက်သောအခါ ကြိုးအလိုက် ကောင်းနေသည်ကို တွေ့ရ၏။ ထိုအချိန်၌ ငါးကြီးသည် ပင်လယ်ပြင်ကိုခွဲ၍ ဗွမ်းခနဲ ခုန်တက်လာပြီး ဖြန်းခနဲ ရေထဲသို့ ပြန်ကျသွားလေသည်။ ထို့နောက် ငါးကြီးသည် ထပ်ကာထပ်ကာ ခုန်လွှားတက်နေပြန်သည်။ ကြိုးများ လျင်မြန်စွာ လျှောထွက်သွားနေသော်လည်း လှေမှာ သုတ်သုတ်ပြေးနေ၏။ အဘိုးအိုသည် ကြိုးကိုတင်း၍ ထိန်းလိုက်၊ ပြတ်လုခမန်းရှိလျှင် လျှော့ပေးလိုက်ဖြင့် အကြိမ်ကြိမ် ကစား၍ နေရ၏။ တစ်ချီတွင် ငါးအဆွဲ မှောက်လျက် လဲသွားသောကြောင့် သူ့မျက်နှာမှာ လင်းပိုင်ငါးသားတစ်ခြမ်းနှင့် အပ်မိလျက်သား ဖြစ်နေ၏။ ရုတ်တရက် သူ မလှုပ်နိုင်အားတော့ပေ။

"အင်း... ဒီအချိန်မျိုးကို တမင် စောင့်နေရတာပဲဥစ္စာ။ ဖြစ်တဲ့နည်းနဲ့ ရင်ဆိုင်လိုက်ရပေမပေါ့" ဟု သူ့စိတ်ထဲ၌ အတွေးဝင်လာသည်။ "ကြိုးကို များများ ဆွဲပြေးပေစေ။ သူ ဆွဲလေလေ၊ မောလေလေ။ သူ့မှာ အားကုန်လေလေ ဖြစ်မှာပဲ"

အဘိုးအို၏ မျက်နှာသည် ငါးသားတစ်နှင့် အပ်မိသောကြောင့် ငါးကြီး ရေပြင်သို့ ခုန်တက်လိုက်၊ ပြန်ကျလိုက် ဖြစ်နေသည်ကို မမြင်ရပေ။ ရေကို ခွဲ၍ ထွက်လာသောအသံနှင့် ဝုန်းခနဲ ပြန်ကျသော အသံတို့ကိုသာ သူ ကြားနေရသည်။ လှေဝမ်းထဲမှ လျှောပါ၍ ထွက်နေသော ကြိုးများက သူ့လက်ကို တရကြမ်း ပွတ်တိုက်၍နေ၏။ သို့သော် ဤသို့ ဖြစ်မည်မှန်းကို သိထားပြီး ဖြစ်သောကြောင့် အဘိုးအိုသည် လက်ဖဝါးနှင့် လက်ချောင်းကလေးများကို ကြိုးပွန်းရာ၌ မပါစေဘဲ အသားမာရှိသော နေရာများ၌သာ ခံပေးထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်လေးသာ ပါလာခဲ့လျှင် ယခုအချိန်၌ ကြိုးခွေကို ရေလောင်း ပေးလိမ့်မည်ဟု တွေးလိုက်မိ၏။ သို့သော် တွေးရသည်သာ သူ့မှာ အဖတ် တင်သည်။ သူငယ်ကလေးကား မပါလာခဲ့။ ပါခဲ့လျှင်တော့ဟု အားမလို အားမရ မြည်တမ်းရတော့သည်။

ငါးမျှားကြိုးတန်းသည် လျှော၍လျှော၍ ထွက်တုန်း ရှိသေး၏။ သို့သော် အဆွဲနှေး၍ သွားသည်။ ငါးကြီးက ကြိုးစကို တစ်လက်မပင် ဖြစ်စေ ဆွဲလိုက်တိုင်း နာကျင်သွားစေရန် အဘိုးအိုက ပြုလျက်ရှိ၏။ အဘိုးအိုသည် လှေဦးတွင် မှောက်လျက်သားဖြစ်နေရာ ယခုမှ ခေါင်းထောင်နိုင်ပြီး မျက်နှာ တွင် စွပ်လျက်ရှိသော ငါးသားတစ်ခြမ်းကို ခွာနိုင်တော့သည်။ ပထမဦးစွာ ဒူးထောက်လိုက်၏။ ထို့နောက် တဖြည်းဖြည်း မတ်တတ်ရပ်လိုက်သည်။ သူသည် ကြိုးကို လျှော့ပေးနေရသော်လည်း နှေးနှေးချင်းသာ ဖြစ်၏။ အဘိုး အိုသည် မှောင်နေ၍ ကြိုးခွေများကို ခြေနှင့်နင်းပြီး စမ်းကြည့်၏။ ကြိုးများစွာ ကျန်ပေသေးသည်။ ငါးကြီးသည် နောက်ထပ် ရှန်းဆွဲသွားသော ကြိုးသစ် များ၏ ဝန်ပိုကိုပါ ဆွဲရဦးမည် ဖြစ်သည်။

"အင်း... ပင်ပန်းပေမှာပေါ့။ အခု သူ ခုန်ခုန်ပြီးတက်တာ ဆယ်ကြိမ် မကတော့ဘူး။ သူ့ကျောက လေပေါက်တွေထဲမှာ လေတွေပြည့်အောင် ဝင် နေပြီ ဆိုတော့ ငါ ဘယ်လိုမှ ဆင်းပြီး မလိုက်နိုင်တဲ့ ရေနက်မှာ သူ ငုပ်ပြီး ဆင်းမသေနိုင်တော့ဘူး။ ဒီကောင် မကြာခင် တစ်ပတ်ကျော့ လာတော့မှာပဲ။ ဒီတော့မှ သူ့ကို ကိစ္စတုံး လုပ်ရမယ်။ ဒီငါးဟာ ဘာကြောင့်များ ဆိုင်းမဆင့် ဗုံမဆင့် ခုန်တက်လာရတာပါလိမ့်။ ဆာလွန်းတာနဲ့ ကြံရာမရ ရှန်းလေ သလား၊ ညကြီးမင်းကြီးမှာ ရုတ်တရက် လန့်ပြီးသွားတာများလား။ ရုတ် တရက် သွေးကြောင်သွားတာ ထင်ပါ့။ ဒါပေမဲ့လည်း ဒီငါးဟာ အင်မတန် ငြိမ်ငြိမ်သက်သက်ရှိပြီး အကြောက်အလန့်မရှိတဲ့ ကောင်ကြီးပါ။ ဆန်းတယ်၊ ဆန်းတော့ ဆန်းတယ်" ဟု သူတစ်ယောက်တည်း အတွေးနယ်ကျယ်နေမိ သည်။

www.burmeseclassic.com



"ငါကိုယ်တိုင်ကလည်း ကိုယ့်အားကိုယ်ယုံပြီး သူ့လို အကြောက်စိတ် ကင်းမှဖြစ်မယ်။ အဘိုးကြီးရေ… ငါ သူ့ကို ထိန်းထားနိုင်ပေမယ့် ဆွဲတင်နိုင် သေးတာ မဟုတ်ဘူး။ ပြီးတော့ သူ တစ်ကျော့ ပတ်လာဦးမှာနော…"

အဘိုးအိုသည် ငါးကြီး၏ကြိုးကို ဘယ်လက်ဖြင့်ဆုပ်၍ ပခုံးနောက် တွင် ရစ်သိုင်းထားရင်း၊ အားနေသော ညာလက်က ရေကို လက်ခုပ်ဖြင့် ခပ်ယူပြီး မျက်နှာပေါ်၌ ကပ်ကျန်နေသော ငါးသားဖတ်များကို ဆေးချရ သည်။ ငါးသားဖတ်များ ညှီစို့နေသောကြောင့် အော်ဂလီဆန်ပြီး အန်မိလျှင် အားယုတ်သွားမှာကို စိုးရသည်။ မျက်နှာကို သန့်စင်ပြီးနောက် ညာလက်ကို ဆေးကြောပြီး ဆားရေထဲ၌ပင် နှစ်ထားရင်းက နေမထွက်မီ ရောင်နီပြေးလာ သည်ကို ကြည့်နေမိသည်။ ငါးသည် အရှေ့ဆီသို့ ဦးတည်သွားနေသည်ဟု သူ ထင်သည်။ ဤသို့ သွားခြင်းမှာ မောပန်းလာသောကြောင့် ပင်လယ်ရေစီး ကြောင်း အတိုင်း လိုက်၍ သက်သာရာကို ရှာသည့်သဘော ဖြစ်သည်။ မကြာခင် ငါးကြီး လှည့်လာရလိမ့်မည်။ ထိုအခါ ပွဲကြီးပွဲကောင်း စ ရတော့ မည်ဟု သူ တွက်ထားလေသည်။

ညာလက်ကို ရေစိမ်ထားသည်မှာ ကြာသလောက်ရှိပြီဟု တွက်လျက် ရေထဲမှ ဖော်ပြီး ကြည့်လိုက်၏။ 'အင်း… သိပ်တော့ မဆိုးသေးပါဘူး။ နာတယ်၊ ကျင်တယ် ဆိုတာတော့ လူမှာ ဘယ်ကင်းနိုင်ပါ့မလဲ' ဟု နှုတ်က ပြောမိသည်။

သူသည် ကြိုးကို လက်ပြောင်းရာတွင် အနာသစ်များနှင့် မထိအောင် ရှောင်၍ကိုင်သည်။ ထို့နောက် ကိုယ်ကို တစ်ဖက်သို့ပြောင်း၍ အားပြုပြီး ဘယ်လက်ကို ရေထဲသို့ စိမ်နိုင်အောင် နေရာပြင်လိုက်သည်။

'ဟောဒီလက်ဟာ တစ်ခါတစ်ခါတော့ သိပ်မဆိုးလှပါဘူး။ ဒါပေမဲ့ အရေးရှိတဲ့အခါ ရှာမရဘဲ ဖြစ်လိုက်သေးတယ်' ဟု သူ၏ ဘယ်လက်ကို ကြည့်ရင်း ပြောနေသည်။

"ငါ့မှာ စိတ်ချရတဲ့ လက်မျိုးချည်း နှစ်ဖက်စလုံးပါအောင် မွေးလာ




www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရင် အကောင်းသား။ ငါကပဲ ဒီလက်တစ်ဖက်ကို ကောင်းကောင်းအကျင့် မလုပ်ပေးလို့ပေလား။ ဒါပေမဲ့ ကျင့်သားရဖို့ အခွင့်ကောင်းတွေလည်း ကြုံခဲ့သားပဲ ဥစ္စာ။ ညကျတော့လည်း ဒီဘယ်လက်က မဆိုးလှပါဘူး။ တစ်ခါပဲ ကြွက်တက်ဖူးသေးတယ်။ ဒီတစ်ခါများ ကြွက်တက်ရင်တော့ ကြိုးနဲ့ပွန်းပြီး ပြတ်သွားစမ်းပါစေဗျာ...”

သူသည် သူ့ကိုယ်သူ ဦးခေါင်းက မကြည်လင်လှဟု ထင်သည်နှင့် လင်းပိုင်သားကို နည်းနည်းထပ်စားဦးမှ ဖြစ်မည်ဟု တွေးမိသည်။ သို့သော် အော့ချင်အန်ချင် ဖြစ်လာမည်ကို စိုးသဖြင့် မစားတော့ဟု ဆုံးဖြတ်လိုက်သည်။ ခေါင်း နောက်ချင် နောက်စေတော့၊ အော်ဂလီဆန်၍ အန်ချင်ပြီး မအီမသာ ရှိမှာကို သူ စိုးရိမ်မိသည်။ လင်းပိုင်သားနှင့် မျက်နှာကို အပ်ထား မိစဉ်ကတည်းက ထိုအသားကိုစားလျှင် သူ့ဗိုက်က ကြာကြာလက်ခံတော့ မည် မဟုတ်ဟု သူ သဘောပေါက်ခဲ့၏။ မစားမဖြစ်မှ အရေးပေါ် အင်အား



ငါးကြီးကတော့ ဝေးဝေးဆိုတဲ့ နေရာကနေပြီး ပြန်ပတ်နေတာပဲ၊ ငါကလည်း တတ်နိုင်သလောက် တင်းတင်းဆွဲပေးထားရမယ်။ ဒါမှ သူ ပတ်တဲ့ နေရာဟာ ဆွဲလိုက်တိုင်း ခွင်ကျဉ်းပြီး ငါ့ဘက် ပါလာမယ်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လိုလျှင် စားရလို စားရတြား စားတော့မည်ဟု စိတ်က ပိုင်းလိုက်၏။ သို့သော် အင်အား လိုမည်၊ မလိုမည်ကို ယခုအချိန်မှ စောင့်စားအကဲခတ်ရန် မဟုတ်တော့ပေ။ 'ငါဟာ အ ပဲ အ သေးတော့တယ်။ ကျန်တဲ့ငါးပျံကို စားပါတော့လား' ဟု သူ့ကိုယ်သူ အပြစ်တင်နေသည်။

ငါးပျံသားမှာ ဆေးပြီးကြောပြီး အသင့်ရှိသည်။ သူသည် ဘယ်လက်ဖြင့် ကောက်ယူပြီး အရိုးပါမကျန် ညက်အောင်ဝါးပြီး တစ်ကောင်လုံး စားနေသည်။

"ဒီငါးဟာ တခြားငါးတွေထက် ပိုပြီး အားဖြစ်နိုင်တယ်။ အနည်းဆုံး ငါ့မှာ ခု လိုနေတဲ့ အားအင်မျိုးကိုတော့ ပေးနိုင်တာပဲ။ ငါ လုပ်နိုင်သလောက်တော့ လုပ်ပြီးထားခဲ့ပြီ။ ငါးကြီးသာ တစ်ပတ်ကျော့လာပြီး သူနဲ့ငါ အပြိုင်ကြဖို့ပဲ လိုတော့တယ်" ဟု သူ့မှာ အတွေးဝင်လာသည်။

ငါးကြီး ပြန်လှည့်နေသည့် အချိန်တွင် ပင်လယ်ထဲသို့ သူထွက်လာခဲ့သည်မှာ နေ သုံးကြိမ်ထွက်ခဲ့ပြီ ဖြစ်၏။

အဘိုးအိုသည် ငါးမျှားကြိုးတန်းကို ကြည့်ပြီး ငါးကြီး လှည့်ပတ်နေသည်ကို မတွေ့မမြင်ရချေ။ ဤသို့ မြင်ရဖို့အချိန် စောလွန်းသေးသည်။ တင်းနေသော ငါးမျှားကြိုးမှာ မသိမသာ လျော့သွားကြောင်း လက်က သိသည်နှင့် တစ်ပြိုင်နက် သူသည် ညာလက်ဖြင့် ခပ်မျှဉ်းမျှဉ်း ဆွဲယူလိုက်သည်။ ကြိုးသည် ခါးတိုင်းကဲ့သို့ တင်းသွားပြန်သည်။ ပြတ်လုခမန်း အခြေသို့ ရောက်သည်ဆိုလျှင် ကြိုးသည် သူ ဆွဲရာသို့ ပါလာသည်ကို တွေ့ရပြန်သည်။ သူသည် ကျောပိုး၍ သိုင်းထားသော ငါးမျှားကြိုးတန်းကို ဦးခေါင်းပေါ်မှ ကျော်၍ ဖြုတ်လိုက်ပြီး ကြိုးကို ဖြည်းဖြည်းနှင့်မှန်မှန် စ၍ ဆွဲလေသည်။ လက်နှစ်ဖက်ကို လွှဲသကဲ့သို့ တစ်လှည့်စီပြောင်း၍ ကြိုးကိုငင်သည်။ ရှိသမျှအားဖြင့် စိုက်၍ ငင်ရုံတွင်မက ကိုယ်အား၊ ခြေထောက်အားတို့ဖြင့် ကန်၍လည်း ဆွဲသည်။ အိုမင်းပြီဖြစ်သော သူ့ခြေများနှင့် သူ့ပခုံးများသည် ကြိုးငင်ရာတွင် ဗဟိုချက်နေရာမှ တစ်လှည့်စီ ယိမ်းနေကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သူ ပတ်နေတဲ့ အကွေ့ကြီးကလည်း တစ်မျှော်တစ်ခေါ်ကြီးပါပဲ လား။ ဒါပေမဲ့ သူ တစ်ပတ်လှည့်နေတာတော့ အမှန်ပဲ'

ထိုနောက်တွင် ကြိုးကိုင်ငင်သော်လည်း မလိုက်တော့ပြန်ချေ။ သူက ဆက်၍တောင့်ထားရာ နေရောင်ထဲ၌ ကြိုးတန်းမှ ရေမှုန်ကလေးများ လွင့်စဉ် ထွက်လာသည်အထိ ဖြစ်၏။ ကြိုးသည် ဆက်၍ ပါထွက်ပြန်လေရာ အဘိုး အိုသည် ဒူးထောက်ချလိုက်ပြီး မလျှော့ချင် လျှော့ချင်ဖြင့် လျှော့ပေးလိုက် ရသည်။

"ငါးကြီးကတော့ ဝေးပေ့ဆိုတဲ့ နေရာကနေပြီး ပြန်ပတ်နေတာပဲ။ ငါကလည်း တတ်နိုင်သလောက် တင်းတင်းဆွဲပေးထားရမယ်။ ဒါမှ သူ ပတ်တဲ့နေရာဟာ ဆွဲလိုက်တိုင်း ခွင်ကျဉ်းပြီး ငါ့ဘက် ပါလာမယ်။ အင်း နောက်တစ်နာရီလောက် အတွင်းမှာတော့ သူ့ကို ငါ မြင်ရကောင်းရဲ့။ အခု တော့ ချော့ဆွဲထားရမယ်။ ပြီးမှ သူ့ကို အသေလုပ်ရမယ်" ဟု သူ တွေးနေ သည်။

ငါးသည် အဘိုးအို ထင်သလိုမဟုတ်ဘဲ အဓိလေးဆွဲ၍ လှည့်ပတ် နေသည်။ နှစ်နာရီကြာသွားသည့်အခါ၌ အဘိုးအိုမှာ ချွေးဒီးဒီးရွဲလျက် ရှိ၏။ ရိုးတွင်းခြင်ဆီခိုက်အောင် ပင်ပန်းလှတော့သည်။ သို့သော်လည်း ငါးကြီး ပတ်ချာလှည့်နေပုံမှာ တဖြည်းဖြည်းနှင့် ခွင်ကျဉ်း၍လာ၏။ ငါးမျှားကြိုး တန်းနေပုံကို ကြည့်ရခြင်းအားဖြင့်လည်း ငါးသည် ကူးခပ်လှည့်ပတ်ရင်းနှင့် ရေပေါ်သို့ တရွေ့ရွေ့ တက်လျက်ရှိသည်ကို ပြောနိုင်လေသည်။

အဘိုးအို၏ မျက်လုံးထဲ၌ အမည်းစက်များကို မြင်နေရသည်မှာ တစ်နာရီခန့် ရှိလေပြီ။ ချွေးပေါက်များက မျက်လုံးထဲသို့ဝင်၍ ကျိန်းစပ်စပ် ဖြစ်ရသည်။ မျက်လုံးအထက်နှင့် နဖူးဆီ၌ ပေါက်ပြဲထားသော ဒဏ်ရာများ ကလည်း ချွေးထိသဖြင့် စပ်ဖျဉ်းဖျဉ်း ဖြစ်ရသည်။ သူသည် မျက်လုံးထဲတွင် မြင်လာရသော အနက်ပြောက်များအတွက် မစိုးရိမ်ပေ။ ငါးမျှားကြိုးကို ဤမျှ ဆွဲထားရသည့်ဒဏ်ကြောင့် ဖြစ်ရိုးဖြစ်စဉ်မျှသာ ဖြစ်၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



သူသည် နှစ်ကြိမ်တိုင်တိုင် မူးချင်မော်ချင် ဖြစ်သွားခဲ့သည့် အတွက်ကိုမူ စိုးရိမ်မိလေသည်။

"ဒီငါးကြီးမျိုးနဲ့ ပက်ပင်းတွေ့ရတုန်းမှာတော့ ငါ အလျှော့ပေးပြီး အသေမခံနိုင်ဘူး" ဟု သူ့ကိုယ်သူ အားတင်း၏။ 'ဟော... အခု ငါးကြီး ငါ့ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် လာနေပြီ။ ငါ ဆက်ပြီး တောင့်ထားနိုင်အောင် ဘုရားသခင် စောင်မပါစေ။ ဘုရားသခင်နဲ့ မယ်တော်မာရီကို အကြိမ်တစ်ရာ ရှိခိုးပါ့မယ်။ အခုတော့ ရှိမခိုးအားသေးဘူး' ဟု နှုတ်က ပြောနေ၏။

"ကိုင်းပါလေ၊ ရှိခိုးပြီး ပူဇော်ပြီးပြီပဲ ထားလိုက်ပါတော့။ နောက်များ အားတော့မှ ရှိခိုးပါ့မယ်" ဟု သူ့စိတ်၌ တွေးနေ၏။

ထိုအခိုက်အတန့်၌ သူ့လက်များဖြင့် စုံကိုင်ထားသော ငါးမျှားကြိုးကို ရေအောက်မှ ဝုန်းခနဲ၊ တုံ့ခနဲ ဆွဲလိုက်ခြင်းကို ခံရသည်။ ဆွဲလိုက်ပုံမှာ ဆတ်လည်းဆတ်၊ ပြင်းလည်းပြင်း၍ လေးလေးပင်ပင်လည်း ရှိသည်။

"ဒီကောင်ကြီး ငါးမျှားချိတ်ထိပ်က သံကြိုးကို နှုတ်သီးချွန်နဲ့ ခုတ်နေပြီနဲ့ တူတယ်" ဟု သူ တွေးလိုက်၏။ "ဒါမျိုးဟာ လုပ်နေကျပဲ၊ လုပ်ကို လုပ်လိမ့်မယ်။ ပြီးတော့ ထ ခုန်ချင် ခုန်ဦးမှာပဲ။ ငါကတော့ သူ ဒီလိုခုန်မှာ ထက် ပတ်နေတာကို ပိုကြိုက်တယ်။ ထ မခုန်လို့လည်း မဖြစ်ဘူး၊ သူ့မှာ လေရှူပေါက်ရအောင် ခုန်ရမယ်။ ဒါပေမဲ့ တစ်ခါခုန်လိုက်တိုင်း ငါးမျှားချိတ် မိနေတဲ့ နေရာက ကျယ်ကျယ်လာပြီး ချိတ်ပြုတ်ထွက်သွားနိုင်တယ်"

'မခုန်ပါနဲ့ ငါးရယ်၊ မခုန်ပါနဲ့'

ငါးကြီးသည် သူ့နှုတ်သီးချွန်ကြီးနှင့် ငါးမျှားကြိုးထိပ်က မျှားဦး သံနန်းကြိုးကို အကြိမ်ကြိမ် ထိုးခုတ်လျက် ရှိသည်။ ငါးကြီး တစ်ကြိမ် ခေါင်းယမ်းလိုက်လျှင် အဘိုးအိုသည် ကြိုးကို တစ်ချက်လျှော့ပေးလိုက်ရပြန်သည်။

"ဒီငါးကြီး နာနေတဲ့နေရာကို နာမြဲတိုင်းနာအောင် ဖိပြီး လုပ်ပေးမှ။ ငါ့အတွက်က ကိစ္စမရှိဘူး၊ ငါ့ဘာသာ အောင့်ခံနိုင်တယ်။ ဒါပေမဲ့ သူ့ဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သူ့ကို ဆွန့်ထွန့်လူးအောင် လုပ်ပေးလိမ့်မယ်" ဟု သူ စဉ်းစားနေ၏။

အတန်ကြာသော် ငါးကြီးသည် ငါးမျှားထိပ်မှ မျှားဦးကြိုးအား နှုတ်သီးချွန်နှင့် မထိုးပြန်တော့ဘဲ တရွေ့ရွေ့ ပြန်ပြီး လှည့်ပတ်နေပြန်သည်။ အဘိုးအိုသည် ငါးမျှားကြိုးများကို မှန်မှန်ကြီး ပြန်ဆွဲယူနေနိုင်ပြီ ဖြစ်လေသည်။ သို့သော် သူ့မှာ မိုက်ခနဲ ဖြစ်သွားပြန်၏။ သူသည် ပင်လယ်ရေအချို့ကို ဘယ်လက်ခုပ်ဖြင့် ခပ်ပြီးသော် ခေါင်းပေါ်သို့ လောင်းချလိုက်သည်။ နောက်ထပ် ရေကိုခပ်ပြီး ကုပ်ပိုးပေါ်တွင် သပ်ချပေးလိုက်သည်။

'ငါ့မှာ ကြွက်တက်ခြင်းလည်း မရှိဘူး။ ငါးကြီး မကြာခင် ရေပေါ် တက်လာတော့မှာ၊ ဒီတော့ ငါ တင်းပြီး ခံနိုင်ရမယ်။ ခံနိုင်ရည်ရှိအောင် ခံရမယ်။ အလျှော့ပေးဖို့ ဆိုတာကို စကားထဲတောင် ထည့်ပြောလို့ မဖြစ်ဘူး ပေါ့' ဟု သူက ကြုံးဝါးလိုက်သည်။

သူသည် လှေဦးကို မှီ၍ ဒူးထောက်ချလိုက်၏။ ခဏတစ်ဖြုတ် အားဖြင့် ငါးမျှားကြိုးတန်းကို ကျောတွင်သိုင်း၍ ပိုးထားလိုက်ပြန်သည်။

"ငါးကြီး တစ်ပတ်လျှောက်လှည့်နေတုန်း ငါ အခု သက်သက်သာသာ နေလိုက်ဦးမှ။ သူလည်း ပြန်လှည့်လာရော၊ ငါလည်း ထပြီး သူနဲ့ ရင်ဆိုင်ပစ်လိုက်မယ်" ဟု အဘိုးအို၏ စိတ်ထဲ၌ သန္နိဋ္ဌာန် ချနေသည်။

လှေဦးတွင် ခိုမှီ၍ သက်သက်သာသာကလေး နေဖို့ရန်ဆန္ဒမှာ သူ့တွင် အလွန်အမင်း ဖြစ်ပေါ်လျက် ရှိသည်။ ထိုသို့ နားနားနေနေ ရှိစဉ် အတွင်း ငါးကြီးသည် ကြိုးများကို ထပ်၍ မရုန်းမဆွဲဘဲ တစ်ပတ်ပတ်နေမှ ဖြစ်မည်။ သို့သော်လည်း ငါးသည် လှေဘက်သို့ ဝင်လာပြီဖြစ်ကြောင်း ကြိုးတန်းကို ကိုင်ရင်း သိလိုက်သည်နှင့် တစ်ပြိုင်နက် အဘိုးအိုသည် မတ်တတ် ထ ရပ်လိုက်၍ ကိုယ်ကို ကြိုးနှင့်ရစ်သိုင်းပြီး တောင့်တောင့် ခံလိုက်သည်။ လျှော့သွားသော ငါးမျှားကြိုးများကိုလည်း ဘယ်တစ်ပြန် ညာတစ်ပြန် လက်နှစ်ဖက်စလုံးဖြင့် သိမ်းကျုံးဆွဲငင် ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နှယ် မဖောစပ္ပူး ဖောလိုက်တာ။ လေလည်း ထန်လာပြီ။ ဒါပေမဲ့ လေထန်လာတာဟာ ငါးကြီးကိုမိပြီး အပြန်မှာ ရွက်လွှင့်သွားဖို့ အဆင်သင့်တာပဲ။ လေအားကောင်းဖို့တော့ တကယ်လိုတာပဲ" ဟု သူ့ဘာသာ တွေးနေသည်။

"နောက်တစ်ကြိမ် သူ တစ်ပတ်လှည့်တော့မှ ငါ နားပါတော့မယ်လေ။ ငါ့မှာ အများကြီး နေသာထိုင်သာ ရှိလာပြီပဲ။ သူလည်း နှစ်ပတ် သုံးပတ်လောက် လှည့်ပြီးရော၊ ငါလည်း သူ့ကို အမိချိုင်ရတော့မှာပဲ"

သူ ဆောင်းထားသော မြက်ဦးထုပ်မှာ ဦးခေါင်းနောက်သို့ လန်ကျလျက် ရှိသည်။ ငါးသည် တစ်ပြန်လှည့်၍ ကြိုးကို ဆောင့်ဆွဲလိုက်သည်ကို သိရသည့် ခဏတွင် အဘိုးအိုလည်း လှေဦးထဲသို့ ယိမ်းယိုင်သွား၏။

"ငါးကြီးရေ၊ မင်း အခုတော့ လုပ်ဦးပေါ့။ နောက်တစ်လှည့်ကျတော့မှ ငါ့လက်ထဲကို မင်းရောက်လာရလိမ့်မယ်"ဟု စိတ်ထဲက ကြိမ်းလိုက်၏။

လှိုင်းများ အတော်ထလာပြီ ဖြစ်၏။ သို့သော် ရာသီကောင်းတုန်း တိုက်သော လေကလေးမျိုးဖြစ်ရာ ထိုလေတွင် ရွက်ဖွင့်၍ စုန်လိုက်ရလျှင် အိမ်အပြန်ခရီး ချောမောပေလိမ့်မည်။

"ငါတော့ အနောက်တောင်ကြောင်းကို လှည့်ပြီး ပြန်ရမယ်။ ပင်လယ်ထဲမှာ လမ်းပျောက်တဲ့ လူရယ်လို့လည်း မရှိပါဘူးကွာ။ ပြီးတော့ ဟို့ကျွန်းက အရှည်ကြီးပဲ မဟုတ်လား"

ငါးကြီး သုံးပတ်ပြည့်အောင် ပတ်ပြီးမှ အဘိုးအိုသည် ငါးကို ပထမဦးဆုံး ပြန်မြင်ရသည်။ ပထမဦးစွာ တွေ့လိုက်စဉ်၌ ငါးကြီး၏ အရိပ်မည်းမည်းကြီး လှေအောက်က ဖြတ်သွားသည်ကို မြင်လိုက်ရသည်။ ဖြတ်ကူးသွားသော အရိပ်ကြီးမှာ ရှည်လှသဖြင့် ငါးကြီးကို ဤမျှ အလျား ရှည်ပါ့မလားဟု သံသယ ဝင်မိသည်။

'မဟုတ်နိုင်ဘူး၊ ဒီငါး ဒီလောက်ကြီးမယ် မဟုတ်ပါဘူး'

သို့သော် ငါးသည် အကယ်ပင် ထိုမျှ ကြီးမားပေ၏။ တစ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



ပတ်မိသွားပြီးနောက် ငါးကြီးသည် လှေနှင့် ကိုက်သုံးဆယ်အကွာတွင် ရေပေါ်၌ လာ၍ပေါ်သည်။ ရေထဲတွင် ထောင်၍ ပေါ်လာသော အမြီး ဝိုက်ကွေးကြီးကို သူ မြင်ခဲ့ရသည်။ ငါးမြီးကြီးသည် အကြီးစားတံစဉ်ကြီး တစ်လက်ထက်ပင် ကြီးမားပေသေးသည်။ အရောင်မှာ အပြာရင့်ရောင် ပင်လယ်ထက်တွင် အပြာသွေးလဲ့လဲ့ ဖြစ်နေသည်။ အမြီးကြီးသည် နောက် ဘက်သို့ ကွေးကိုင်းနေ၏။ ငါးသည် ရေလွှာအောက်မှကပ်၍ ကူးသွား နေစဉ်တွင် ဖောင်းနေသော ငါးဝမ်းဗိုက်ကြီးကို သူ မြင်ရသည်။ ဝမ်းဗိုက် ဘေးတွင် အပြာရောင် အစင်းကြီးများ အထင်းသား ဖြစ်နေသည်။ ငါး၏ ကျောကုန်းမှ ဆူးတောင်များသည် အောက်သို့ ကုပ်ကျနေလျက်၊ ဘေးယက် ဆူးတောင်များမှာမူကား ကြီးမားပြန့်ကားလျက် ရှိသည်။

ဤတစ်ပတ်လှည့်၍ လာစဉ်တွင် အဘိုးအိုသည် ငါးကြီး၏ မျက်လုံး ကြီးများကို မြင်လိုက်ရသည်။ မီးခိုးရောင်ရှိသော သွေးစုပ်ငါးနှစ်ကောင်မှာ ငါးကြီးကိုပတ်ကာ ကူးသန်းနေကြသည်။ တစ်ခါတစ်ရံတွင် သူတို့သည် ငါးကြီးကို ဝင်၍ ထိုးတွတ်ကြသည်။ တစ်ခါတစ်ရံတွင် ငါးကြီးကိုယ်မှ ခွာလိုက်ကြသည်။ တစ်ခါတစ်ရံတွင် ငါးကြီး၏ကိုယ်ဘေးမှ အရိပ်ခို၍ အေးအေးဆေးဆေး လိုက်ကြသည်။ သွေးစုပ်ငါးများသည် ကိုယ်ရှည်သုံးပေ ကျော်လျက် လျင်မြန်စွာ ကူးသွားသည့်အခါ ငါးရှဉ့်များကဲ့သို့ ကော့ချည် ကွေးချည် ပြုလျက် ကူးခပ်ကြသည်။

အဘိုးအို၌ ချွေးများ ကျနေသည်။ ချွေးကျခြင်းသည် နေပူသော ကြောင့် မဟုတ်ဘဲ အခြားအကြောင်းကြောင့် ဖြစ်သည်။ ငါးသည် ခပ်နှေးနှေး ကွေ့ပတ်လိုက်တိုင်း အဘိုးအိုသည် ငါးမျှားကြိုးများကို ငင်၍ ယူနိုင်လေ သည်။ နောက်ထပ် နှစ်ပတ်မျှ ကွေ့လိုက်လျှင် ငါးကြီးသည် သူ မှိန်းနှင့် လှမ်း၍ ထိုးနိုင်သော နေရာသို့ ရောက်လာလိမ့်မည်ဟု သေချာပေါက် ထင်ထားလေသည်။

"ဒါပေမဲ့ ငါ သူ့ကို နီးသည်ထက် နီးလာအောင် စောင့်ရင်း ဆွဲယူမှ။



www.burmeseclassic.com

www.burmeseclassic.com



ငါးခေါင်းကို ထိုးလို့ မဖြစ်ဘူး။ နှလုံးသည်းပွတ် တည့်တည့်ကိုထိုးမှ" ဟု တွေးနေသည်။

'စိတ်အေးအေးနဲ့ အားရှိပါးရှိသာ လုပ်လိုက်ပေတော့ အဘိုးအိုရေ့' ဟု သူ့ကိုယ်သူ ပြောရင်း အားပေးနေမိသည်။

နောက်တစ်ကျော့ ပြန်၍ ပတ်နေသောအခါတွင် ငါးကြီး၏ ကျောကုန်းမှာ ရေပေါ်တွင် ထင်ထင်ရှားရှား ပေါ်လာ၏။ သို့သော် ငါးသည် လှေနှင့် အတော်လှမ်းလှမ်းတွင်သာ ရှိသေး၏။ နောက်တစ်ချီ ပြန်၍ လှည့်ပတ်သောအခါတွင် အလှမ်းကွာနေဆဲ ဖြစ်သော်လည်း ကိုယ်လုံးမှာ ရေပြင်အထက်သို့ ပို၍ ပေါ်လာ၏။ နောက်ထပ် ကြိုးအနည်းငယ်ထပ်၍ သိမ်းနိုင်ခဲ့လျှင် ငါးကြီးအား လှေနှင့် ဆားချင်းယှဉ်နိုင်သော နေရာသို့ ဆွဲယူနိုင်တော့မည်ဟု အဘိုးအိုသည် သေချာပေါက် တွက်မိလေသည်။

သူသည် ငါးထိုးရန် မှိန်းကို ကြိုတင်ပြင်ဆင်ထားခဲ့ပြီးဖြစ်ရာ မှိန်းနှင့် မှိန်းနောက်လိုက် ကြိုးခွေအသေးစားမှာ ခြင်းတောင်းအဝိုင်းတစ်လုံးထဲတွင် ရှိသည်။ ကြိုးနောက်စ၏ အရင်းမှာ လှေဦးရှိ သံကွင်းထဲတွင် မြဲမြဲစွာ ချည်နှောင်ထားသည်။

ငါးကြီးသည် ပတ်မြဲတိုင်းပတ်လျက် ဝင်လာသည်တွင် အေးအေးဆေးဆေး ရှိလှသည်။ ကြည့်၍ တင့်တယ်လှသည်။ သူ့ကိုယ်တွင် အမြီးတစ်ခုသာ လှုပ်ရှားနေ၏။ ဤတွင် အဘိုးအိုသည် လက်ထဲမှကြိုးကို အားနှင့်ကျုံး၍ ဆက်ဆွဲပေးနေသည်။ ငါးသည် တစ်ခဏမျှ သူ့ကိုယ်သူ ဘေးသို့ အတန်ငယ် စောင်းလိုက်၏။ ထို့နောက် ကိုယ်ကို ပြန်တည့်လိုက်ကာ နောက်တစ်ပတ် ပတ်သွားပြန်သည်။

'ငါ ဆွဲသလို သင်း ပါပြီ၊ ငါ ဆွဲသလို သင်း ပါလာပြီ' ဟု အဘိုးအိုက ကျူးရင့်လိုက်သည်။

ယခုအရေးကျမှ သူ့မှာ တစ်ကြိမ်မူးမော့်၍ လာပြန်သည်။ သို့သော် သူသည် အားကုန်ရှိသမျှဖြင့် ဆက်ဆွဲနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဆွဲလို့ ပါနေပြီ မဟုတ်လားဟင်။ ဒီတစ်ခါတော့ မင်းကို ငါ ပိုင်ပြီ ထင်ရဲ့။ လက်တွေကလည်း ဆွဲပေးစမ်း၊ ခြေထောက်ကလည်း ခိုင်ခိုင် ရပ်နေကြစမ်း၊ ခေါင်းကလည်း မမူးစမ်းနဲ့။ ဒီတစ်ချီ မင်း ဘယ်မှ မပြေး နိုင်တော့ဘူးဟော့။ မင်းကို ငါ အရအမိ ဖမ်းရတော့မယ်" ဟု စိတ်က ကြွေးဝါး နေသည်။

သို့သော်ငြားလည်း သူက ငါးကြီးအား လှေနှင့် ယှဉ်မိအောင် အားကုန်စိုက်ဆွဲနေစဉ် ငါးကြီးသည် ကိုယ်ဘေးသို့ စောင်းသွားပြန်ပြီး သူ့ဘာသာ ပြန်တည့်လျက် ခပ်ဝေးဝေးသို့ ကူးထွက်သွားလေသည်။

'ဟော့ ငါးကြီးရေ့၊ မင်းဟာ သေရတော့မှာပါကွ။ ဘယ်နည်းနဲ့မဆို မင်း သေရမယ်။ မင်းက ငါ့ကိုပါ သေရွာခေါ်သွားချင်သပေါ့ ဟုတ်လား'

ဤအတိုင်းဆိုလျှင် ဘာမျှ မပိုင်နိုင်သေးဟု တွေးမိသည်။ အဘိုးအို၏ အာခေါင်မှာ ခြောက်သွေ့၍နေပြီး အသံထွက်၍ပင် စကားမပြောနိုင်ပေ။ သို့သော် ယခုအချိန်၌ ရေပုလင်းကိုပင် လှမ်း၍မယူနိုင်။ ငါးကြီးနှင့်လှေ ဘေးချင်းယှဉ်မိဖို့က အရေးကြီးနေ၏။ 'အင်း… ငါကတော့ မင်း အထပ်ထပ် လှည့်ပတ်နေတာကို ဒဏ်မခံနိုင်တော့ဘူး။ မင်းကတော့ အားရှိသေးသပေါ့ ကွာ' ဟု ရေရွတ်နေပြန်သည်။

နောက်တစ်ပတ် ကျော့မိသောအခါ၌ သူသည် ငါးကြီးကို မိန်းနှင့် လှမ်းထိုးနိုင်တော့မလောက် နီးသွား၏။ သို့သော် ငါးကြီးသည် သူ့ကိုယ်သူ ပြန်လှည့်ကာ ခပ်ဝေးဝေးသို့ ကူးသွားပြန်လေသည်။

"ငါစောင့်ရတာ သေလုနေပါပြီကွာ၊ ငါးကြီးရာ။ အေးလေ မင်းက လည်း ငါ့ကိုလုပ်ဖို့ အခွင့်အရေး ရှိပေသပေါ့။ ငါ တွေ့ဖူးသမျှ ငါးတွေ ထဲမှာတော့ မင်းဟာ အကြီးဆုံးပဲကွ။ လှလည်း လှတယ်၊ အင်မတန် ဣန္ဒြေ လည်း ရတယ်။ ဒီတော့ မင်းက ငါ့ကို နှံနိုင်ရင်လည်း နှံပေါ့ကွာ။ တို့နှစ်ဦးမှာ ဘယ်သူက ဘယ်သူ့ကို နှံနိုင်မလဲဆိုတာ စောင့်ကြည့်ရအောင်"

"ငါလည်း ခေါင်းထဲက နောက်ကျိလာပြန်ပြီ။ ငါ့ခေါင်းက



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်လင်လင် ရှိနေမှ ကောင်းမှာ။ ငါ့မှာ လှူတစ်ယောက်ပီပီ ခံနိုင်ရည် ရှိရမယ်ပေါ့ကွာ။ ဒါမှမဟုတ်လည်း ငါးကြီးတစ်ကောင်လို ခံနိုင်ရည် ရှိရမယ်" ဟု သူ့ဘာသာသူ ဆက်၍ တွေးနေ၏။

• 'ကိုင်း... ငါ့ခေါင်းကလည်း ကြည်ကြည်လင်လင် ရှိစမ်းပါတော့ဟာ' သူက တီးတိုးလေသံနှင့် ပြောလိုက်ပြန်သည်။

ငါးကြီးသည် နောက်ထပ် နှစ်ပတ်ဆက်၍ ကူးလာသည်။ သို့သော်လည်း နှစ်ပတ်စလုံးပင် လှည့်၍ပြန်သွား၏။ အဘိုးအိုသည် မိန်းကို ပစ်လွှတ်တော့မည့်ဆဲဆဲ ဖြစ်ခဲ့သည်။ သို့သော် ချီတုံချတုံ ဖြစ်နေ၏။ သူသည် နောက်တစ်ကြိမ် ကြိုးစားရန် အားမာန်သွင်းနေသည်။

တတိယအကြိမ်၌လည်း ငါးကြီးကို ကြိုးဖြင့်ငင်၍ နီးကပ်လုဆဲဆဲ၌ ငါးသည် ပြန်လှည့်၍ ဣန္ဒြေရရ ခပ်ဖြည်းဖြည်း ကူးခပ်၍ ထွက်သွားပြန်သည်။ ငါးမြီးကြီးသည် လေထဲ၌ ကြော့ကြော့မော့မော့ထောင်ကာ ကူးခပ်သွားသည်ကို တွေ့လိုက်ရ၏။ မိန်းကို ကိုင်အံ့ဆဲဆဲတွင်မှ မကိုင်လိုက်ရချေ။

"အင်း... နောက်တစ်ချီပေါ့" ဟူ၍ သူ့စိတ်ထဲ၌ အားမလို အားမရ ဖြစ်ကာ ဆုံးဖြတ်လိုက်သည်။ သို့သော် သူ့လက်ဖဝါးများမှာ စေးထန်းလျက်ရှိပြီး မျက်လုံးများကလည်း တစ်ချက် တစ်ချက်မှပင် သဲကွဲစွာ မြင်ရတော့သည်။


အဘိုးအိုသည် ငါးကြီးကို နောက်တစ်ကြိမ်ဆွဲရန် ကြိုးစားပြန်သော်လည်း မပါချေ။ "အင်း... ငါ့စိတ်က မိန်းကိုလွှတ်ဖို့ လောကြီးနေတာကြောင့် အရှိန်သေသေသွားတာ။ ဒီတစ်ခါ တစ်မျိုးလုပ်မှပဲ" ဟု စိတ်ပိုင်းလိုက်သည်။

ထို့ကြောင့် အဘိုးအိုသည် တစ်ကိုယ်လုံး နာကျင်နေသမျှကို အံကြိတ်၍ ခံရင်း ကျန်သေးသမျှ အားအင်များကို ဖျစ်ညှစ်ထုတ်ကာ ကြွင်းသမျှ မာန်များဖြင့် ထပ်ဆင့်လောင်းလျက် သူ့နည်းတူ ဝေဒနာ ခံစားနေရသော ငါးကြီးအား ဆွဲယူလိုက်တော့သည်။ ငါးကြီးသည် သူ့လှေကလေး ဘေးသို့ ရောက်လာလျက် ဖြည်းဖြည်းချင်း ဘေးစောင်းကူးခပ်နေသည်။ ငါးနှုတ်သီး



www.burmeseclassic.com

www.burmeseclassic.com



သူ့မှိန်းဖြင့် အားရှိပါးရှိ ထိုးစိုက်လိုက်သော နေရာမှာ
ရင်အုပ် ဆူးတောင်များ အကြားတွင် ဖြစ်၏။
မှိန်းဦးသည် ငါးဗိုက်ထဲသို့ အိခနဲ ဝင်သွားသည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ချွန်ကြီးသည် လှေစပ်ပျဉ်ပြားများနှင့် ထိတော့မလောက် ဖြစ်နေ၏။ ထို့နောက် ငါးကြီး၏ ရှည်လျားသော၊ ကျယ်ဝန်းသော၊ ကြီးမားသော၊ ငွေရောင်ပေါ်တွင် ခရမ်းရောင် အတန့်အစင်းများရှိနေသော ကိုယ်လုံးကြီးသည် လှေကိုဖြတ်၍ ကူးလျက်ရှိရာ မဆုံးနိုင်အောင်ပင် ရှိနေလေသည်။

အဘိုးအိုသည် ငါးမျှားကြိုးစကို လွှတ်ချလိုက်ပြီး ခြေတစ်ဖက်ဖြင့် ဖိနင်းထားလိုက်၏။ ထို့နောက် မှိန်းကိုဆွဲ၍ လက်နှစ်ဖက်ဖြင့် မြင့်နိုင်သလောက် မြင့်အောင် မြှောက်လိုက်ပြီး အောက်သို့ အားနှင့်ခွန်နှင့် ဖိစိုက်၍ ချလိုက်လေသည်။ ရုတ်တရက် ဖြစ်ပေါ်လာသော စိတ်ဇောကြောင့် သူ့မှာ အားသစ်ခွန်သစ်များ ပြည့်၍သွားသည်။ မှိန်းကို ထိုးစိုက်လိုက်သော နေရာမှာ အဘိုးအို၏ ရင်ညွန့်လောက်နီးပါး ရေပေါ်သို့ ထောင်တက်လျက်ရှိသော ရင်အုပ်ဆူးတောင်ကြီး၏ အကြားတွင် ဖြစ်သည်။ မှိန်းဦးသည် ငါးဖိုက်ထဲသို့ အိခနဲ ဝင်သွားသော အတွေ့ကို သိလိုက်ရပြီး သူက မှိန်းကိုကိုင်လျက် ကိုယ်အလေးဖြင့် ဖိတွန်း၍ သွင်းပေးလိုက်သည်။


ထိုသို့ ထိုးသွင်းလိုက်စဉ်တွင် ငါးကြီးသည် သေကောင်ပေါင်းလဲခံစားနေရာမှ လှုပ်လှုပ်ရှားရှားကြီး ဖြစ်သွား၏။ ငါးသည် အမြီးရော ခေါင်းပါ တစ်ကိုယ်လုံး ဝင့်ဝါလျက် ရေပေါ်သို့ ဝုန်းခနဲ ခုန်ပျံတက်လာသည်။ ကြီးမားလှသော အင်အားဖြင့် လှုပ်ရှားလိုက်သောကြောင့် လှပလိုက်သည့် မြင်ကွင်းမှာ ပြောစရာ မရှိတော့ချေ။ ငါးကြီးသည် လှေကလေးနှင့် အဘိုးအိုတို့၏ ဦးခေါင်းထက်ဝယ် လေထဲတွင် ပန်းဆိုင်းဆွဲထားဘိသကဲ့သို့ ခဏကြာမျှ ရပ်တည်နေ၏။ ထို့နောက် ရေထဲသို့ ဖြန်းခနဲ ပြန်ကျသွားသည့် အရှိန်မှာ အဘိုးအိုရော လှေကလေးပါ ရေများ ရွှဲသွားစေလေသည်။

အဘိုးအိုသည် မူးဝေ၍ သတိလစ်မလို ဖြစ်သွားပြီး မျက်လုံးများ ပြာသွားသည်။ သို့သော်လည်း မှိန်းကြိုးများကို ငါးကြီးနောက်သို့ အလိုက်သင့် ပါသွားစေရန် သူ့လက်ဖြင့် ရှင်းပေးလေသည်။ သူ့မျက်စိများ သဲသဲကွဲကွဲ ကြည့်နိုင်သောအခါတွင် ငါးကြီးမှာ ဝမ်းပျဉ်းသားဖွေးဖွေးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



မိုန်းထိုး ခံလိုက်ရပြီးနောက် ငါးကြီးသည် အမြီးရော ခေါင်းပါ
ဝင့်ဝါလျက် ရေပေါ်သို့ ခုန်ပျံတက်လာသည်။ အဘိုးအို၏
ဦးခေါင်းထက်ဝယ် ငါးကြီးသည် ပန်းဆိုင်းဆွဲထားသကဲ့သို့ ရှိ၏။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖော်၍ ပက်လက်ကြီး လန်နေသည်။ မိန်းရိုးသည် ငါးကြီး၏ ပခုံးနားဆီမှ ထိုးထောင်၍ ထွက်နေ၏။ ငါးကြီး၏ နှလုံးသားမှထွက်သော သွေးနီရောင်များကြောင့် ပင်လယ်ရေမှာ အရောင်ပြောင်းလဲ၍ နေသည်။ ပထမတွင် ထိုသွေးများသည် တစ်မိုင်မျှနက်သော ပင်လယ်ပြာကြီး၏ အထက်တွင် အနီရောင်သင်ဖြူးကြီး ခင်းထားသကဲ့သို့ ရှိ၏။ ထို့နောက် သွေးပွက်ကြီးသည် တိမ်များ လွင့်ပါသကဲ့သို့ ပြယ်၍သွားလေသည်။ ငါးကြီးမှာ ငွေရောင်တဖွေးဖွေးဖြင့် ငြိမ်သက်လျက် လှိုင်းပုတ်တိုင်း တငြိမ့်ငြိမ့်ပါလျက် ရှိ၏။

အဘိုးအိုသည် မျက်စိထဲတွင် မှုန်ဝါးဝါးသာ မြင်ရသော ရှုခင်းကို အသေအချာ ကြည့်လျက်နေမိ၏။ ထို့နောက် မိန်းနှင့်ဆက်ထားသော ကြိုးစကို ယူ၍ လှေဦးပိုင်းသံကွင်းတွင် နှစ်ကျော့ပတ်၍ ချည်လိုက်ပြီး၊ လက်မောင်းပေါ်တွင် သူ့ခေါင်းတင်၍ မှိန်းလိုက်လေသည်။

'ဘုရား... ဘုရား... ခေါင်းမမူးဘဲ အကောင်းပကတိရှိပါစေဘုရား။ တပည့်တော်သည် ဆင်းရဲပင်ပန်းလှသော တံငါအို ဖြစ်ပါသည်။ မိတ်ဖက် သတ္တဝါတစ်ကောင်ဖြစ်တဲ့ ငါးကြီးကို ဖမ်းဆီးသတ်ဖြတ်နိုင်ခဲ့ပါပြီ။ ဤတာဝန်ကြီးကို ယခုဆက်လက်၍ ရှင်းနိုင်သော အင်အားမျိုး ပေးသနားပါဘုရား' ဟူ၍ အဘိုးအိုသည် လှေဦးကို ခေါင်းစိုက်ရင်း ဘုရားသခင်ကို အာရုံပြုလျက် ဆုတောင်းနေလေသည်။

"အင်း... ငါးကြီးကို ငါ့လှေနံနဲ့ပူးပြီး ချည်နိုင်အောင် ကြိုးကွင်းလျှော့တွေ ပြင်ဦးမှ" ဟု သူ တွေးလိုက်သည်။ "တကယ်လို့ ငါတို့မှာ နှစ်ယောက်ဖြစ်လို့ လှေထဲက ရေတွေ ပက်ထုတ်ပြီး ငါးကြီးကို လှေပေါ်ဆွဲတင်နိုင်ဦးတော့၊ ငါးအလေးချိန်ကို ဒီလှေကလေးက ခံနိုင်မှာ မဟုတ်ဘူး။ ဒါ့ကြောင့် အစစ ပြင်ဆင်ပြီးမှ ငါးကြီးကို လှေဘေးကပ်ပြီး လှေနဲ့တစ်တွဲတည်း လုပ်ထားရမယ်။ ပြီးတော့ ရွက်တိုင်ထူပြီး၊ ရွက်အားနဲ့ အိမ်ပြန်ဖို့ပဲ" ဟု ဆက်၍ တွေးနေသည်။

ထို့ကြောင့် အဘိုးအိုသည် ငါးကြီးအား လှေနှင့် ဘေးချင်းကပ်မိ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဆွဲယူရပြန်သည်။ သို့မှသာ ငါး၏ပါးဟက်ကြားမှ ကြိုးလျှိုသွင်း၍ ပါးစပ်မှ ကြိုးစ ဆွဲထုတ်ပြီး ငါးခေါင်းနှင့် လှေဦးကို ခိုင်ခိုင်မာမာ ချည်နိုင်မည် ဖြစ်သည်။

"ငါ ဒီကောင်ကြီးကို သေသေချာချာ ကြည့်လိုက်ချင်တယ်။ လက်ထိလက်ရောက် ကိုင်တွယ်ကြည့်လိုက်ချင်တယ်။ သူဟာ ငါ့အတွက် ပိုက်ဆံခဲကြီးပဲ။ ဒါပေမဲ့ ပိုက်ဆံခဲမို့လို့ ထိတို့ကြည့်ချင်တာ မဟုတ်ပါဘူး။ ဒီငါးကြီးနှလုံးခုန်တာကို မှိန်းနဲ့ နောက်တစ်ချက် စိုက်အသွင်းမှာ ငါ သိလိုက်တယ်။ ကိုင်းပါလေ၊ သူ့ကို မြန်မြန်ဆွဲကပ်ပြီးတော့ ကွင်းလျှော့တွေစွပ်ပြီး သူ့အမြီးကို လှေနဲ့ ချည်ရမယ်။ သူ့ကိုယ်အလယ်ပိုင်းနဲ့ လှေဝမ်းနဲ့ ချည်ရမယ်၊ ဒါပဲ" ဟု ဆက်ကာ တွေးနေသည်။

'ကိုင်း အလုပ် စ လိုက်ကြဦးစို့ အဘိုးအိုရေ့' ဟု ပြောပြီး ရေတစ်ပေါက်မျှ ယူသောက်လိုက်၏။ 'အကြိတ်အနယ် ကိစ္စပြီးပြန်တော့လည်း အောက်ခြေသိမ်း လုပ်စရာတွေ ကျန်ပေသေးရဲ့'

သူသည် ကောင်းကင်ကို မော့်၍ကြည့်လိုက်သည်။ ထို့နောက် မိထားသော ငါးကြီးကို လှမ်း၍ ကြည့်လိုက်သည်။ နေကို သေသေချာချာ ကြည့်လိုက်သောအခါ အချိန်မှာ မွန်းတည့်သာသာမျှသာ ရှိသေးသည်ကို သိရသည်။ လေကလည်း ထန်၍ လာချေပြီ။ ငါးမျှားကြိုးများသည် ယခုအခါ အရေးမပါလှတော့ပေ။ အိမ်ပြန်ရောက်လျှင် သူငယ်ကလေး အကူအညီဖြင့် ရှင်းယူရပေမည်။

'ကိုင်း၊ ငါးကြီး လာစမ်းဟ' ဟု ပြောပြောဆိုဆို ကြိုးကိုဆွဲလိုက်၏။ ငါးကြီးမှာ လှေအနီးသို့ ပါ၍မလာ။ ရေထဲတွင် တလူးလိမ့်လိမ့် ဖြစ်နေသည်။ ထို့ကြောင့် လှေကို ငါးနားသို့ တိုးကပ်သွားရသည်။

ငါးကြီးကို လှေနှင့် ယှဉ်မိ၍ ငါးဦးခေါင်းနှင့် လှေဦးတို့ အညီဖြစ်သွားသောအခါ အဘိုးအိုသည် ငါးကြီး၏ အရွယ်အစားကို မယုံနိုင်လောက်အောင် ဖြစ်မိသည်။ သူသည် မှိန်းကြိုးကို လှေဦးသံကွင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ချည်ထားရာမှ ဖြုတ်၍ ငါး၏ ပါးဟက်ထဲမှတစ်ဆင့် ပါးစပ်ထဲသို့ လျှိုသွင်းပြီး အစကို ဆွဲယူသည်။ ထိုကြိုးစနှင့် ငါး၏နှုတ်သီးကို တစ်ချက်ရစ်ပတ်ပြီးသော်၊ အခြား ပါးဟက်တစ်ဖက်မှ ကြိုးစကို လျှိုသွင်း၍ ပါးစပ်ထဲမှ နှိုက်ယူသည်။ ထွက်လာသော ကြိုးစဖြင့် နှုတ်သီးကို တစ်ကြိမ်ထပ်ပတ်ပြီးမှ ကြိုးနှစ်ခုစလုံးကို လှေဦး သံကွင်းတွင်ဆက်ကာ ချည်နှောင်ထားလိုက်သည်။

အဘိုးအိုသည် ကြိုးတစ်စကို ဖြတ်ယူပြီး ကွင်းလျှောပြုလုပ်၍ လှေပဲ့နှင့် ငါးအမြီးပိုင်းကို ရှေးနည်းအတိုင်း ပူးတွဲ၍ ချည်လိုက်သည်။ ငါးကြီးသည် မူလ ခရမ်းရောင်နှင့်ငွေရောင် အသွေးဖက်လျက် ရှိရာမှ ငွေရောင်ဘက်သို့ လှလာသည်။ ကိုယ်မှ ခရမ်းရောင် အစင်းကြီးများမှာ အမြီးပိုင်းမှအရောင်နှင့် ဆင်တူ ဖြစ်နေသည်။ ကိုယ်ဘေးမှ အစင်းကြီးများသည် တစ်စင်းလျှင် ယောကျ်ားကြီးတစ်ယောက်၏ တစ်ထွာသာသာ ပြက်ရှိ၏။ ငါးမျက်လုံးကြီးများမှာ ရေငုပ်သဘော်ာထဲမှ မှန်ပြောင်းကဲ့သို့ လည်းကောင်း၊ စကြာ့ကြွေဖြင့် ကြွချီလာသော သူတော်စင်ပုဂ္ဂိုလ်၏ အကြည့်မျိုးကဲ့သို့ လည်းကောင်း တည်ငြိမ်၍ အသက်ဓာတ် ကင်းမဲ့လျက် ရှိသည်။

'အင်း... ငါ သူ့ကို ဒီနည်းနဲ့ပဲ အနိုင်အထက် ပြုရတော့တာပဲ' ဟု အဘိုးအိုက မြည်တမ်းမိသည်။

သူသည် လည်ကုပ်ပိုးကို ရေဆွတ်၍ မျက်နှာသစ်လိုက်ပြီးကတည်းက နေသာထိုင်သာ ရှိလာခဲ့၏။ ငါးကြီး ထွက်မပြေးနိုင်တော့ဟူသည်ကို သိသောကြောင့်လည်း ဖြစ်သည်။ ဦးခေါင်းထဲမှ မူးခြင်း၊ ဝေခြင်းလည်း မရှိတော့ပေ။

"ဒီငါးကြီး ကြည့်ရတာ ပေါင်ချိန် တစ်ထောင့်ငါးရာထက်တော့ လျော့မှာ မဟုတ်ဘူး၊ ဒါထက် ပိုချင်သာပိုမှာ။ ဖျက်လိုက်တော့ ဒါလောက် မရဘူး ထားဦး၊ အခု အလေးချိန်ရဲ့ သုံးပုံနှစ်ပုံကို တစ်ပေါင်မှာ ဆင့်သုံးဆယ် နှုန်းနဲ့ ဖောက်သည်ပေးလိုက်ရရင်..."ဟု သူ စိတ်တွက်နေ၏။

'ဟင်... မဖြစ်ပါဘူးလေ၊ ချပြီးတွက်မှ အဖြေမှန် သိရမယ်။ အခု



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒါလောက်ကိုတောင် တွက်ချက်နိုင်အောင် ခေါင်းမရှင်းသေးပါဘူး။ ဒီနေ့ဆိုရင် ဘောသမား ဒီမက်ဂီယိုကြီးကတောင် ငါ့ကို အောချရမယ့် နေ့ပဲ။ ငါ့မှာ ခြေထောက်ကြက်ဆူးရိုး ထွက်တာလည်း မရှိဘူး။ လက်တွေနဲ့ ကျောကတော့ ဒီနေ့'တကယ့်ကို နာလာတာပဲ' ဟု ရေရွတ်မိသည်။

"ဒါနဲ့ ကြက်ဆူးရိုးထွက်တယ်ဆိုတာ ဘာယ်လိုပါလိမ့်။ ငါလည်း သိတာ မဟုတ်ဘူး။ ကိုယ့်မှာ ဖြစ်နေရက်သားနဲ့ မသိဘဲ ရှိနေတာလည်း ဖြစ်ချင်ဖြစ်မှာ..." ဟု ဆက်၍ တွေးလိုက်မိ၏။

သူသည် ငါးကြီးအား ခေါင်း၊ အမြီးနှင့် ကိုယ်တို့ကို ကြိုးနှင့် မြဲမြဲ ချည်နှောင်ပြီးလေပြီ။ ငါးကြီးမှာ ကြီးလှသောကြောင့် လှေကလေးကို သူ့ထက်ကြီးသော အခြားလှေတစ်စင်းနှင့် တွဲပေးရသကဲ့သို့ ရှိတော့သည်။

အဘိုးအိုသည် ကြိုးတစ်စကို ဖြတ်ယူလိုက်ပြီး ငါးကြီးအောက်မေး ဟ၍ မနေအောင် နှုတ်သီးချွန်နှင့်ဆိုင်း၍ ချည်လိုက်သည်။ သို့မှသာ ရွက်အား ရှင်ရှင်ဖြင့် အဆုတ်အဆိုင်းမရှိ လွှင့်သွားနိုင်ပေမည်။ ထို့နောက် သူသည် ရွက်တိုင်ကို ထူ၏။ ငါးထိုးရန်လည်း အသုံးပြုရသော တုတ်ဖြင့် ရွက်တန်းကို ဆင်၏။ ထို့နောက် အဖာအထေးများသော ရွက်ထည်ကို လေမိ၍ လှေကလေး စ၍ လွင့်လေသည်။ သူသည် ပဲ့ပိုင်းတွင် ကိုယ်တစ်ပိုင်းကို လဲလျောင်း၍ မိုရင်း အရှေ့တောင်ဘက်သို့ ဦးတည်၍ သွားလေသည်။

အဘိုးအိုသည် ဘယ်နေရာတွင် အရှေ့တောင်အရပ် ရှိကြောင်းကို ကွန်ပါအိမ်မြှောင်ဖြင့် ရှာစရာ မလိုချေ။ သူသည် လေတိုက်ပုံနှင့် ရွက်ပွင့်ပုံကိုသာ ကြည့်ဖို့လိုသည်။

"ငါ စားစရာတစ်ခုခု ရှာမှပဲ၊ အာခြောက်နေတာလည်း အာစွတ်သွားအောင်။ ဒီတော့ ငါးမျှားသေးသေးမှာ ငါးစာတပ်ပြီး ချထားမှပဲ" ဟု စဉ်းစားမိသည်။ သို့သော် ငါးမျှားသေးသေးကိုလည်း အလွယ်ရှာမရ။ ငါးစာတပ်ရန် ဆာဒင်းငါးများမှာလည်း ပုပ်ကုန်ကြလေပြီ။ ထို့ကြောင့် အဘိုးအိုသည် မျောလာသော အဝါရောင် ဒိုက်ပုံတစ်ပုံကို သံချိတ်ဖြင့် ချိတ်ဆွဲယူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး လှေပေါ်သို့ ခါချလိုက်သည်။ ထိုအခါ ပုစွန်ဆိတ်ကလေးများသည် လှေနင်းကြမ်းပေါ်သို့ ကျလာသည်။ ပုစွန်ဆိတ် ဆယ့်လေးငါးကောင်ခန့် ရှိပြီး ခွေးလှေး၊ ကြွက်လှေးများသဖွယ် တဆတ်ဆတ်ခုန်၍ နေလေသည်။ အဘိုးအိုသည် ပုစွန်ခေါင်းကလေးများကို လက်ညှိုးနှင့် လက်မညှပ်၍ ဖြုတ်လိုက်ပြီးနောက် အမြီးရော အခွံပါ ဝါးစားလိုက်လေသည်။ ပုစွန်ကလေးများသည် သေးမွှားလှသော်လည်း အားဖြစ်ကြောင်း သူ သိသည်။ အရသာလည်း မဆိုးလှချေ။

အဘိုးအိုသည် ပုလင်းထဲတွင် ရေနှစ်ခါသောက်စာမျှ ကျန်သေးသဖြင့် ပုစွန်ဆိတ်ကလေးများကို စားပြီးနောက် ရေတစ်ခါသောက်၏။ တစ်ဝက်မျှကို ကျိုက်ချလိုက်၏။ အဘိုးအိုသည် တက်မချင်ကို ချိုင်းကြားညှပ်လျက် ရွက်လွှင့်လာခဲ့၏။ လှေကလေးသည် ငါးကြီးကို ပူးချည်၍ လာခဲ့ရသော ဝန်ပိုပါသော်လည်း ဖြောင့်ဖြောင့်ဖြူးဖြူး လမ်းကြောင်းမှန်မှန်သွားလျက် ရှိသည်။ အဘိုးအိုသည် ငါးကြီးကို သူ့မျက်စိအောက်တွင် မြင်နေရပြီး ဒဏ်ရာရနေသော လက်ဖဝါးများကိုလည်း ဖြန့်ကြည့်သည်။ ပဲ့စင်ကို မှီထားရသော ကျောက နာနေသည်ကိုလည်း သတိပြုမိသည်။ ထို့ကြောင့် ငါးကြီးကို သူ ဖမ်း၍ ရလာခြင်းမှာ အိပ်မက်မဟုတ်၊ တကယ်ဖြစ်သည်ဟု သဘောပေါက်ရတော့သည်။ ငါးကြီးကို မိလုမိဆဲရှိစဉ် အချိန်က သူ့မှာလည်း မရှုနိုင်မကယ်နိုင် ဖြစ်လျက်ရှိရာ အိပ်မက်လော၊ တကယ်လောဟု ဝေခွဲမရနိုင်ရှိခဲ့သည်။ တစ်ဖန် ငါးကြီးသည် ရေထဲမှ ခုန်တက်၍ ပြန်မကျမီ၊ လေထဲတွင် ပန်းဆိုင်းဆွဲသကဲ့သို့ ဖြစ်နေသည်ကို မြင်ရသောအခါ၊ ထူးပေဆန်းပေစွဟု စိတ်ကမှတ်လျက် သူ့မျက်လုံးများကိုပင် သူ မယုံနိုင် ဖြစ်ခဲ့ပေသည်။ ထို့နောက် မျက်လုံးများ ပြာသွားသဖြင့် သဲသဲကွဲကွဲ မမြင်ရချေ။ ယခုသော် သူ့မျက်လုံးများမှာ ခါတိုင်းကဲ့သို့ သဲကွဲစွာ မြင်ရလေသည်။

ငါးသေကြီးမှာ မျက်စိအောက်တွင် ရောက်နေပြီး၊ သူ့လက်များ စုတ်ပြတ်လျက် နောက်ကျောကလည်း အလွန်အကျွံ နာနေသည့်အဖြစ်မှာ

www.burmeseclassic.com



အိပ်မက်မဟုတ်၊ လက်ဆုပ်လက်ကိုင် ဖြစ်၍နေကြောင်း သူ ယခု သဘော ရလေပြီ။

"ငါ့လက်တွေကတော့ မကြာခင် အနာပျောက်သွားမှာပါ။ သွေးရဲရဲနဲ့ တုန်းက ဆားရေနဲ့ လက်ဆေးထားလို့ ကျက်သွားမှာပဲ။ ပင်လယ်ကွေ့ ထဲက ရေနောက်တွေဟာ အနာအကျက်နိုင်ဆုံး ဆေးတစ်မျိုးပဲပေါ့။ ငါ့အဖို့ အရေးအကြီးဆုံးကတော့ ခေါင်းရှင်းရှင်းထားဖို့ပဲ။ ငါ့လက်တွေလည်း သူတို့ လုပ်စရာအလုပ်ကို တာဝန်ကျေကျေ လုပ်ပြီးကြပြီ။ လှေလည်း လေမိပြီး အလိုက်သင့် ရွက်ဖွင့်သွားနေပေါ့ပဲ။ ငါးကြီးကို နှုတ်သီးရော၊ အမြီးရော၊ ကိုယ်လုံးကိုရော ဖြောင့်ဖြောင့်ချည်ထားပြီးတဲ့နောက် တို့နှစ်ယောက်ဟာ ညီနောင်တွေလို ပါပဲလား ဟ..." ဟု တွေးတောလျက် ရှိသည်။

ထိုအခိုက်တွင် သူ့ခေါင်းထဲမှ မူးဝေဝေ ဖြစ်လာပြန်သဖြင့် သူ့စိတ်ထဲ၌ ငါးကြီးက သူ့ကို ဆွဲသွားခြင်းလော၊ သူက ငါးကြီးကို ဆွဲ၍ လာခဲ့ခြင်း လော ဟု မသဲကွဲနိုင်အောင် ဖြစ်လာပြန်သည်။

"ငါက သူ့ကို လှေနောက်က ဆွဲလာနိုင်တယ် ဆိုရင်တော့ မထောင်း တာဘူး။ ဒါမှမဟုတ် ငါးကြီးကို လက်နိုင်ခြေနိုင် လှေပေါ်တင်ပြီး အမြင့်သား ဖမ်းလာနိုင်တယ် ဆိုရင်လည်း မထောင်းတာဘူးပေါ့။ ခုတော့ သူ့ကို ဘေး တိုက်ကြီး ဆွဲလာရတယ်ဆိုတာ တယ်ပြီး အမြင်မတော်ဘူး။ ငါးကြီးကသာ ငါ့ကို ဆွဲသွားချင်ရင် ဆွဲသွားလိုက်တာကမှ ကောင်းလိမ့်ဦးမယ်" ဟု အဘိုးအို ၌ တွေးလုံးဝင်လာသည်။

"ငါက သူ့ထက်သာတာဟာ ပရိယာယ်ကောင်းလို့ပဲ။ သူ့ခမျာ ငါ့ကို ဘာမှလာပြီး ရန်မူရှာတာ မဟုတ်ဘူး" ဟုလည်း တွေးနေမိသည်။

သူတို့ လှေကလေးသည် ရွက်တဖြူးဖြူးနှင့် လွင့်လျက်ရှိသည်။ အဘိုးအိုသည် သူ့လက်များကို ပင်လယ်ရေနေ်ထဲတွင် ချ၍စိမ်ရင်း ဦးခေါင်း ထဲ၌ ရီဝေဝေ ဖြစ်မလာစေရန်လည်း ဂရုထားလျက် ရှိသည်။ သူတို့ခေါင်းပေါ် တွင် တိမ်တောင်များ ဆင်လျက်ရှိပြီး၊ တိမ်လွှာများလည်း ထပ်လျက်ရှိရာ



www.burmeseclassic.com

www.burmeseclassic.com



လေသည် တစ်ညလုံး တမျှဉ်းမျှဉ်းတိုက်၍ နေလိမ့်မည်ဟု အဘိုးအို သတိပြုမိသည်။ အဘိုးအိုသည် ငါးကြီးကို မိလာခြင်းမှာ ဟုတ်မှဟုတ်ပါလေစဟု သံကွဲစေရန် သူ့မျက်လုံးများကို ငါးကြီးဆီမှ မခွာဘဲ အာရုံစိုက်၍သာ လိုက်ပါလာခဲ့၏။ ထိုအချိန်မှာ ငါးကြီးအား ငါးမန်းတစ်ကောင် ပထမဆုံးလာ၍ မကိုက်မီ တစ်နာရီမျှ အလိုတွင် ဖြစ်သည်။

ငါးမန်းသည် အမှတ်မဲ့ရောက်လာခြင်း မဟုတ်ပေ။ ပင်လယ်သမုဒ္ဒရာအောက်သို့ ငါးကြီး၏သွေးများ အနည်ထိုင်၍ ကျသွားပြီး တစ်မိုင်ခန့် အနက်သို့ ရောက်သွားခဲ့သည်။ ငါးမန်းသည် သွေးနံ့ရ၍ အာသာငမ်းငမ်းဖြင့် ရေအောက်မှ တက်လာရာ အမှတ်မဲ့အားဖြင့် ရေပြာထက်သို့ပင် အရှိန်လွန်၍ ကျော်ထွက်ပြီး နေရောင်ထဲ ရောက်သွားသေးသည်။ ထို့နောက် ရေထဲသို့ ပြန်ကျပြီး လှေကလေးနှင့် ငါးကြီးတို့ သွားလမ်းအတိုင်း အနံ့ခံလျက် လိုက်လာလေသည်။

တစ်ချက်တစ်ချက်တွင် ငါးမန်းသည် အနံ့မရဘဲ ရှိသွား၏။ သို့သော် အနံ့ပြန်၍ ရလျက်ဖြစ်စေ၊ အနံ့အသက်ငွေ့ငွေ့ကလေးကို မှန်း၍ဖြစ်စေ ခြေရာကောက်ကာ အလျင်အမြန် လိုက်လာပြန်၏။ ဤငါးမန်းမှာ အမြန်ဆုံးကူးခပ်နိုင်သော ပင်လယ်ထဲရှိ ငါးများနှင့် တန်းတူကူးနိုင်အောင် မြန်လှသော မာကိုငါးမန်းမျိုး ဖြစ်သည်။ သူ့တစ်ကိုယ်လုံးတွင် မေးရိုးမှတစ်ပါး ချောမောပြေပြစ်လှသည်။ သူ့ကျောကုန်းမှာ ငါးမန်းဓားလွယ်များနည်းတူ အပြာရောင်ရှိ၏။ ဝမ်းဗိုက်သားမှာ ငွေရောင်ရှိပြီး အရေခွံမှာ ချောမွေ့လှ၏။ အမှန်အားဖြင့် ဤငါးမန်းမျိုးသည် ကြီးမားသောပါးစပ် ရှိသည်မှတစ်ပါး ငါးမန်းဓားလွယ်နှင့် ပုံပန်းအလုံးစုံ တူလေသည်။ ရေထဲ၌ ကူးခပ်သွားလျက်ရှိစဉ် ထိုပါးစပ်ကြီးကို စေ့စေ့ပိတ်ထား၏။ ယခု ထိုငါးမန်းသည် ကျောကုန်းမှ ဆူးတောင်မြင့်မြင့်ကို တစ်သမတ်တည်းထောင်၍ ရေကိုခွဲပြီး လျင်မြန်စွာ ကူး၍လာသည်။ ငါးမန်း၏ စေ့ထားသော နှုတ်ခမ်းနှစ်လွှာ၏ အတွင်း၌ ရှစ်ချောင်းသော သွားများသည် ရိုးရိုးငါးမန်းများ၏ သုံးမြှောင့်ပုံ သွားများနှင့်



www.burmeseclassic.com

www.burmeseclassic.com



မတူချေ။ ထိုစွယ်သွားများကို ကြောင်လက်သည်းကဲ့သို့ ထုတ်လိုက်သည့်အခါ လူ့လက်ညှိုးများ ပုံစံအတိုင်း ရှိသည်။ ထိုစွယ်သွားများသည် အဘိုးအို၏ လက်ညှိုးလောက် ရှည်လျား၏။ နှစ်ဖက်သွား ဓားကဲ့သို့ ထက်လှ၏။ ဤငါးမန်းကား ပင်လယ်ထဲရှိ အမြန်ဆုံး၊ အသန်ဆုံးနှင့် ရန်မူရဲသူ မရှိသောငါးဟူသမျှတို့ကိုပင် သတ်ဖြတ်စားသောက်နိုင်သည့် အမျိုးအစား ဖြစ်သည်။

မာကို ငါးမန်းသည် ရေထဲမှကူး၍ လိုက်လာရင်းနှင့် သွေးနံ့ရလေလေ ပို၍ မြန်မြန်ကူးလာလေ ဖြစ်သည်။ ငါးမန်းသည် ဆူးတောင်အပြာကြီးကို ထောင်လျက် ကူးလာနေသည်။

အဘိုးအိုသည် ငါးမန်း ကူးလာသည်ကို မြင်ရသောအခါ ဤငါးမန်းသည် အကြောက်အလန့် မရှိ၊ သူ လုပ်ချင်ရာကို အသေအချာလုပ်မည့် သတ္တဝါဖြစ်ကြောင်း သဘောပေါက်ထားသည်။ သူသည် မှိန်းကိုပြင်၍ ကြိုးကို မြဲအောင် ချည်နှောင်လိုက်ရင်း ငါးမန်းအလာကို စောင့်နေသည်။ မှိန်းကြိုးမှာ အချို့ကိုဖြတ်၍ ငါးကြီးအား လှေနှင့် ပူးချည်လိုက်သောကြောင့် တိုနေ၏။


အဘိုးအိုမှာ ဦးခေါင်းရှင်းလျက် ကြည်ကြည်လင်လင် ရှိသည်။ ငါးမန်းကို ကောင်းကောင်းကြီး နှိမ်နင်းလိုက်မည်ဟု သန္နိဋ္ဌာန်ချထား၏။ သို့သော်လည်း မျှော်လင့်ချက် မကောင်းလှချေ။ ဤသန္နိဋ္ဌာန် ကြာရှည်ခံနိုင်စရာ မရှိဟု အဘိုးအို တွေးမိသည်။ လှေနားသို့ ငါးမန်းရောက်လာသောအခါ အဘိုးအိုသည် ငါးကြီးကို တစ်ချက် လှမ်း၍ကြည့်လိုက်သည်။ "ငါ ထင်တဲ့အတိုင်း ဒီငါးကြီး မိလာတယ်ဆိုတာ အိပ်မက်ပဲဖြစ်ရင် ကောင်းမှာ" ဟု စဉ်းစားမိပြန်သည်။ "ဒီကောင် ငါ့လှေကိုလာပြီး ရန်မလုပ်အောင် တားလို့ရမှာ မဟုတ်ဘူး။ ဒါပေမဲ့ သူ့ကို ငါ တတ်နိုင်စရာ ရှိတယ်။ အင်း... ဒီကောင်ဟာ ငရဲကောင်ပဲ၊ မင်းအမေ ကိုယ်ကျိုးနည်းရမယ့်ကိန်းပေါ့ကွာ"

ငါးမန်းသည် လှေပဲ့ကိုချဉ်း၍ ငါးကြီးကို ဝင်ခဲသည်။ အဘိုးအိုသည် ငါးမန်း ပါးစပ်ကြီးဟလျက် ငါးကြီးကို တဆတ်ဆတ် ဝါးနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ငါးမန်းသည် လှေပဲ့ကိုချဉ်း၍ ငါးကြီးကို ဝင်ခဲသည်။ ငါးမန်းခေါင်းသည် ရေထဲမှ
လွတ်လွတ်ကျွတ်ကျွတ် ပေါ်နေပြီး ကျောကုန်းပါ ပေါ်လာသည်။ သူသည်
မှိန်းကိုဆွဲ၍ ငါးမန်းဦးနှောက်တည့်တည့်သို့ ထိုးစိုက်လိုက်သည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မြင်ရသည်။ ငါးမန်း၏ ကြောင်တက်တက် မျက်လုံးများကိုလည်း မြင်ရသည်။ ငါးမန်းသည် အမြီးပိုင်းမှစ၍ ငါးကြီးကို စားသည်။ ငါးမန်းခေါင်းသည် ရေပေါ်၌ ကျွတ်ကျွတ်လွတ်လွတ် ပေါ်နေပြီး၊ ထို့နောက် ကျောကုန်းပါ ပေါ်တက်၍ လာသည်။ ငါးကြီး၏ကိုယ်မှ အသားများ၊ အရေပြားများသည် ငါးမန်း ကိုက်ဝါးစားရာသို့ တပြွတ်ပြွတ် ပါလျက်ရှိသော အသံကို အဘိုးအို ကြားရသည်။ ထိုအခိုက်တွင် သူသည် မိန်းကိုဆွဲ၍ ငါးမန်း၏ ခေါင်းထဲသို့ ထိုးစိုက်လိုက်လေသည်။ သူ ထိုးလိုက်သောနေရာမှာ ငါးမန်း၏ မျက်လုံးနှစ်လုံးအကြားနှင့် နှာတံမှ အထက်သို့တက်သော မျဉ်းကြောင်းများဆုံရာတွင် ဖြစ်သည်။ အမှန်မှာ မျဉ်းကြောင်းဟူ၍ မရှိ။ မျက်မှောင်တည့်တည့်ကို ထိုးစိုက်လိုက်ခြင်းသာ ဖြစ်သည်။ မြင်နေရသည်မှာ ငါးမန်း၏ ကြီးမားသော ခေါင်းပြာကြီးနှင့် အပြူးသား မျက်လုံးကြီးများဖြစ်ပြီး စွယ်သွားကြီးများက တဆတ်ဆတ် ဝါးမျိုလျက် ရှိ၏။ အဘိုးအို ထိုးလိုက်သောနေရာမှာ ဦးနှောက်တည့်တည့် ဖြစ်သည်။ အဘိုးအိုသည် သွေးစွန်းနေသော လက်များဖြင့် မိန်းကိုကိုင်၍ အားရှိသမျှ စိုက်စိုက်မတ်မတ် ထိုးချနိုင်ခဲ့၏။ သူသည် မျှော်လင့်ချက်ဖြင့် ထိုးစိုက်လိုက်ခြင်း မဟုတ်သော်လည်း မုန်းတီးခါးသီးစွာဖြင့် အားကုန်ပြုလိုက်ခြင်း ဖြစ်သည်။

ငါးမန်းသည် တစ်ပတ်လိမ့်သွားသည်။ ငါးမန်း၏ မျက်လုံးများသည် အားမရှိတော့ကြောင်း အဘိုးအို တွေ့လိုက်ရ၏။ ထို့နောက် တစ်ကြိမ်လိမ့်သွားပြန်သည်။ နှစ်ပတ်လိမ့်သွားပြီးနောက် ငါးမန်း၏ကိုယ်မှာ မိန်းကြိုးဖြင့် နှစ်ကျော့ပတ်မိသွားသည်။ ငါးမန်း သေသွားပြီဟု သူ တွက်လိုက်၏။ သို့သော် ငါးမန်းကား သေချင်ပုံ မရသေးပေ။ ငါးမန်းသည် ပက်လက်လန်လျက် အမြီးကို လှုပ်ခတ်ပြီး ပါးစပ်ကို သွားနှင့်ကြိတ်၍ ပိတ်လိုက်ဖွင့်လိုက်ဖြင့် ရေပေါ်၌ ကူးခပ်နေ၏။ မော်တော်တစ်စီး အပြင်းမောင်းသကဲ့သို့ အရှိန်ဖြင့် ရှေ့လျားလျက်ရှိပြီး၊ အမြီးခတ်သော နေရာများ၌ ရေယက်ဖွေးဖွေးထ သွားသည်။ ရေထဲတွင် လူးလိမ့်လှုပ်ရှားနေသော ငါးမန်း၏ကိုယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရေပေါ်တွင် လေးပုံသုံးပုံမျှ မြင်သာနေ၏။ ထိုအခိုက် မှိန်းကြီးသည် တင်းလာပြီးနောက် တုန်ခါနေပြီး ထောင်းခနဲ ပြတ်သွားတော့သည်။ ငါးမန်းသည် ရေပေါ်တွင် ခေတ္တမျှ ပက်လက်ကြီး ငြိမ်သွားသည်ကို အဘိုးအိုသည် အကဲခတ်ရင်း စောင့်ကြည့်၏။ ထို့နောက် ရေအောက်သို့ တဖြည်းဖြည်း နစ်မြုပ်ကျသွားလေသည်။

'ပေါင်ချိန် လေးဆယ်သားလောက် ဒီကောင် ကိုက်စားသွားတယ်' ဟု အဘိုးအိုသည် အသံထွက်အောင် ပြောလိုက်သည်။ "ငါ့မှိန်းရော၊ ကျန်တဲ့ ကြိုးခွေတွေရော သူ့နောက်ကို ပါသွားသေးတယ်။ အခု ငါ့ငါးကြီးက သွေးတွေ ထပ်ထွက်လာတော့ နောက်ထပ် ငါးမန်းတွေ ပေါက်လာကြဦးတော့မှာပဲ" ဟုလည်း စဉ်းစားနေမိသည်။

အဘိုးအိုသည် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားသော ငါးကြီးကို ဆက်ပြီး မကြည့်ရက်တော့ပေ။ ငါးကြီးအား ငါးမန်းစားခံလိုက်ရခြင်းသည် သူကိုယ်တိုင် ငါးမန်းကိုက်ခံလိုက်ရခြင်းနှင့် မခြား ခံစားရသည်။

"ငါ့ငါးကြီးကို လာတွယ်တဲ့ကောင်ကို ငါ ကိစ္စတုံး လုပ်ပစ်လိုက်ပြီပဲ" ဟု စိတ်က တွေး၍ နှစ်သိမ့်သည်။ "ဒီငါးမန်းဟာ မကောင်းဆိုးဝါးကောင်တွေထဲမှာ ငါ ကြုံဖူးသမျှ အကြီးဆုံး အကောင်ပဲ။ အကြီးစား ငါးမန်းတွေကို ငါ မြင်ခဲ့ရဖူးတာတော့ လိမ်ပြောစရာ မလိုပါဘူး။ ဘုရား သိပါရဲ့"

"ငါးကြီးဟာ သူ့အတိုင်း တာရှည်နေရင် ဘယ်လောက်ကောင်းလိုက်မလဲ" ဟု သူ စဉ်းစားမိသည်။ "ငါဟာ ဒီငါးကြီးကို မိလာတာ မဟုတ်ဘူး၊ အိပ်မက်ထဲမှာ ဖြစ်နေတာဆိုရင် အကောင်းသား။ ဒီတော့ ငါ့ဘာသာငါ သတင်းစာစက္ကူတွေ ဖြန့်ခင်းထားတဲ့ အိပ်ရာပေါ်မှာ တစ်ယောက်တည်း အေးအေးလူလူနေရမှာ..."

'ဟယ်၊ ဒါပေမဲ့ လူဆိုတာ အရှုံးပေးဖို့ လူလာဖြစ်တာမှ မဟုတ်ဘဲ။ လူတစ်ယောက်ဟာ အသက် သေချင်သာ သေသွားရမယ်။ အရှုံးမပေးရ



www.burmeseclassic.com

www.burmeseclassic.com



ဘူးကွ' ဟု သူ့ကိုယ်သူ ပြောနေသည်။ "ငါဟာ ဒီငါးကြီးကို သတ်မိတဲ့ အတွက် စိတ်တော့ မကောင်းပါဘူး" ဟုလည်း တွေးနေမိသည်။

"အခုတော့ အခြေအနေ ဆိုးလာတော့မယ် ထင်တယ်။ ငါ့မှာ ထိုးစရာ မှိန်းလည်း မကျန်တော့ဘူး။ ဒီအယုတ်တမာကောင်တွေဟာ ရက်စက်တယ်၊ အားလည်း ရှိတယ်၊ ပါးရည်နပ်ရည်လည်း ရှိတယ်။ ဒါပေမဲ့ ငါက သူတို့ထက် ပါးရည်နပ်ရည် ရှိခဲ့တာပဲ။ မရှိချင်လည်း မရှိဘူးပေါ့လေ။ လက်နက်ကျတော့ ငါက သူတို့ထက် ကောင်းနေချင်နေမှာပေါ့" ဟု ဆက်ပြီး စဉ်းစားမိသည်။

'ကိုင်း တောင်တောင်အီအီ စဉ်းစားမနေနဲ့တော့ အဘိုးအိုရေ...။ ခုလမ်းအတိုင်းသာ ရှက်လွှင့်သွားပေတော့။ ကိစ္စပေါ်လာတော့လည်း ရင်ဆိုင်လိုက်တာပေါ့...' ဟု သူ့ဘာသာသူ အသံကျယ်ကျယ်ဖြင့် ပြောလိုက်၏။

"အင်း... ငါ မစဉ်းစားလို့လည်း မဖြစ်ဘူး။ ငါ့မှာ ဒီကိစ္စပဲ အခိက ကျန်တာ မဟုတ်လား။ ငါးဖမ်းတဲ့ အလုပ်ရယ်၊ ဘေ့စ်ဘောကစားပွဲရယ် ဒီနှစ်ခုပဲ ရှိတာပဲ။ ငါးမန်းရဲ့ ဦးနှောက်တည့်တည့်ကို ငါ့မှိန်းနဲ့ ဘယ်လို မြှုပ်ပြီး ထိုးလိုက်တယ်ဆိုတာ ဒီမက်ဂီယိုကြီးများသိရင် ဘယ်လောက် သဘောကျသွားမလဲ မသိဘူး။ ဒါဟာ တယ်ပြီးတော့ ကြီးကျယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ လူတိုင်း လုပ်နိုင်တာပဲ။ ဒါပေမဲ့ ငါ့လက်တွေဟာ ဘောသမား ခြေထောက်မှာ ကြက်ဆူးရိုးထွက်နေတာမျိုးလို အဆီးအတားများ ဖြစ်နေ ရော့လား။ ဒါတော့ ငါလည်း မသိနိုင်ဘူး။ ငါ့ခြေထောက်မှာ တစ်ခါမှ အနာတရ မဖြစ်ဖူးဘူး။ ဒါပေမဲ့ တစ်ခါတုန်းကတော့ ရေကူးနေရင်းက လိပ်ကျောက်တဲ့ခွန်ဆိုတဲ့ အကောင်မျိုးတစ်ကောင်ကို တက်နင်းမိတာနဲ့ ခြေထောက်အောက်ပိုင်း မလှုပ်နိုင်တော့ဘူး။ နာလိုက်တာလည်း ဆွေ့ဆွေ့ ခုန်နေအောင် ဖြစ်ဖူးတယ်"

"ဟယ် အဘိုးအိုရယ်... စိတ်ချမ်းသာစရာတွေလည်း လှည့်တွေးဦး

www.burmeseclassic.com



မှပေါ့။ အခုဆိုရင် အိမ်နဲ့ တဖြည်းဖြည်း နီးနီးလာနေပြီ မဟုတ်လား။ ပေါင်လေးဆယ်လောက် အလေးချိန် ပေါ့သွားတယ်ဆိုရင် လှေမှာဆွဲရတာ တောင် သက်သာသေးတယ် မဟုတ်လား"

သူသည် ရေစီးကြောင်း အတွင်းပိုင်းသို့ရောက်လျှင် ဘာတွေ ဖြစ်လာလိမ့်မည်ကို အတပ်တွေးမိထားပြီး ဖြစ်သည်။ သို့သော် လောလောဆယ် အားဖြင့် ဘာမှ လုပ်မထားနိုင်ချေ။

'ဩော် ...ဟုတ်ပြီ ...ဟုတ်ပြီ၊ ငါ့ဓား ရှိသေးတာပဲ။ လှော်တက် တစ်ချောင်းရဲ့ အရိုးမှာ ဓားကိုချည်ပြီး ချရမှာပေါ့' ဟု အသံထွက်၍ အားပါးတရ ပြောလိုက်သည်။

ထို့ကြောင့် သူသည် လှော်တက်တစ်ချောင်းကိုယူ၍ ခြေထောက်အောက်မှ ရွက်ဖျင်စ တစ်စကို ထုတ်ယူပြီး ချည်နှောင်လိုက်သည်။

'ကိုင်း ငါဟာ အဘိုးကြီးတော့ အဘိုးကြီးပေါ့ကွာ၊ ဒါပေမဲ့ လက်နက်မဲ့သေးတာ မဟုတ်ပါဘူး'

လေသည် ပြင်းပြင်းကလေး တိုက်ပေးနေသဖြင့် သူ့လှေမှာ ကောင်းစွာ သွားနေ၏။ သူသည် ငါးကြီး၏ ခေါင်းပိုင်းကိုသာ ကြည့်နေတော့သဖြင့် စိတ်ပျက်ဖွယ်ရာများ အတန်ငယ် ပ ပျောက်သွား၏။

"မျှော်လင့်ချက် မထားတာတော့ မကောင်းဘူး။ ဒုစရိုက်တစ်မျိုးပဲလို့ ငါလက်ခံထားတယ်။ ဒီတော့ ဒုစရိုက်ကို မတွေးနဲ့ပေါ့။ ဒုစရိုက် မပါဘဲနဲ့တောင် ဘယ်လောက် ပြဿနာတွေ များနေပြီလဲ။ ငါက ဒါတွေကြည့်ပြီး တရားမကျတတ်လို့ပါ" ဟု စိတ်က တွေးတောစဉ်းစား နေမိသည်။

"ငါဟာ ဒါတွေကိုကြည့်ပြီး တရားမကျတတ်ဘူး။ ဒါတွေကို ယုံတတ်တဲ့ လူရယ်လို့လည်း ငါ့ကိုယ်ငါ မသေချာဘူး။ ငါး ဖမ်းရ၊ သတ်ရတယ် ဆိုတာဟာ မကောင်းမှုတစ်မျိုးပဲ ဖြစ်ချင်ဖြစ်မှာ။ ဒါပေမဲ့ ဒီအလုပ်နဲ့ ငါ့ဝမ်း ငါကျောင်းပြီး အသက်မွေးတယ်။ တခြားလူတွေ စားဖို့လည်း ရှာပေးရတာပဲလေ။ ဒီလိုသာ ဆိုရင်တော့ ဘာပဲလုပ်လုပ် မကောင်းမှုလို့ ဆိုရမလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ။ ဒါတွေကို မတွေးပါနဲ့တော့။ တွေးပြီး နောင်တရလို့ ဖြစ်တဲ့ အချိန်လည်း မဟုတ်တော့ပါဘူး။ ပိုက်ဆံရလို့ အသက်မွေးဝမ်းကျောင်း နေကြရတဲ့လူတွေ တစ်ပုံကြီး ရှိသေးတာပဲလေ။ သူတို့တွေ စဉ်းစားကြပါစေ။ ငါးဆိုတာလည်း သူ့ဘဝနဲ့သူ ရောက်လာကြရသလို တံငါဆိုတာလည်း ဒီဘဝနဲ့ ဒီလို အသက်မွေးရတာပဲ။ ဆန်ပီဒရိုဆိုတဲ့ အကောင်ဟာ တံငါသည် ဖြစ်သလို ဒီမက်ဂီယိုရဲ့ အဖေဟာလည်း တံငါသည်ပဲ မဟုတ်လား"

အဘိုးအိုသည် သူနှင့် အပ်စပ်ကြုံကြိုက်ရာ ကိစ္စဟူသမျှကို တွေးတော နေချင်သူဖြစ်ရာ သူ့တွင် ဖတ်စရာလည်း မရှိ၊ နားထောင်စရာ ရေဒီယို လည်း မရှိသောကြောင့် အတွေးနယ် ကျယ်ချင်တိုင်း ကျယ်လျက်ရှိကာ၊ မကောင်းမှု ဒုစရိုက်အကြောင်းကိုပင် ဆက်တွေးနေမိပြန်သည်။ ငါးဖမ်းရသော တံငါအလုပ်မှာ အသက်ရှင်ရန်အတွက် ငါးကို ရောင်းစားရန် အတွက်သာ မဟုတ်သေးဟု သူ တွေးမိသည်။ တံငါသည်တို့ဘာဝ တံငါ ကောင်းတစ်ယောက် ဖြစ်သည်ဟု ကိုယ်ရည်သွေးလိုသောကြောင့်လည်း ဖြစ်သည်။ တံငါတို့မှာ ငါးဆိုလျှင် အရှင်ဖြစ်စေ၊ အသေဖြစ်စေ နှစ်သက် မက်မောရသည်ပင် ဖြစ်၏။ နှစ်သက်မက်မောသော စိတ်ဖြင့် သတ်ရခြင်း သည် မကောင်းမှု ဖြစ်ပါမည်လော၊ သို့မဟုတ် မကောင်းရုံမက ပို၍ပင် အပြစ်ကြီးပါသေးသလော" ဟု အမျိုးမျိုး တွေးတောနေမိသည်။

'အို ... ငါ့အတွေးတွေ ခေါင်လွန်းနေပြီ' ဟု သူ့ကိုယ်သူ ပြောလိုက် သည်။

"ဒါပေမဲ့ အယုတ်တမာကောင် ငါးမန်းကိုတော့ ကျေကျေနပ်နပ်ကြီး ငါ သတ်လိုက်ရတာပဲ။ ငါးမန်းဟာ ငါ့လိုပဲ ငါးကို မှီခိုတဲ့အကောင်မျိုး မဟုတ်လား။ တချို့ ငါးမန်းတွေလို တွေ့ရာမြင်ရာ စားမယ်ဆိုတဲ့ အကောင် မျိုးမှ မဟုတ်ဘဲ။ သူဟာ လှတယ်။ သူ့သိက္ခာနဲ့ သူ ရှိတယ်။ ပြီးတော့ ကြောက်စိတ်လည်း တစ်စက်မှ ပါတဲ့ အကောင်မျိုး မဟုတ်ဘူး"

'ဒီငါးမန်းကို ငါ သတ်တာဟာ ငါ့အကျိုးစီးပွားကို ကာကွယ်ဖို့

www.burmeseclassic.com



လုပ်ရတာပဲ။ ပြီးတော့ သေသေချာချာလည်း ကိစ္စတုံး လုပ်လိုက်တာပဲ' ဟု အဘိုးအိုသည် သူ့ဘာသာ ပြောနေသည်။

"တစ်ဖက်က တွေးပြန်ရင် သတ္တဝါတွေဟာ တစ်ဦးကိုတစ်ဦး တစ်နည်းမဟုတ် တစ်နည်းနဲ့ သတ်နေကြတာပဲ မဟုတ်လား။ ငါတို့ ငါးဖမ်းရတယ် ဆိုတာဟာလည်း အသက်ရှင်ဖို့လုပ်တာ ဖြစ်သလို အသက်တိုဖို့ ကိစ္စတွေလည်း အမြဲ ဖြစ်နေတာပဲ။ သူငယ်လေးကတော့ ငါ့ကို သက်ဆိုးရှည်အောင် ကူညီနေတာပါပဲ။ ငါကိုယ်ငါ မလှည့်စားမိအောင် တောင်တွေးမြောက်တွေး မတွေးတာဘဲ ကောင်းပါတယ်လေ…"

သူသည် လှေနံကို မှီလိုက်ပြီးလျှင် ငါးမန်းကိုက်ထား၍ ဖတ်လတ်ကျနေသော ငါးအသားတုံး တစ်တုံးကို ဆွဲဖြတ်ယူလိုက်သည်။ ထိုအသားဖတ်ကို အဘိုးအိုသည် မြုံ့၍ဝါးလိုက်ပြီး အရသာရှိသော အသားကောင်းဖြစ်မှန်း သတိထားမိ၏။ ငါးအသားဖတ်သည် ပျဉ်းတွဲနေ၍ အချိုရည် များသောကြောင့် အမဲသားနှင့် တူသည်။ သို့သော် နီရဲ၍ မနေပေ။ အသားမကြမ်းသောကြောင့် ဈေးသို့တင်လျှင် ပထမတန်း ဈေးရလိမ့်မည်။ သို့သော် ငါးစိမ်းငါးစိုနံ့ကို ရေထဲတွင် ပျံ့မသွားအောင် တားဆီး၍ မရနိုင်သဖြင့် ယခုထက်ဆိုးဝါးမည့် အဖြစ်ကို ကြုံရလိမ့်မည်ဟု သူ သဘောပေါက်ထားလေသည်။

လေ မှန်မှန်တိုက်လျက် ရှိ၏။ လေသည် အရှေ့မြောက်ဆီ အတွင်းပိုင်းသို့ တိုက်သွားသည်ကို တွေးရခြင်းအားဖြင့် လေကျသွားမည့် လက္ခဏာ မဟုတ်ကြောင်း သိရသည်။ အဘိုးအိုသည် ရှေ့သို့ မျှော်ကြည့်ရာတွင် လှေသင်္ဘောတို့၏ အရိပ်အယောင်ဟူ၍ ရွက်ကို လည်းကောင်း၊ သင်္ဘောကိုယ်ထည်ကို လည်းကောင်း၊ မီးခိုးများကို လည်းကောင်း မတွေ့ရပေ။ ငါးပျံများသာလျှင် လှေဦးမှ ဘေးဘက်ဝဲယာသို့ ပျံ၍ပျံ၍ ပြေးနေသည်ကို တွေ့ရ၏။ ပင်လယ်ကွေ့ထဲတွင် တွေ့ရမြဲဖြစ်သော အဝါရောင် ရေညှိရေမှော်များကိုလည်း ဟိုတစ်စု သည်တစ်စု တွေ့ရ၏။ ငှက်ဆို၍ တစ်ကောင်တလေမှ သူ မမြင်ရချေ။



www.burmeseclassic.com

www.burmeseclassic.com




ရှက်လွင့်လာခဲ့သည်မှာ နှစ်နာရီမျှ ကြာခဲ့ပြီ။ အဘိုးအိုသည် ပဲ့ချောင်တွင် အနားယူရင်း အားရှိစေရန်နှင့် အနားရစေရန် မာလင်ငါးကြီးသားများကို တစ်ခါတစ်ရံ ဖဲ့၍ စားလေသည်။ ထိုအချိန်တွင် သူ့ထံသို့လာမည့် ငါးမန်းနှစ်ကောင်အနက် တစ်ကောင်ကို ဦးစွာ စ၍ မြင်ရ၏။

'အင့်ဟင်...'

အဘိုးအိုသည် ကျယ်လောင်စွာ အသံပြုလိုက်၏။

ထိုအသံမှာ ဘာအဓိပ္ပာယ်ဟု ပြောရန် မလွယ်ချေ။ ယောကျ်ားကြီးတစ်ယောက်၏ ပါးစပ်မှ လွတ်ခနဲ ထွက်လာသော အသံတစ်မျိုး ဖြစ်သည်။ သံရိုက်ရင်း လက်ကို သံချောင်းစူးဝင်သွားသော အခါမျိုး၌ အော်မိသော အသံ ဖြစ်ပေသည်။

'အယုတ်တမာတွေပါလား' ဟု ကျယ်လောင်စွာ ပြောမိပြန်သည်။ ပထမငါးမန်း၏ နောက်နားမှ ဒုတိယ ငါးမန်းတစ်ကောင်၏ ကျော



သူသည် တားနှင့်တွဲချည်ထားသော လှော်တက်ကို ကောက်ကိုင်ပြီး ငါးမန်းများအလာ အသင့်စောင့်နေလေသည်။

ရာပြည့်အဘုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆူးတောင်တစ်ခု ပေါ်လာသည်။ ထိုငါးမန်းမျိုးသည် နှုတ်သီးပြားမျိုး ဖြစ်ကြောင်း ဆူးတောင်သုံးမြွှာင့် ဖြစ်နေခြင်းအားဖြင့် လည်းကောင်း၊ အမြီးထောင်ထောင်မတ်မတ် ဖြစ်နေခြင်းအားဖြင့် လည်းကောင်း သိသာလေသည်။ ငါးမန်းများသည် အနံ့ရသောကြောင့် မွှန်ထူ၍ အစာနောက်သို့ အငမ်းမရ လိုက်လာကြခြင်း ဖြစ်သည်။ ဆာလောင်မွတ်သိပ်နေကြပုံရပြီး အနံ့မှာ ပျောက်တစ်လှည့် ပေါ်တစ်လှည့် ဖြစ်နေကြသည်။ သို့သော်လည်း ငါးမန်းများသည် လှေနှင့် တဖြည်းဖြည်း နီး၍နီး၍သာ လာကြသည်။

အဘိုးအိုသည် လှေရွက်ကြိုးကို အသေချည်လိုက်ပြီး၊ တက်မချင်ကိုလည်း တစ်သမတ်တည်း ငြိမ်နေအောင် ထားလိုက်သည်။ ထို့နောက် ဓားနှင့် တွဲ၍ချည်ထားသော လှော်တက်ကို ကောက်ယူသည်။ လှော်တက်ကို ကောက်ရာ၌ လက်ဖဝါးများ ကျိန်းနေသဖြင့် ခပ်ဖွဖွ ကိုင်ရ၏။ လက်ဖဝါးကို ဖြန့်ချည် ဆုပ်ချည်ပြု၍ သူ့လက်များ မနာအောင် အလောတော်အနေတွင် လှော်တက်ရိုးကို ဆုပ်ကြည့်သည်။ နောက်ဆုံးတွင် ခိုးလိုးခုလု မရှိသော အနေတွင် မြဲမြဲဆုပ်ထားလိုက်ပြီး ငါးမန်းများ အလာကို အသင့်စောင့်နေသည်။ သူသည် ပြားချပ်ချပ် ငါးမန်းဦးခေါင်းများနှင့် အနားရေး ဖြူဖွေးနေသော ပြန့်ကားသည့် ဝမ်းဗိုက်ဆူးတောင်ကြီးများကို မြင်နေရသည်။ ဤငါးမန်းမျိုးမှာ စက်ဆုပ်ဖွယ်ရာ ကောင်းသည်။ အနံ့အသက် ဆိုးဝါးပြီး အရှင်ကို သတ်ရသတ်ရ၊ အသေကို စားရစားရ စားတတ်သော သတ္တဝါမျိုး ဖြစ်၏။ ဆာလောင်လာပြီဆိုလျှင် လှော်တက်ကို ဖြစ်စေ၊ တက်မပြားကို ဖြစ်စေ ကိုက်သည်အထိ အစာငမ်းကြသည်။ ဤငါးမန်းများသည်ပင် သူတို့ ဆာလောင်သည်နှင့် ကြုံပါက ကမ္ဘာလိပ်ကြီးများ ရေထဲ၌ ငိုက်မွေးနေစဉ် ခြေထောက်များ၊ ခြေဖဝါးများကို ကိုက်ဖြတ်သွားတတ်ကြသည်။ လူကိုလည်း ငါးစိမ်း ငါးစိုနံ့ မရဘဲ၊ ငါးညှိမတက်ဘဲ နှင့် ရေထဲတွင် တွေ့ပါက ရန်ရှာသွားတတ်ကြသည်။

'အေး… လာကြစမ်း၊ ကမြင်းမသားတွေ လာခဲ့ကြစမ်း'



www.burmeseclassic.com

www.burmeseclassic.com



ငါးမန်းများကလည်း လာနေကြသည်။ သို့သော် မှိန်းထိုးခံလိုက်ရသော မာကိုငါးမန်း လာပုံမျိုးကဲ့သို့ ကပ်လာခြင်း မဟုတ်ပေ။ လှေနားသို့ရောက်ခါမှ တစ်ကောင်သည် မျက်စိအောက်ကလှည့်၍ ပျောက်သွား၏။ ထိုငါးမန်းသည် လှေအောက်သို့ ငုပ်ဝင်၍ ငါးကြီးကို ထိုးသုတ်ပြီး တွတ်ရာ၌ လှေကလေး သိမ့်ခနဲ ဖြစ်သွားသည်ကို အဘိုးအို သတိထားလိုက်၏။ ကျန်ငါးမန်းတစ်ကောင်မှာ မှေးနေသော အဝါရောင်မျက်လုံးဖြင့် အဘိုးအိုကို အကဲခတ်ကြည့်ပြီး ကိုက်ဖဲ့ထားပြီးဖြစ်သော ငါးကြီး၏ အမြီးပိုင်းသို့ အရှိန်နှင့် ဝင်၍ ခဲလေသည်။ ငါးကြီးကို ခဲသောအခါ ဘီးကုပ်သဏ္ဍာန်ရှိသော ပါးစပ်ကြီးမှ သွားအဖွေးသားကို ဟ၍ ခဲလေသည်။ အဘိုးအိုသည် အညိုရောင်ရှိသော ငါးမန်းခေါင်းတွင် ဦးနှောက်နှင့် ကျောရိုးဆုံသော ဦးဆက်နေရာကို ချိန်၍ ဓားတပ်ထားသော လှော်တက်ရိုးဖြင့် ဆောင့်ထိုးလိုက်သည်။ ထို့နောက် ဓားသွားကို ပြန်နုတ်၍ ကြောင်မျက်လုံးများနှင့်တူသော ငါးမန်း၏ မျက်လုံးအိမ်များထဲသို့ ဓားဦးကို ဆောင့်သွင်းလိုက်ပြန်သည်။ ထိုအခါ ငါးမန်းသည် အစာကိုလွှတ်၍ ပါးစပ်ထဲသို့ ရောက်ပြီးသော ငါးသားများကို မျိုချရင်း သေသွားလေသည်။

အခြားငါးမန်းတစ်ကောင်က ငါးကြီးကို ကိုက်ဖဲ့နေသော အရှိန်ကြောင့် လှေကလေးမှာ လှုပ်၍နေဆဲ ရှိသည်။ ဤတွင် အဘိုးအိုသည် လှေတစ်ဖက်သို့ ယမ်းသွားလျှင် လှေဝမ်းအောက်မှ ငါးမန်းကို မြင်သာစေရန် ရွက်ကြိုးစကို ဖြုတ်လိုက်၏။ ငါးမန်းကို မြင်ရသောအခါ လှေနံကို အားပြုရင်း ငါးမန်းအား ဓားဖြင့် ထိုးစိုက်လိုက်၏။ ငါးမန်း၏ အရေခွံမှာ မာ၍နေသောကြောင့် ထိုးလိုက်သော ဓားချက်သည် အရေခွံပေါက်၍ အသားကို ထိရုံသာ ရှိလေသည်။ ထိုသို့ ထိုးစိုက်လိုက်ရသော အရှိန်ကြောင့် သူ့လက်များနှင့် ပခုံးများ အောင့်သွား၏။ သို့သော် ငါးမန်းခေါင်းသည် ရေပေါ်သို့ ပေါ်လာပြန်ပြီး မာလင်ငါးကြီးကို နှုတ်သီးဖြင့် ထိုးဟပ်စဉ် အဘိုးအိုက ခေါင်းပြားကြီး၏ အလယ်တည့်တည့်သို့ တစ်ချီ ထိုးချလိုက်ပြန်သည်။

www.burmeseclassic.com



သူသည် ဓားကို ပြန်နုတ်၍ ပထမထိုးထားသော နေရာကိုပင် နောက်တစ်ချက် ပြန်၍ စိုက်သွင်းလိုက်သည်။ ငါးမန်းသည် ငါးသေကြီးကို ပါးစပ်ဖြင့် ငုံ၍ ခဲထားသေးသဖြင့် အဘိုးအိုက လက်ဝဲမျက်လုံးဆီသို့ ထိုးစိုက်ပစ်လိုက်ပြန်သည်။ သို့သော် ငါးမန်းမှာ အစာကို မလွှတ်ဘဲ ခဲထားတုန်းပင်။

'အံမာ မလွှတ်သေးဘူး၊ ဟုတ်စ' ဟူ၍ အဘိုးအိုသည် ပြောပြောဆိုဆိုဖြင့် ငါးမန်း၏ ဦးဆက်ကို ဓားသွားဖြင့် လျှိုသွင်းထပ်၍ ပေးလိုက်၏။ ယခု တစ်ချက်မှာ အားမစိုက်ရတော့ချေ။ ဓားသွားသည် ရိုးဆက်နုထဲသို့ ခွဲ၍ ဝင်သွားသည်ကို လက်က သိလိုက်ရသည်။ အဘိုးအိုသည် ဓားသွား ချည်ထားသော လှော်တက်ကို ပြန်ဆွဲနုတ်ပြီး ပိတ်ထားသည့် ငါးမန်း၏ ပါးစပ်ကို ပြဲသွားအောင် ကလန့်ပစ်လိုက်၏။ ထိုအခါတွင်မှ ခဲထားသော ငါးမန်း၏ ပါးစပ်မှာ ပြုတ်လျှက်သွား၏။

'သွားတော့၊ ခွေးမသားရေ့။ မင်းအဖော် ဆင်းသွားတဲ့ ရေအောက်တစ်မိုင်လောက်ကို လိုက်ပြီး တွေ့ကြဦးတော့။ မင်းအဖော် မဟုတ်ရင်လည်း မင်းအမေ ဖြစ်ချင်လည်း ဖြစ်နေမှာပေါ့ကွာ'

အဘိုးအိုသည် ဓားကိုသုတ်လိုက်ပြီး လှော်တက်ကို ချထားလိုက်၏။ ထိုနောက် ရွက်ကြိုးကို ပြန်၍ဆင်လျက် လှေကလေးအား လမ်းကြောင်းအတိုင်းပင် ရွက်ဖွင့်၍ ခရီးဆက်စေသည်။

'ဒီကောင်တွေ အပင်းဆို့လို့၊ ငါ့ငါးတော့ အသားကောင်းထဲက လေးပုံတစ်ပုံလောက် ချောပါပြီ။ ဒါဟာ အိပ်မက်မက်နေတာပဲ ဖြစ်လိုက်ပါတော့ဟာ။ ဒီငါးကြီးကို ငါ မမိခဲ့ရင် အကောင်းသား။ ငါးကြီးရယ် ဒီအဖြစ်မျိုးနဲ့ ကြုံရတာကို ငါ ဝမ်းနည်းပါတယ်။ အားလုံး တလွဲတချော်တွေ ဖြစ်ကုန်တော့တာပါပဲကွာ' ဟု အဘိုးအိုသည် ထုတ်၍ ညည်းမိလေသည်။

သူသည် စကားစသတ်လိုက်ပြီးနောက် ငါးကြီးကို ကြည့်ချင်စိတ် ကုန်ခန်းသွားလေသည်။ ငါးကြီးမှာ သွေးများ ထွက်ရလွန်းပြီး လှိုင်းပုတ်ခံရသောကြောင့် ဖြူရော်ရော် ဖြစ်သွားသည်မှာ ကြည့်မှန်အောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ငွေရောင်ခံ၍ သုတ်ထားသကဲ့သို့ ရှိ၏။ သို့သော် ဆားမှ အပြာရောင် အစင်းကြီးများကမူ မပျက်သေးပေ။

'ငါးကြီးရယ်၊ ငါဟာ မင်းကို ဒါလောက် ဝေးဝေး ထွက်မဖမ်းသင့်ဘူး။ ခုတော့ မင်းအတွက်လည်း အကျိုးမရှိ၊ ငါ့အတွက်လည်း အကျိုးမရှိ ဖြစ်ကုန်တာပေါ့ကွယ်။ ဖြစ်မှ ဖြစ်ရလေတယ် ငါးကြီးရေ့...'

'ကိုင်း... ဓားကို လှော်တက်ရိုးနဲ့ ပတ်ထားတဲ့ကြိုးတွေ ပြတ် မပြတ် ကြည့်ပေဦးမှ၊ ဓားလည်း ပုံမှုားသွားသေးသလား မသိဘူး။ လက်ကိုလည်း ဂရုစိုက်ဦးမှ၊ နောက်ထပ် ဒုက္ခပေးမယ့် ကီစွတွေက လာဦးမယ်...' ဟု သူ့ကိုယ်သူ နှိုးဆော်နေ၏။

အဘိုးအိုသည် ပတ်ချည်ထားသော လှော်တက်ဖျားမှ ကြိုးကို စစ်ကြည့်ပြီးနောက် 'ငါ့မှာ ဓားသွေးကျောက် တစ်တုံးလောက် ပါလာခဲ့ရင် အကောင်းသား။ ငါ ယူခဲ့ဖို့ကောင်းတာ' ဟု ညည်းမိသည်။ "အို...ယူမယ်ဆိုရင် ယူခဲ့စရာတွေက အားကြီးပေါ့လေ။ ဒါပေမဲ့ ပါမှ မပါခဲ့တာပဲဟာ။ မပါတာတွေကို ယိုးမယ်ဖွဲ့ပြီး တွေးနေဖို့ အချိန်လည်း မဟုတ်တော့ဘူး။ ရှိတဲ့ပစ္စည်းနဲ့ပဲ စခန်းသွားဖို့ စဉ်းစားရမှာပေါ့" ဟု တွေးမိသည်။

'တယ် အကြံကောင်း ဉာဏ်ကောင်းထွက်တဲ့ ငါပဲ။ ခုမှတော့ အပိုပါပဲ' ဟု အသံစာစာဖြင့် သူ့ကိုယ်သူ အပြစ်တင်လိုက်ပြန်သည်။

သူသည် တက်မချင်ကို ချိုင်းကြားညှပ်ထားပြီး သူ့လက်နှစ်ဖက်လုံးကို ပင်လယ်ရေငန်ထဲတွင် စိမ်ပေးလိုက်၏။ လှေကလေးသည် ရှေ့သို့ဆက်သွားဆဲ ဖြစ်သည်။

"နောက်ဆုံးတွယ်သွားတဲ့ ငါးမန်းက ဘယ်လောက် ကြိတ်သွားတယ် ဆိုတာ ဘုရားမှ သိတော့မှာပဲ။ လှေတော့ဖြင့် တော်တော်ကြီးပေါ့သွားပြီ"

အဘိုးအိုသည် ရေမြုပ်နေသော ငါး၏ အောက်ပိုင်းတစ်ခြမ်းမှ အသား ဘယ်လောက်ပါသွားပြီကို ဆက်၍ မတွေးချင်တော့ပေ။ လှေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် တုံ့လိုက်တိုင်း အသားတစ်ကြီးတစ်တစ် ပါသွားမည်ကို သူ သိသည်။ ငါးကြီးကိုယ်မှ ထွက်သော သွေးများသည် အခြားငါးမန်းများအား ခြေရာခံ၍လိုက်ရန် ပင်လယ်ထဲတွင် လမ်းခင်းပေးသကဲ့သို့ ဖြစ်နေမည်ကိုလည်း သူ သိသည်။

"ဒီငါးကြီးဟာ လူတစ်ယောက်ကို တစ်ဆောင်းတွင်းလုံး ထိုင်စားနိုင်လောက်အောင် ပေးနိုင်တာပဲ။ ဒါတွေကို စဉ်းစားမနေပါနဲ့တော့လေ၊ ကျန်တဲ့ ငါးပိုင်းကြီးကို နောက်ထပ် အစားမခံရအောင် ကာကွယ်ပေးဖို့ အနားယူပါဦး၊ လက်တွေလည်း ကောင်းသွားအောင်ပေါ့။ ငါ့လက်က သွေးထွက်လို့ အနံ့ရတာဟာ ရေထဲမှာ ပြန့်နေတဲ့ ငါးညှီနံ့နဲ့စာရင် ဘာမှ မဖြစ်လောက်တော့ပါဘူး။ ပြီးတော့ လက်ကလည်း သွေး ဒါလောက်ထွက်တာမှ မဟုတ်ဘဲ။ ထိတယ် ဆိုရင်တော့ ဘာမှ မဖြစ်ဘဲ ဘယ်နေလိမ့်မတုံး...။ သွေးထွက်နေလို့ ဘယ်လက်ကို ကြွက်မတက်တာ ဖြစ်ချင်ဖြစ်နေမှာ..."

"ဒါဖြင့် ဒီပြင် ငါ ဘာစိတ်ကူးရမလဲ။ ဘာမှလည်း စိတ်ကူးမနေပါနဲ့လေ။ နောက်လာမယ့် အကောင်တွေအတွက်သာ စဉ်းစားထားပါတော့။ တကယ့် အိပ်မက်ဖြစ်ပါစေလို့သာ ဆုတောင်းလိုက်ချင်တယ်။ ဒါပေမဲ့ ဘယ်ပြောနိုင်ပါ့မလဲလေ။ ချောချောမောမော ဖြစ်ချင်လည်း ဖြစ်သွားမှာ..." ဟု သူ တွေးနေသည်။

နောက်ထပ် ရောက်လာသောငါးမန်းမှာ တူးရွှင်းငန်းပြားခေါင်းကြီးနှင့် ဖြစ်သည်။ ထိုငါးမန်းသည် အစာခွက်ရှိရာသို့ အပြေးအလွှားလာသော ဝက်တစ်ကောင်ကဲ့သို့ ကသောကမျော ရောက်လာခြင်း ဖြစ်သည်။ သူ့ပါးစပ်မှာ လူ့ခေါင်းတစ်လုံး ဝင်သာလောက်အောင် ကြီးမား၏။ အဘိုးအိုသည် ငါးမန်းအား ငါးကြီးကို ဝင်ခဲသည်အထိ စောင့်ကြည့်နေပြီးနောက် ဓားတပ်ထားသော လှော်တက်ဖြင့် ငါးမန်း၏ ဦးနှောက်ဆီသို့ ထိုးစိုက်ချလိုက်သည်။ သို့သော် ငါးမန်းသည် ဓားထိုးခံရသဖြင့် နောက်သို့ ရုတ်တရက်ခွာ၍ လွန့်လိုက်သည်တွင် ဓားသွားမှာ ပဲ့၍ သွားလေသည်။

www.burmeseclassic.com



အဘိုးအိုသည် လှေကို တက်မပြန်ကိုင် နေလိုက်၏။ ငါးမန်းသည် ရေထဲသို့ မြုပ်သွားသောအခါ ပထမတွင် နဂိုအရွယ်၊ ထို့နောက် အရွယ် သေး၍ သေး၍ အောက်သို့ ဆင်းသွားလေသည်။ ထိုအဖြစ်အပျက်ကို အဘိုးအိုသည် စောင့်ကြည့်၍ပင် မနေတော့ပေ။ ခါတိုင်းဆိုလျှင် ရေအောက် သို့ မြုပ်ဆင်းသွားသည့်အဖြစ်ကို စိတ်ဝင်စားစွာ ကြည့်တတ်၏။ ယခုမူကား ကြည့်ပင် မကြည့်တော့။

'ငါ့မှာ အခု သံချိတ်ပဲ ကျန်တော့တယ်။ ဒါပေမဲ့ ဒါဟာ သိပ်အသုံး မဝင်ပါဘူး။ ပြီးတော့ လှော်တက်နှစ်ချောင်းရယ်၊ တက်မချင်ရယ်၊ လက်ရိုက် တင်းပုတ် အရိုးတိုရယ်ပဲ ရှိတယ်' ဟု ပြောလိုက်သည်။

"သူတို့ ငါ့ကို နိုင်သွားကြပြီ။ ငါ့အသက်အရွယ်နဲ့ ငါးမန်းတွေကို တင်းပုတ်နဲ့ထုပြီး သတ်ဖို့လည်း မလွယ်တော့ပါဘူး။ ဒါပေမဲ့ ငါ့မှာ လှော်တက်တို့၊ တင်းပုတ်တို့၊ တက်မချင်တို့ ရှိနေသေးသမျှတော့ ဒါတွေနဲ့ ငါ ပြန်ပြီး တွယ်ရမှာပဲ" ဟု သူ တွေးမိသည်။

အဘိုးအိုသည် သူ့လက်များကို ပင်လယ်ရေထဲသို့ချ၍ စိမ်လိုက်ပြန် သည်။ အချိန်မှာ နေအတော်စောင်းပြီ ဖြစ်သဖြင့် ကောင်းကင်နှင့် ပင်လယ်မှ လွဲ၍ အခြားတစ်ပါးကို မမြင်ရတော့ပြီ။ လေသည် စောစောပိုင်းကထက် ပို၍ တိုက်လာသည်။ မကြာမီ ကုန်းကို မြင်ရတော့မည်ဟု သူ ထင်မိ၏။

'အဘိုးအိုရေ့ ... ပန်းလှပြီ မဟုတ်လား။ မင်းမှာ ရိုးတွင်းခြင်ဆီ ထဲကကို မလှုပ်ချင်အောင် ပင်ပန်းနေပြီ' ဟု သူ့ကိုယ်သူ ရေရွတ်နေသည်။

ငါးမန်းများသည် နေဝင်ခါနီး အချိန်အထိ ငါးကိုလာ၍ မဆွဲကြ တော့ချေ။

ငါးကြီး၏ ကိုယ်မှထွက်သော သွေးစီးကြောင်းအတိုင်း အညိုရောင် ငါးမန်းဆူးတောင်များ ထိုးထိုးထောင်ထောင် လိုက်လာကြသည်ကို အဘိုးအို တွေ့နေရသည်။ သူတို့သည် အနံ့ခံ၍ ခပ်ဆိုင်းဆိုင်း လိုက်လာကြခြင်း မဟုတ်ပေ။ လှေရှိရာ တည့်တည့်သို့ ဦးတည်ပြီး နှစ်ကောင်သားယှဉ်၍ ကူးလာနေကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် တက်မချင်ကို ငြိမ်အောင်ကပ်ထားလိုက်ပြီး ရွက်ကြိုးကိုလည်း အသေတုပ်လိုက်သည်။ ထို့နောက် ပဲ့ချောင်ထဲမှ လက်ရိုက်တင်းပုတ်ကို လှမ်း၍ဆွဲသည်။ ထိုတင်းပုတ်မှာ လှော်တက်ကျိုးတစ်ချောင်းကို နှစ်ပေခွဲမျှ ရှည်အောင် ဖြတ်ထားသည့်အရာသာ ဖြစ်သည်။ တင်းပုတ်လက်ကိုင်၏ အနေအထားကြောင့် စုံကိုင်၍ မရဘဲ လက်တစ်ဖက်တည်းဖြင့် ကိုင်မှ အားရပါးရ ကိုင်နိုင်၏။ သူသည် တင်းပုတ်ကို ညာလက်ဖြင့် ဆုပ်၍ ကိုင်လျက်က ငါးမန်းများ ဝင်လာသည်ကို စောင့်၍နေ၏။ ငါးမန်းမှာ နှစ်ကောင် ဖြစ်သည်။

"ပထမဆုံး ဝင်ဟပ်မယ့်အကောင် လာပေ့စေ။ ငါ သူ့ကို နှာနကို ဖြစ်ဖြစ်၊ ငယ်ထိပ်ကိုဖြစ်ဖြစ် ရိုက်ပေးလိုက်မယ်" ဟု သူ အကြံပြုလိုက်၏။

ငါးမန်းနှစ်ကောင်စလုံး အနားသို့ ကပ်လာကြပြီး သူနှင့်အနီးဆုံး ငါးမန်းသည် ပါးစပ်ကြီးကိုဖြ၍ ငါးဝမ်းဗိုက်သားဖြူဖြူကို ဝင်ခဲသောအခါ သူသည် တင်းပုတ်ကို တအားမြှောက်၍ ထိပ်ပြားပြားကြီးကို လေးလေးပင်ပင် ရိုက်ချလိုက်လေသည်။ တင်းပုတ်နှင့် ထိလိုက်သောအခါ ငါးမန်းခေါင်းသည် ထုံတေတေရှိသည်ကို သတိထားမိ၏။ သို့သော် အရိုးခွံထိအောင် ခိုက်သွားကြောင်းကိုလည်း သိလိုက်၏။ ထို့နောက် အဘိုးအိုသည် ငါးမန်း၏ နှာရိုးဖျားကို ခပ်ပြင်းပြင်း တစ်ချက်ထပ်၍ နှက်လိုက်ပြန်သည်တွင် ငါးမန်းမှာ ငါးကြီးကို လွှတ်၍ ရေထဲသို့ မြုပ်သွားတော့သည်။

အခြားငါးမန်းတစ်ကောင်မှာ ကပ်ချည်ခွာချည် ပြုလုပ်နေရာမှ ပါးစပ်ကြီးကို ဟ၍ တစ်ချီ ကပ်လာပြန်သည်။ ဟ ထားသော ငါးမန်းစွယ်များ အကြား ပါးစောင်၌ ငါးအသားဖတ်များ ကပ်၍နေသည်ကို အဘိုးအို တွေ့လိုက်ရ၏။ ထိုငါးမန်းသည် ငါးကြီးကို ပါးစပ်နှင့် ဟပ်မိသောအခါ မေးရိုးကိုစေ့၍ ကိုက်ထားလိုက်သည်။ သူသည် ထိုငါးမန်းအား တင်းပုတ်ဖြင့် လွှဲ၍ရိုက်ပြန်ရာ ငါးမန်းသည် ပါးစပ်မှ အသားစကို ဆွဲဖဲ့ယူရင်းက သူ့ဘက်သို့ ခေါင်းလှည့်ကြည့်လိုက်၏။ အဘိုးအိုသည် တင်းပုတ်ဖြင့် နောက်တစ်ချက်

www.burmeseclassic.com



ထုလိုက်ရာတွင် ငါးမန်းသည် ပါးစပ်ထဲသို့ ပါလာသော ငါးကြီးသားများကို ဝါးရင်း ရှောင်ထွက်သွား၏။ သူ့တင်းပုတ်သည် ငါးမန်းဦးရေခွံ မာခေါက်ခေါက်ကို သွား၍ထိသည်။

'လာဦးလေ၊ အယုတ်တမာ။ လာပါဦးကွ' ဟု အဘိုးအိုက ရေရွတ်လိုက်သည်။

ငါးမန်းသည် တစ်ရှိန်ထိုးဝင်ကာ ငါးကြီးကိုခဲရန် ပါးစပ်အစေ့တွင် အဘိုးအိုကလည်း တစ်ချက်လွှဲ၍ ရိုက်လိုက်သည်။ သူသည် တင်းပုတ်ကို အားရှိပါးရှိမြှောက်၍ အားကုန်ရိုက်ချလိုက်ခြင်း ဖြစ်သည်။ ဤတစ်ချိန်တွင် ဦးခေါင်းရိုးကို ဒုတ်ခနဲ ထိသွား၏။ ထိုနေရာကိုပင် သူက တစ်ချက်ဆင့်၍ ရိုက်လိုက်သောအခါ ငါးမန်းသည် ငါးကြီးသားကို ဖျဉ်းတွဲစွာဆွဲရင်း ရေနက်သို့ ပြုတ်ကျသွားလေသည်။

အဘိုးအိုသည် ထိုငါးမန်းနှစ်ကောင်ထဲမှ တစ်ကောင်ကောင်သည် ထပ်၍ တက်လာဦးမှာလားဟု အသင့်စောင့်နေသော်လည်း တစ်ကောင်မှ ပေါ်မလာတော့ချေ။ ထို့နောက်တွင် တစ်ကောင်ကိုသာ ရေပေါ်၌ ပတ်ချာလည့်၍ ကူးနေသည်ကို ပြန်တွေ့ရသည်။ အခြားတစ်ကောင်ကိုမူကား ဆူးတောင်ပင် မမြင်ရတော့ချေ။

"ငါ သူတို့ကို သေအောင် သတ်ဖို့တော့ မဖြစ်နိုင်ဘူး။ အရွယ်ကောင်းတုန်းကတော့ ဒီကောင်မျိုးတွေ ရိုက်သတ်တာနဲ့ သေတာပေါ့ကွာ...။ ဒါပေမဲ့ အခုလည်း နှစ်ကောင်စလုံးကို မရှုနိုင် မကယ်နိုင်အောင်ကို နှက်လိုက်တာပဲ။ တစ်ကောင်မှ သက်သက်သာသာ ရှိမယ် မထင်ဘူး။ တင်းပုတ်ပြားနဲ့ စုံကိုင်ပြီး ချလိုက်ရရင်တော့လား၊ ပထမဝင်လာတဲ့ အကောင်တော့ ကောင်းကောင်းကြီး စန့်သွားမှာပဲ။ အခုတောင် သေသလား၊ ရှင်သလား မသိဘူး" ဟု သူ တွေးနေမိသည်။

သူသည် ငါးကြီးကို ကြည့်လိုစိတ် မရှိတော့ပေ။ ငါးကြီးတစ်ခြမ်းကုန်သလောက် ရှိပြီဟု သူသိသည်။ ငါးမန်းများနှင့် တိုက်စစ်ဆင်နေခဲ့ရသော အချိန်တွင် နေလုံးပျောက်သွားခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



'အင်း… မကြာခင် မှောင်သွားတော့မှာပဲ။ မှောင်သွားရင် ဟာဗားနား မြို့က မီးရောင်တွေကို တွေ့ရလိမ့်မယ်။ ငါဟာ အရှေ့ဘက်ကို သိပ်လွန်နေရင်တောင်မှ ဆိပ်ကမ်းခြေအသစ် ဖွင့်ထားတဲ့ နေရာတွေက မီးရောင်တစ်ခုခုတော့ မြင်ရမှာပဲ' ဟု ပြောမိသည်။

"အခုနေမှာ ကမ်းနဲ့တော့ သိပ်ဝေးတော့မယ် မထင်ပါဘူး။ ငါ့အတွက် ဘယ်သူမှ စိတ်ပူမနေကြပါစေနဲ့။ သူငယ်လေးကတော့ စိတ်ပူမှာအမှန်ပဲလေ…။ ဒါပေမဲ့ ငါ့ကိုတော့ သူ စိတ်ချနေပါလိမ့်မယ်။ ငါ့ထက်ကြီးတဲ့ တံငါအိုတွေကတော့ ပူပန်ကြမှာပေါ့။ တခြားလူတွေလည်း ဒီလိုပဲရှိကြမှာပါပဲလေ။ ငါတို့မြို့က လူတွေဟာ တော်ကြပါတယ်' ဟု သူ စဉ်းစားမိသည်။

သူသည် ငါးကြီးကို အဖော်လုပ်၍ စကားမပြောနိုင်တော့ပေ။ ငါးကြီးမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေရှာလေပြီ။ ထိုအချိန်၌ ငါးကြီးကို ပြောချင်သောအတွေးတစ်ခု သူ့ခေါင်းထဲသို့ ဝင်လာသည်။

'ကောင်လုံးပြည့် မဟုတ်တော့တဲ့ ငါးကြီးရေ၊ မင်းဟာ ငါးစင်စစ်တော့ ဖြစ်ခဲ့ပါတယ်။ ငါ ခရီးလွန်ခဲ့တာကို နောင်ကြဉ်လို့ မဆုံးပါဘူးကွာ။ တို့နှစ်ယောက်လုံးကို ငါ ဖျက်ဆီးခဲ့မိတာပဲ။ ဒါပေမဲ့ မင်းနဲ့ငါဟာ ငါးမန်းတွေကို အများကြီး သတ်ခဲ့ပါတယ်ကွာ။ ဒဏ်ရာရသွားတဲ့ အကောင်တွေလည်း အများကြီးပဲ။ ပြောစမ်းပါဦးကွ၊ အိုကြီးအိုမ ငါးကြီးရဲ့…။ မင်းလည်း ခေတ့်အကောင်မှ မဟုတ်ဘဲ။ ငါနဲ့မတွေ့ခင် ငါးမန်းဘယ်နှစ်ကောင်ကို မင်း သတ်ခဲ့ပလဲဟေ။ မင်းခေါင်းက ဦးချွန်ကြီးဟာ အကြောင်းမဲ့ ရှိနေတာမှ မဟုတ်ဘဲ'

ငါးကြီးသာ အသက်ရှင်လျက် လွတ်လွတ်ကျွတ်ကျွတ် ကူးခပ်နေခဲ့ရလျှင် ငါးမန်းနှင့် တွေ့သောအခါ ငါးကြီးက ဘယ်လိုခုခံမည်လဲဟု သူ တွေးကြည့်ချင်မိသည်။ "ငါးမန်းတွေကို ချနေတုန်းက သူတို့နှုတ်သီးကို ဖြတ်ပစ်လိုက်ရရင် အကောင်းသားကွာ။ ဒါပေမဲ့ ငါ့မှာ ရဲတင်းလည်း မရှိ၊ ဓားရှည်လည်း မရှိခဲ့လို့ပေါ့"

www.burmeseclassic.com



"တကယ်လို့ အဲဒီလက်နက်မျိုးတွေပါလို့ လှော်တက်မှာ တပ်ပြီးတော့ ချလိုက်ရရင်လား၊ တကယ့် လက်နက်ကောင်း ဖြစ်တော့မှာပဲ။ ငါးကြီးရော၊ ငါရော နှစ်ယောက်သား ငါးမန်းတွေကို တွယ်လိုက်ကြမယ့်ဖြစ်ခြင်း။ ကဲ... ညကြီးမင်းကြီးမှာ ငါးမန်းတွေ လာပြန်ပါပြီတဲ့။ မင်း ဘာလုပ်မလဲ၊ ဘယ်လို လုပ်နိုင်မလဲ" ဟု အတွေးခေါင်ရင်းက သူ့ကိုယ်သူ အမေးထုတ်လိုက်ပြန်သည်။

"ချမှာပေါ့၊ ငါ မသေမချင်း ဒီသတ္တဝါတွေကို ချနေမှာပဲ" ဟု သူ့ကိုယ်သူ ပြန်ပြောသည်။

ပြောမည့်သာ ပြောရသည်။ ယခုအခါ အမှောင်ထု လွှမ်းလျက်ရှိပြီး ကြယ်ရောင်လည်း မရှိ၊ မီးရောင်လည်း မရှိချေ။ လေသည် မှန်မှန်တိုက်နေသဖြင့်သာ ရွက်ကလည်း လှေကို မှန်မှန်သယ်ဆောင်ပေးလျက် ရှိသည်။ ထိုအခြေအနေမျိုးတွင် သူကား အသက်ရှင်နေသူမှ ဟုတ်ပါစဟု တွေးထင်စရာ ဖြစ်တော့သည်။ သူ၏ လက်နှစ်ဖက်ကိုယှက်၍ လက်ဖဝါးနှစ်ခုကို ပွတ်ကြည့်သည်။ လက်များကို ဆုပ်လိုက်ဖြန့်လိုက် လုပ်ပေးရုံဖြင့် နာကျင်သော အသိက ပေါ်လာသဖြင့် ငါကား မသေသေးဟု ကောင်းစွာ သဘောပေါက်လေသည်။ သူ့ကျောရိုးကို လှေပဲ့နှင့် မှီလိုက်စဉ် နာကျင်သောအသိကို ခံစားရပြန်သည်။ ပခုံးများကလည်း အောင့်၍နေသဖြင့် ငါ မသေသေးဟူသော အသိကို ကောင်းစွာ ရနိုင်ပေသည်။

"ဒီ ငါးကြီးကို မိရင် ဘုရားရှိခိုးပါ့မယ်လို့ အာမဘန္ဒေ ခံထားတာရှိတယ်။ အခုတော့ ပင်ပန်းလွန်းလို့ ဘုရားတောင် ရှိမခိုးနိုင်တော့ပါဘူး။ ဂုန်အိတ်ကို ယူပြီးတော့ ပခုံးမှာ ခြုံထားဦးမှ ပါပဲလေ"

အဘိုးအိုသည် လှေပဲ့ကိုမှီရင်း တက်မချင်ကိုထိန်းလျက် ကောင်းကင်မှ လာမည့် အလင်းရောင်ကို စောင့်မျှော်နေမိသည်။

"ငါ့မှာ ငါးကြီးတစ်ပိုင်းတော့ ကျန်သေးတာပဲ။ ကံကောင်းရင်တော့ ဒီငါး ရင်ပိုင်းကြီးကို အပါယူသွားနိုင်ဦးမှာပေါ့လေ။ ဒါလောက်တော့ ငါ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ကံရှိဖို့ ကောင်းပါတယ်။ ဘယ်ရှိမှာလဲလေ၊ ငါ့ကိုယ်က ကံခေချင်လို့ အပြင်ဘက်ကို ဒါလောက် ဝေးဝေး စွတ်ထွက်သွားတာကိုး” ဟု သူ တွေးနေမိသည်။

‘အို… ဒီလို ကြံဖန် တွေးမနေပါနဲ့ဦးလေ။ အိပ်မငိုက်ဘဲ လှေကိုသာ ပဲ့ကိုင်ပေးနေစမ်းပါ။ ကံဆိုတာ ကောင်းဖို့အလှည့် ကျန်ချင်ကျန်နေဦးမှာပေါ့’ ဟု သူ့ကိုယ်သူ အသံထွက်၍ ပြောသည်။

“ကံဆိုတာ ဝယ်လို့ရမယ်ဆိုရင် ရောင်းတဲ့နေရာမှာ နည်းနည်းပါးပါး ငါ ဝယ်စမ်းချင်ပါဘိတယ်။ အင်း… ဝယ်လို့ရမယ် ဆိုရင်တောင် ငါ့မှာ ဘာနဲ့ ဝယ်မတုံး။ ပျောက်သွားတဲ့ မှိန်းတို့၊ ကျိုးပဲ့သွားတဲ့ ဓားတို့၊ ပေါက်ပြဲနေတဲ့ လက်တို့နဲ့ ငါက ဝယ်လို့ ရမှာတဲ့လား” ဟု သူ့ကိုယ်သူ ပြောနေသည်။

“အေးလေ၊ ဒါတွေနဲ့ဝယ်လို့ ရချင်လည်း ရမှာပေါ့။ ရှစ်ဆယ့်လေးရက် လုံးလုံး ပင်လယ်ထဲမှာနေပြီး ကံနဲ့နိုးစပ်ဖို့ ငါ ကြိုးစားခဲ့တာပဲ။ ကံပေါ်ခါနီးမှ လက်မတင်ကလေး လွဲခဲ့ရတယ်”

“အဓိပ္ပာယ်မရှိတာတွေ တွေးမနေပါနဲ့တော့လေ။ ကံထမ်းလာတာ မမြင်ရဘူးဆိုတဲ့ စကားလို ဘယ်ပုံဘယ်နည်းနဲ့ ကံစွပ်မယ်ဆိုတာ ဘယ်သူ သိနိုင်ပါ့မလဲ။ ဘယ်ပုံဘယ်နည်းနဲ့ပဲ ရချင်ရပါစေကွာ။ တင်ထားသလောက် ဈေးနဲ့ နည်းနည်းပါးပါး အရယူချင်လိုက်စမ်းပါဘိ။ အင်း… မြို့က အလင်းရောင်တွေကို ခုအချိန် မြင်ရရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ငါက လည်း လိုချင်တာတွေ များလွန်းနေပါတယ်။ ဒါပေမဲ့ ခုလောလောဆယ်မှာတော့ ငါ လိုချင်တာ ဒီတစ်ချက်ပါပဲ” ဟု တောင်စဉ်ရေမရ လျှောက်၍ တွေးလာခဲ့သည်။

သူသည် ပဲ့ကိုကိုင်ရင်းဖြင့် နေသာထိုင်သာအောင် ပြင်၍ ထိုင်လိုက်ရာ နာကျင်သော ဝေဒနာများက ဖြစ်လာပြန်သဖြင့် “ဟယ်… ငါ မသေသေးပါကလား” ဟု သဘောပေါက်မိပြန်သည်။

www.burmeseclassic.com



ညဆယ်နာရီ ပတ်ဝန်းကျင်ခန့်ရှိသော အချိန်တွင် မြို့မှ အလင်းရောင်များ ကောင်းကင်တွင်တက်၍ နေသည်ကို မြင်ရသည်။ ထိုအလင်းရောင်များမှာ လ ထွက်တော့မည့် အရောင်များနှင့် ရောနှောနေသောကြောင့် လ မထွက်မီ အတန်ငယ် သဲကွဲရုံမျှသာ ဖြစ်သည်။ ထို့နောက်တွင် လေထန်သဖြင့် လှိုင်းဆောင်ဘင် တက်စပြုသော ပင်လယ်ပြင်ကျယ်ကိုဖြတ်၍ မြို့မှ အလင်းရောင်များကို ပြတ်ပြတ်သားသား လှမ်းမြင်နိုင်သည်။ သူသည် မီးရောင် ပြောင်လက်စွာ ဟပ်လျက်ရှိသော ပင်လယ်ပြင်ထဲသို့ ဝင်မိစေရန် လှေကို ပဲ့ကိုင်၍ ထိန်းထားခဲ့၏။ ယခု မကြာခင် ရေစီးကြောင်း၏ အနားသတ် အစွန်းကို ရောက်သွားပေတော့မည်ဟု သူ တွေးမိလေသည်။

"ကဲ… စခန်းတော့ သိမ်းရမလောက်ရှိပြီ။ ငါးမန်းတွေ ငါ့ကိုလာပြီး ဒုက္ခပေးကြလိမ့်ဦးမယ် ထင်တယ်။ ဒါပေမဲ့ လက်နက်ရယ်လို့ မရှိတဲ့ လူတစ်ယောက်ဟာ ဒီသတ္တဝါတွေကို မှောင်ကြီးမည်းမည်းမှာ ဘယ်လို ခုခံနိုင်ပါ့မလဲ" ဟု သူ တွေးနေမိသည်။

သူ့တစ်ကိုယ်လုံးမှာ တောင့်တင်းနာကျင်၍ နေသည်။ ရရှိထားသော ဒဏ်ရာများနှင့် ပင်ပန်းနွမ်းနယ်လျက်ရှိသော အင်္ဂါအစိတ်အပိုင်းများမှာ ညပိုင်း အအေးဒဏ်ကြောင့် ကိုက်ခဲ၍ လာလေသည်။

"ငါ နောက်ထပ် ဒီကောင်တွေနဲ့ အကြိတ်အနယ် တိုက်စရာ ခိုက်စရာ မကြုံပါရစေနဲ့တော့၊ တကယ်ပဲ မကြုံပါရစေနဲ့တော့" ဟု သူ ဆုတောင်းနေမိသည်။

သို့သော် သန်းခေါင်ယံသို့ ရောက်သည့်အခါတွင် တိုက်ရခိုက်ရပြန်သည်။ ဤတစ်ကြိမ် တိုက်ခိုက်ရခြင်းသည် အချည်းနှီးသာ ဖြစ်သည်ကိုလည်း သူ သဘောပေါက်လေသည်။ ငါးမန်းများသည် အုပ်နှင့်ချီ၍ လာခြင်း ဖြစ်သည်။ အဘိုးအိုသည် ရေထဲတွင် ဖြတ်၍လာသော ငါးမန်းဆူးတောင်များ၏ အရေးအကြောင်းကို မြင်ရသည်။ ငါးကြီးကို လာ၍ တွတ်စဉ်၌ ငါးမန်းများကိုယ်မှ ပြောင်လက်လက် အရောင်များ ရေထဲတွင်

www.burmeseclassic.com



ထွက်ပေါ်လာသည်ကို တွေ့ရသည်။ သူသည် ငါးမန်းပါးစပ်များဖြင့် ငါးကြီး၏အသားကို တဆတ်ဆတ် ကိုက်ခဲနေသော အသံများလည်း ကြားရ၏။ ငါးကြီး၏ အောက်မှနေ၍ ဝင်ခဲပြီး ဆောင့်ဆွဲသောကြောင့် လှေကလေး တသိမ့်သိမ့် ဖြစ်နေသည်ကိုလည်း သိရသည်။ အဘိုးအိုသည် ငါးမန်းခေါင်းဟု ထင်ရသော အရာများကို တရစပ် ထုရိုက်ချနေသည်။ ထိုအချိန်တွင် တင်းပုတ်ကို တစ်စုံတစ်ရာက ဆွဲယူလိုက်သကဲ့သို့ သိရပြီး တင်းပုတ်သည် လက်ထဲက လွတ်သွားလေသည်။

အဘိုးအိုသည် တက်မချင်ကို ပဲ့မှ ဆွဲဆောင့်ယူလိုက်၍ တက်မချင်နှင့် ဆက်ပြီး ငါးမန်းခေါင်းများကို ခုတ်ရိုက်နေပြန်သည်။ သူသည် တက်မချင်ကို လက်နှစ်ဖက်ဖြင့် စုံကိုင်၍ တစ်ချက်ပြီးတစ်ချက် လွှဲရိုက်နေခြင်း ဖြစ်သည်။ ငါးမန်းများသည် လှေဦးပိုင်းအထိ တိုးလာကြသည်။ တစ်ကောင်ချင်း ဝင်ဆွဲသည့်အခါ ဆွဲ၍ ပြိုင်တူ ဝင်ဆွဲသည့်အခါ ဆွဲ၏။ ငါးမန်းတွတ်၍ ပဲ့ကျသွားသော ငါးသားဖတ်များသည် ငါးမန်းများ တစ်ကြိမ်ဆွဲရန် လှည့်လာသောအခါ ရေအောက်တွင် ပြောင်လက်လက် အရောင်ထွက်နေကြသည်။

နောက်ဆုံးတစ်ကောင်သည် ငါးကြီး၏ ခေါင်းပိုင်းကို လာ၍ဆွဲသောအခါ အားလုံး ကိစ္စပြတ်ပြီဖြစ်ကြောင်း အဘိုးအို သဘောပေါက်လိုက်မိသည်။ သူသည် ငါးကြီး၏ ခေါင်းပိုင်းကို သွားများနှင့် ခဲ၍ထားသော ငါးမန်းအား ခေါင်းတည့်တည့်ကို တက်မချင်နှင့် ရိုက်ချလိုက်သည်။ ငါးမန်းမှာ ငါးခေါင်းကိုလည်း ဖဲ့၍ မရသေးချေ။ အဘိုးအိုကလည်း တစ်ချက်ပြီး တစ်ချက် ဆင့်၍ ရိုက်ချသည်။ ထိုအခိုက် တက်မချင်မှာ ဖြောက်ခနဲ ကျိုးသွားသံ ကြားရပြီး ကျိုးသောအပိုင်းဖြင့်ပင် ငါးမန်းဗိုက်ထဲသို့ စိုက်ဝင်သွားစေရန် အားရှိပါးရှိ ဆောင့်ထိုးလိုက်သည်။ တက်မချင်သည် ငါးမန်းကိုယ်ထဲသို့ စူးဝင်သွားကြောင်း သိလိုက်ရသဖြင့် နောက်တစ်ကြိမ် စိုက်၍ ထိုးလိုက်ပြန်သည်။ ငါးမန်းလည်း ငါးကြီးခေါင်းကိုလွှတ်၍ လှည့်ထွက်သွားသည်။ ထိုငါးမန်းသည် ငါးမန်းအုပ်ထဲမှ နောက်ဆုံးအကောင် ဖြစ်သည်။ သူတို့အတွက် ငါးသေကြီးတွင် စားစရာ မကျန်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် အသက်ရှူပင် မှား၍နေသည်။ ပါးစပ်ထဲတွင် ဖန်တွတ်တွတ် ဖြစ်နေပြီး ချိုရဲရဲ ချွဲတဲတဲ ဖြစ်၏။ ထိုသို့ဖြစ်သည်ကို အခိုက်အတန့်အားဖြင့် စိုးရိမ်ပူပန်လိုက်မိ၏။ သို့သော် သူ့ဒွိ ထူးထူးထွေထွေ ဖြစ်မလာချေ။

အဘိုးအိုသည် ရေပြင်ပေါ်သို့ တံတွေး ထွေးချလိုက်ရင်း 'ဒါကို စားကြတော့ အယုတ်တမာတွေရဲ့။ ပြီးတော့ လူသားစားရတယ်လို့ အိပ်မက် မက်ကြပေတော့' ဟု ဆိုလိုက်သည်။

အဘိုးအိုသည် ယခုအခါ အဖတ်ဆယ်မရအောင် အရှုံးပေးလိုက်ရပြီ ဖြစ်ကြောင်း သဘောပေါက်သွားလေသည်။ ပြီးနောက် သူသည် ပဲ့ပိုင်းသို့ သွားလျက် တက်မချင်အကျိုးကို တက်မရွက်အပေါက်တွင် ပြင်၍စွပ်သည်။ တက်မချင်အကျိုးသည် လှေကို ပဲ့ကိုင်၍ ဖြစ်လောက်အောင် ရှည်သေးသည်ကို တွေ့ရ၏။ သူသည် ဂုန်နီအိတ်စကို ကျောတွင်ပတ်လိုက်ပြီး လှေကို အပြန်လမ်းအတိုင်း ပဲ့ကိုင်၍ လာခဲ့၏။ လှေသည် ညင်ညင်သာသာပင် ရွက်လွှင့်လျက် ရှိ၏။ အဘိုးအိုတွင် ထွေထွေရာရာ တွေးတောချက်၊ ခံစားချက်များ မရှိတော့ချေ။ အတွေးမျိုးစုံတို့ဒွိ တွေးတောကျင်လည်ရသော အဆင့်ကို ကျော်ခဲ့ပြီဖြစ်ရာ လှေကလေးကို အိမ်ရှိရာ ဆိပ်ကမ်းသို့ မိမိတတ်နိုင်သလောက် ချောချောမောမော ရောက်ရှိရေးကိုသာ အာရုံစိုက်လျက်ရှိသည်။ ညကြီးမင်းကြီးတွင် အရိုးသာ ကျန်တော့သော ငါးကြီး၏ကိုယ်ကို ငါးမန်းများ လာ၍ တွတ်ကြသေးသည်။ သို့သော် အရိုးအရင်းကိုသာ ကိုက်ကြရတော့သည်။ အဘိုးအိုသည် ထိုငါးမန်းများကို ဂရုလည်း မစိုက်တော့ချေ။ လှေကို ဖြောင့်ဖြောင့်ပဲ့ကိုင်ရန် ကိစ္စမှတစ်ပါး ဘာဆိုဘာမျှပင် ဂရုမစိုက်တော့ချေ။ လှေကလေးတွင် ကြီးမားသော ဝန်ပို မပါတော့သဖြင့် ရွက်ရှင်ရှင်ဖြင့် ပေါ့ပေါ့ပါးပါး သွားနေနိုင်ပြီကိုသာ သူ သတိပြုမိလေသည်။

"ငါ့လှေကလေး အကောင်းပကတိ ရှိသေးတာပဲ။ တက်မချင် ကျိုးတာကလွဲရင် ခိုင်ခိုင်လုံလုံနဲ့ မပျက်မစီး ရှိသေးရဲ့။ တက်မချင်ကို



www.burmeseclassic.com


www.burmeseclassic.com



အသစ် ထည့်ဖို့ကတော့ မခဲယဉ်းဘူး" ဟူ၍ အဘိုးအိုသည် တွေးတော နေမိ၏။

သူသည် ရေစီးကြောင်းထဲသို့ ဝင်မိပြီဖြစ်ကြောင်း ကောင်းစွာသိရပြီ။ ကမ်းခြေရှိ နယ်သစ်ဖွင့်ထားသော အရပ်များဆီမှ မီးရောင်တို့ကိုလည်း တွေ့ရလေပြီ။ သူ ဘယ်နေရာ ရောက်လာပြီကို သိရပြီ ဖြစ်သည့်အတွက် အိမ်သို့ ချောချောမောမော ရောက်ရေးမှာ ခက်ခဲစရာ မရှိတော့ပေ။

"လေဟာ ငါတို့ရဲ့ မိတ်ဆွေအစစ်ပဲ။ အင်း...တစ်ခါတလေ ဆိုရင် ပေါ့လေ။ ပင်လယ်ကြီးမှာတော့ ငါတို့ မိတ်ဆွေတွေရော၊ ရန်သူတွေရော ရောနှောလို့ ရှိပါရဲ့။ ဒါဖြင့် အိပ်ရာကတော့ကော၊ အိပ်ရာကတော့ ငါ့အဖော်ပဲ။ အိပ်ရာထဲမှာ ကွေးရရင် တော်ပါပြီလေ။ ခုနေများ အိပ်လိုက်ရရင် တကယ့် စည်းစိမ်ကြီး နေမှာပဲ။ အရှုံးပေး လက်မြှောက်ရတဲ့ အချိန်မှာဆိုတော့ သက်သက်သာသာ ခိုနားခွင့် ရတာပဲ။ ကိုယ့်အိပ်ရာကို ဒါလောက်သက်သာ



ပြန်လှည့်၍ ကြည့်လိုက်သောအခါ လှေနှင့်တွဲလျက် ရှိနေသေးသော ငါးသေကောင်ကြီး၏ အမြီးသည် ပဲ့စင်ကိုကျော်လျက် ထွက်နေသည်။ ငါးကြီး၏ ဖြူဖွေးသော အရိုးပြိုင်းပြိုင်းကြီးအား ခေါင်းပိုင်းမည်းမည်းကြီးနှင့်တကွ နှုတ်သီးချွန်ကိုပါ မြင်ရသည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com



တဲ့ နေရာရယ်လို့ ငါ တစ်ခါမှ သဘောမပေါက်ခဲ့ဘူး။ ဒါနဲ့ ငါ ဘာကို အရှုံးပေးလိုက်ရတာပါလိမ့်" ဟု သူ တွေးနေမိသည်။

'အို ...ဘာကမှ အနိုင်ယူတာ မဟုတ်ဘူး။ ငါကိုယ်က ဝေးဝေး ထွက်သွားလို့' ဟု အော်ကြီးဟစ်ကျယ် ပြောမိသည်။

သူသည် ဆိပ်ကမ်းသို့ ရွက်တိုက်၍ ဝင်လာသောအခါ ဘီယာဆိုင် တွင် မီးများ ငြိမ်းလျက်ရှိပြီ။ လူတိုင်း အိပ်ရာဝင်နေကြပြီ။ လေသည် တဖြည်းဖြည်း ထန်လာ၍၊ ပြင်းပြင်းတိုက်၍ နေပြီဖြစ်သည်။ သို့သော် ဆိပ်ကမ်းကလေး တစ်ခုလုံးမှာ ဆိတ်ငြိမ်လျက် ရှိ၏။ သူသည် ကျောက် ဆောင်ရင်းရှိ ကျောက်စရစ် အင်ကလေးရှိရာသို့ ဝင်ဆိုက်လေသည်။ သူ့ကို ကူဖော်လောင်ဖက် ပြုမည့်သူ မရှိချေ။ ထို့ကြောင့် လှေကလေးကို သူ နိုင် သလောက်သာ ကုန်းပေါ်သို့ ဆွဲတင်ရလေသည်။ လှေပေါ်က ဆင်းပြီးနောက် ကျောက်တုံးတစ်ခုတွင် လှေကို မြဲမြဲစွာ ချည်လိုက်လေသည်။

သူသည် ရွက်တိုင်ကို နုတ်လိုက်ပြီးနောက် ရွက်ကိုလိပ်၍ ပတ်ချည် လိုက်သည်။ ထို့နောက် ရွက်လိပ်ကိုထမ်းပြီး တောင်ကုန်းကလေးပေါ်သို့ တက်လာခဲ့သည်။ ထိုအချိန်ကျမှ သူ ဘယ်လောက် ပင်ပန်းနေသည်ကို သိရ၏။ အဘိုးအိုသည် ခေတ္တနားရင်း နောက်ကြောင်းကို ပြန်လှည့်လိုက် သည်။ ရေထဲတွင် ရောင်ပြန်ဟပ်လျက်ရှိသော လမ်းမီးရောင်များကြောင့် လှေနှင့်တွဲလျက် ရှိသေးသော ငါးသေကောင်ကြီး၏ အမြီးသည် ပဲ့စွန်းကို ကျော်လျက် ထိုးထိုးထောင်ထောင် ထွက်နေသည်ကို တွေ့ရလေသည်။ ထို့ပြင် ငါးကြီး၏ ဖြူဖွေးသော အရိုးပြိုင်းပြိုင်းကြီးအား ခေါင်းပိုင်း မည်းမည်းကြီးနှင့် နှုတ်သီး ချွန်ချွန်ကြီးကိုပါ မြင်ရသည်။

သူသည် ကမ်းစပ်တောင်ကုန်းလေးပေါ်သို့ ဆက်၍ တက်ခဲ့ပြန် သည်။ ကုန်းထိပ်သို့ ရောက်သောအခါ မှောက်လျက်လဲပြန်ရာ ရွက်လိပ်ကြီး ပခုံးတွင် ပိလျက် အတန်ကြာ မထနိုင်ဘဲ ရှိနေခဲ့သည်။ သူသည် ကျုံး၍ ထ၏။ သို့သော် ထ၍ပင် မရနိုင်အောင် ရှိသည်။ ထို့ကြောင့် ရွက်တိုင်လိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ထမ်းရင်း မြေကြီးပေါ်၌ ထထိုင်ကာ လမ်းကို မျှော်ကြည့်မိလေသည်။ ကြောင်တစ်ကောင်သည် ခပ်ဝေးဝေးတွင် သူ့လမ်းသွားနေသည်ကို အဘိုးအိုသည် ငေးကြည့်နေမိ၏။ ထို့နောက် လမ်းတစ်လျှောက်ကို အဓိပ္ပာယ်မရှိ ကြည့်နေမိပြန်သည်။

နောက်ဆုံးတွင် ရွက်တိုင်လိပ်ကို ပခုံးမှချ၍ အားယူပြီး မတ်တတ်ရပ်လိုက်သည်။ ထို့နောက် ရွက်တိုင်လိပ်ကို ပခုံးပေါ်ပြန်တင်၍ လမ်းအတိုင်း ဆက်လျှောက်လာခဲ့သည်။ သူ့တဲစုတ်ကလေးဆီသို့ မရောက်မီ သူသည် လမ်းတွင် ငါးခါတိတိ နားခဲ့လေသည်။

တဲအတွင်းသို့ ရောက်သောအခါ သူသည် ရွက်လိပ်ကို တဲနံရံတွင် ထောင်ထားလိုက်၏။ မှောင်ထဲ၌ ရေပုလင်းကို စမ်း၍ရှာပြီး ရေတစ်ကျိုက် သောက်လိုက်သည်။ ထို့နောက် အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်သည်။ ပြီးလျှင်



သူသည် ကမ်းစပ်မှအတက် တောင်ကုန်းကလေးပေါ်သို့ အရောက်တွင် မှောက်လျက်လဲပြန်ရာ ရွက်လိပ်ကြီး ပခုံးတွင်ပိလျက် အတန်ကြာ မထနိုင်ဘဲ ရှိသည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com



စောင်ကို ပခုံးပေါ်သို့ ဆွဲ၍ခြုံပြီးလျှင် ကျောနှင့် ခြေထောက်များကိုပါ လုံအောင်ဖိသည်။ ထို့နောက် လက်ဖဝါးများကိုဖြန့်၍ ဆန့်ထားလိုက်ပြီး သတင်းစာခင်းပေါ်၌ မှောက်လျက်သား အိပ်လိုက်လေသည်။

နောက်တစ်နေ့နံနက်၌ သူသည် အိပ်ပျော်လျက်ရှိစဉ် သူငယ်ကလေးသည် တံခါးပေါက်မှ သူ့ကို လာ၍ကြည့်သည်။ လေသည် အလွန်ပြင်းထန်၍ နေ၏။ ထို့ကြောင့် ပင်လယ်သို့ထွက်မည့် လှေများ ထွက်ကြတော့မည် မဟုတ်ချေ။ သူငယ်ကလေးသည် အိပ်ရာထ နေမြင့်ခဲ့ပြီး၊ သူ နံနက်တိုင်း လာနေကျအတိုင်း အဘိုးအို၏ တဲငယ်သို့ လာခဲ့ခြင်း ဖြစ်သည်။ သူငယ်ကလေးသည် အဘိုးအို အသက်ရှူလျက် နေသည်ကို တွေ့ရသည်။ လှန်ထားသော လက်ဖဝါးများကို မြင်ရသောအခါ ငိုရှိုက်မိလေတော့သည်။ သူသည် တိတ်တိတ်ဆိတ်ဆိတ်ကလေး ထွက်လာခဲ့ပြီး အဘိုးအိုအတွက် ကော်ဖီ သွားယူလေသည်။ လမ်းတစ်လျှောက်လုံး သူသည် ငိုယို၍ သွား၏။

တံငါအများသည် ကမ်းစပ်တွင် ဆိုက်ကပ်ထားသော လှေကလေး အနီးတွင် ဝိုင်း၍ ကြည့်နေကြ၏။ လှေနံနှင့်ယှဉ်၍ တွဲချည်ထားသော ငါးကြီးကို ကြည့်နေကြခြင်း ဖြစ်သည်။ လူအုပ်ထဲက တစ်ဦးသည် သူ့ဘောင်းဘီများကို လိပ်၍ ရေစပ်သို့ဆင်းပြီး၊ ငါးရိုးကြီးကို အမြီးဖျားမှ ခေါင်းဖျားအထိ ကြိုးတစ်ချောင်းနှင့် တိုင်းကြည့်နေလေသည်။

သူငယ်ကလေးသည် လှေရှိရာ ကမ်းစပ်သို့ ဆင်းမသွားချေ။ သူ စောစောက တစ်ခေါက် ဆင်းကြည့်ခဲ့ပြီးဖြစ်၍၊ သူ့အစား အခြားတံငါတစ်ဦးက လှေကလေးကို စောင့်ကြည့်ပေးနေသောကြောင့် ဖြစ်သည်။

'အဘိုးကြီး ဘယ့်နှယ်နေသလဲဟေ့' ဟု တံငါတစ်ဦးက လှမ်းမေးသည်။

'အိပ်နေတုန်းပဲ' ဟု သူငယ်ကလေးက ပြန်ပြောသည်။ 'ဘယ်သူမှ သွားပြီး မနှောင့်ယှက်ကြပါနဲ့ဗျာ'။ သူငယ်ကလေးသည် သူ ငိုနေကြောင်း အခြားသူများ မြင်မည်ကို ဂရုမစိုက်ချေ။



www.burmeseclassic.com

www.burmeseclassic.com



'အမြီးကနေ ခေါင်းအထိ ဆယ့်ရှစ်ပေ ရှိတယ်ဗျို့' ဟု ငါးရိုးကြီးကို တိုင်းနေသူက အော်ပြောလိုက်သည်။

'ရှိမှာပေါ့' ဟု သူငယ်ကလေးက ပြောသည်။

သူငယ်ကလေးသည် ဆိုင်အတွင်းသို့ ဝင်၍ နို့ဆီဘူးနှင့် ကော်ဖီ တစ်ခွက်ကို သွားမှာလေသည်။

'သကြားများများ၊ မလိုင်များများနဲ့ ခပ်ပူပူကလေး လုပ်ဗျာ'

'ပြီးတော့ ဘာယူဦးမလဲ'

'မယူသေးပါဘူး၊ သူ နိုးမှ ဘာစားမလဲလို့ သိရမှာ...'

'မိလာတဲ့ ငါးကြီးက ရောမ ငါးကြီးပဲကွာ။ ဒါလောက်ကြီးတာ တစ်ခါမှ မမြင်ဖူးဘူး။ မင်း မနေ့က ရတဲ့ ငါးနှစ်ကောင်လည်း ခပ်ကြီးကြီး ပဲကွ' ဟု ဆိုင်ရှင်က ပြောနေသည်။

'အို... ကျွန်တော့် ငါးတွေက အလကားဟာပါဗျာ' ဟု ပြောရင်း သူငယ်ကလေးသည် ငိုမိပြန်သည်။

'မင်း တစ်ခုခု သောက်ပါလားကွ' ဟု ဆိုင်ရှင်က သူငယ်ကလေး အား ပြောလိုက်သည်။

'မသောက်တော့ပါဘူး။ ဟိုလူတွေကို ပြောထားစမ်းပါဗျာ၊ အဘ ဆန်တီယာဂိုကို သွားမနှောင့်ယှက်ကြပါနဲ့လို့။ ကျွန်တော်လည်း ပြန်လာ ခဲ့ဦးမယ်'

'အေးကွာ၊ ငါကလည်း သူ့အတွက် စိတ်မကောင်းတဲ့အကြောင်း ပြောပြလိုက်ပါ'

'ပြောလိုက်ပါ့မယ်၊ ကျေးဇူးပဲ' ဟု သူငယ်လေးက ပြန်ပြောသည်။

သူငယ်ကလေးသည် အဘိုးအို၏ တဲဆီသို့ နို့ဆီခွက်နှင့် ထည့်ထား သော ကော်ဖီပူပူကို ယူလာရင်း အဘိုးအို နိုးသည်အထိ ဘေးက ထိုင်စောင့် နေလေသည်။ တစ်ကြိမ်တွင် အဘိုးအိုသည် နိုးတော့မည်ကဲ့သို့ လူးလွန့် လာ၏။ သို့သော် နှစ်နှစ်ခြိုက်ခြိုက် ပြန်၍ အိပ်ပျော်သွားပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူငယ်ကလေးသည် လမ်းတစ်ဖက်သို့ ဖြတ်ကူး၍ ကော်ဖီကို နွေးထားရန် ထင်းသွားရှာလေသည်။

နောက်ဆုံးတွင် အဘိုးအိုသည် နိုးလာလေသည်။

'မထနဲ့ဦး အဘ၊ ဟောဒါလေးကို သောက်လိုက်ဦး' ဟု သူငယ်လေးသည် ကော်ဖီတချို့ကို ဖန်ခွက်ထဲသို့ လောင်းထည့်ပေးနေသည်။

အဘိုးအိုသည် ဖန်ခွက်ကိုယူ၍ သောက်လိုက်၏။

'မာနိုလင်ရေ့... အဘတော့ ရှုံးခဲ့ပြီကွာ၊ ကျကျနန ရှုံးခဲ့ပြီ'

'အဘဟာ ငါးကြီးကို အရှုံးပေးရတာ မဟုတ်ပါဘူး၊ ဖမ်းလာနိုင်သားပဲ'

'ရပြီးမှ ရှုံးခဲ့တာပါကွာ၊ တကယ်ပါပဲ'

'ပက်ဒရိကိုက လှေနဲ့ လှေပေါ်က ပစ္စည်းတွေကို ကြည့်ထားတယ်။ အဲဟို ငါးခေါင်းကြီးကို ဘယ်လိုလုပ်ကြမလဲ အဘ...'

'အပိုင်းပိုင်းဖြတ်ပြီး၊ မြှုံးထဲမှာ ငါးစာလုပ်ပါလို့ ပက်ဒရိကိုကို ပြောလိုက်ပါကွာ'

'မှိန်းကိုကော အဘ'

'မင်းလိုချင်ရင် ယူလိုက်ပေတော့'

'ကျွန်တော် လိုချင်တယ်။ ပြီးတော့ ရှေ့ဆက်ပြီး လုပ်ကြကိုင်ကြဖို့ ကိစ္စတွေကိုလည်း ကြံကြဦးမှ ဖြစ်မယ် အဘရဲ့...'

'သူတို့ အဘကို ရှာကြသေးသလား'

'ရှာကြတာပေါ့၊ ကမ်းခြေစောင့်အဖွဲ့ကရော၊ လေယာဉ်ပျံနဲ့ရော ရှာကြတယ်'

'ပင်လယ်ကြီးက သိပ်ကြီးပြီး၊ လှေကလေးက ပိစိကွေးဆိုတော့ ဘယ် ရှာလို့ တွေ့မတုံးကွာ...' ဟု အဘိုးအိုက ပြန်ပြောလိုက်သည်။ သူသည် ပင်လယ်ထဲ၌ရှိစဉ် တစ်ကိုယ်တည်း စကားပြောခဲ့ပြီး ယခုမှ အဖော်နှင့် စကားပြောခွင့်ရသော အရသာကို များစွာ နှစ်ခြိုက်နေမိသည်။ ပြီးမှ 'ငါ



www.burmeseclassic.com

www.burmeseclassic.com



မင့်ကို သတိရတယ်ကွာ... မင်းကော ဘာဖမ်းမိသေးသလဲ' ဟု မေးလိုက်၏။

'ပထမနေ့မှာ တစ်ကောင်၊ နောက်တစ်နေ့မှာ တစ်ကောင်၊ တတိယနေ့မှာတော့ နှစ်ကောင်မိတယ်'

'အင်း... အဲဒါ နိပ်သဟေ့'

'အခုတော့ အဘနဲ့ကျွန်တော် အတူငါးဖမ်းထွက်ကြမယ်နော်'

'အဘနဲ့ မထွက်ချင်ပါနဲ့ကွာ၊ အဘက ကံဆိုးတဲ့လူကွ။ ရှေ့ကို ကံထမယ့် စခန်းလည်း မရှိတော့ပါဘူး'

'အို ...ကံဆိုတာကို ဘေးဖယ်ထားလိုက်စမ်းပါ အဘရာ၊ ကျွန်တော်ပါရင် ကံပါလာမှာပါ ...' ဟု သူငယ်ကလေးက ပြောလိုက်သည်။

'မင်း မိဘတွေက ဘာပြောဦးမလဲ မသိဘူး'

'ကျွန်တော် အရေးမစိုက်ပါဘူး။ မနေ့တုန်းကလည်း နှစ်ကောင်တောင် ဖမ်းပေးခဲ့တာ။ ကျွန်တော်ဟာ အဘနဲ့အတူလိုက်ပြီး သင်စရာတွေ အများကြီး ရှိသေးတယ်'

'ငါတို့မှာ ငါးထိုးမှိန်းတစ်ချောင်း ကောင်းကောင်းရှိဖို့ လိုတယ်ကွ။ မှိန်းကို လှေပေါ်မှာ အသင့်ထားရမယ်။ မော်တော်ကား လေးသံဟောင်းတစ်ချောင်းလောက်ကို သုံးနိုင်တာပဲ။ ဂွာနာဗာကိုအာမှာ သွားပြီး သမှာပေါ့။ မှိန်းက ချွန်ဖို့တော့ လိုတယ်။ ဒါပေမဲ့ မီးပေးရင် ဆတ်သွားလိမ့်မယ်။ ငါ့ဓားကို မီးပေးထားလို့ ကျိုးသွားပြီ'

'ကျွန်တော် မော်တော်ကား လေးသံနဲ့ နောက်ထပ် ဓားတစ်ချောင်း လုပ်ပေးမယ်။ ဒါနဲ့ နောက်ထပ် ဘယ်နှစ်ရက်လောက် လေပြင်းတိုက်နေဦးမှာလဲ အဘရဲ့'

'သုံးရက်လောက်ပေါ့ကွာ၊ မသကာ ဒါ့ထက် ကြာရင်လည်း ကြာမပေါ့'

'ဒီအတောအတွင်း ကျွန်တော် အဆင်သင့် လုပ်ထားမယ်လေ။ အဘလက်တွေလည်း အနာကျက်အောင်သာ ဂရုစိုက်ပါ အဘရယ်'



www.burmeseclassic.com


www.burmeseclassic.com



'လက်တွေကို ပျောက်အောင်လုပ်ဖို့တော့ ငါ သိပြီးသားပါကွ။ ဒါနဲ့ ညက တံတွေးထွေးလိုက်တော့ ထူးထူးဆန်းဆန်းတွေ ပါလာတယ်။ ငါ့ရင်ထဲက တစ်ခုခု ချွတ်ယွင်းသွားသလိုပဲ'

'အဲဒါ ပျောက်အောင်ကုပေါ့ အဘရယ်၊ အခုတော့ ငြိမ်းငြိမ်းနေပါဦး။ အဘ အင်္ကျီလဲဖို့ သွားယူလိုက်ဦးမယ်။ စားစရာ တစ်ခုခုလည်း ယူဦးမှ'

'ငါ မရှိတုန်း ခုအတောအတွင်းထုတ်တဲ့ သတင်းစာတွေရရင် ယူခဲ့ပါကွာ' ဟု အဘိုးအိုက ပြောလိုက်သည်။



အဘိုးအိုသည် မျက်နှာကိုအပ်၍ မှောက်လျက် အိပ်နေပြီး
သူငယ်လေးက သူ့ဘေးမှ ထိုင်စောင့်လျက် ရှိ၏။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'မြန်မြန်သာ နေကောင်းအောင် လုပ်ပေတော့ အဘရေ့။ အဘက ကျွန်တော့်ကို သင်ပေးဖို့နဲ့၊ ကျွန်တော်က တပည့်ခံဖို့ ပညာတွေ အများကြီး ရှိသေးတယ်။ အဘလည်း တော်တော်ပင်ပန်းနေပြီ'

'အေးကွာ၊ အများကြီး ပင်ပန်းတာပေါ့' ဟု အဘိုးအိုက ပြန်ပြော သည်။

'ကျွန်တော် စားစရာနဲ့ သတင်းစာတွေ ယူခဲ့မယ်။ အဘသာ ကောင်းကောင်းနားနေစမ်းပါ။ အဘလက်ကို ထည့်ဖို့ ဆေးလည်း ဆေးဆိုင် က ဝယ်ခဲ့မယ်'

'အေး... ပက်ဒရိုကို ကို ပြောဖို့ မမေ့ပါနဲ့ကွာ။ ငါးခေါင်းကြီးဟာ သူ့အတွက်ပဲလို့'

'မမေ့ပါဘူး အဘ၊ ကျွန်တော် ပြောလိုက်ပါ့မယ်'

သူငယ်ကလေးသည် တဲခါးပေါက်မှထွက်၍ ကျောက်စရစ်ခင်းသော လမ်းအတိုင်း ဆင်းလျှောက်သွားလျက် ရှိသောအခါ ငိုမိပြန်လေသည်။

ထိုနေ့ညနေတွင် ဘီယာဆိုင်၌ ခရီးသည်တစ်စု ရောက်လာ၍ သောက်ကြစားကြ ပျော်ပါးကြသည်။ ဧည့်သည်များသည် ဘီယာဘူးခွံ အလွတ်များနှင့် ဘာရာကျူဒါ ငါးများရှိရာ ရေတိမ်စပ်သို့ လှမ်းကြည့်မိကြ သည်။ ထိုအထဲမှ အမျိုးသမီးတစ်ဦးသည် အမြီးတကားကားနှင့် ငါးရိုးဖြူဖြူ ကြီးတစ်ခု ဒီလှိုင်းနှင့်အတူ ကမ်းစပ်သို့ ပါလာသည်ကို တွေ့ရလေသည်။ ထိုအချိန်၌ ပင်လယ်ကွေ့ အလွန်တွင် အရှေ့လေ ပြင်းပြင်းမှန်မှန် တိုက်လျက် ရှိ၏။

'ဟိုဟာကြီးက ဘာကြီးပါလိမ့်' ဟု ဧည့်သည်အမျိုးသမီးသည် လက်ညှိုးညွှန်ရင်း စားပွဲထိုးအား လှမ်းမေးလိုက်၏။ ငါးအရိုးစုကြီးမှာ အသုံးမဝင်သော အမှိုက်သရိုက်ဘဝဖြင့် ပင်လယ်ထဲသို့ လှိုင်းနှင့်အတူ မျောပါ သွားရန် အသင့်ရှိနေတော့သည်။

'တီဘာရွန်ဆိုတဲ့ငါးလေ၊ ငါးမန်းက...' ဟု စားပွဲထိုးသည် ဖြစ်သမျှ ကို အတိုချုံး၍ ရှင်းပြမည် ပြုသည်။


www.burmeseclassic.com



'ကျွန်မဖြင့် ဒါလောက် အမြီးလှတဲ့ ငါးမန်းမျိုးကို တွေ့ပဲ မတွေ့ဖူးပါဘူး'

'ကိုယ်လည်း မတွေ့ဖူးဘူး' ဟု အမျိုးသမီးနှင့် အတူပါလာသော ယောကျ်ားဖော်က ဝင်ပြောသည်။

လမ်းကလေးအတိုင်း တက်၍သွားလျှင် ရောက်နိုင်သည့် သူ၏ တဲစုတ်ကလေးထဲ၌ အဘိုးအိုသည် အိပ်ပျော်လျက် ရှိပြန်သည်။ သူသည် မျက်နှာအပ်၍ ဝမ်းလျားမှောက်လျက် အိပ်နေပြီး၊ သူငယ်ကလေးက သူ့ဘေးမှ ထိုင်စောင့်နေသည်။ အဘိုးအိုကား ခြင်္သေ့များကို အိပ်မက်မက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ – ၁

## ၁။ ဝေါဟာရများ အဖွင့်

[ ဤဘာသာပြန်စာအုပ်တွင် ပါဝင်သော မြန်မာတို့နှင့် မရင်းနှီးသေးသည့် ဒေသအမည်၊ လူအမည်၊ ငါးအမည်၊ ငှက်သတ္တဝါ အမျိုးအမည်စသည်တို့ကို စာဖတ်သူများ သိသာရ လွယ်ကူစေရန် အက္ခရာစဉ်၍ ဖွင့်ဆိုထားပါသည်။ ]

**ကနေရီကျွန်း။** ။ အညိုရောင် စာကလေးတစ်မျိုး ထွက်ပေါ်ရာ ကျွန်းဖြစ်သည်။ အဝါရောင်၊ အနီရောင် စာကလေးများလည်း ရှိသည်။ "ကနေရီ စာကလေးများ" ဟုလည်း ခေါ်သည်။ ကျွန်း၏တည်ရာမှာ အာဖရိကတိုက်၏ အနောက်မြောက်ကမ်းခြေ အလွန်တွင် ဖြစ်သည်။ စပိန်ပိုင် ကျွန်းကလေး ၁၃ ကျွန်း၏ အစုအဝေး ဖြစ်သည်။

**ကာဆာဗလန်ကာ။** ။ အာဖရိကတိုက်ရှိ မော်ရိုကိုပြည်၏ ပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်သည်။ တန်ဂျီးယားစ်မြို့၏ အနောက်တောင်ဘက် မိုင် ၈၀ ခန့်တွင် တည်ရှိသည်။

**ကျူးနားငါး။** ။ တစ်နာရီလျှင် ကိုးမိုင်နှုန်းဖြင့် ကူးခပ်လျှင် အကန့်အသတ်မရှိ သွားလာနိုင်သည်။ ၎င်းတို့မှာ ရေထဲတွင် နားနေသည်ဟူ၍ မရှိ။ အသက် ၁၅ နှစ်သား ကျူးနားငါးတစ်ကောင်၏ မွေးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ကူးခပ်ခဲ့သော ခရီးကို ပေါင်းလိုက်လျှင် မိုင်ပေါင်းတစ်သန်းခန့် ရှိသည်။ အချို့ ကျူးနားငါးမျိုးမှာ ၁၀ ပေအထိ ရှည်၏။

ဂါလာပါဂိုးစ်။ ။ တောင်အမေရိကတိုက်၏ အနောက်ဘက် အီကွေတာ အနီးတွင်ရှိသော ကျွန်းစုဖြစ်သည်။ ပစိဖိတ် သမုဒ္ဒရာအတွင်း၌ရှိ၍ "လိပ်ကျွန်း" ဟုလည်း ခေါ်သည်။

ဂူအာနို။ ။ ပင်လယ်ငှက်များ၊ ငါးများ၏ အညစ်အကြေးများ၊ ကိုယ်မှ ကြွင်းကျန်သော ရုပ်များ၏ အစုအဝေး ဖြစ်သည်။ နေထိပြီး ခြောက်သွေ့နေသည်။ တောင်အမေရိက ကျွန်းများပေါ်ရှိ ကျောက်တောင်များမှ တူး၍ ရရှိသည်။ နိုက်ထြိုဂျင်ဓာတ် ပါသောကြောင့် မြေသြဇာ ကောင်းသည်။

ထိုဒေသတွင် ပေါက်ရောက်သော သစ်ပင်မျိုးကိုလည်း ခေါ်သည်။ "ဖော့ပင်" ဟုလည်း ခေါ်ကြသည်။

ငါးပျံ။ ။ ရေပေါ်တွင် ထ၍ ပျံသောအခါ တစ်နာရီလျှင် ၃၅ မိုင်နှုန်း အထိ အရှိန်ရှိသည်။ အရှည် ကိုးလက်မခန့် ရှိသည်။ "ပင်လယ်ငါးပျံ" ဟုလည်း ခေါ်သည်။

ဆာဂတ်ဆိုဒိုက်ပုံ။ ။ မြောက်အတ္တလန္တိတ် သမုဒ္ဒရာအတွင်းရှိဘဟားမား ကျွန်းအနီး ပင်လယ်ပြင် နေရာတွင် ရှိသည်။ အရှည်အားဖြင့် မိုင် ၂,၀၀၀၊ အကျယ်အားဖြင့် မိုင် ၁,၀၀၀ အတွင်းရှိ ပင်လယ်ဗွေကြီး ဖြစ်သည်။ ဆာဂတ်ဆို ပင်လယ်၏ မျက်နှာပြင်သည် အမေရိကန်ပြည် အရှေ့ဘက် ကမ်းရိုးရှိ ပင်လယ်မျက်နှာပြင်ထက် လေးပေခန့် ပို၍ မြင့်မောက်သည်။

ဆာဂတ်ဆို ပင်လယ်ပြင်၌ ရေမှာ ရွေ့လျားစီးသွားသည် မရှိဘဲ ငြိမ်၍နေ၏။ ထို့ကြောင့် ရေမှော်၊ ဒိုက်သရောမျာ း ထူထပ်၏။ ပေါ်တူဂီ သင်္ဘောသား ကိုလံဗတ်တို့ ခေတ်ကတည်းက ရေလမ်းခရီးတွင် ဤ ရေမှော်ပင်လယ်ကြီးကို ကြုံတွေ့ခဲ့ရ၏။ ရေမှော်များ ငြိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကူးသင်္ဘော ယက်မများ ပျက်စီးနိုင်ကြောင်း ရေကြောင်းခရီး သတိပေးချက်ကို လွန်ခဲ့သော ၇၅ နှစ်ကပင် ထုတ်ပြန်ထားခဲ့၏။

ပင်လယ်သတ္တဝါများသည် ရေမှော်ထဲမှ အစာရှာ၍ စားကြသည်။ ပင်လယ်ပြင် ကျယ်သလောက် ပင်လယ်သတ္တဝါများ အမျိုးအမည် မများလှပေ။ ရေမှာ ပူနွေးပြီး အပြာရောင် ရှိသည်။ ရေညှိ ရေမှော်များမှာ များသောအားဖြင့် အညိုရောင် ရှိ၏။

**ဆာဒင်းငါး။** ။ ငါးသေတ္တာငါးမျိုး ဖြစ်သည်။ "ငါးပိန္နစေ့" ဟုလည်း ခေါ်သည်။

**ခေါ်လဖင်။** ။ အရှည်လေးပေမျှ ရှိသည်။ "လင်းပိုင်"ဟု ခေါ်သည်။ ခေါင်းတိုမျိုး၊ ခေါင်းရှည်မျိုးဟု ခွဲခြား၍ ရှိသည်။

**ပလင်ကတန်။** ။ ပင်လယ်ရေထဲတွင် မျောပါနေသော သက်ရှိများဖြစ်သည်။ အပင်များလည်း ပါသည်။ အရွယ်အားဖြင့် တစ်လက်မ၏ အပုံ တစ်ထောင်ပုံလျှင် တစ်ပုံခန့် ရှိသည်။ အမျိုးအမည်ပေါင်း ထောင်သောင်းချီ၍ ရှိသည်။ ဆဲလ် တစ်ခုတည်းသာရှိသော သက်ရှိများ ဖြစ်သည်။ သက်ရှိသတ္တဝါလည်း မကျ၊ အပင်လည်း မဟုတ်သော ပလင်ကတန်များလည်း ရှိသည်။ ပလင်ကတန်များသည် ပင်လယ်ရေပြင်ပေါ်တွင် အစိမ်း၊ အညို၊ အဝါ စသည့် အရောင် အမျိုးမျိုးဖြင့် ပြန့်၍ နေတတ်သည်။ "ရေမှော်များ" ဟုလည်း ခေါ်နိုင်သည်။

**ပင်လယ်ကွေ့ ရေစီးကြောင်း (ဂပ်စထရင်း)။** ။ အတ္တလန္တိတ် သမုဒ္ဒရာထဲရှိ ပင်လယ်ရေစီးကြောင်းကြီး၏ အမည်ဖြစ်သည်။ ဂပ်စထရင်းဟူ၍ အင်္ဂလိပ်ဘာသာဖြင့် အမည်ပေးခဲ့သူမှာ ဘင်ဂျမင် ဖရန်ကလင် ဖြစ်သည်။

ကမ္ဘာကြီး၏ ဝင်ရိုးပေါ်တွင် လည်အား၊ ရေပေါ်သို့ နေပူရှိန်ကျရောက်ခြင်းနှင့် လေတိုက်ခြင်းတို့ကို အကြောင်းပြု၍ သဘာဝအား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဖြစ်ပေါ်နေသော ပင်လယ်ရေစီးကြောင်းကြီးတစ်ခု ဖြစ်သည်။ မြောက်အတ္တလန္တိတ် သမုဒ္ဒရာတစ်ဝန်းတွင် အကြီးဆုံး ရေစီးကြောင်း ဖြစ်သည်။

အိကွေတာမှ အခြေပြု၍ အနောက်ဘက်သို့ စီးဆင်းပြီး အနောက် အင်ဒီးစ်ကျွန်းများသို့ လာသည်။ အထူးသဖြင့် မက္ကဆီကို ပင်လယ်ကွေ့တစ်ဝိုက်နှင့် ကျူးဘားကျွန်းအနီး အမေရိကတိုက်ကြီး နှစ်ခုတို့ စပ်ကြားတွင် အရှိန်အပြင်းဆုံး စီးဆင်း၏။

ရေစီးအားမှာ တစ်နာရီလျှင် ငါးမိုင်နှုန်းရှိပြီး ရေစီးကြောင်း အကျယ်မှာ မိုင် ၅၀၊ အနက်မှာ ပေ ၁,၅၀၀ ခန့် ရှိသည်။ ထိုရေစီးကြောင်းထဲ၌ လှေသင်္ဘောများ သွားလာရာတွင် လျင်မြန်စွာ သွားနိုင်သည်။ ငါးဖမ်းလည်း ထွက်ကြသည်။

**ပေါ်တူဂီ စစ်သင်္ဘော**။ ။ စည်ဖောင်း ပုံသဏ္ဌာန်ရှိသော ငါးမျိုးဖြစ်သည်။ ရှေးခေတ်က ရွက်သင်္ဘောပုံနှင့် တူသည်။ ၎င်းသည် တစ်ကောင်တည်း၊ သို့မဟုတ် အကောင်ပေါင်းများစွာ၏ အစုအဝေး ဖြစ်သည်။ ရာနှင့်ချီ၍ စုဝေးထားသော အရာဖြစ်သည်။ အမျိုးအားဖြင့် အနည်းဆုံး လေးမျိုး ပါဝင်နေပြီး တစ်မျိုးက ပေါလောပေါ်စေသည်။ တစ်မျိုးက အမွေးအမှင်များ ဖြစ်သည်။ တတိယအမျိုးက အစာခြေပေးသည်။ စတုတ္ထအမျိုးက မျိုးဆက်ပြန့်ပွားရေးကို လုပ်ပေးသည်။ အဘယ်ကြောင့် သက်ရှိလေးမျိုး ပေါင်းပြီးခါမှ တစ်ကောင်ကဲ့သို့ အစုအဝေး ဖြစ်ရသည်ကို သိပ္ပံပညာရှင်များပင် မသိနိုင်ကြသေး။

**ဘာရာကျူးဒါး**။ ။ အကြီးစားငါးမှာ အရှည် လေးပေမှ ခြောက်ပေအထိ ရှည်သည်။ အချို့ရေငုပ်သမားများသည် ၎င်းငါးမျိုးကို ငါးမန်းထက် ပို၍ ကြောက်သည်။ လူကို ရေထဲ၌တွေ့လျှင် ဝိုင်း၍ လိုက်တတ်သည်။

အနောက်အိန္ဒိယ ကျွန်းစုတစ်ဝိုက်နှင့် ဖလော်ရီဒါ ကမ်းခြေတစ်ဝိုက်တို့တွင် ပူနွေး၍ ကျောက်ခက်များသော ပင်လယ်ပြင်၌ အနေ



www.burmeseclassic.com

www.burmeseclassic.com



များသည်။ အလင်းရောင် ရှိရာသို့ လာတတ်၍ အမြင်အာရုံ စူးရှသည်။

**ဘော့စ်ဘောရိုက်ခြင်း။** ။ အမေရိကန်ပြည်တွင် ထင်ရှားသော ဘောလုံးရိုက် ကစားနည်းမျိုး ဖြစ်သည်။ အမေရိကန်နှင့် ဂျပန်တို့တွင် အမျိုးသား ကစားနည်းဟု ခေါ်ရလောက်အောင် လူကြိုက်များသည်။

**ဘော့စ်ဘောအသင်း အမည်များ။** ။

ကလီဗီလန် အင်ဒီယန်းအသင်း

ယန်းကီးအသင်း

ဒက်ထရွိုက် ကျားအသင်း

ဆင်ဆင်နာတီ ခြေအိတ်နီအသင်း

ရှီကာဂို ခြေအိတ်ဖြူအသင်း

ဘာ့စတ်ကလင်းအသင်း

ဖီလာဒဲလဖီးယားအသင်း

**ဘော့စ်ဘော ကစားသမား အမည်များ။** ။

ဝှန် ဂျေ မက်ဂရော

ဒူရိုချာ

ဒီ မက်ဂီယို

ဒစ် ဆစ်စလာ

မိုက်ဂွန်ဇေလေ

လုကယ်

**ဘိုနီတာငါး။** ။ မက်ကာရယ် ငါးမျိုးစုတွင် ပါဝင်သည်။ “ငါးအပ်ပုံမျိုး” ဟုလည်း မြန်မာလို ခေါ်သည်။

**မိုင်ယာမီကမ်းခြေ။** ။ အမေရိကန်ပြည်ထောင်စု၏ အရှေ့ဘက်ကမ်းရိုးဒေသဖြစ်သည်။ ဖလော်ရီဒါပြည်နယ်တွင် ပါဝင်သည်။ အမေရိကန်ဆောင်းရာသီ၌ ပူနွေးသောနေရောင်ကို ရနိုင်သော အပန်းဖြေ အရပ်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ထင်ရှားသည်။ အပျော်လိုင်းစီးနိုင်သော ပင်လယ်ကမ်းခြေလည်း ဖြစ်သည်။

**မယ်တော်ကိုဗာ။** ။ ခရစ်ယာန်တို့၏ မယ်တော်မာရီကိုပင် တင်စားခေါ်ဝေါ်သော အမည်ဖြစ်သည်။ ဘုရင်ဂျီဘာသာ ဂိုဏ်းဝင်များကိုးကွယ်ကြသည်။

**မာလင်ငါး။** ။ မာလင်ငါးများကို ယခုအခါ စက်တပ်မော်တော်များဖြင့် မျှားကြသည်။ အချို့မာလင်ငါးမျိုးမှာ ရေထဲတွင် တစ်နာရီ မိုင် ၅၀ အထိ ကူးခပ်နိုင်ကြ၏။ အရှည် ၁၀ ပေ ပတ်ဝန်းကျင်တွင် ရှိသည်။ တံငါများ မက်မောကြသော ပင်လယ်ငါးကြီးမျိုး ဖြစ်သည်။ အရောင်မှာ အမည်း၊ အပြာ၊ အစင်း ဟူ၍ မျိုးကိုလိုက်၍ ကွဲသည်။ ကျောဆူးတောင် ရှည်လျားသည်။ သွားများ သေးငယ်သည်။ ·

**ဟာဗားနားမြို့။** ။ ကျူးဘားနိုင်ငံ၏ မြို့တော်ဖြစ်သည်။ ကာရစ်ဗီယန်ပင်လယ်ထဲတွင်ရှိသော ကျူးဘားကျွန်းပေါ်၌ တည်ရှိသည်။ ကျူးဘားကျွန်းသည် အနောက် အင်ဒီးစ်ကျွန်းများတွင် အကြီးဆုံးဖြစ်သည်။ မက္ကဆီကို ပင်လယ်ကွေ့၏ ထိပ်ဝ၌ရှိသည်။ ကျူးဘားကျွန်းကို ၁၄၉၂ ခုနှစ်တွင် ကိုလံဗတ်က ရှာဖွေတွေ့ရှိပြီးနောက် အနှစ် ၂၀ ကြာသော် စပိန်တို့ လာရောက်အုပ်စိုးသည်။ ၁၈၉၈ ခုနှစ်တွင် စပိန်လက်အောက်မှ တော်လှန်ပြီးနောက် သမ္မတနိုင်ငံ တည်ထောင်သည်။ ၁၉၅၉ ခုနှစ်တွင် ဖီဒယ်လ်ကတ်စထရို၏ အစိုးရ တက်ရောက်သည်။ ဟာဗားနားမြို့မှာ ၁၅၁၄ ခုနှစ်မှစ၍ မြို့တည်ခဲ့သည်။ စပိန်လူမျိုးများမှ ဆင်းသက်သူ အများစု နေထိုင်သည်။ စပိန်ဘာသာစကား ပြောဆိုကြသည်။

**အယ်လဗားကိုး။** ။ မက္ကာရယ်လ် ခေါ် ငါးမျိုး အပါအဝင် ငါးမျိုးစုဖြစ်သည်။ အတ္တလန္တိတ် သမုဒ္ဒရာအတွင်း၌ ကျက်စားကြသော ငါးအများကို ဤအမည်ဖြင့် ခေါ်သည်။ ဘိုနီတို ငါးမျိုးလည်း ယင်းအစု၌ ပါဝင်သည်။

**ရာပြည့်စာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com

## ဝေါဟာရအတွက် တဆုပ်အညွှန်း

၁။ World Book Encyclopaedia

၂။ Reader's Digest Almanac - 1968

၃။ The Sea-Life Nature Library, 1963

၄။ ဝေါဟာရဘာဏ် (ပ–ဒု)၊ စာပေဗိမာန်၊ ၁၉၆၃

၅။ The Penguin Encyclopaedia - 1965

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com